# မြန်မာ့အလင်း

၁၂၇၅ ခုနှစ်က တည်ထောင်သည်။ Established in 1914

Myanma Alinn Daily


**ကိုယ်ချင်းစာတရားထား**

အလုံးစုံသော သတ္တဝါတို့သည် ဒဏ်မှထိတ်လန့်ကုန်၏။ အလုံးစုံသော သတ္တဝါတို့သည် သေခြင်းကို ကြောက်ကုန်၏။ မိမိကိုယ်ကို ဥပမာပြု၍ (သတ္တဝါတို့ကို) မသတ်ဖြတ်၊ မညှဉ်းဆဲရာ။ (အရာရာတွင် ကိုယ်ချင်းစာတရား ထားသင့်ကြ၏။ သတ္တဝါတို့အား ရိုက်ပုတ်၊ ညှဉ်းဆဲ၊ သတ်ဖြတ်ခြင်းကို မပြုရာ။)

ဒဏ္ဍဝဂ် (ဓမ္မပဒ - ၁၂၉)


၁၃၈၁ ခုနှစ်၊ ပြာသိုလပြည့်ကျော် ၂ ရက် ၂၀၂၀ ပြည့်နှစ်၊ ဇန်နဝါရီ ၁၁ ရက်၊ စနေနေ့ အတွဲ (၅၉)၊ အမှတ် (၁၀၃)


## နိုင်ငံတော်သမ္မတ ဦးဝင်းမြင့်၏ ဖိတ်ကြားချက်အရ တရုတ်ပြည်သူ့သမ္မတနိုင်ငံ သမ္မတ မစ္စတာ ရှီကျင့်ဖျင် တရားဝင် ချစ်ကြည်ရေးခရီး လာရောက်မည်

နေပြည်တော် ဇန်နဝါရီ ၁၁

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးဝင်းမြင့်၏ ဖိတ်ကြားချက်အရ တရုတ်ပြည်သူ့သမ္မတနိုင်ငံ သမ္မတ မစ္စတာ ရှီကျင့်ဖျင်သည် ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံသို့ မကြာမီကာလအတွင်း တရားဝင် ချစ်ကြည်ရေးခရီး လာရောက်မည် ဖြစ်သည်။

သတင်းစဉ်

# နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည် (၇၂)နှစ်မြောက် ကချင်ပြည်နယ်နေ့ အခမ်းအနားသို့ တက်ရောက်မိန့်ခွန်းပြောကြား

မြစ်ကြီးနား ဇန်နဝါရီ ၁၀

ကချင်ပြည်နယ် မြစ်ကြီးနားမြို့၌ ရောက်ရှိနေသည့် နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးဗဟိုကော်မတီဥက္ကဋ္ဌ နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်သည် ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီး ကျော်ဆွေ၊ ဒုတိယဗိုလ်ချုပ်ကြီး ရဲအောင်၊ ဦးမင်းသူ၊ ဒေါက်တာအောင်သူ၊ ဦးအုန်းဝင်း၊ ဦးသိန်းဆွေ၊ ဒေါက်တာမြင့်ထွေး၊ ကချင်ပြည်နယ် ဝန်ကြီးချုပ် ဒေါက်တာခက်အောင်၊ ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌ၊ ပြည်နယ်တရားသူကြီးချုပ်၊ ပြည်နယ်ဥပဒေချုပ်၊ ပြည်နယ်စာရင်းစစ်ချုပ်၊ ဒုတိယဝန်ကြီးများ၊ ပြည်နယ်ဝန်ကြီးများ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ ရဲချုပ် ဒုတိယရဲဗိုလ်ချုပ်ကြီး အောင်ဝင်းဦး၊ တာဝန်ရှိသူများနှင့်အတူ ယနေ့နံနက်ပိုင်းတွင် ကချင်ပြည်နယ် မြစ်ကြီးနားမြို့ မနောကွင်း၌ ကျင်းပသည့် (၇၂)နှစ်မြောက် ကချင်ပြည်နယ်နေ့ အခမ်းအနားသို့ တက်ရောက်ပြီး မိန့်ခွန်းပြောကြားသည်။

အခမ်းအနားတွင် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတထံမှ (၇၂)နှစ်မြောက် ကချင်ပြည်နယ်နေ့အတွက် ပေးပို့သည့် ဂုဏ်ပြုသဝဏ်လွှာကို ပြည်နယ်ဝန်ကြီးချုပ် ဒေါက်တာခက်အောင်က ဖတ်ကြားသည်။

ထို့နောက် နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်က မိန့်ခွန်းပြောကြားသည်။

**(နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်၏ (၇၂)နှစ်မြောက် ကချင်ပြည်နယ်နေ့ အခမ်းအနားတွင် ပြောကြားသည့် မိန့်ခွန်းအပြည့်အစုံအား စာမျက်နှာ-၆ တွင် သီးခြားဖော်ပြထားပါသည်။)**

ထို့နောက် မြစ်ကြီးနားမြို့ စီတာပူနှစ်ခြင်းအသင်းတော်မှ သိက္ခာတော်ရဦးဂျုံးခေါင်က ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်နှင့် နိုင်ငံသူ၊ နိုင်ငံသားများ၊ နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်နှင့် တာဝန်ရှိသူများ၊ (၇၂)နှစ်မြောက် ကချင်ပြည်နယ်နေ့ အခမ်းအနားနှင့် မနောပွဲတော်အတွက် ကောင်းချီးမင်္ဂလာရရှိစေရန် ဆုတောင်းပေးသည်။

ယင်းနောက် နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်၊ ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီး ရဲအောင်၊ ပြည်နယ်ဝန်ကြီးချုပ် ဒေါက်တာခက်အောင်၊ ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌ ဦးထွန်းတင်နှင့် ကချင်နှစ်ခြင်းခရစ်ယာန်အဖွဲ့ချုပ်

*စာမျက်နှာ ၃ ကော်လံ ၁* ❖





**မိန့်ခွန်းပြောကြား**

နယ်စပ်ဒေသနှင့် တိုင်းရင်းသား လူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေး ဗဟိုကော်မတီဥက္ကဋ္ဌ နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည် (၇၂)နှစ်မြောက် ကချင်ပြည်နယ်နေ့ အခမ်းအနားတွင် မိန့်ခွန်းပြောကြားစဉ်။

သတင်းစဉ်


စေတနာဆေး မေတ္တာဆေး သစ္စာဆေး ...

ထွန်းရွှေဝါ ဒဏ်ကြေလိမ်းဆေးက ဆေးစွမ်းထက်ပါသည်။

မြန်မာ့အလင်း

# အလုပ်အကိုင်မျှော်လင့်ချက်နှင့် လူကုန်ကူးမှုအန္တရာယ်

လူကုန်ကူးမှုဆိုသည့် ဝေါဟာရကို လူတော်တော်များများ နားယဉ်ကြပြီး ဖြစ်သည်။ ဥပဒေအရ တိတိကျကျ အဓိပ္ပာယ်ဖွင့်ဆိုမှုတွင်မူ လူကုန်ကူးမှုဆိုသည်မှာ ပုဂ္ဂိုလ်တစ်ဦးဦးသည် အခြားသူတစ်ဦးတစ်ယောက်ကို ထိုသူ၏ သဘောတူညီချက်ရှိသည်ဖြစ်စေ၊ မရှိသည်ဖြစ်စေ ခေါင်းပုံဖြတ်ခြင်းပြုရန်အလို့ငှာ အောက်ပါပြုလုပ်မှုတစ်ရပ်ရပ်ကို ပြုလုပ်ပြီး လူများကို သိမ်းသွင်းစုဆောင်းခြင်း၊ သယ်ယူပို့ဆောင်ခြင်း၊ လွှဲပြောင်းခြင်း၊ ရောင်းချခြင်း၊ ဝယ်ယူခြင်း၊ ငှားရမ်းခြင်း၊ ငှားယူခြင်း၊ ခိုလှုံခွင့်ပေးခြင်း သို့မဟုတ် လက်ခံခြင်းကို ဆိုသည်- (၁) ခြိမ်းခြောက်ခြင်း၊ အင်အားသုံးခြင်း သို့မဟုတ် အခြားနည်းဖြင့် အနိုင်အထက်ပြုခြင်း၊ (၂) သွေးဆောင်ခေါ်ယူခြင်း၊ (၃) လိမ်လည်ခြင်း၊ (၄) လှည့်ဖြားခြင်း၊ (၅) အခွင့်အာဏာကို အလွဲသုံးစားပြုခြင်း သို့မဟုတ် ဘဝရပ်တည်ရန် ခက်ခဲနေသော အခြေအနေကို အလွဲသုံးစားပြုခြင်း၊ (၆) တစ်ဦးတစ်ယောက်အပေါ် ချုပ်ကိုင်နိုင်သောသူ၏ သဘောတူညီချက်ရရှိရန် ငွေကြေး သို့မဟုတ် အကျိုးအမြတ်ကိုပေးခြင်း သို့မဟုတ် လက်ခံရယူခြင်းဟူ၍ တိတိကျကျ ဖွင့်ဆိုထားသည်။

လူကုန်ကူးမှုသည် မူးယစ်ဆေးဝါးနှင့် လက်နက်များ မှောင်ခိုရောင်းဝယ်မှုတို့ကဲ့သို့ပင် အကျိုးအမြတ်ကြီးကြီးမားမား ရရှိသောလုပ်ငန်းဖြစ်သဖြင့် ဝိသမလောဘသမားများနှင့် ဒုစရိုက်ဂိုဏ်းများက အဆက်မပြတ် ကျူးလွန်လျက်ရှိကြရာ ကမ္ဘာအနှံ့အပြားတွင် ဖြစ်ပွားနေသည့် နိုင်ငံတကာပြဿနာလည်းဖြစ်သည်။ မိမိတို့၏ဘဝ တိုးတက်ကြီးပွားရေးအတွက် ရေကြည်ရာ မြက်နုရာသို့ ရွှေ့ပြောင်းသွားလာရှာဖွေလိုသည့် လူ့သဘာဝကို အခွင့်ကောင်းယူကာ ခေါင်းပုံဖြတ် အမြတ်ထုတ်သူများကြောင့် လူကုန်ကူးမှုပြဿနာမှာ ဖြေရှင်းရန်ခက်ခဲနေဆဲဖြစ်သည်။ မြန်မာနိုင်ငံထက် ပိုမိုဖွံ့ဖြိုးတိုးတက်နေသည့် နိုင်ငံများရှိ အလုပ်အကိုင်များမှ လုပ်ခလစာများ၏ ဆွဲဆောင်မှု၊ ပြည်တွင်း၌ အလုပ်အကိုင်အခွင့်အလမ်းများနည်းပါးမှုတို့အပြင် လူပွဲစားများ၏ အယုံသွင်း သွေးဆောင်ဖြားယောင်းမှုတို့ကြောင့် မြန်မာနိုင်ငံသည် ဒေသတွင်းနိုင်ငံများအနက် လူကုန်ကူးမှုများ ပိုမိုကြုံတွေ့ရကြောင်း မှတ်တမ်းများတွင် တွေ့ရှိရသည်။ လက်ရှိအခြေအနေတွင် ပြည်တွင်း၌ ဆင်းရဲနွမ်းပါးမှုလျှော့ချရေးအစီအစဉ်များ၊ ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးစီမံကိန်းများ၊ ပြည်တွင်းအလုပ်အကိုင်အခွင့်အလမ်း ဖော်ဆောင်မှုများကို ဆောင်ရွက်ပေးလျက်ရှိပြီး လူကုန်ကူးမှုပြဿနာများကို ကာကွယ်နိုင်ရန် ဆောင်ရွက်လျက်ရှိသော်လည်း လူကုန်ကူးမှုပြဿနာများ ဖြစ်ပေါ်နေဆဲဖြစ်သည်ကို တွေ့ရသည်။

မြန်မာနိုင်ငံတွင် ဖြစ်ပွားသည့် လူကုန်ကူးမှုများတွင် နယ်စပ်ဖြတ်ကျော် လူကုန်ကူးမှုနှင့် ပြည်တွင်းလူကုန်ကူးမှုတို့ နှစ်မျိုးစလုံးကို တွေ့ရသည်။ ပြည်တွင်းလူကုန်ကူးမှုထက် အကျိုးအမြတ်ပိုများသည့် နယ်စပ်ဖြတ်ကျော်လူကုန်ကူးမှုဖြစ်စဉ်က လေးဆခန့်ပိုမိုများပြားပြီး လူကုန်ကူးခံရသည့် သားကောင်များတွင်လည်း အမျိုးသမီးက အမျိုးသားထက် လေးဆမက ပိုမိုများပြားသည်ဟု သိရသည်။ အမျိုးသမီးများမှာ ပြည့်တန်ဆာလုပ်ငန်းများတွင် ခိုင်းစေခံရခြင်း၊ အငှားကိုယ်ဝန်ဆောင်ရခြင်း၊ သတို့သမီးအဖြစ် ရောင်းစားခံရခြင်းဖြစ်စဉ်များ ရှိခဲ့ပြီး အမျိုးသားများမှာလည်း အန္တရာယ်များသည့်လုပ်ငန်းများ၊ ညစ်ပေသည့်လုပ်ငန်းများ၊ ပင်လယ်ငါးဖမ်းလုပ်ငန်းများ စသည်တို့တွင် ခေတ်သစ်ကျေးကျွန်များသဖွယ် ခိုင်းစေခံရခြင်းဖြစ်စဉ်များ ဖြစ်ပေါ်ခဲ့သည်။

လူကုန်ကူးမှုများ ဖြစ်ပွားရခြင်းနှင့်စပ်လျဉ်း၍ အကြောင်းရင်းများကို ဖော်ထုတ်ရာတွင် ဆင်းရဲနွမ်းပါးမှုနှင့် အသိပညာဗဟုသုတနည်းပါးမှုကြောင့် အဓိကဟု ဆိုသော်လည်း ပညာတတ်များပါ လူကုန်ကူးမှုသားကောင်များတွင် ပါဝင်နေကြောင်း၊ ယင်းသို့ဖြစ်ရခြင်းမှာ တရားမဝင် ရွှေ့ပြောင်းသွားလာလုပ်ကိုင်ခြင်းက လူကုန်ကူးခံရသည့် အခြေအနေသို့ ကျရောက်စေခဲ့ကြောင်း၊ လူကုန်ကူးမှုလုပ်ငန်းများတွင် အကျင့်ပျက်ဝန်ထမ်းများလည်း ပါဝင်နေတတ်ခြင်းကြောင့် နှိမ်နင်းရန် ခက်ခဲနေကြောင်း ဝေဖန်သုံးသပ်မှုများလည်း ရှိခဲ့သည်။

မြန်မာနိုင်ငံ၏ လူဦးရေတွင် အလုပ်လုပ်နိုင်သည့် လူငယ်ဦးရေရာခိုင်နှုန်းများပြားနေခြင်းက နိုင်ငံအတွက် အားသာချက်တစ်ခုဖြစ်နေသည်။ လူငယ်များ အလုပ်အကိုင်အခွင့်အလမ်းများ တိုးတက်ရရှိရေးနှင့် လူ့စွမ်းအားအရင်းအမြစ် တန်ဖိုးမြင့်မားလာရေးအတွက် ကျွမ်းကျင်မှုဆိုင်ရာသင်တန်းများ၊ သက်မွေးဝမ်းကျောင်းပညာအခွင့်အလမ်းများလည်း ရှိနေသည်။ ပြည်ပသို့ အလုပ်လုပ်ကိုင်ရန် သွားရောက်လိုပါကလည်း တရားဝင်အေဂျင်စီများနှင့် တရားဝင်သွားရောက်နိုင်သည့် နည်းလမ်းများ ရှိနေပြီဖြစ်သည်။ လူကုန်ကူးခံဘဝ မကျရောက်စေရေးအတွက် မိမိကိုယ်ကို ဗဟုသုတနှင့် ကျွမ်းကျင်မှုတို့ မြှင့်တင်ကာ တရားဝင်လမ်းကြောင်းများမှသာ မိမိတို့ဘဝ သာယာလှပရေး လျှောက်လှမ်းနိုင်ကြပါစေကြောင်း။ ။

## တစ်ပြည်လုံးတွင် အများအားဖြင့်သာယာမည်

နေပြည်တော် ဇန်နဝါရီ ၁၀

နေပြည်တော်နှင့်အနီးတစ်ဝိုက်တွင် ယနေ့ သာယာမည်။ ရန်ကုန်မြို့နှင့်အနီးတစ်ဝိုက်တွင် ယနေ့ အများအားဖြင့် သာယာမည်။ မန္တလေးမြို့နှင့် အနီးတစ်ဝိုက်တွင် ယနေ့ သာယာမည်။

မနက်ဖြန်အတွက် ခန့်မှန်းချက်မှာ တစ်ပြည်လုံးတွင် အများအားဖြင့် သာယာမည်။

ကပ္ပလီပင်လယ်ပြင်နှင့် ဘင်္ဂလားပင်လယ်အော်တောင်ပိုင်းတို့တွင် တိမ်အသင့်အတင့် ဖြစ်ထွန်းနေပြီး ကျန်ဘင်္ဂလားပင်လယ်အော်တွင် တိမ်အနည်းငယ် ဖြစ်ထွန်းနေသည်။ မိုး/ဇလ

## မြန်မာနိုင်ငံပြန်တမ်း

### ဝန်ထမ်းအဖွဲ့အစည်းအကြီးအမှူး အတည်ပြုခန့်ထားခြင်းနှင့် ဝန်ထမ်းအဖွဲ့အစည်းအကြီးအမှူး ခန့်ထားခြင်း

၁။ ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတသည် ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန၊ တိုင်းရင်းဆေးပညာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဒေါက်တာမိုးဆွေ ကို အစမ်းခန့်ကာလ (၁)နှစ်ပြည့်မြောက်သည့်နေ့မှစ၍ အတည်ပြုခန့်ထားလိုက်သည်။

၂။ ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတသည် ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန၊ ပြည်တွင်းရေကြောင်းပို့ဆောင်ရေးမှ အထွေထွေမန်နေဂျာ ဦးငွေအောင် ကို ယင်းဌာန၏ ဦးဆောင်ညွှန်ကြားရေးမှူးအဖြစ် တာဝန်ဝတ္တရားများကို စတင်ဆောင်ရွက်သည့်နေ့မှစ၍ အစမ်းခန့်ထားလိုက်သည်။





ပြည်ထောင်စုဝန်ကြီး သူရဦးအောင်ကို ရှားပါးအထောက်အထားများပြပွဲနှင့် New Views, Fresh Finds သုတေသနစာတမ်းဖတ်ပွဲ အခမ်းအနားတွင် အမှာစကားပြောကြားစဉ်။ သတင်းစဉ်

## New Views, Fresh Finds သုတေသနစာတမ်းဖတ်ပွဲအခမ်းအနား ကျင်းပ

ရန်ကုန် ဇန်နဝါရီ ၁၀

သာသနာရေးနှင့်ယဉ်ကျေးမှုဝန်ကြီးဌာန သမိုင်းသုတေသနနှင့် အမျိုးသားစာကြည့်တိုက်ဦးစီးဌာနက စီစဉ်ကျင်းပသည့် ရှားပါးအထောက်အထားများပြပွဲနှင့် New Views, Fresh Finds သုတေသနစာတမ်းဖတ်ပွဲအခမ်းအနားကို ယနေ့ နံနက် ၉ နာရီခွဲက ရန်ကုန်မြို့ အမှတ်(၆၀၄၊ ၆၀၈) ကုန်သည်လမ်း(၃၁-၃၂) လမ်းကြား ပန်းဘဲတန်းမြို့နယ်ရှိ အမျိုးသားစာကြည့်တိုက်(ရန်ကုန်)၌ ကျင်းပရာ မြန်မာသမိုင်းအဖွဲ့ ဥက္ကဋ္ဌ သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး သူရဦးအောင်ကို တက်ရောက်အမှာစကားပြောကြားသည်။

အခမ်းအနားသို့ မြန်မာသမိုင်းအဖွဲ့ သမိုင်းပညာရှင် ဆရာကြီး၊ ဆရာမကြီးများ၊ လွှတ်တော်ကိုယ်စားလှယ်များ၊ ဌာနဆိုင်ရာများမှ တာဝန်ရှိသူများနှင့် စိတ်ပါဝင်စားသူများ တက်ရောက်ကြသည်။

ရှေးဦးစွာ ပြည်ထောင်စုဝန်ကြီး သူရဦးအောင်ကိုက မြန်မာသမိုင်းအဖွဲ့ သမိုင်းပညာရှင်ကြီးများကို ကျန်းမာစွာတွေ့ရသည့်အတွက် ဝမ်းမြောက်ပါကြောင်းနှင့် မိမိတို့အနေဖြင့် စာကြည့်တိုက်များနှင့် ကင်းကွာခဲ့ပါကြောင်း၊ ယခုအခါ နိုင်ငံတော်၏လမ်းညွှန်မှုဖြင့် နိုင်ငံတကာနည်းတူ ကျောင်းသားဗဟိုပြု ပညာရေးစနစ်ကို ဦးတည်သွားနေပါသဖြင့် စာကြည့်တိုက်အသုံးပြုမှု ပိုမိုတိုးတက်များပြားလာပါကြောင်း၊ ယခင် အမျိုးသားစာကြည့်တိုက်သည် ရန်ကင်းမြို့နယ်တွင် ဖွင့်လှစ်ထားပြီး အဆောက်အဦတည်နေရာသည် အများပြည်သူ၏ မြင်ကွင်းနှင့် ဝေးကွာနေသည့်အတွက် စာဖတ်သူပြည်သူများ အလွယ်တကူ လာရောက်ဖတ်ရှုရန် ခက်ခဲမှုရှိခဲ့ပါကြောင်း၊ ယခုအခါ နိုင်ငံတော်သမ္မတရုံး၏ ခွင့်ပြုချက်ဖြင့် ရန်ကုန်မြို့လယ်တွင်ရှိသည့် အမှတ် (၆၀၄/၆၀၈) ယင်းအဆောက်အဦကို ၂၀၁၇-၂၀၁၈ ဘဏ္ဍာရေးနှစ်မှစ၍ အဆောက်အဦ ပြင်ဆင်မွမ်းမံခြင်းလုပ်ငန်းများ၊ နိုင်ငံတကာအဆင့်မီ စာကြည့်တိုက်စနစ်များ ထည့်သွင်းဆောင်ရွက်ခဲ့ပါကြောင်း၊ ပြင်ဆင်ဆောင်ရွက်ထားမှု အခြေအနေတို့ကိုလည်း နိုင်ငံတော်သမ္မတနှင့် ဒုတိယသမ္မတတို့က လာရောက်ကြည့်ရှုခဲ့ပြီး လမ်းညွှန်ချက်များ အသီးသီးပေးခဲ့ပါကြောင်း၊ စာကြည့်တိုက်ဆိုသည်မှာ မျိုးဆက်သစ်များအတွက် ပညာဗဟုသုတ ရှာမှီးရာ၊ တတ်သိပညာရှင်များမွေးထုတ်ပေးရာ ဌာနကြီးတစ်ခုဖြစ်ပါကြောင်း၊ အသက်အရွယ်မျိုးစုံ ဆွေးနွေးရာ အသိပညာရှာဖွေရာ ဗဟိုဌာနကြီးတစ်ခုဖြစ်ပါကြောင်း၊ ထို့အတွက် ပညာဘဏ်တိုက်ကြီးအဖြစ် အစဉ်ရှင်သန်နေရန် အားလုံးကြိုးစားသွားရမည်ဖြစ်ကြောင်း၊ ဆရာကြီးများ သက်ရှိထင်ရှားရှိနေစဉ် ပညာအမွေကို လက်ဆင့်ကမ်းရန် မျိုးဆက်သစ်များတွင် တာဝန်ရှိပါကြောင်း ပြောကြားသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီး သူရဦးအောင်ကိုသည် သမိုင်းသုတေသနနှင့် အမျိုးသားစာကြည့်တိုက်ဦးစီးဌာနက ကျင်းပသော New Views, Fresh Finds သုတေသနစာတမ်းဖတ်ပွဲကို တက်ရောက်ပြီး ရှေးဟောင်းရှားပါးအထောက်အထားများပြပွဲကို လေ့လာကြည့်ရှုသည်။

ယနေ့ကျင်းပသည့် New Views, Fresh Finds သုတေသန စာတမ်းဖတ်ပွဲတွင် ဒေါက်တာခင်မောင်ညွန့်၊ ဒေါက်တာသော်ကောင်း၊ ဦးထွန်းအောင်ချိန်နှင့် ဦးစိုင်းအောင်ထွန်းတို့က သုတေသနစာတမ်းများကို ဖတ်ကြားကြရာ တက်ရောက်လာကြသူများက သိရှိလိုသည်များကို မေးမြန်းဆွေးနွေးကြသည်။

ရှားပါးအထောက်အထားများပြပွဲကို ဇန်နဝါရီ ၉ ရက်မှ ၁၁ ရက်အထိ နေ့စဉ် နံနက် ၉ နာရီခွဲမှ ညနေ ၃ နာရီခွဲအထိ သုံးရက်တာ ကျင်းပလျက်ရှိပြီး ၁၉၃၈ ခုနှစ်မှ ၁၉၄၉ ခုနှစ်အထိ ထုတ်ဝေခဲ့သည့် မြန်မာ့သမိုင်းဆိုင်ရာ အထောက်အထား ရှားပါးစာအုပ်များကို ပြသလျက်ရှိကြောင်း သိရသည်။

သတင်းစဉ်

## သဘာဝဘေးအန္တရာယ်များဖြစ်ပွားလာပါက အရေးပေါ်တုံ့ပြန်ရေးလုပ်ငန်းများ ဆောင်ရွက်ရာတွင် အသုံးပြုနိုင်ရန်အတွက် ကမ္ဘောဇဘဏ်လီမိတက်က ဖိုင်ဘာစက်လှေ ကိုးစင်း လာရောက်လှူဒါန်း

နေပြည်တော် ဇန်နဝါရီ ၁၀

မြန်မာနိုင်ငံအတွင်း သဘာဝဘေးအန္တရာယ်များ ဖြစ်ပွားလာပါက အရေးပေါ်တုံ့ပြန်ရေးလုပ်ငန်းများ ဆောင်ရွက်ရာတွင် အသုံးပြုနိုင်ရန်အတွက် ကမ္ဘောဇ ဘဏ်လီမိတက်က ဖိုင်ဘာစက်လှေတစ်စင်းလျှင် ငွေကျပ် ၂၇၅၀၀၀၀ နှုန်းဖြင့် စုစုပေါင်းငွေကျပ် ၂၄ ဒသမ ၇၅၀ သန်း တန်ဖိုးရှိ ဖိုင်ဘာစက်လှေ ကိုးစင်းကို ကမ္ဘောဇဘဏ်လီမိတက် ဒုတိယအမှုဆောင်အရာရှိချုပ်(၁) ဦးအောင်ကျော်မျိုးက လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာနသို့ ယနေ့ မွန်းလွဲပိုင်းတွင် လာရောက်ပေးအပ်လှူဒါန်းရာ ပြည်ထောင်စုဝန်ကြီး ဒေါက်တာဝင်းမြတ်အေးက လက်ခံရယူပြီး ဂုဏ်ပြုမှတ်တမ်းလွှာ ပြန်လည်ပေးအပ်ခဲ့ကြောင်း သိရသည်။ (ဓာတ်ပုံ)

သတင်းစဉ်





နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်၊ ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီး ရဲအောင်၊ ပြည်နယ်ဝန်ကြီးချုပ် ဒေါက်တာ ခက်အောင်၊ ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌ ဦးထွန်းတင်နှင့် ကချင်နှစ်ခြင်းခရစ်ယာန်အဖွဲ့ချုပ် အထွေထွေအတွင်းရေးမှူး သိက္ခာတော်ရ ဖော်ယောင်တူးမိုင်တို့က (၇၂)နှစ်မြောက် ကချင်ပြည်နယ်နေ့ အထိမ်းအမှတ် မနောပွဲတော်ကို ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြစဉ်။ သတင်းစဉ်

✤ *ရွှေဖုံးမှ*

အထွေထွေအတွင်းရေးမှူး သိက္ခာတော်ရ ဖော်ယောင်တူးမိုင်တို့က (၇၂)နှစ်မြောက် ကချင်ပြည်နယ်နေ့ အထိမ်းအမှတ် မနောပွဲတော်ကို ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြသည်။

ထို့နောက် နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်၊ ပြည်ထောင်စုဝန်ကြီးများ၊ ပြည်နယ်ဝန်ကြီးချုပ်၊ တာဝန်ရှိသူများသည် တိုင်းရင်းသားရိုးရာယဉ်ကျေးမှုအဖွဲ့များ၊ ဒေသခံပြည်သူများနှင့်အတူ မနောအကဖြင့် ပါဝင်ဆင်နွှဲသည်။

### ရင်းရင်းနှီးနှီးတွေ့ဆုံ

ယင်းနောက် နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်သည် မနောအိမ်တော်၌ မနောရိုးရာအဖွဲ့ အကြီးအကဲများ၊ မြန်မာနိုင်ငံ ကချင်လူမျိုးရိုးရာယဉ်ကျေးမှုအသင်း ဥက္ကဋ္ဌ ဦးထုံဖူးဒဂုဏ်နှင့် အဖွဲ့ဝင်များအား ရင်းရင်းနှီးနှီးတွေ့ဆုံသည်။

တွေ့ဆုံပွဲတွင် နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်အား မြန်မာနိုင်ငံ ကချင်လူမျိုးရိုးရာယဉ်ကျေးမှုအသင်းမှ တိုင်းရင်းသား၊ တိုင်းရင်းသူများက ကချင်ရိုးရာကောက်ညှင်းပလိုင်းနှင့် ကချင်ရိုးရာပန်းချီကားကို ဂါရဝပြုပေးအပ်ကြသည်။

### နှုတ်ခွန်းဆက်စကားပြောကြား

ထို့နောက် မြန်မာနိုင်ငံ ကချင်လူမျိုးရိုးရာယဉ်ကျေးမှု အသင်းဥက္ကဋ္ဌ ဦးထုံဖူးဒဂုဏ်က နှုတ်ခွန်းဆက်စကား ပြောကြားသည်။

ယင်းနောက် နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်က ကချင်ပြည်နယ် မနောပွဲသို့ တက်ရောက်ပြီး ပါဝင်ဆင်နွှဲခွင့်ရသည့်အတွက် ဂုဏ်ယူဝမ်းမြောက်ပါကြောင်း၊ နောင်နှစ်မနောပွဲများတွင်လည်း မိမိနှင့် အားလုံးပါဝင်ဆင်နွှဲနိုင်မည်ဟု မျှော်လင့်ပါကြောင်း၊ ကချင်ပြည်နယ်မှာရှိကြသည့် ပြည်ထောင်စုတိုင်းရင်းသား ညီအစ်ကိုမောင်နှမများ ကျန်းမာချမ်းသာကြပါစေ၊ နှစ်တိုင်းနှစ်တိုင်း ပျော်ပွဲရွှင်ပွဲများဖြင့် အောင်မြင်ကြပါစေကြောင်း ပြောကြားသည်။

### မှတ်တမ်းတင်ဓာတ်ပုံရိုက်

ထို့နောက် နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်၊ ပြည်ထောင်စုဝန်ကြီးများ၊ ပြည်နယ်ဝန်ကြီးချုပ်နှင့် တာဝန်ရှိသူများသည် မြန်မာနိုင်ငံ ကချင်လူမျိုးရိုးရာယဉ်ကျေးမှုအသင်း ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၊ ယဉ်ကျေးမှုအဖွဲ့များနှင့် လည်းကောင်း၊ လွှတ်တော်ကိုယ်စားလှယ်များ၊ မနောရိုးရာအဖွဲ့အကြီးအကဲများ၊ တာဝန်ရှိသူများနှင့် လည်းကောင်း မှတ်တမ်းတင်ဓာတ်ပုံရိုက်ကြသည်။

(၇၂) နှစ်မြောက် ကချင်ပြည်နယ်နေ့အတွက် တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်၊ Peace Creation Group (PCG) နှင့် ကချင်တိုင်းရင်းသား လုပ်ငန်းရှင်များအသင်းတို့ကလည်း သဝဏ်လွှာများ ပေးပို့ထားကြောင်း သိရသည်။

ယင်းနောက် နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်သည် မြစ်ကြီးနားမြို့ ရွှေစက်ရပ်ကွက်ရှိ လူမှုဝန်ထမ်းဦးစီးဌာန အသိအမှတ်ပြု တောင်တန်းဒေသ ကျောင်းသား၊ ကျောင်းသူများ ပြုစုစောင့်ရှောက်ရေးဂေဟာသို့ ရောက်ရှိပြီး ကျောင်းသား၊ ကျောင်းသူများနှင့် တွေ့ဆုံသည်။

### ဖျော်ဖြေတင်ဆက်

တွေ့ဆုံပွဲတွင် နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်အား ကျောင်းသား၊ ကျောင်းသူများက “ဒို့တိုင်းပြည်အတွက် သူရဲကောင်း”၊ “ငြိမ်းချမ်းရေးကို တည်ဆောက်စို့ ” တေးသီချင်းများဖြင့် ဖျော်ဖြေတင်ဆက်ကြပြီး ဂေဟာ ဒုတိယတာဝန်ခံ ပြည်နယ် လွှတ်တော်ကိုယ်စားလှယ် ဒေါ်ခေါ်မာဝူက ဂေဟာနှင့်ပတ်သက်သည်များကို ရှင်းလင်းတင်ပြသည်။

### စနစ်တကျပြုစုပျိုးထောင်

ထို့နောက် နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်က မိမိ အရင်တစ်ခေါက်လာရောက်စဉ်က ကလေးများအနေဖြင့် တေးသီချင်းများဖြင့် ကြိုဆိုခဲ့သည့်အတွက် ဝမ်းသာရပါကြောင်း၊ သီချင်းတိုင်းတွင် တန်ဖိုးထားစရာများရှိပါကြောင်း၊ သီချင်းစကားလုံးများ၏ အဓိပ္ပာယ်မှာလည်း မိမိတို့နိုင်ငံအတွက် အပြုသဘောဆောင်သည့် အဓိပ္ပာယ်များဖြစ်ပါကြောင်း၊ ဂီတဆိုသည်မှာ သီဆိုရုံတင်မကဘဲ စိတ်ဓာတ်ကို မြင့်မားအောင် လုပ်ဆောင်ပေးရမည်ဟု မိမိအနေဖြင့် ယုံကြည်ပါကြောင်း၊ မိမိတို့အနေဖြင့် ယခု ဂေဟာနှင့် အဆက်သွယ်ရှိသည်မှာ ကြာပြီဖြစ်ပါကြောင်း၊ ဒေါ်ခင်ကြည်ဖောင်ဒေးရှင်းနှင့် စတင်ဆက်သွယ်ခဲ့ခြင်းဖြစ်ပါကြောင်း၊ ကလေးများအနေဖြင့် ကာယဉာဏ အဘက်ဘက်မှ ထူးချွန်သည့်အတွက် ဆက်လက်ပြုစုပျိုးထောင်ရေးမှာ အရေးကြီးပါကြောင်း၊ ကလေးများအတွက် အချိန်ကို တန်ဖိုးရှိရှိ အသုံးချစေလိုပါကြောင်း၊ ပြုစုပျိုးထောင်ရာတွင်လည်း စနစ်တကျ ပြုစုပျိုးထောင်ကြစေလိုကြောင်း၊ ကလေးများ၏ အာဟာရပြည့်ဝရေးအတွက်လည်း ဒေါ်ခင်ကြည်ဖောင်ဒေးရှင်းက အမြဲကူညီပေးနေပါကြောင်း၊ အာဟာရပြည့်ဝမှ ခံနိုင်ရည်ပြည့်ဝမည်ဖြစ်ကြောင်း၊ ငယ်စဉ်ကတည်းက အာဟာရ၊ ဉာဏ်စွမ်းကိုယ်စွမ်း နှစ်ခုစလုံး ပြည့်စုံရန် လိုအပ်ကြောင်း၊ ကလေးများသည် အစက ရေဘေးသင့်၍ ရောက်ရှိခဲ့သော်လည်း ယခု ရေဘေးအန္တရာယ် လွတ်မြောက်ခဲ့ပြီဖြစ်ပါကြောင်း၊ သို့သော်လည်း ကလေးများအတွက် ပညာရေး၊ လူမှုရေး နှစ်ဖက်စလုံး ပံ့ပိုးပေးနိုင်သည့်အတွက် ယခုဂေဟာသည် ဆက်လက်တည်နေခြင်းဖြစ်ပါကြောင်း၊ ထိုသို့ပံ့ပိုးမှုပေးနိုင်သည့်အတွက် ဝမ်းမြောက်ပါကြောင်း။

ယခုအချိန်တွင် ကလေးများအနေဖြင့် အချင်းချင်း မိတ်ဆွေကောင်းများဖြစ်ရန် ကြိုးစားစေချင်ပါကြောင်း၊ ယခုအရွယ်တွင် ခင်မင်သည့်မိတ်ဆွေများမှာ နောက်တစ်သက်တာ အားကိုးစရာ၊ ကိုယ်နှင့်အတူလက်တွဲပြီး

*စာမျက်နှာ ၄ သို့*



နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည် ဒေသခံပြည်သူများနှင့်အတူ မနောအကဖြင့် ပါဝင်ဆင်နွှဲစဉ်။ သတင်းစဉ်



နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်၊ ပြည်ထောင်စုဝန်ကြီးများ၊ ပြည်နယ်ဝန်ကြီးချုပ်နှင့် တာဝန်ရှိသူများ မြန်မာနိုင်ငံ ကချင်လူမျိုးရိုးရာယဉ်ကျေးမှုအသင်း ဥက္ကဋ္ဌ ဦးထုံဖူးဒဂုဏ်နှင့် အဖွဲ့ဝင်များ၊ ယဉ်ကျေးမှုအဖွဲ့များနှင့်အတူ စုပေါင်းမှတ်တမ်းတင် ဓာတ်ပုံရိုက်ကြစဉ်။ သတင်းစဉ်

*စာမျက်နှာ ၃ မှ*

စွမ်းစွမ်းတမံ ဆောင်ရွက်မည့် ရဲဘော်ရဲဘက်များ ဖြစ်လာမည်ကို ပြောကြားလိုပါကြောင်း၊ ယခု ကူညီနေသည့် သူများကိုလည်း ကျေးဇူးတင်ပါကြောင်း၊ အထူးသဖြင့် ကလေးများသည် မိမိတို့အနာဂတ်ကို တည်ဆောက်သည့် နေရာတွင် ထဲထဲဝင်ဝင်ပါနိုင်ရန် လိုပါကြောင်း၊ ကလေးများအနေဖြင့် မိမိတို့နိုင်ငံသည် ပြည်ထောင်စုဖြစ်သည်ကို သတိရစေလိုပါကြောင်း၊ မိမိတို့နိုင်ငံသည် တိုင်းရင်းသားမျိုးစုံနှင့်ဖွဲ့စည်းထားသည့် ပြည်ထောင်စုဖြစ်ကြောင်း၊ ဆရာ၊ ဆရာမများအနေဖြင့် ကလေးများကို ပြည်ထောင်စုဆိုသည်ကို ရှင်းရှင်းလင်းလင်းသိအောင် ရှင်းပြရန် လိုပါကြောင်း၊ ကလေးများကို အမှန်အတိုင်းပြောတတ်အောင် လေ့ကျင့်မွေးမြူရန် လိုပါကြောင်း၊ ဆရာ၊ ဆရာမများအနေဖြင့် ကလေးများ မေးခွန်းများမေးလျှင် သိလျှင်သိကြောင်း၊ မသိလျှင် မသိကြောင်းကို ပွင့်ပွင့်လင်းလင်း ပြောစေလိုပါကြောင်း၊ ကလေးများကို စာဖတ်စေချင်ပါကြောင်း၊ ငယ်စဉ်ကပင် စာဖတ်သည့်အလေ့အကျင့်ကို မွေးမြူပေးစေလိုပါကြောင်း၊ စာဖတ်ခြင်းသည် ပြည်ထောင်စုစိတ်ဓာတ်ကို နားလည်စေပြီး တိုင်းရင်းသားအားလုံးသည် အသီးသီး တန်ဖိုးကိုယ်စီရှိသည်ကို သိရှိစေပါကြောင်း၊ ဂေဟာရှေ့ရေးအတွက် မိမိတို့အနေဖြင့် တတ်နိုင်သလောက် ပံ့ပိုးပေးသွားမည်ဖြစ်ပြီး ကလေးများအနေဖြင့် စာကြိုးစားသင်ယူကြစေလိုကြောင်း ပြောကြားသည်။

ဆက်လက်၍ နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်က ဂေဟာအတွက် ဗိုလ်ချုပ်အောင်ဆန်းရုပ်ပုံပါ ငွေစက္ကူအသစ်များ၊ ဦးထုပ်များနှင့် ကစားစရာအရုပ်များကို လည်းကောင်း၊ ပြည်ထောင်စုဝန်ကြီး ဦးသိန်းဆွေက ကွန်ပျူတာဝယ်ယူရန် အလှူငွေများကို လည်းကောင်း၊ ဒုတိယဝန်ကြီး ဦးစိုးအောင်က ထောက်ပံ့ငွေနှင့် စားသောက်ကုန်ပစ္စည်းများကို လည်းကောင်း တာဝန်ရှိသူများထံ ပေးအပ်ကြသည်။

ယင်းနောက် နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်၊ ပြည်ထောင်စုဝန်ကြီးများ၊ ပြည်နယ်ဝန်ကြီးချုပ်နှင့် တာဝန်ရှိသူများသည် ဂေဟာအလုပ်အမှုဆောင်ကော်မတီမှ တာဝန်ရှိသူများ၊ ကျောင်းသား၊ ကျောင်းသူများနှင့် လည်းကောင်း၊ နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်က ကျောင်းသား၊ ကျောင်းသူများနှင့် လည်းကောင်း မှတ်တမ်းတင် ဓာတ်ပုံရိုက်ကြသည်။

**အထူးဂရုစိုက် ဆောင်ရွက်**

ထို့နောက် နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်သည် မြစ်ကြီးနားမြို့ Plam Spring ဟိုတယ်၌ ကချင်ပြည်နယ် ဝန်ကြီးချုပ်နှင့် ပြည်နယ်ဝန်ကြီးများနှင့်တွေ့ဆုံပြီး ကချင်ပြည်နယ်တွင် ငြိမ်းချမ်းရေးကို အနှောင့်အယှက်ဖြစ်စေနိုင်သည်များ မဖြစ်ပေါ်စေရန် ပြည်နယ်အစိုးရက တာဝန်ယူဆောင်ရွက်ရန်ဖြစ်ကြောင်း၊ ပုံမှန်ဖွံ့ဖြိုးရေးလုပ်ငန်းများကို ဆောင်ရွက်နေချိန်တွင် ငြိမ်းချမ်းရေးကို အထူးဂရုစိုက် ဆောင်ရွက်ရန်လိုကြောင်း၊ ယမန်နေ့က ပြည်သူများ၏ တင်ပြချက်များကို အထူးအလေးထားပြီး

*စာမျက်နှာ ၅ သို့*



နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည် မြစ်ကြီးနားမြို့ ရွှေစက်ရပ်ကွက်ရှိ လူမှုဝန်ထမ်းဦးစီးဌာန အသိအမှတ်ပြု တောင်တန်းဒေသကျောင်းသား၊ ကျောင်းသူများ ပြုစုစောင့်ရှောက်ရေးဂေဟာမှ ကျောင်းသား၊ ကျောင်းသူများအား ရင်းရင်းနှီးနှီးနှုတ်ဆက်စဉ်။ သတင်းစဉ်



နိုင်ငံတော်သမ္မတ ဦးဝင်းမြင့်ထံမှ ပေးပို့သည့် (၇၂) နှစ်မြောက် ကချင်ပြည်နယ်နေ့ ဂုဏ်ပြုသဝဏ်လွှာကို ကချင်ပြည်နယ် ဝန်ကြီးချုပ် ဒေါက်တာ ခက်အောင် ဖတ်ကြားစဉ်။ သတင်းစဉ်



နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည် ကချင်ပြည်နယ်ဝန်ကြီးချုပ် ဒေါက်တာ ခက်အောင်နှင့် ပြည်နယ်ဝန်ကြီးများနှင့် တွေ့ဆုံစဉ်။

သတင်းစဉ်

*စာမျက်နှာ ၄ မှ*

ဆောင်ရွက်ပေးရန် လိုအပ်ကြောင်း၊ လူထုတွေ့ဆုံပွဲများသို့ မျှော်လင့်ချက်ဖြင့် တက်ရောက်ကာ တင်ပြလာသည့် ကိစ္စရပ်များကို ပြည်သူ့အသံအဖြစ် တန်ဖိုးထားပြီး အလေးအနက်ထား ဆောင်ရွက်ပေးရန် လိုအပ်ကြောင်း၊ အမြန်ဆုံး ပြီးစီးနိုင်သည်များကို အချိန်မဆိုင်းဘဲ ချက်ချင်း ဆောင်ရွက်ပေးရန် လိုအပ်ကြောင်း၊ ကချင်ပြည်နယ်နေ့ ကျင်းပရေးနှင့်စပ်လျဉ်းသည့် အခေါ်အဝေါ် ဝေါဟာရဆိုင်ရာ အငြင်းပွားမှုများရှိနေသည်ကို ပြည်နယ်အစိုးရက ဦးဆောင် တာဝန်ယူကာ အားလုံးလက်ခံသဘောတူသည့် အဖြေကို ရှာပေးရန်ဖြစ်ကြောင်း၊ တိုင်းရင်းသားပေါင်းစုံ နေထိုင်ကြသဖြင့် မတူကွဲပြားမှုများကြောင့် ပြဿနာများမဖြစ်စေဘဲ ညီညီညွတ်ညွတ်ဖြစ်စေရန် ပြည်နယ်အစိုးရက ဆောင်ရွက်ပေးရန်ဖြစ်ကြောင်း၊ ပြည်ထောင်စုအစိုးရက တွေ့ဆုံဆွေးနွေးမှုများ ဆောင်ရွက်နေချိန်တွင် ပြည်နယ်အစိုးရက မျိုးနွယ်စုများအကြား သဟဇာတဖြစ်စေရေး ကူညီဆောင်ရွက်ပေးရန် လိုအပ်ကြောင်း ပြောကြားသည်။

**မူဝါဒဆိုင်ရာလမ်းညွှန်မှုများ ပြောကြား**

ယင်းနောက် ပြည်နယ်ဝန်ကြီးချုပ်နှင့် ပြည်နယ်အစိုးရအဖွဲ့ဝင်များက ကချင်ပြည်နယ်နေ့ အခမ်းအနားကိစ္စ၊ IDP စခန်းများပိတ်သိမ်းပြီး မိမိနေရာသို့ မိမိတို့သဘောဆန္ဒအလျောက် ပြန်လည်နေထိုင်လိုသည့် ကိစ္စနှင့် ပြည်ထောင်စုအစိုးရက ညှိနှိုင်းဆောင်ရွက်ပေးရန် လိုအပ်သည့်ကိစ္စများကို တင်ပြကြရာ နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ်က ပြည်ထောင်စုဝန်ကြီးများနှင့် ညှိနှိုင်းပြီး ဖြေရှင်းပေးကာ လိုအပ်သည့် မူဝါဒဆိုင်ရာ လမ်းညွှန်မှုများပြောကြားပြီး ပြည်နယ်အစိုးရ သတိပြုဆောင်ရွက်ရမည့် ကိစ္စရပ်များကို မှာကြားသည်။

ယင်းနောက် နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်နှင့် အဖွဲ့သည် မြစ်ကြီးနားမြို့မှ အထူးလေယာဉ်ဖြင့် ပြန်လည်ထွက်ခွာကြရာ ညနေပိုင်းတွင် နေပြည်တော်သို့ ပြန်လည်ရောက်ရှိကြသည်။

သတင်းစဉ်

**"ကချင်ပြည်နယ်တွင် ငြိမ်းချမ်းရေးကို အနှောင့်အယှက် ဖြစ်စေနိုင်သည်များ မဖြစ်ပေါ်စေရန် ပြည်နယ်အစိုးရက တာဝန်ယူဆောင်ရွက်ရန်ဖြစ်ကြောင်း၊ ပံ့ပိုးမှုဖွံ့ဖြိုးရေးလုပ်ငန်းများကို ဆောင်ရွက်နေချိန်တွင် ငြိမ်းချမ်းရေးကို အထူးဂရုစိုက်ဆောင်ရွက်ရန်လိုကြောင်း ပြောကြား"**

# မူးယစ်ဆေးဝါးအန္တရာယ် ကြိုတင်ကာကွယ်ရေး အသိပညာပေးဟောပြောပွဲ ကျင်းပ

**နေပြည်တော် ဇန်နဝါရီ ၁၀**

မူးယစ်ဆေးဝါးအန္တရာယ် ကြိုတင်ကာကွယ်ရေးနှင့် အသိပညာပေးဟောပြောပွဲကို ယနေ့နံနက်ပိုင်းတွင် နေပြည်တော်ရှိ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပသည်။

ဟောပြောပွဲတွင် ပြည်ထောင်စုဝန်ကြီး ဒေါက်တာဝင်းမြတ်အေးက မိမိတို့ ဝန်ကြီးဌာနအနေဖြင့် လူသားစွမ်းရည်ဖွံ့ဖြိုးတိုးတက်ရေးကို အဓိကဆောင်ရွက်နေရသော ဌာနတစ်ခု ဖြစ်ပါကြောင်း၊ ရှေးဦးအရွယ်ကလေးသူငယ်ဘဝမှစ၍ သက်ကြီးရွယ်အိုလူ့ဂုဏ်သိက္ခာနှင့်အညီ ရှင်သန်နေထိုင်ရေးအတွက် မူဝါဒ၊ ဥပဒေ၊ နည်းဥပဒေများဖြင့် ၎င်းတို့၏ လူ့အခွင့်အရေးကို အပြည့်အဝရရှိနိုင်ရန်၊ ရပ်တည်မှုနှင့် ဖွံ့ဖြိုးတိုးတက်ရေးအတွက် အားလုံးပူးပေါင်းဆောင်ရွက်မှုများဖြင့် တာဝန်ယူဆောင်ရွက်လျက်ရှိပါကြောင်း၊ လူမှုစီးပွားဖွံ့ဖြိုးတိုးတက်ရေးကို လူသားများကသာ ဆောင်ရွက်နိုင်မည်ဖြစ်ကြောင်း၊ ထို့ကြောင့် စွမ်းရည်ပြည့်ဝသော၊ အတွေးအခေါ်အယူအဆ မှန်ကန်သော၊ ကိုယ်ကျင့်တရားကောင်းသော လူသားစွမ်းရည် အရင်းအမြစ်များလိုအပ်ကြောင်း၊ လူသားစွမ်းရည်အရင်းအမြစ်ကောင်းများရရန် ရှေးဦးအရွယ်ကတည်းက ဦးနှောက်ဖွံ့ဖြိုးတိုးတက်မှုနှင့် ခန္ဓာကိုယ်ပုံမှန်ကြီးထွားမှုများအတွက် လေ့ကျင့်ပျိုးထောင်ကြရမည် ဖြစ်ကြောင်း၊ လူသားတစ်ဦးချင်း မိမိတို့၏ ရပ်တည်မှု ဖွံ့ဖြိုးတိုးတက်မှုများအတွက် ကြိုးစားဆောင်ရွက်ရာတွင် အဟန့်အတားဖြစ်စေမည့် ကိစ္စများကို ဖယ်ရှားရမည်ဖြစ်ကြောင်း၊ ၎င်းကိစ္စများတွင် မူးယစ်ဆေးဝါးအန္တရာယ်သည် အဟန့်အတားဖြစ်စေမည့် အရေးကြီးသော ပြဿနာတစ်ရပ်ဖြစ်ကြောင်း။

မူးယစ်ဆေးဝါးကြောင့် ကျန်းမာရေး၊ လူ့ကိုယ်ရည်ကိုယ်သွေးနှင့် အကျင့်စာရိတ္တများ ထိခိုက်ကျဆင်းပြီး လူမှုပတ်ဝန်းကျင်တွင် ရပ်တည်မှု ခဲယဉ်းသွားမည်ဖြစ်ကြောင်း၊ မူးယစ်ဆေးဝါးကို စမ်းသပ်သုံးစွဲမှုမပြုလုပ်ကြရန် ငယ်စဉ်ဘဝကတည်းက အသိပညာပေး ဆောင်ရွက်ကြရမည်ဖြစ်ကြောင်း၊ ဝန်ထမ်းများသည် မိမိတို့ မိသားစု၏ တာဝန်များကို ယူကြရသကဲ့သို့ ပြည်သူလူထု၏ တာဝန်ကိုလည်း ထမ်းဆောင်ကြရသည့်အတွက် တာဝန်ကြီးပါကြောင်း၊ မူးယစ်ဆေးဝါးများသည် လက်လှမ်းမီသောနေရာတွင် ရောက်ရှိနေသဖြင့် ဝန်ထမ်းများအနေဖြင့် မသုံးစွဲမိရန်နှင့် လက်ဝယ်ထားရှိခြင်း မပြုကြရန် အရေးကြီးကြောင်း၊ စမ်းသပ်သုံးစွဲမိခြင်းနှင့် လက်ဝယ်ထားရှိမိခြင်းသည် ထောင်ချောက်မိခြင်းဖြစ်ပြီး အန္တရာယ်ကျရောက်မည်ဖြစ်သည်ကို သတိမူကြရမည်ဖြစ်ကြောင်း၊ စတင်သုံးစွဲမှုပြုမိ၍ ဘဝပျက်နေသော ဆေးစွဲသူများကို ဆေးဖြတ်ပေးပြီး ပြန်လည်ထူထောင်ရေးလုပ်ပေးရန်သည် မိမိတို့၏တာဝန်ဖြစ်၍ မိမိတို့အနေဖြင့် အသိနှင့် သတိယှဉ်ကာ ဆောင်ရွက်ကြရမည်ဖြစ်ကြောင်း၊ မိမိတို့ အပါအဝင် ပြည်သူများ မူးယစ်သံသရာထဲ မကျရောက်ရန် အရေးကြီးကြောင်း၊ အနာဂတ် မျိုးဆက်သစ်များကို ကောင်းမွန်သည့် လက်ဆင့်ကမ်းအမွေပေးနိုင်ရန် မိမိတို့အနေဖြင့် တာဝန်ဝတ္တရားများကို အကောင်းဆုံးလုပ်ဆောင်ရန် လိုအပ်ကြောင်း၊ မူးယစ်သံသရာမှ ရုန်းထွက်ရန် လုပ်ဆောင်ရာတွင် ထိရောက်သည့် ပြန်လည်ထူထောင်ရေးလုပ်ငန်းစဉ် ပေါ်ပေါက်ရန် လိုအပ်နေပါကြောင်း၊ ပြည်သူများ လွတ်လပ်လုံခြုံစွာ ဖွံ့ဖြိုးတိုးတက်ရေးအတွက် ထက်သန်သည့် စိတ်စွမ်းအားဖြင့် မူးယစ်ဆေးဝါးကို ရှောင်ကြဉ်ကြစေရေး ကြိုးပမ်းဆောင်ရွက်ပေးကြရန် တိုက်တွန်းလိုပါကြောင်း ပြောကြားသည်။





ပြည်ထောင်စုဝန်ကြီး ဒေါက်တာဝင်းမြတ်အေး မူးယစ်ဆေးဝါးအန္တရာယ် ကြိုတင်ကာကွယ်ရေးနှင့် အသိပညာပေးဟောပြောပွဲတွင် အမှာစကားပြောကြားစဉ်။

ထို့နောက် ပြန်လည်ထူထောင်ရေးဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ် ဒေါက်တာ ထွန်းဇော်၊ မူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေးရဲတပ်ဖွဲ့ ဌာနခွဲမှူး ဒုတိယရဲမှူးကြီးရဲနိုင်၊ သုတေသန၊ သတင်းအချက်အလက်ဌာနခွဲ၊ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူး ဒေါ်သင်းသင်းဇင်၊ နေပြည်တော် ပြည်သူ့ဆေးရုံကြီး (ခုတင် - ၁၀၀၀) ကုသရေးဦးစီးဌာနမှ ပါမောက္ခဒေါက်တာဆန်းလင်းနှင့် ပြည်ထောင်စုရှေ့နေချုပ်ရုံး ညွှန်ကြားရေးမှူးဒေါ်သူသူဖေတို့က မူးယစ်ဆေးဝါးအန္တရာယ်၊ မူးယစ်ဆေးဝါးနှင့် စိတ်ကို ပြောင်းလဲစေသောဆေးဝါးများဆိုင်ရာဥပဒေ၊ မူးယစ်ဆေးဝါး ပြန်လည်ထူထောင်ရေး လုပ်ငန်းများနှင့် ကျန်းမာရေးဆိုင်ရာများကို အသိပညာပေး ဟောပြောဆွေးနွေးကြသည်။

သတင်းစဉ်

# အတိတ်၊ အနာဂတ်နဲ့ ပတ်သက်နေတဲ့ တာဝန်တွေကို ပစ္စုပ္ပန်မှာ ထိထိရောက်ရောက် အကောင်အထည်ဖော်ဖို့ အရေးကြီး ပစ္စုပ္ပန်မှာ လက်ထဲမှာရှိတဲ့အခွင့်အရေးတွေကို ကောင်းသောအနာဂတ်ထူထောင်ဖို့အတွက် ဝိုင်းဝန်းပြီးတော့ ကြိုးစားပေးစေချင်

**နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်**
**(၇၂) နှစ်မြောက်၊ ကချင်ပြည်နယ်နေ့ အခမ်းအနားတွင်**
**ပြောကြားသည့် မိန့်ခွန်း**
**(၂၀၂၀ ပြည့်နှစ်၊ ဇန်နဝါရီလ ၁၀ ရက်)**

**ကျွန်မအနေနဲ့ ယခုလို (၇၂)နှစ်မြောက် ကချင်ပြည်နယ်နေ့ကို လာရောက်နိုင်တဲ့အတွက် အင်မတန်မှဝမ်းသာပါတယ်။ ကျွန်မတို့ရဲ့ ပြည်ထောင်စုသားချင်းတွေနဲ့အတူ ဒီနေရာမှာရှိနေရတယ်ဆိုတာဟာ ကျွန်မတို့ရဲ့ပြည်ထောင်စုအတွက် ကျွန်မတို့ဘယ်လောက် အလေးထားတယ်၊ ဘယ်လောက် ကျွန်မတို့ရဲ့ပြည်ထောင်စုကို တိုးတက်စေချင်တယ်၊ ဘယ်လောက်ခိုင်မြဲစေချင်တယ်ဆိုတာကို ပြခွင့်ရတဲ့အတွက် အင်မတန်မှကျေးဇူးတင်ပါတယ်။ နှစ်ဦးပိုင်းမှာလည်းဖြစ်လို့ ကျွန်မတို့ရဲ့ ကချင်ပြည်နယ်မှာရှိတဲ့ တိုင်းရင်းသားညီအစ်ကိုမောင်နှမတွေအားလုံးကို နှစ်ဦးအတွက် ဒီနှစ်သစ်အတွက် ဆုမွန်ကောင်းတွေလည်း တောင်းပေးချင်ပါတယ်။ အားလုံး ကျန်းမာချမ်းသာစွာနဲ့ နှလုံးစိတ်ဝမ်းအေးချမ်းနိုင်ကြပါစေလို့ ကျွန်မအနေနဲ့ ဆုတောင်းပေးပါတယ်။**

ကချင်ပြည်နယ်နေ့ကို ကျွန်မ အထူးလာချင်တဲ့ ကိစ္စတစ်ခုကတော့ ကချင်ပြည်နယ်မှာဆိုလို့ရှိရင် ကျွန်မတို့ရဲ့ တိုင်းရင်းသားမျိုးစုံနေကြပါတယ်။ လူမျိုးပေါင်းစုံ၊ ကိုးကွယ်တဲ့ ဘာသာပေါင်းစုံ၊ ပြောတဲ့စကားပေါင်းစုံ ဒီလို တိုင်းရင်းသားများစုဝေးပြီးတော့ နေနေတဲ့နေရာဟာ ကျွန်မတို့အတွက် ပြည်ထောင်စုရဲ့ သင်္ကေတတစ်ခုဖြစ်တယ်လို့ပဲ ကျွန်မတို့ ယူဆပါတယ်။ စောစောကနေပြီးတော့ သမ္မတကြီးရဲ့သဝဏ်လွှာထဲမှာပါတဲ့အတိုင်းပဲ ကျွန်မတို့ရဲ့ ကချင်ပြည်နယ်နေ့ဟာ လွတ်လပ်ရေးနဲ့ သိပ်ပြီးတော့ မကွာတဲ့အခါမှာ ပထမဦးဆုံးစခဲ့တာပါ။ ပြောရမယ်ဆိုရင် လွတ်လပ်ရေးနဲ့အတူ ဖွားမြင်ခဲ့တဲ့နေ့တစ်ခုလို့လည်း ပြောလို့ရပါတယ်။ ဒါကြောင့်မလို့ အဲဒီလိုလွတ်လပ်ရေးနဲ့အတူ လွတ်လပ်ရေးရပြီးတော့ တစ်ပတ်လောက်အတွင်းမှာ ဆုံးဖြတ်ခဲ့တဲ့ ကချင်ပြည်နယ်နေ့မှာ ကျွန်မတို့က လွတ်လပ်ရေးရဲ့အဓိပ္ပာယ်ကို ပြန်ပြီးတော့ သုံးသပ်စဉ်းစားဖို့ လိုပါတယ်။


နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်

**ငြိမ်းချမ်းရေးဟာ မဖြစ်မနေ ရရှိရမယ့်အရာ**

ကျွန်မတို့ရဲ့ လွတ်လပ်ရေးဖခင်ကြီးများဟာ လွတ်လပ်ရေးရဖို့ ကြိုးပမ်းတဲ့အခါမှာ ထပ်တလဲလဲပြောခဲ့တဲ့ စကားတစ်ခုရှိပါတယ်။ ကိုယ့်ကံကြမ္မာ ကိုယ်ဖန်တီးချင်တဲ့နိုင်ငံတစ်နိုင်ငံဟာ မိမိရဲ့ကံကြမ္မာ ကိုယ်ဖန်တီးခွင့်ရှိရမယ်။ ကံကြမ္မာကို ဖန်တီးရတဲ့တာဝန်နဲ့ ဖန်တီးနိုင်တဲ့ အရည်အချင်းတွေလည်း ရှိဖို့လိုပါတယ်။ ကျွန်မတို့ဟာ ဘာဖြစ်လို့ ကိုယ့်ကံကြမ္မာ ကိုယ်ဖန်တီးချင်တယ်ဆိုတာ ပြန်ပြီးစဉ်းစားလိုက်တဲ့အခါကျရင် စိတ်လုံခြုံမှုရချင်လို့ပါ။ သူများတွေလက်ထဲမှာ ကိုယ်ကသူများလက်ထဲကရေလို၊ သူများရဲ့ ဆုံးဖြတ်ချက်အရ ကိုယ့်ရဲ့ကံကြမ္မာက ဖြစ်ရမယ်ဆိုလို့ရှိရင် ဘယ်လိုမှ ကျွန်မတို့က စိတ်လုံခြုံမှုရှိနိုင်မှာ မဟုတ်ပါဘူး၊ ဒ့ါကြောင့်မလို့လည်း ကျွန်မတို့ရဲ့ လွတ်လပ်ရေးဖခင်ကြီးများဟာ ကိုယ့်ကံကြမ္မာ ကိုယ်ဖန်တီးချင်တယ်၊ ကိုယ့်နိုင်ငံရဲ့ လုံခြုံရေးအတွက် ကိုယ့်ရဲ့နိုင်ငံသူ၊ နိုင်ငံသားရဲ့ စိတ်ပိုင်းဆိုင်ရာ လုံခြုံရေးနဲ့ ရုပ်ပိုင်းဆိုင်ရာလုံခြုံရေးအတွက် တာဝန်ယူချင်တယ်ဆိုတာကို ဖော်ပြသွားတာပဲ ဖြစ်ပါတယ်။ ကျွန်မတို့ စိတ်ပိုင်းဆိုင်ရာ လုံခြုံဖို့ဆိုတာဟာ ရုပ်ပိုင်းဆိုင်ရာလုံခြုံဖို့လည်း လိုပါတယ်။ ဒါကြောင့်မို့လို့ ကျွန်မတို့ လွတ်လပ်ရေးကို ပြီးမြောက်ဖို့ဆိုရင် ပြည်တွင်းငြိမ်းချမ်းရေးဟာ အင်မတန်မှ အရေးကြီးပါတယ်။ လွတ်လပ်ရေးရဲ့ ရည်ရွယ်ချက်ဖြစ်တဲ့ ကိုယ့်ကံကြမ္မာကိုယ်ဖန်တီးရေး၊ ကျွန်မတို့ရဲ့ နိုင်ငံသူ၊ နိုင်ငံသားများ စိတ်လုံခြုံရေးအတွက်ဆိုရင် ငြိမ်းချမ်းရေးဟာလည်း မဖြစ်မနေရရှိရမယ့် အရာတစ်ခု ဖြစ်ပါတယ်။

ဒါကြောင့် ကျွန်မတို့အားလုံးငြိမ်းချမ်းရေးရဖို့ အခု လွတ်လပ်ရေးရပြီးတဲ့အခါမှာ တာဝန်ရှိလာပါတယ်။ လွတ်လပ်ရေးဖခင်ကြီးများဟာ မိမိတို့ရဲ့ တာဝန်ကို မိမိတို့ရဲ့မျိုးဆက် အချိန်အခါတုန်းကနေပြီးတော့ ကျေပွန်ခဲ့ပြီး ကျွန်မတို့ရဲ့ အခု ကျွန်မတို့ မျိုးဆက်တွေမှာ ကျွန်မတို့ တာဝန်ကျေရဲ့လားဆိုတာ ပြန်ပြီးတော့ စဉ်းစားရမှာပါ။ ဒီလို တာဝန်ကျေအောင် လုပ်ဖို့ဆိုတာဟာ ကျွန်မတို့ ငြိမ်းချမ်းရေးရယူဖို့ လိုပါတယ်။ ငြိမ်းချမ်းရေးနဲ့အတူ ကျွန်မတို့ လွတ်လပ်ရေးနဲ့အတူ ဖွားမြင်ခဲ့ရုံတင်မကပါဘူး။ ကချင်ပြည်နယ်ဟာ ပင်လုံပြည်ထောင်စုရဲ့ အခြေခံဖြစ်တဲ့ ပင်လုံနဲ့လည်း အင်မတန်မှဆက်စပ်နေပါတယ်။ တချို့ကဆိုလို့ရှိရင် ပင်လုံအစ ကချင်ကလို့တောင်မှ ပြောကြပါတယ်။ ဒီမြေပေါ်မှာစပြီးတော့ ကျွန်မတို့ သဘောတူညီချက်တွေ ယူသွားပြီးတော့ ပင်လုံစာချုပ်ကို ချုပ်နိုင်ခဲ့တာပါ။ ပင်လုံနဲ့ပတ်သက်လို့ ပင်လုံမှာ မသွားခင် ကချင်ပြည်နယ်မှာ ဖေဖေ ရိုက်ခဲ့တဲ့ပုံတွေမှာ ဖေဖေ့တစ်သက်တာမှာ အပျော်ရွှင်ဆုံးပုံတွေပဲလို့ ကျွန်မတို့ပြောလို့ ရပါတယ်။ တခြားဓာတ်ပုံတွေထဲမှာ ဒီလိုပြုံးရွှင်နေတာ မမြင်ရပါဘူး။ အင်မတန်မှ ပြုံးပြုံးရွှင်ရွှင်နဲ့ စိတ်ရောကိုယ်ပါ အေးချမ်းနေတဲ့ပုံကို ဆောင်ပါတယ်။ အဲဒါဘာဖြစ်လို့လဲဆိုတော့ ဒီမှာကျွန်မတို့ လာတဲ့အခါမှာ ပြည်ထောင်စုကြီး ငါတို့ရဲ့ ပြည်ထောင်စုကြီးထူထောင်နိုင်တော့မယ်။ လွတ်လပ်တဲ့ ပြည်ထောင်စုတစ်ခု ထူထောင်နိုင်တော့မယ်ဆိုတဲ့ မျှော်လင့်ချက်နဲ့ တောက်ပနေတာလို့ ကျွန်မ ဒီလိုပဲ ယူဆပါတယ်။ ဒီတော့ ဒီကနေပြီးတော့ ကျွန်မတို့ရဲ့ ပြည်ထောင်စုကြီးကို ထူထောင်နိုင်ဖို့အတွက် မျှော်လင့်ချက်တွေဟာ စပြီးတော့ ထွန်းတောက်ခဲ့တယ်။ ဒီထွန်းတောက်တဲ့ မျှော်လင့်ချက်တွေကို အကောင်အထည်ဖော်ဖို့ ကျွန်မတို့ခေတ်မှာ ဆက်ပြီးတော့ လုပ်သွားဖို့ အင်မတန်မှ အရေးကြီးပါတယ်။ အခုကျွန်မတို့ဟာ ၂၀ ရာစုနှစ် ကျွန်မတို့ လွတ်လပ်ရေးဖခင်ကြီးများ စတင်ခဲ့တဲ့ ပင်လုံကို ၂၁ ရာစုနှစ်ကနေပြီးတော့ အဆုံးသတ်ဖို့လိုပါတယ်။ အဆုံးသတ်တယ်ဆိုတာ တကယ့်ကို ထာဝရတည်တံ့ခိုင်မြဲမယ့် ငြိမ်းချမ်းရေး ရဖို့ ကျွန်မတို့အားလုံးကြိုးစားဖို့ဟာ တာဝန်တစ်ရပ် ဖြစ်ပါတယ်။

**ကောင်းတဲ့အမွေတွေကိုထိန်းသိမ်းဖို့ နောင်မျိုးဆက်အပေါ် တာဝန်ရှိ**

ကျွန်မတို့ မျှော်လင့်ချက်တွေကို အောင်မြင်ဖို့ဆိုလို့ရှိရင် တစ်ဦးနဲ့ တစ်ဦး နားလည်မှုယူဖို့ဆိုတာ အင်မတန်မှ အရေးကြီးပါတယ်။ တစ်ဦးနဲ့တစ်ဦး ယုံကြည်မှုယူဖို့ဆိုတာလည်း အရေးကြီးပါတယ်။ ငြိမ်းချမ်းရေးပေါ်မှာလည်း ယုံကြည်မှုရှိရပါလိမ့်မယ်။ ငြိမ်းချမ်းရေးဟာ လိုအပ်တယ်ဆိုတာကိုလည်း ယုံကြည်ရမယ်။ ဖြစ်နိုင်တယ်ဆိုတာလည်း ယုံကြည်ရမယ်။ ဖြစ်နိုင်အောင် လုပ်ဖို့ ကျွန်မတို့ရဲ့တာဝန်ဖြစ်ဆိုတာကိုလည်း လက်ခံရမယ်။ ဆန္ဒတစ်ခုရှိရုံနဲ့ အောင်မြင်မှုက မရသေးပါဘူး။ ဆန္ဒနောက်ကနေပြီးတော့ ကျွန်မတို့ကနေ ပြီးတော့ ဆန္ဒ၊ ဝီရိယ၊ ပညာ၊ စိတ်ဓာတ် ဒီဟာတွေကပါလာဖို့ လိုပါတယ်။ ဒါကြောင့် ကျွန်မတို့ရဲ့ လွတ်လပ်ရေးခေါင်းဆောင်များ စခဲ့တဲ့လုပ်ငန်းကို ပြီးမြောက်အောင်လုပ်ဖို့ဆိုတာ ကျွန်မတို့ရဲ့ မျိုးဆက်မှာတင် ကျွန်မတို့ ပြီးစေချင်ပါတယ်။ နောင်မျိုးဆက်တွေအတွက် ကျွန်မတို့ ထပ်ပြီးတော့ မထားခဲ့ချင်ပါဘူး။ တာဝန်ဆိုတာဟာ အမျိုးမျိုးပါ။ ရှေ့ကသွားခဲ့တဲ့ ကိုယ့်ရဲ့ မိဘများ၊ ကိုယ့်ရဲ့ ဘိုးဘွားများပေါ်မှာရှိတဲ့ တာဝန်ဆိုတာ ထားပေးခဲ့တဲ့ ကောင်းတဲ့ အမွေတွေကို ကျွန်မတို့က ထိန်းသိမ်းဖို့ပါပဲ။ ဒီတာဝန်ပါပဲ၊ ကျွန်မတို့ဟာ နောင်လာမယ့်မျိုးဆက်တွေအပေါ်မှာလည်း တာဝန်ရှိပါတယ်။ နောင်လာမယ့်မျိုးဆက်တွေအတွက် မှန်ကန်ပြီးတော့ ကောင်းမွန်တဲ့အမွေအနှစ်တွေထားပေးခဲ့ဖို့ကလည်း ကျွန်မတို့မှာ တာဝန်ရှိပါတယ်။

ဒီတော့ အတိတ်နဲ့ပတ်သက်နေတဲ့ တာဝန်၊ အနာဂတ်နဲ့ ပတ်သက်နေတဲ့ တာဝန်တွေကို ကျွန်မတို့ အခုပစ္စုပ္ပန်မှာ ထိထိရောက်ရောက် အကောင်အထည်ဖော်ဖို့ဟာ အင်မတန်မှအရေးကြီးပါတယ်။ ကျွန်မတို့ နောင်မျိုးဆက်တွေအတွက် တကယ်ထားပစ်ခဲ့ဖို့ လုပ်မယ်ဆိုလို့ရှိရင် အခု လောလောဆယ် ငြိမ်းချမ်းရေးဖြစ်စဉ်မှာ အားလုံးပါဝင်ဖို့ဟာ အင်မတန်မှ အရေးကြီးပါတယ်။ နိုင်ငံတစ်နိုင်ငံမှာ ဘာအလုပ်ပဲ လုပ်လုပ်၊ အောင်မြင်ဖို့အတွက် ထိရောက်ဖို့အတွက်ဆိုရင် နိုင်ငံသူ၊ နိုင်ငံသားများ အားလုံးပါဖို့ဟာ အင်မတန်မှ အရေးကြီးပါတယ်။ ကျွန်မတို့လို ပြည်ထောင်စုမှာဆိုလို့ရှိရင် တိုင်းရင်းသားများ အားလုံး ပါဝင်ရမယ်။ ကျွန်မတို့ တကယ့်ကို ပြည်ထောင်စုစိတ်ဓာတ်နဲ့ ငါတို့အားလုံးဟာ ပြည်ထောင်စုသားချင်းတွေဖြစ်တယ်ဆိုတဲ့ စိတ်ဓာတ်နဲ့ ဆက်ပြီးတော့ သွားဖို့လိုပါတယ်။ ပထမဟာ ကျွန်မတို့ အားလုံးဟာ ပြည်ထောင်စုဖွား တိုင်းရင်းသားတွေပါ။ နောက်တော့မှ ကျွန်မတို့အချင်းချင်း ကိုယ်ရဲ့လူမျိုးအရ ကိုယ်ပြောလို့ရပါတယ်။ ငါတို့အားလုံးဟာ ပြည်ထောင်စုသားချင်းတွေ၊ တချို့က ကချင်ဖြစ်တယ်၊ တချို့က ကရင်ဖြစ်တယ်၊ တချို့က ရှမ်း/ဗမာ စသဖြင့် ကျွန်မတို့ စဉ်းစားလို့ရပါတယ်။ တချို့ကဆိုရင် ဒီမြန်မာနိုင်ငံဟာ အခုလက်ရှိ မြန်မာနိုင်ငံရဲ့ပုံစံက ကိုလိုနီခေတ်တုန်းက ချမှတ်ခဲ့တဲ့ ပုံစံလို့ ပြောကြပါတယ်။ ကျွန်မကတော့ ဒီလိုမမြင်ပါဘူး။ ကျွန်မတို့ရဲ့နိုင်ငံဟာ သဘာဝကချမှတ်ခဲ့တဲ့နိုင်ငံပါ။ သဘာဝပထဝီအနေအထားအရ နိုင်ငံတစ်ခုနဲ့ တည်ထောင်ဖို့ရာ ဆက်ပြီးတော့ ရှင်သန်ဖို့ရာ အင်မတန်မှ သင့်တော်တဲ့ အနေအထားရှိပါတယ်။ ကျွန်မတို့ နိုင်ငံက သဘာဝက ဖန်တီးလာတဲ့ နိုင်ငံမို့လို့၊ သဘာဝကဖန်တီးလာတဲ့ ပြည်ထောင်စုပုံသဏ္ဍာန်မို့လို့၊ ဒီပုံစံ အောင်မြင်အောင်လို့ ဒီပုံသဏ္ဍာန်တည်မြဲအောင်လို့ ကျွန်မတို့ အများကြီးပဲ ကြိုးစားဖို့လိုပါလိမ့်မယ်။ ကြိုးစားချင်တဲ့စိတ်လည်း ရှိဖို့လိုပါတယ်။

**ယုံကြည်မှုခိုင်မာမှသာ တခြားသူတွေကို ယုံကြည်နိုင်မှာ**

ကျွန်မတို့ အခု ကျွန်မနားလည်သလောက်ကတော့ ဒီကချင်ပြည်နယ်နေ့ ကျင်းပဖို့တောင်မှ အခက်အခဲလေးတွေ ရှိခဲ့တယ်။ ဒီအခက်အခဲတွေကို တစ်ယောက်နဲ့တစ်ယောက် ညှိပြီးတော့ ကျော်လွှားရတယ်။ အခက်အခဲဆိုတာရှိမှာပဲ။ ပြဿနာတွေဆိုတာတော့ ရှိမှာပဲ။ ပြဿနာတွေဟာ ကြောက်စရာမဟုတ်ဘူး။ မှန်မှန်ကန်ကန် ဖြေရှင်းဖို့ဟာပဲ အရေးကြီးပါတယ်ဆိုတာ ကျွန်မထပ်တလဲလဲပြောပါတယ်။ ဘာဖြစ်လို့လဲဆိုတော့ ဒီလူ့ဘဝထဲမှာ နေသွားသရွေ့တော့ ပြဿနာတွေကို ရှောင်ရှားလို့မရပါဘူး။ ပြဿနာတွေကို မှန်မှန်ကန်ကန် ဖြေရှင်းနိုင်တဲ့ အရည်အချင်းတွေကိုသာ ကျွန်မတို့ကနေပြီးတော့ မွေးထုတ်ရမှာ ဖြစ်ပါတယ်။ ဒီပွဲတစ်ခုဖြစ်ဖို့ကို ညှိနှိုင်းရတယ်၊ တိုင်ပင်ရတယ်၊ တစ်ယောက်နဲ့တစ်ယောက် အလျှော့အတင်းတွေလုပ်ရတယ်၊ ဘာဖြစ်လို့ ဒီလိုအခက်အခဲတွေဖြစ်တာလဲဆိုတာ စဉ်းစားရတယ်၊ အခက်အခဲတွေဖြစ်ခြင်းဆိုတာ မာန်မာနတွေကြောင့်ဖြစ်တာ ဖြစ်တယ်၊ နားလည်မှု လွဲမှားမှုတွေကြောင့် ဖြစ်တာဖြစ်တယ်။ တစ်ယောက်နဲ့ တစ်ယောက် မယုံကြည်တာကြောင့်မို့လို့ ဖြစ်တာဖြစ်တယ်။ ဒီယုံကြည်မှုနဲ့ ပတ်သက်လို့ ငြိမ်းချမ်းရေးနဲ့ဆက်စပ်ပြီး ခဏခဏပြောပါတယ်။ ယုံကြည်မှု တည်ဆောက်ရေး၊ အဲ့ဒါနဲ့ပတ်သက်ပြီး ကျွန်မလည်း ထပ်တလဲလဲပြောပါတယ်။ ယုံကြည်မှုတည်ဆောက်ရေးမှာ ကိုယ့်ကိုယ်ကိုယ်ယုံကြည်မှုဟာ ပထမ အရေးကြီးပါတယ်။ ငါတို့တွေဟာ ငြိမ်းချမ်းရေးရယူနိုင်တဲ့ ပုဂ္ဂိုလ်တွေဆိုတာ ပထမဦးဆုံးယုံကြည်ဖို့လိုပါတယ်။ ကိုယ်ဟာ ငြိမ်းချမ်းရေးရယူနိုင်တဲ့ပုဂ္ဂိုလ်တွေ ဖြစ်တယ်။ ငြိမ်းချမ်းရေးကို တကယ် အထူးလိုချင်တဲ့ ပုဂ္ဂိုလ်ဖြစ်တယ်ဆိုတဲ့ ယုံကြည်မှုခိုင်မာမှသာလျှင် တခြားသူတွေကို ယုံကြည်နိုင်မှာပါ။ ကိုယ့်ကိုယ်ကိုယ်မယုံကြည်နိုင်ဘဲ တခြားသူကို ယုံကြည်နိုင်တဲ့အခြေအနေကို ရောက်လာမှာမဟုတ်ပါဘူး။ ဒါကြောင့် ကျွန်မတို့အားလုံးဟာ တို့တစ်တွေဟာ ငြိမ်းချမ်းရေးရယူနိုင်တဲ့ ပြည်ထောင်စုသားချင်းတွေဖြစ်တယ်ဆိုတဲ့ ယုံကြည်ချက်ကို ပထမမွေးစေချင်ပါတယ်။

*စာမျက်နှာ ၇ သို့*

**"တစ်ဦးနဲ့တစ်ဦး ယုံကြည်မှုယူဖို့ဆိုတာလည်း အရေးကြီးပါတယ်။ ငြိမ်းချမ်းရေးပေါ်မှာလည်း ယုံကြည်မှု ရှိရပါလိမ့်မယ်။ ငြိမ်းချမ်းရေးဟာ လိုအပ်တယ်ဆိုတာကိုလည်း ယုံကြည်ရမယ်။ ဖြစ်နိုင်တယ်ဆိုတာလည်း ယုံကြည်ရမယ်။ ဖြစ်နိုင်အောင်လုပ်ဖို့ ကျွန်မတို့ရဲ့ တာဝန်ဖြစ်ဆိုတာကိုလည်း လက်ခံရမယ်။ ဆန္ဒတစ်ခုရှိရုံနဲ့ အောင်မြင်မှုကမရသေးပါဘူး။ ဆန္ဒနောက်ကနေပြီးတော့ ကျွန်မတို့ကနေပြီးတော့ ဆန္ဒ၊ ဝီရိယ၊ ပညာ၊ စိတ်ဓာတ် ဒီဟာတွေကပါလာဖို့ လိုပါတယ်။ ဒါကြောင့် ကျွန်မတို့ရဲ့ လွတ်လပ်ရေးခေါင်းဆောင်များ စခဲ့တဲ့လုပ်ငန်းကို ပြီးမြောက်အောင်လုပ်ဖို့ဆိုတာ ကျွန်မတို့ရဲ့ မျိုးဆက်မှာတင် ကျွန်မတို့ပြီးစေချင်ပါတယ်။ နောင်မျိုးဆက်တွေအတွက် ကျွန်မတို့ထပ်ပြီးတော့ မထားခဲ့ချင်ပါဘူး "**

စာမျက်နှာ ၆ မှ

ဒီလိုယုံကြည်ချက်နဲ့ဆက်ပြီး တခြားကျွန်မတို့နဲ့ မတူတဲ့၊ ကွဲပြားနေတဲ့ တိုင်းရင်းသားညီအစ်ကိုမောင်နှမတွေအပေါ်မှာ ယုံကြည်မှု ကျွန်မတို့ ဆောက်တည်ရမှာ ဖြစ်ပါတယ်။ မတူကွဲပြားခြင်းဟာ အင်အားဆိုပြီးတော့ ခဏခဏပြောကြပါတယ်၊ တချို့က ဒါကိုလည်း မေးခွန်းထုတ်ပါတယ်။ ဒီတော့ မတူကွဲပြားခြင်းဟာ အင်အားဆိုတာကို ကျွန်မပြောတဲ့နေရာမှာ ရိုးရိုးလေး ဥပမာပြောရမယ်ဆိုရင်တော့ ကျွန်မတို့ ဘယ်ဘက်လက်နဲ့ ညာဘက်လက် လိုပေါ့၊ ညာဘက်လက်နဲ့ ဘယ်ဘက်လက်နဲ့က မတူပါဘူး။ မတူတဲ့လက်ကို ကျွန်မတို့က ဘယ်ဘက်လက်နဲ့ ညာဘက်လက်ကို နှစ်ဖက်စလုံးကိုသုံးပြီး တော့ ခိုင်ခိုင်မာမာကိုင်ထားချင်တဲ့အရာတွေကို ခိုင်ခိုင်မာမာ ကိုင်ထားနိုင် ပါတယ်။ နှစ်ဖက်စလုံးက အတူတူပဲဆိုရင် ဒီလောက် ခိုင်ခိုင်မာမာကိုင် နိုင်မှာမဟုတ်ပါဘူး။ ဒီတော့ မတူကွဲပြားမှုကို မှန်မှန်ကန်ကန်သုံးဖို့ဆိုတာ အဓိကပါ၊ မတူကွဲပြားမှုဟာ ပြဿနာမဟုတ်ပါဘူး။ မတူကွဲပြားမှုကို မမှန်မကန်သုံးခြင်းသာလျှင် ပြဿနာဖြစ်ပါတယ်၊ ဒါကြောင့် ကျွန်မတို့ဟာ မတူကွဲပြားမှုကို ကြောက်စရာမလိုပါဘူး။ မတူကွဲပြားမှုအပေါ်မှာ အခြေခံ ပြီးတော့ ကျွန်မတို့ နိုင်ငံတွေရဲ့ ပြဿနာတွေကို ကြီးထွားလာအောင်လို့ လုပ်စရာလည်း အကြောင်းမရှိပါဘူး။ အားလုံးက ဝိုင်းဝန်းပြီးတော့ မတူ ကွဲပြားမှုကို အင်အားဖြစ်အောင်လို့လုပ်ကြပါလို့ ကျွန်မအနေနဲ့ ဒီလိုအချိန် အခါမျိုးမှာ မေတ္တာရပ်ခံချင်ပါတယ်။

### မနောပွဲကြီး ၅ မျိုးရှိ

ကျွန်မနားလည်သလောက်ကတော့ အဓိက က မနောပွဲကြီးတွေ၊ အရေး ကြီးဆုံး မနောပွဲကြီးတွေဆိုတာဟာ ၅ မျိုးရှိတယ်လို့ ကျွန်မနားလည် ပါတယ်။ ဒီ ၅ မျိုးနဲ့ ပတ်သက်လို့ ကျွန်မ အသံထွက်မှားခဲ့လို့ရှိရင်လည်း ခွင့်လွှတ်ပါ။ ပဒန်မနော၊ ဆွတ်မနော၊ ဂျူမနော၊ ကွမ်ရမ်မနော၊ ရှဒစ်ဖော့ မနောရယ်လို့ ငါးမျိုးရှိတယ်လို့ ကျွန်မနားလည်ပါတယ်။ ပထမဦးဆုံး ပဒန်မနောဆိုတာကတော့ စစ်အောင်နိုင်ရေးကို အောင်ပွဲခံတဲ့ မနောလို့ ကျွန်မ နားလည်ပါတယ်။ အဲတော့ ကျွန်မက ဒီလိုအစဉ်အလာအရ မနော ပွဲကြီး ၅ ပွဲကို အခုခေတ်ရဲ့ လိုအပ်ချက်နဲ့ ရှုမြင်စေချင်ပါတယ်။ စစ်အောင် နိုင်ရေး၊ စစ်အောင်နိုင်ရေးထက် ကျွန်မတို့ဟာ ပြည်တွင်းစစ်အောင်နိုင်ရေး ကို ကျွန်မတို့ ပွဲကြီးတစ်ခုနဲ့ကျင်းပပြီးတော့ လုပ်နိုင်မယ်ဆိုရင် ဘယ်လောက် ကောင်းမလဲ၊ စစ်ပွဲတစ်ခုအောင်နိုင်ရေးမဟုတ်ဘူး၊ ဒီပြည်တွင်း စစ်အောင် နိုင်ရေး၊ နောင်ပြည်တွင်းစစ်တွေမဖြစ်အောင်လို့ အဲဒီလိုအောင်နိုင်ရေး မနောပွဲကြီး တစ်ခုကျင်းပနိုင်တဲ့အခြေအနေကို ရောက်အောင်လို့ အားလုံး ကြိုးစားစေချင်ပါတယ်။ ဒီလို စစ်ပွဲတွေဖြစ်ခြင်းကို အောင်နိုင်ပြီဆိုမှ ကျွန်မ တို့နိုင်ငံဟာလည်း တကယ်တိုးတက်နိုင်မှာ၊ ကျွန်မတို့ ပြည်သူတွေကလည်း ဖွံ့ဖြိုးနိုင်မှာဖြစ်ပါတယ်။ ဆွတ်မနောကတော့ ကျွန်မနားလည်သလောက် ကတော့ မိတ်ဆွေသင်္ဂဟအသစ်တွေဖွဲ့ခြင်းနဲ့ ဆက်စပ်နေပါတယ်။ ဒီတော့ ကျွန်မတို့ဟာ မိတ်ဆွေသင်္ဂဟအသစ်တွေ ဖွဲ့တာထက် အရေးကြီးတာဟာ ကိုယ်ဟာရန်ဘက်ကဲ့သို့ ရှုမြင်ခဲ့တဲ့ ကိုယ့်ရဲတိုင်းရင်းသား ညီအစ်ကိုမောင်နှမ တွေကို တကယ့်မိတ်ဆွေတွေဆိုပြီးတော့ ကြိုဆိုလက်ခံနိုင်တဲ့ အခြေအနေ ကို ရောက်ပြီးတော့ အဲဒီအခြေအနေကို အောင်ပွဲခံနိုင်တဲ့ မနောမျိုး ကျွန်မတို့ မလုပ်နိုင်ဘူးလား၊ မိတ်ဆွေသစ်မဟုတ်ဘူး၊ အရင်တုန်းကတည်းက ကျွန်မ တို့ ညီအစ်ကိုမောင်နှမတွေ၊ ရန်ဘက်လိုဖြစ်နေတဲ့ ညီအစ်ကိုမောင်နှမတွေ ကို ပြန်ပြီးတော့ မိတ်ဆွေအနေနဲ့ လက်တွဲနိုင်တဲ့ အခြေအနေကို ရောက် အောင်လို့ ကျွန်မတို့ ကြိုးစားဖို့ဟာ အင်မတန်မှအရေးကြီးပါတယ်။ ဂျူမနော ကတော့ ကျွန်မနားလည်သလောက်ကတော့ ကျွန်မတို့ရဲ့ လူကြီးများ၊ အဘိုးအဘွားများ မနာမကျန်းဖြစ်တဲ့အခါ၊ ဒါမှမဟုတ် ကွယ်လွန်တဲ့အခါမှာ ဆိုရင် ကျင်းပတဲ့ မနောပွဲပေါ့၊ ကျွန်မ နားလည်သလောက်ကတော့ ဒီဟာဟာ ကျွန်မတို့ရဲ့ ဘိုးဘွားများ၊ လူကြီးများရဲ့ စိတ်သက်သာရာရဖို့အတွက်၊ မကျန်းမမာတဲ့အခါ စိတ်သက်သာရာရဖို့အတွက် ကွယ်လွန်အနိစ္စရောက် သွားတဲ့အခါကျလို့ရှိရင် ဘဝကူးကောင်းဖို့အတွက် နောက်ဆုံးတော့ စိတ်သက်သာရာရောက်ဖို့အတွက် ကျွန်မတို့ ဘိုးဘွား၊ မိဘများအတွက် လုပ်တဲ့မနောပွဲလို့ပဲ ကျွန်မမှတ်ယူပါတယ်။ ကျွန်မတို့ရဲ့ ဘိုးဘွားမိဘများ၊ ကျွန်မတို့ရဲ့ လူကြီးများ တကယ်စိတ်သက်သာစေချင်တယ်၊ တကယ်ပဲ ဘဝကူးကောင်းစေချင်တယ်ဆိုလို့ရှိရင် ကျွန်မတို့နိုင်ငံမှာ ငြိမ်းချမ်းရေး ရှိတယ်၊ ငြိမ်းချမ်းရေးရသွားပြီ၊ ကျွန်မတို့နိုင်ငံဟာ တကယ်ကို တိုးတက် ခိုင်မာပြီးတော့ ဖွံ့ဖြိုးတဲ့ပြည်ထောင်စုကြီး ဖြစ်သွားပြီဆိုတဲ့အသိနဲ့သာ ကျွန်မတို့ရဲ့ လူကြီးများ၊ ဘိုးဘွားများ၊ မိဘများက ဘဝကူးနိုင်မယ်ဆိုလို့ ရှိရင် မကောင်းဘူးလား၊ ဒီဟာက ကျွန်မတို့ အကောင်းဆုံးပေးနိုင်တဲ့ လက်ဆောင်တစ်ခုပဲလို့ ကျွန်မမြင်ပါတယ်။ ဒါကြောင့် ကျွန်မတို့ နောင်လာ နောက်သားတွေအတွက် လုံလုံခြုံခြုံနဲ့ ငါတို့ စိတ်ချလက်ချနဲ့ နေနိုင်ပြီ ဆိုတဲ့အသိကို ကျွန်မတို့ရဲ့လူကြီးတွေကို ပေးနိုင်မယ့် မနောမျိုးကို ကျင်းပ နိုင်ချင်ပါတယ်။ နောက် ကွမ်ရမ်မနော၊ အဲဒါကတော့ နယ်သစ်ထူထောင် ခြင်းအတွက်လို့ ကျွန်မတို့ နားလည်ပါတယ်၊ အဲဒီတော့ နယ်သစ်ဆိုတာဟာ ပြည်ထောင်စုသစ်ကြီးကို ထူထောင်ကြစို့၊ တကယ်ကို ခိုင်မာပြီးတော့၊ အေးချမ်းပြီးတော့ ဖွံ့ဖြိုးမယ့် ပြည်ထောင်စုနယ်သစ်ကြီးကို ကျွန်မတို့ မထူထောင်နိုင်ဘူးလား၊ အားလုံးဝိုင်းဝန်းပြီးတော့ ကြိုးစားမယ်ဆိုလို့ရှိရင် ဒီလိုပြည်ထောင်စုကြီးကို ထူထောင်လို့ရပါတယ်။ အဲဒီလိုလုပ်ခြင်းအားဖြင့် လည်း ကျွန်မတို့ဟာ အောင်ပွဲခံနိုင်ပါတယ်။ တကယ့်ပြည်ထောင်စုနယ်သစ် ကြီးကို ခိုင်ခိုင်မာမာ ချမှတ်ပြီးတော့ ထူထောင်နိုင်ပြီဆိုတဲ့ အောင်ပွဲကို

- ကိုယ့်ရဲ့ပြည်နယ်ကို တန်ဖိုးထားတယ်၊ ကျွန်မတို့ရဲ့နိုင်ငံကို မြတ်နိုးတယ်၊ တန်ဖိုးထားတယ်ဆိုရင်၊ ကျွန်မတို့ရဲ့ပြည်ထောင်စု ကိုမြတ်နိုးတယ်၊ တန်ဖိုးထားတယ်ဆိုလို့ရှိရင် ကျွန်မတို့ နေ့တိုင်းနေ့တိုင်းဟာ ကျွန်မတို့ ပြည်ထောင်စုအတွက် အောင်ပွဲခံနိုင်တဲ့နေ့ဖြစ်ဖို့အတွက် တစ်ဦးချင်းတစ်ဦးချင်းက နေပြီးတော့ ကြိုးစားပေးစေချင်ပါတယ်
- ငြိမ်းချမ်းရေးဖြစ်စဉ်မှာဆိုလို့ရှိရင်လည်း အားလုံးကို ပါဝင်စေ ချင်တယ်၊ ကျွန်မတို့ငြိမ်းချမ်းရေး တည်ဆောက်ဖို့အတွက် လိုအပ် တဲ့ အစုအဖွဲ့များ အင်အားစုများအားလုံးဟာ လက်တွဲညီညီနဲ့ ရှေ့ကိုသွားဖို့ဟာ အင်မတန်မှ အရေးကြီး

ခံလို့ရပါတယ်။ နောက်ဆုံးအရေးကြီးတဲ့ မနောပွဲကြီး(၅)ခုထဲမှာဆိုရင် ရှဒစ်ဖော့ကတော့ နယ်မြေသစ်မှာ ရန်အပေါင်းကင်းဝေးအောင်လို့ လုပ်တာ လို့ ကျွန်မနားလည်ပါတယ်။ ဒါကတော့ လွယ်လွယ်လေးပါ၊ ကျွန်မတို့ရဲ့ ပြည်ထောင်စုသစ်ကြီးမှာ ရန်အပေါင်းကင်းဝေးအောင်လို့၊ မကောင်းဆိုးဝါး တွေ ကင်းဝေးအောင်လို့၊ ပပျောက်အောင်လို့ ကျွန်မတို့ အခုကတည်းကနေ စပြီးတော့ လုပ်နိုင်မယ်ဆိုလို့ရှိရင် ရိုးရာအစဉ်အလာအရ ကျင်းပခဲ့တဲ့ မနောပွဲကြီးများဟာ အခုခေတ်ရဲ့ လိုအပ်ချက်၊ ကျွန်မတို့ရဲ့ခေတ်၊ ကျွန်မတို့ နောင်လာနောက်သားများရဲ့ခေတ်မှာ လိုအပ်ချက်တွေနဲ့ ကိုက်ညီအောင်လို့ ကျွန်မတို့ လုပ်နိုင်လိမ့်မယ်လို့ ကျွန်မကတော့ ယုံကြည်မျှော်လင့်ပါတယ်။

ကျွန်မတို့ရဲ့ နိုင်ငံဟာ၊ ကျွန်မတို့ လူသားများရဲ့သမိုင်းဟာ အတိတ်ရယ်၊ ပစ္စုပ္ပန်ရယ်၊ အနာဂတ်ရယ် အမြဲပဲ ဆက်စပ်နေပါတယ်။ ကျွန်မတို့ဟာ အတိတ်ရဲ့အကျဉ်းသားတွေ မဖြစ်သင့်ပါဘူး။ အတိတ်တုန်းက ဖြစ်ခဲ့တဲ့ ကိစ္စတွေဟာ ကောင်းတာတွေကို ဆက်ပြီးတော့ ထိန်းသိမ်းရမယ်၊ ဆိုးတဲ့ အရာတွေကနေပြီးတော့ လွတ်မြောက်အောင်လို့ ရုန်းထွက်နိုင်ရမယ်၊ ပစ္စုပ္ပန် ဆိုတာ ကျွန်မတို့လက်ထဲမှာရှိတာ၊ ဒါတစ်ခုပဲရှိပါတယ်၊ အတိတ်ကလည်း ကျွန်မတို့ လက်ထဲမှာမရှိပါဘူး။ အနာဂတ်ဆိုတာလည်းမရှိသေးပါဘူး။ အခု ပစ္စုပ္ပန်မှာ ကျွန်မတို့လက်ထဲမှာရှိတဲ့ အခွင့်အရေးတွေကို ကောင်းသော အနာဂတ်ထူထောင်ဖို့အတွက် ဝိုင်းဝန်းပြီးတော့ ကြိုးစားပေးစေချင်ပါတယ်။

### ခိုင်မာတဲ့ အခြေခံပြည်ထောင်စုကြီးတစ်ခု ထူထောင်နိုင်အောင်

ဒီလိုကချင်ပြည်နယ်နေ့လို နေ့မှာဆိုလို့ရှိရင် အရင်တုန်းက သမိုင်းဖြစ်စဉ် တွေကိုလည်း ကျွန်မတို့ပြန်ပြီး စဉ်းစားပါတယ်။ ကချင်ပြည်နယ်နေ့ဟာ ဘယ်လိုပေါ်ပေါက်လာသလဲ၊ ဒီကချင်ပြည်နယ်နေ့ဟာ အခုအချိန်အခါမှာ ဘယ်လိုအနေအထားရှိသလဲ၊ ကချင်ပြည်နယ်နေ့ကို အကြောင်းပြုပြီးတော့ ကျွန်မတို့အနာဂတ်အတွက် ပိုမိုပြီးတော့ မျှော်လင့်ချက်တွေ ရောင်ခြည် တွေသန်းလာအောင်လို့ ပိုပြီးတော့ ကျွန်မတို့အတွက် ခိုင်မာတဲ့အခြေခံ ပြည်ထောင်စုကြီးတစ်ခု ထူထောင်နိုင်အောင်လို့ ဘယ်လိုလုပ်နိုင်မလဲဆိုတာကို စဉ်းစားစေချင်ပါတယ်။ လူတိုင်းလူတိုင်းမှာ သေချာတာကတော့ အခုအချိန်ပဲ သေချာပါတယ်၊ အခုအချိန်ထိ သေချာတဲ့အချိန်မှာ အကောင်းဆုံးဖြစ်အောင် လို့ လုပ်ပေးပါလို့ ကျွန်မက မေတ္တာရပ်ခံချင်ပါတယ်။

ဒီလိုသာ ကျွန်မတို့လုပ်နိုင်မယ်ဆိုလို့ရှိရင် ကချင်ပြည်နယ်နေ့သာမက နေ့တိုင်းနေ့တိုင်းဟာ ကျွန်မတို့အတွက် အောင်ပွဲခံနိုင်တဲ့ နေ့တစ်ခုဖြစ်မှာပါ။ အောင်ပွဲဆိုတာဟာ ပွဲလမ်းကြီးကျင်းပပြီးမှ ခံနိုင်တဲ့ကိစ္စမဟုတ်ပါဘူး။ နိစ္စဓူဝ အောင်ပွဲခံနိုင်ပါတယ်၊ နိစ္စဓူဝ မှန်မှန်ကန်ကန်နဲ့ လုပ်သင့်လုပ်ထိုက်တာကို လုပ်ဖြစ်တဲ့နေ့တိုင်းဟာ အောင်ပွဲခံနိုင်တဲ့နေ့ပါ။ ကျွန်မတို့ရဲ့ တာဝန်တွေ ကျေပွန်နိုင်ဖို့အတွက် ခြေတစ်လှမ်းလှမ်းနိုင်တဲ့ နေ့တိုင်းဟာ ကျွန်မတို့ အတွက် အောင်ပွဲခံနိုင်တဲ့နေ့ပါ။ ကျွန်မတို့ နောင်လာနောက်သားတွေ အတွက် ကောင်းတဲ့အစဉ်အလာတွေ၊ ကောင်းတဲ့ကိစ္စတွေအတွက် ကျွန်မတို့ ခြေတစ်လှမ်းလှမ်းနိုင်တဲ့နေ့ဆိုတာ ကျွန်မတို့အတွက် အောင်ပွဲခံနိုင်တဲ့နေ့ ပါ။ ဒါကြောင့်မလို့ တစ်နေ့တောင် မဟုတ်ဘူး၊ တစ်စက္ကန့်ချင်း၊ တစ်မိနစ် ချင်း၊ တစ်နာရီအတွင်းတောင်မှ ကျွန်မတို့ဟာ အောင်ပွဲခံနိုင်ပါတယ်၊ ဒီတော့ တကယ်ပဲ ကိုယ့်ရဲ့ပြည်နယ်ကို မြတ်နိုးတယ်၊ ကျွန်မတို့ ကိုယ့်ရဲ့ပြည်နယ်ကို တန်ဖိုးထားတယ်၊ ကျွန်မတို့ရဲ့နိုင်ငံကို မြတ်နိုးတယ်၊ တန်ဖိုးထားတယ် ဆိုရင်၊ ကျွန်မတို့ရဲ့ပြည်ထောင်စုကိုမြတ်နိုးတယ်၊ တန်ဖိုးထားတယ်ဆိုလို့ ရှိရင် ကျွန်မတို့ နေ့တိုင်းနေ့တိုင်းဟာ ကျွန်မတို့ပြည်ထောင်စုအတွက် အောင်ပွဲခံနိုင်တဲ့နေ့ဖြစ်ဖို့အတွက် တစ်ဦးချင်း တစ်ဦးချင်းကနေပြီးတော့ ကြိုးစားပေးစေချင်ပါတယ်။

ကျွန်မတို့အစိုးရအနေနဲ့လည်း တတ်နိုင်သမျှ တာဝန်ယူကျေပွန်အောင် လို့ ထမ်းဆောင်ပါတယ်၊ ကျွန်မတို့ရဲ့ လုပ်ရပ်တွေနဲ့ ပတ်သက်လို့ ကျေနပ် သလားလို့ ဆိုတာကတော့ မကျေနပ်ပါဘူး။ ဘယ်တော့မှ မကျေနပ်နိုင်ဘူး။ နိုင်ငံ့အတွက်လုပ်စရာတွေက အများကြီးပဲ၊ ကျေနပ်ပြီ၊ ပြီးပြီ၊ လုံလောက်ပြီ ဆိုတာ ဘယ်တော့မှမရှိပါဘူး။ ကျေနပ်ပြီဆိုတဲ့အဓိပ္ပာယ်က ကိုယ်စိတ် အေးချမ်းဖို့အတွက်တော့ ကောင်းပါတယ်၊ ဒါပေမယ့် ဝီရိယနည်းသွားမယ် ဆိုရင် မကောင်းပါဘူး၊ ဒါကြောင့်မလို့ ကျွန်မတို့က တစ်နေ့ပြီး ဆိုချင်ရင် နောက်တစ်နေ့အတွက် ကြိုးစားပါ။ ဒီနေ့အတွက်တော့ ကျေနပ်နိုင်မယ်၊ နောက်တစ်နေ့အတွက် ကျေနပ်မှုရဖို့ ဆက်ကြိုးစားရပါဦးမယ်။ ဒီအတိုင်း ပါပဲ။

ကျွန်မတို့ရဲ့ ငြိမ်းချမ်းရေးဖြစ်စဉ်မှာဆိုလို့ရှိရင်လည်း အားလုံးကို ပါဝင် စေချင်တယ်၊ ကျွန်မတို့ငြိမ်းချမ်းရေး တည်ဆောက်ဖို့အတွက် လိုအပ်တဲ့ အစုအဖွဲ့များ အင်အားစုများအားလုံးဟာ လက်တွဲညီညီနဲ့ ရှေ့ကိုသွားဖို့ဟာ အင်မတန်မှ အရေးကြီးပါတယ်။ လက်တွဲတယ်ဆိုတာဟာ ရိုးရိုးသားသားလေး စဉ်းစားလိုက်ရင် လက်တွဲတယ်လို့ ဆိုပါတယ်။ ဒါပေမယ့် တစ်ယောက်နဲ့ တစ်ယောက် လက်တွဲတယ်ဆိုတာ တစ်နည်းအားဖြင့် ကတိကဝတ်ပါ။ လက်တွဲလိုက်ပြီဆိုတဲ့ အဓိပ္ပာယ်ဟာ ဒို့အတူတူ ဆက်ပြီးသွားမယ်၊ အတူတူ ရင်ဆိုင်မယ်၊ အတူတူအကောင်းအဆိုးကို ဘာပဲဖြစ်ဖြစ် မျှဝေမယ်ဆိုတဲ့ အဓိပ္ပာယ်ရှိပါတယ်။ လက်တွဲတယ်ဆိုတာ ပြောရတာသာ လွယ်ပါတယ်။ တကယ်တော့ ဒီလက်တွဲတဲ့ ကတိအတိုင်းနေသွားဖို့ ဆိုတာကတော့ အစဉ်အမြဲဆက်ပြီးတော့ ကြိုးစားသွားရမှာပဲ၊ (၇၂) နှစ်ကြာ ကာလတုန်းက ကျွန်မတို့ရဲ့တိုင်းရင်းသားများဟာ ဒို့အတူလက်တွဲပြီးတော့ ရှေ့ဆက်သွား မယ်ဆိုတဲ့ ကတိကဝတ် တစ်ယောက်နဲ့တစ်ယောက်ကို ပေးလိုက်တဲ့ သဘောပါပဲ၊ အဲဒါလွတ်လပ်ရေးပါပဲ။ ဒီကတိကဝတ်ပေါ်မှာ အခြေခံပြီးတော့ ကျွန်မတို့လွတ်လပ်ရေးရခဲ့တယ်။ လွတ်လပ်တဲ့ နိုင်ငံတစ်ခုကို ထူထောင် နိုင်ခဲ့တယ်။ ပြည်ထောင်စုမြန်မာနိုင်ငံဆိုပြီးတော့ ကျွန်မတို့က ဂုဏ်ယူ ဝံ့ကြွားစွာ ထူထောင်နိုင်ခဲ့တယ်။ ပြည်ထောင်စုမြန်မာနိုင်ငံဟာ တကယ့် ပြည်ထောင်စုကြီး ဖြစ်ပြီလားဆိုတာ ကျွန်မတို့ဟာအားလုံး တစ်ဦးချင်း တစ်ဦးချင်း စဉ်းစားဖို့ လိုပါတယ်။ အဲဒီတော့ ကချင်ပြည်နယ်နေ့မှာ ပင်လုံအစ ကချင်က ဆိုတဲ့ စိတ်ဓာတ်၊ လွတ်လပ်ရေးနဲ့အတူ ဖွားမြင်လာတဲ့ ကချင် ပြည်နယ်နေ့ဆိုတဲ့စိတ်ဓာတ်နဲ့ ကျွန်မတို့အားလုံး တစ်ယောက်ချင်း တစ်ယောက်ချင်း ကိုယ်ရဲ့အနေအထား၊ ကိုယ်ရဲ့မျှော်လင့်ချက်၊ ကိုယ်ရဲ့ လုပ်ဆောင်ချက်တွေကို ပြန်ပြီးတော့ သုံးသပ်ကြပါစို့လို့ ကျွန်မအနေနဲ့ တိုက်တွန်းချင်ပါတယ်။

### အေးအတူပူအမျှ အားလုံးကိုရင်ဆိုင်

ဒီလိုကျွန်မတို့ တစ်ဦးချင်းတစ်ဦးချင်းဟာ သုံးသပ်ပြီးတော့ ကိုယ်လုပ် နိုင်တာကို လုပ်မယ်ဆိုပြီးတော့ သန္နိဋ္ဌာန်ချစေချင်ပါတယ်၊ ကျွန်မတို့စပြီး တော့ လက်တွဲတုန်းက တစ်ဦးပေါ်တစ်ဦး စကားနဲ့မဟုတ်ပေမယ့်လည်း လုပ်ရပ်နဲ့ပေးခဲ့တဲ့ ကတိတို့တွေ ဆက်ပြီးတော့သွားကြမယ်၊ အေးအတူ ပူအမျှ အားလုံးကိုရင်ဆိုင်သွားကြမယ်ဆိုတဲ့ ကတိကို ပြန်လည်ပြီးတော့ သတိရကြပါ။ ဒီကတိအတိုင်း ဆက်ပြီးတော့သွားကြပါလို့ ကျွန်မအနေနဲ့ မေတ္တာရပ်ခံချင်ပါတယ်။

နိဂုံးချုပ်အနေနဲ့တော့ ကျွန်မတို့ အခုဒီနေရာမှာ ရောက်နေတဲ့ ကျွန်မ တို့ရဲ့ ပြည်ထောင်စုဖွား ညီအစ်ကိုမောင်နှမတွေသာမက တစ်ကမ္ဘာလုံးမှာ ရှိတဲ့ ကျွန်မတို့ရဲ့ ပြည်ထောင်စုသားချင်းများ ကျန်းမာကြပါစေ၊ ချမ်းသာ ကြပါစေ၊ ကောင်းကျိုးလိုရာဆန္ဒ အဝဝနဲ့ ပြည့်စုံကြပါစေ၊ ၂၀၂၀ တွင်သာမက နောင်လာမယ့် နှစ်တွေနှစ်တွေမှာ အားလုံးနှလုံး စိတ်ဝမ်းအေးချမ်းကြပါ စေလို့ ကျွန်မအနေနဲ့ ဆုတောင်းမေတ္တာပို့ပါတယ်။။

ကျေးဇူးတင်ပါတယ်။

# ဂျပန် - မြန်မာ အောင်ဆန်းသက်မွေးပညာသင်တန်းကျောင်းဖွင့်ပွဲနှင့် ပန္နက်တင်မင်္ဂလာအခမ်းအနားကျင်းပ




ပြည်ထောင်စုဝန်ကြီး ဒေါက်တာမျိုးသိမ်းကြီး ဂျပန်-မြန်မာ အောင်ဆန်းသက်မွေးပညာသင်တန်းကျောင်း (JMASVTI) ၏ ဖွင့်ပွဲအခမ်းအနားနှင့် ပန္နက်တင်မင်္ဂလာအခမ်းအနားတွင် အမှာစကား ပြောကြားစဉ်။ သတင်းစဉ်

**ရန်ကုန် ဇန်နဝါရီ ၁၀**

ဂျပန်-မြန်မာ အောင်ဆန်းသက်မွေးပညာသင်တန်းကျောင်း (JMASVTI) ၏ ဖွင့်ပွဲအခမ်းအနားနှင့် ပန္နက်တင်မင်္ဂလာအခမ်းအနားကို ယနေ့နံနက် ၉ နာရီခွဲတွင် ရန်ကုန်တိုင်းဒေသကြီး အင်းစိန်မြို့နယ် စဥ့်ငူရပ်ကွက်ရှိ ဂျပန် - မြန်မာ အောင်ဆန်းသက်မွေးပညာသင်တန်းကျောင်း (JMASVTI) ဆောက်လုပ်မည့် မြေကွက်လပ်ရှိ ယာယီမဏ္ဍပ်တွင် ကျင်းပသည်။

အဆိုပါ အခမ်းအနားသို့ အမျိုးသားလွှတ်တော် ဒုတိယဥက္ကဋ္ဌ ဦးအေးသာအောင်၊ ပညာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာမျိုးသိမ်းကြီး၊ ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးဖြိုးမင်းသိန်း၊ ရန်ကုန်တိုင်းဒေသကြီး လွှတ်တော်ဥက္ကဋ္ဌ ဦးတင်မောင်ထွန်း၊ ဒုတိယဥက္ကဋ္ဌ ဦးလင်းနိုင်မြင့်၊ ဒုတိယဝန်ကြီး ဦးဝင်းမော်ထွန်း၊ ရန်ကုန်တိုင်းဒေသကြီးဝန်ကြီးများ၊ ပြည်သူ့လွှတ်တော်နှင့် အမျိုးသားလွှတ်တော်တို့မှ ကိုယ်စားလှယ်များ၊ ရန်ကုန်တိုင်းဒေသကြီးမှ လွှတ်တော်ကိုယ်စားလှယ်များ၊ ဂျပန်နိုင်ငံ၏ လွှတ်တော်ကိုယ်စားလှယ်များ ဖြစ်ကြသော Mr. Kozo Yamamoto နှင့် Mr. Satoshi Fujimaru၊ မြန်မာနိုင်ငံဆိုင်ရာ ဂျပန်နိုင်ငံသံအမတ်ကြီး မစ္စတာ အိချိရို မာရူယားမား ဂျပန်အပြည်ပြည်ဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေးအေဂျင်စီမှ Chief Representative၊ Mr. Masayuki Karasawa၊ မြန်မာ - ဂျပန် လွှတ်တော်အချင်းချင်း ချစ်ကြည်ရင်းနှီးရေးအသင်းဥက္កဋ္ဌ ဦးကျော်ထွေး၊ ပညာရေးဝန်ကြီးဌာနမှ ညွှန်ကြားရေးမှူးချုပ်များ၊ ပါမောက္ခချုပ်များနှင့် တာဝန်ရှိသူများ၊ မြန်မာနိုင်ငံ ကုန်သည်များနှင့် စက်မှုလက်မှု လုပ်ငန်းရှင်များအသင်းချုပ်၊ မြန်မာနိုင်ငံအင်ဂျင်နီယာကောင်စီ၊ မြန်မာ့မော်တော်ယာဉ်ဖွံ့ဖြိုးမှု၊ အများနှင့်သက်ဆိုင်သော ကုမ္ပဏီလီမိတက်တို့မှ ကိုယ်စားလှယ်များ၊ သက်မွေးပညာသင်ကျောင်းများမှ ကျောင်းအုပ်ကြီးများ၊ ဆရာ၊ ဆရာမများနှင့် ကျောင်းသား၊ ကျောင်းသူများ တက်ရောက်ကြသည်။

ရှေးဦးစွာ ပညာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာမျိုးသိမ်းကြီးက ဂျပန်-မြန်မာ အောင်ဆန်းသက်မွေးပညာသင်တန်းကျောင်း၏ စီမံကိန်းသည် ဂျပန်နိုင်ငံအစိုးရ၏ အကူအညီအထောက်အပံ့ဖြင့် ယခင်စက်မှုလက်မှုအထက်တန်းကျောင်း(အောင်ဆန်း)တွင် ဆောက်လုပ်ပြီး လိုအပ်သည့် သင်ထောက်ကူပစ္စည်းများ ဖြည့်ဆည်းဆောင်ရွက်ပေးသွားမည်ဖြစ်ပါကြောင်း၊ ဤကျောင်းတွင် မော်တော်ယာဉ်ပြုပြင်ထိန်းသိမ်းမှုနည်းပညာရပ်နှင့် စက်မှုလုပ်ငန်းဆိုင်ရာ လျှပ်စစ်နည်းပညာရပ်နှစ်ခုကို ဂျပန်နိုင်ငံ၏ အတွေ့အကြုံ၊ နည်းပညာနှင့် မြန်မာနိုင်ငံအတွက် လိုအပ်လျက်ရှိသော လုပ်သားဈေးကွက်နှင့်ကိုက်ညီသည့် လူ့စွမ်းအားအရင်းအမြစ်များ မွေးထုတ်ပေးနိုင်ရန် ဖွင့်လှစ်သင်ကြားပေးသွားမည်ဖြစ်ပါကြောင်း၊ မြန်မာလူငယ်လူရွယ်များအနေဖြင့် အလုပ်အကိုင်အခွင့်အလမ်းများ ပိုမိုရရှိလာနိုင်မည်ဖြစ်ပါကြောင်း၊ ၂၀၁၉ ခုနှစ် ဒီဇင်ဘာ ၂ ရက်မှစတင်၍ မော်တော်ယာဉ်ပြုပြင်ထိန်းသိမ်းမှု နည်းပညာရပ်နှင့် စက်မှုလုပ်ငန်းဆိုင်ရာ လျှပ်စစ်နည်းပညာရပ်နှစ်ခုတို့ကို AGTI ဒီပလိုမာအဆင့် သုံးနှစ်သင်တန်း ဖွင့်လှစ်သင်ကြားပို့ချပေးနေပြီ ဖြစ်ပါကြောင်း။

**ပညာရေးကဏ္ဍ ပြုပြင်ပြောင်းလဲ**

ပညာရေးဝန်ကြီးဌာနအနေဖြင့် အမျိုးသားပညာရေး မဟာဗျူဟာစီမံကိန်း (၂၀၁၆-၂၀၂၁)ကို ချမှတ်အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိရာ နည်းပညာနှင့် သက်မွေးပညာရေးကဏ္ဍ ပြုပြင်ပြောင်းလဲမှုကို အလေးထားဆောင်ရွက်လျက် ရှိပါကြောင်း၊ နည်းပညာနှင့်သက်မွေးပညာရေးကို စိတ်ပါဝင်စားလေ့လာသင်ယူခွင့်ရရှိရေး၊ အရည်အသွေးအာမခံမှုရှိရေးနှင့် ပိုမိုကောင်းမွန်သော နည်းပညာနှင့် သက်မွေးပညာရေး ဖြစ်ပေါ်လာစေရန် မဟာဗျူဟာများချမှတ်၍ အကောင်အထည်ဖော်ဆောင်ရွက်လျက် ရှိပါကြောင်း၊ လုပ်ငန်းခွင်လိုအပ်ချက်နှင့် ကိုက်ညီစေသည့်နည်းပညာနှင့် သက်မွေးပညာရေးအစီအစဉ်များအနက် ယနေ့ဖွင့်လှစ်သည့် ဂျပန်-မြန်မာ အောင်ဆန်းသက်မွေးပညာ သင်တန်းကျောင်းစီမံကိန်းသည် မဟာဗျူဟာမြောက် အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိသော ပညာရေးဆိုင်ရာ စီမံကိန်းများအနက် လွန်စွာတန်ဖိုးရှိသော စီမံကိန်းတစ်ခုဖြစ်ပါကြောင်း၊ အစဉ်ပြောင်းလဲတိုးတက်နေသော ဈေးကွက်လိုအပ်ချက်ကို စောင့်ကြည့်လေ့လာသုံးသပ်ပြီး အရည်အချင်းရှိသော ကျွမ်းကျင်အတတ်ပညာရှင်များ လေ့ကျင့်သင်ကြား ပြုစုမွေးထုတ်ပေးနိုင်စေရေးအတွက် အထူးအလေးအနက်ထား၍ ဆောင်ရွက်ရန် လိုအပ်ပါကြောင်း တိုက်တွန်းပြောကြားသည်။

ယင်းနောက် ဂျပန်လွှတ်တော်ကိုယ်စားလှယ် Mr. Kozo Yamamoto က အမှာစကားပြောကြား၍ Japan International Cooperation Agency(JICA) ၏ Chief Representative ဖြစ်သူ Mr. Masayuki Karasawa က JMASVTI တည်ထောင်ဖွင့်လှစ်ခြင်းနှင့်စပ်လျဉ်း၍ ရှင်းလင်းပြောကြားသည်။

**ပန္နက်တင်**

ထို့နောက် အမျိုးသားလွှတ်တော် ဒုတိယဥက္ကဋ္ဌ ဦးအေးသာအောင်၊ ပညာရေးဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီး ဒေါက်တာမျိုးသိမ်းကြီး၊ ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးဖြိုးမင်းသိန်း၊ ရန်ကုန်တိုင်းဒေသကြီးလွှတ်တော်ဥက္ကဋ္ဌ ဦးတင်မောင်ထွန်း၊ ဂျပန်လွှတ်တော်ကိုယ်စားလှယ်များဖြစ်သော Mr. Kozo Yamamoto နှင့် Mr. Satoshi Fujimaru၊ မြန်မာနိုင်ငံဆိုင်ရာ ဂျပန်နိုင်ငံ သံအမတ်ကြီး မစ္စတာ အိချိရို မာရူယားမားတို့က သတ်မှတ်နေရာအသီးသီးတွင် နေရာယူ၍ ပန္နက်တင်မင်္ဂလာအစီအစဉ်အား ဆောင်ရွက်ကြသည်။

ယင်းနောက် ဂျပန်-မြန်မာ အောင်ဆန်းသက်မွေးပညာသင်တန်းကျောင်း(JMASVTI) ဖွင့်ပွဲအခမ်းအနားအား ပညာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးဝင်းမော်ထွန်း၊ မြန်မာ-ဂျပန်လွှတ်တော်အချင်းချင်း ချစ်ကြည်ရင်းနှီးရေးအသင်း၏ဥက္ကဋ္ဌ ဦးကျော်ထွေး၊ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးမောင်မောင်ဦး၊ ရန်ကုန်တိုင်းဒေသကြီးလွှတ်တော် ဒုတိယဥက္ကဋ္ဌ ဦးလင်းနိုင်မြင့်၊ အမျိုးသားလွှတ်တော် ကိုယ်စားလှယ် ဒေါ်နော်လှလှစိုးနှင့် ဂျပန်နိုင်ငံလွှတ်တော်ကိုယ်စားလှယ် Mr. Kozo Yamamoto နှင့် Mr. Satoshi Fujimaru၊ မြန်မာနိုင်ငံဆိုင်ရာ ဂျပန်နိုင်ငံသံအမတ်ကြီး မစ္စတာ အိချိရို မာရူယားမားနှင့် JICA Myanmar Office မှ Chief Representative ဖြစ်သူ Mr.Masayuki Karasawa တို့က ဂျပန်-မြန်မာ အောင်ဆန်းသက်မွေးပညာသင်တန်းကျောင်း၏ ဖွင့်ပွဲနှင့် ပန္နက်တင်မင်္ဂလာအခမ်းအနားကို ဖဲကြိုးဖြတ်၍ ဖွင့်လှစ်ပေးခဲ့ကြောင်း သိရသည်။ **သတင်းစဉ်**

# ရခိုင်ပြည်နယ်တွင်ဆောင်ရွက်မည့် လျှပ်စစ်ဓာတ်အားထုတ်လုပ်ခြင်းလုပ်ငန်းအပါအဝင် အလုပ်အကိုင်အခွင့်အလမ်း ၁၃၀၀ ကျော် ဖန်တီးပေးနိုင်မည့်လုပ်ငန်းများအား မြန်မာနိုင်ငံ ရင်းနှီးမြှုပ်နှံမှုကော်မရှင်မှ ခွင့်ပြု



မြန်မာနိုင်ငံ ရင်းနှီးမြှုပ်နှံမှုကော်မရှင်၏ (၁/၂၀၂၀) ကြိမ်မြောက် အစည်းအဝေးကျင်းပစဉ်။

**နေပြည်တော် ဇန်နဝါရီ ၁၀**

မြန်မာနိုင်ငံ ရင်းနှီးမြှုပ်နှံမှုကော်မရှင်၏ (၁/၂၀၂၀) ကြိမ်မြောက် အစည်းအဝေးကို ယနေ့နံနက်ပိုင်းတွင် ရန်ကုန်မြို့ရှိ ကော်မရှင်အစည်းအဝေးခန်းမ၌ ကျင်းပသည်။ အစည်းအဝေးသို့ မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင်ဥက္ကဋ္ဌ ပြည်ထောင်စုဝန်ကြီး ဦးသောင်းထွန်း၊ ဒုတိယဥက္ကဋ္ဌ ပြည်ထောင်စုဝန်ကြီး ဒေါက်တာသန်းမြင့်နှင့် အဖွဲ့ဝင် ၁၁ ဦး တက်ရောက်ကြသည်။

**ဖန်တီးပေးနိုင်**

အစည်းအဝေးတွင် ရခိုင်ပြည်နယ် ကျောက်ဖြူခရိုင် ကျောက်ဖြူမြို့နယ် ဂုံးချိန်ကျေးရွာအုပ်စုတွင် ရင်းနှီးမြှုပ်နှံမည့် ၁၃၅ မဂ္ဂါဝပ် ထုတ်လုပ်နိုင်သော သဘာဝဓာတ်ငွေ့နှင့် စွန့်ပစ်အပူသုံး ဓာတ်အားပေးစက်ရုံတည်ဆောက်၍ လျှပ်စစ်ဓာတ်အား ထုတ်လုပ်ရောင်းချခြင်း လုပ်ငန်းအပါအဝင် အခြားကဏ္ဍ၊ စက်မှုကဏ္ဍနှင့် ဟိုတယ်ကဏ္ဍတို့မှ လုပ်ငန်းခြောက်ခု ခွင့်ပြုခဲ့သည်။ အဆိုပါလုပ်ငန်းများ၏ ရင်းနှီးမြှုပ်နှံမှုပမာဏမှာ အမေရိကန်ဒေါ်လာ ၂၅၇ ဒသမ ၈၂ သန်းနှင့် ကျပ် ၆၀၂၂၈ ဒသမ ၃၀ သန်းရှိပြီး ပြည်တွင်းလုပ်သားများအတွက် အလုပ်အကိုင်အခွင့်အလမ်းပေါင်း ၁၃၁၇ နေရာကို ဖန်တီးပေးနိုင်မည်ဖြစ်သည်။

**ရင်းနှီးမြှုပ်နှံ**

၂၀၁၉ ခုနှစ် ရင်းနှီးမြှုပ်နှံမှု အများဆုံးပြုလုပ်သော နိုင်ငံများမှာ စင်ကာပူနိုင်ငံ၊ တရုတ်ပြည်သူ့သမ္မတနိုင်ငံနှင့် ထိုင်းနိုင်ငံတို့ဖြစ်သည်။ နိုင်ငံပေါင်း ၅၀ မှ စီးပွားရေးကဏ္ဍ ၁၂ ခုတွင် အများဆုံးရင်းနှီးမြှုပ်နှံထားရှိမှုမှာ ရေနံနှင့်သဘာဝဓာတ်ငွေ့ကဏ္ဍတွင် စုစုပေါင်းရင်းနှီးမြှုပ်နှံမှု၏ ၂၇ ဒသမ ၀၄ ရာခိုင်နှုန်း ဖြင့်လည်းကောင်း၊ လျှပ်စစ်ကဏ္ဍတွင် စုစုပေါင်း ရင်းနှီးမြှုပ်နှံမှု၏ ရာခိုင်နှုန်းဖြင့် ကုန်ထုတ်လုပ်မှုကဏ္ဍတွင် စုစုပေါင်း ရင်းနှီးမြှုပ်နှံမှု၏ ၂၆ ဒသမ ၁၅ လည်းကောင်း၊ ရာခိုင်နှုန်းဖြင့်လည်းကောင်း ရင်းနှီးမြှုပ်နှံမှု၏ ၁၄ ဒသမ ၀၁ ရာခိုင်နှုန်းဖြင့်လည်းကောင်း ရင်းနှီး မြှုပ်နှံထားသည်။ **သတင်းစဉ်**

## လှိုင်းအနည်းငယ်မှ အသင့်အတင့်ရှိမည်

**နေပြည်တော် ဇန်နဝါရီ ၁၀**

ထူးခြားသည့် ညအပူချိန်များမှာ ပင်လောင်းမြို့နှင့် ဟားခါးမြို့တို့တွင် ၄ ဒီဂရီစင်တီဂရိတ်စီ၊ နမ့်စန်မြို့နှင့် ဟဲဟိုးမြို့တို့တွင် ၅ ဒီဂရီစင်တီဂရိတ်စီ၊ လွိုင်လင်မြို့၊ မိုင်းယန်းမြို့နှင့် မိုးကုတ်မြို့တို့တွင် ၆ ဒီဂရီစင်တီဂရိတ်စီနှင့် မင်းတပ်မြို့နှင့် ပြင်ဦးလွင်မြို့တို့တွင် ၇ ဒီဂရီစင်တီဂရိတ်စီတို့ ဖြစ်ကြ သည်။

မြန်မာ့ပင်လယ်ပြင် အခြေအနေတွင် လှိုင်းအနည်းငယ်မှ အသင့်အတင့် ရှိမည်။ လှိုင်းအမြင့်မှာ မြစ်ဝကျွန်းပေါ်၊ ရခိုင်ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် ငါးပေမှ ခုနစ်ပေခန့်နှင့် မုတ္တမကွေ့၊ မွန်-တနင်္သာရီ ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် သုံးပေမှ ငါးပေခန့်ရှိနိုင်သည်။

**မိုး/ဇလ**




ပြည်ထောင်စုဝန်ကြီး ဒေါက်တာဖေမြင့်၊ တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးလှမိုးအောင်နှင့် တာဝန်ရှိသူများ၊ ထူးချွန်ကျောင်းသား ကျောင်းသူများက ကျုံပျော်မြို့နယ် ကလေးစာပေပွဲတော်အား ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးစဉ်။

# ဧရာဝတီတိုင်းဒေသကြီး ကျုံပျော်မြို့နယ်တွင် ကလေးစာပေပွဲတော် စည်ကားသိုက်မြိုက်စွာကျင်းပ

**ကျုံပျော် ဇန်နဝါရီ ၁၀**

ပြန်ကြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာဖေမြင့်၊ ဧရာဝတီတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးလှမိုးအောင်နှင့် တာဝန်ရှိသူများသည် ယနေ့ နံနက် ၉ နာရီက ကျုံပျော်မြို့ အ.ထ.က(၁)တွင် ကျင်းပသည့် ကလေးစာပေပွဲတော် ဖွင့်ပွဲအခမ်းအနားသို့ တက်ရောက်ကြသည်။

ရှေးဦးစွာ ကလေးစာပေပွဲတော် ဖွင့်ပွဲအခမ်းအနား ပထမပိုင်းအစီအစဉ်အဖြစ် ကျောင်းရှေ့မုခ်ဦးတွင် ကျင်းပရာ ပြည်ထောင်စုဝန်ကြီးနှင့် ဧရာဝတီတိုင်းဒေသကြီး ဝန်ကြီးချုပ်တို့သည် တာဝန်ရှိသူများ၊ ထူးချွန်ကျောင်းသား ကျောင်းသူများနှင့်အတူ အခမ်းအနားကို ဖဲကြိုးဖြတ်၍ ဖွင့်လှစ်ပေးကြပြီး မိုးပျံပူဖောင်းများ လွှင့်တင်ကြသည်။ ထို့နောက် စုပေါင်းမှတ်တမ်းတင် ဓာတ်ပုံရိုက်ကြသည်။

ဆက်လက်၍ ဖွင့်ပွဲအခမ်းအနား အစီအစဉ် ဒုတိယပိုင်းကို အ.ထ.က(၁)ရှိ အောင်ဆန်းခန်းမတွင် ကျင်းပရာ အ.ထ.က(၁)မှ ကျောင်းသား ကျောင်းသူများက "ကလေးစာပေပွဲတော် Them Song" ဖြင့် ဂုဏ်ပြုသီဆိုပြီး အခမ်းအနားကို ဖွင့်လှစ်သည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီး ဒေါက်တာဖေမြင့်က အဖွင့်အမှာစကားပြောကြားရာတွင် ကလေးစာပေပွဲတော်များကို ကလေးများ စာအုပ်စာပေတွင် နှစ်သက်မွေ့လျော်ပြီး ရာသက်ပန်ပညာရှာမှီးသူများ ဖြစ်လာစေရန်၊ ပွဲတော်တွင် ပျော်ရွှင်စွာဆင်နွှဲမှုနှင့်အတူ စုပေါင်းအလုပ်များတွင် ဝိုင်းဝန်းပါဝင်တတ်သည့် အလေ့အကျင့်ကောင်းများရရှိစေရန်၊ ပညာဗဟုသုတပြည့်ဝပြီး အနာဂတ်တွင် တိုင်းပြည်အတွက် ဦးဆောင်ဦးရွက်ပြုနိုင်သူများ ဖြစ်လာစေရန် ရည်ရွယ်ချက်များဖြင့် ၂၀၁၆-၂၀၁၇ ဘဏ္ဍာနှစ်မှ စတင်ကျင်းပခဲ့ခြင်း ဖြစ်ပါကြောင်း၊ ကလေးစာပေပွဲတော်များကို ပြန်ကြားရေးဝန်ကြီးဌာန၊ ပညာရေးဝန်ကြီးဌာနနှင့် သက်ဆိုင်ရာ တိုင်းဒေသကြီးနှင့် ပြည်နယ်အစိုးရများ ပူးပေါင်းပြီး နေပြည်တော်နှင့် တိုင်းဒေသကြီးနှင့် ပြည်နယ်များရှိ မြို့ကြီးကိုးနေရာတွင် ကျင်းပခဲ့ပြီး ဖြစ်ပါကြောင်း၊ ခရိုင်အဆင့် မြို့ကြီးများတွင်လည်း ၄၃ ကြိမ်ကျင်းပခဲ့ပြီး ဖြစ်သကဲ့သို့ စိတ်ပါဝင်စားသူများ စုပေါင်းပြီးလည်း ဒေသအစီအစဉ်ဖြင့် ၁၁ ကြိမ် ကျင်းပခဲ့ပြီးဖြစ်ပါကြောင်း။

နိုင်ငံတစ်ဝန်းတွင်လည်း ကလေးစာပေပွဲတော်များ ဆက်လက်ကျင်းပရန်လည်း စီစဉ်ဆောင်ရွက်လျက် ရှိပါကြောင်း၊ ဧရာဝတီတိုင်းဒေသကြီး အစိုးရအဖွဲ့အနေဖြင့် ယမန်နှစ်က ပုသိမ်မြို့တွင် ကလေးစာပေပွဲတော် ကျင်းပခဲ့စဉ် တိုင်းဒေသကြီးအတွင်းရှိ မြို့နယ်အားလုံးမှ ကလေးများ ကလေးစာပေပွဲတော်များတွင် ပါဝင်ဆင်နွှဲနိုင်စေရန် ဆန္ဒရှိမှုကြောင့် တိုင်းဒေသကြီးအတွင်းရှိ ၂၆ မြို့နယ်တွင် ယခုကဲ့သို့ အကောင်အထည်ဖော်စီစဉ်ဆောင်ရွက်နေခြင်းဖြစ်ကြောင်း သိရှိရသဖြင့် အထူးဝမ်းသာအားရဖြစ်မိပါကြောင်း၊ ထိုသို့ကျင်းပရာတွင် ဌာနဆိုင်ရာ တာဝန်ရှိသူများအပြင် ရပ်မိ၊ ရပ်ဖများနှင့် စေတနာရှင်ပြည်သူများကလည်း စိတ်အားထက်သန်စွာ ပူးပေါင်းပါဝင် ပံ့ပိုးကူညီဆောင်ရွက်မှုများကြောင့် ကလေးစာပေပွဲတော်များ စည်ကားသိုက်မြိုက်စွာဖြင့် ကျင်းပနေမှုကို တွေ့မြင်ရသကဲ့သို့ ပွဲတော်များတွင် ကလေးများ ပျော်ရွှင်တက်ကြွစွာ ပါဝင်ဆင်နွှဲကြမှုကို မြင်တွေ့ရသဖြင့်လည်း ပွဲတော်ဖြစ်မြောက်အောင် စီမံဆောင်ရွက်ကြသူအားလုံးကို အထူးကျေးဇူးတင်ရှိပါကြောင်း ပြောကြားသည်။

ယင်းနောက် တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးလှမိုးအောင်က အမှာစကားပြောကြားရာတွင် ကလေးစာပေပွဲတော်များကို ကလေးများအတွက် အကျိုးအမြတ်များစွာရရှိမည်ဟု ယုံကြည်ချက်ဖြင့် ယခုကဲ့သို့ စီစဉ်ကျင်းပနေခြင်း ဖြစ်ပါကြောင်း၊ ပြန်ကြားရေးဝန်ကြီးဌာန ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ စီစဉ်ဆောင်ရွက်နေသည့် ကလေးစာပေပွဲတော်လုပ်ငန်းစဉ်ကို အခြေတည်၍ တိုင်းဒေသကြီးအနေဖြင့် ချဲ့ထွင်ကာ ယခုကဲ့သို့ ဆောင်ရွက်နေခြင်း ဖြစ်ပါကြောင်း။ ကျုံပျော်မြို့နယ်တွင် ကျင်းပသည့် ကလေးစာပေပွဲတော်သည် ဧရာဝတီတိုင်းဒေသကြီးရှိ ၂၆ မြို့နယ်အနက် ၁၆ မြို့နယ်တွင် ဧရာဝတီတိုင်းဒေသကြီးအစိုးရအဖွဲ့ အစီအစဉ်ဖြင့် ၁၆ ကြိမ်မြောက် ကျင်းပခြင်းဖြစ်ပါကြောင်း၊ စာဖတ်သည့် အလေ့အကျင့်ကောင်းရှိသော ကလေးများ၊ စာပေချစ်သော ကလေးများ၊ တစ်နည်းအားဖြင့် နိုင်ငံတော်တည်ဆောက်မှုတွင် အရည်အသွေးမြင့်မားသူ၊ အားကောင်းသူများ ပါဝင်လာစေရန် စီစဉ်ဆောင်ရွက်နေခြင်းလည်း ဖြစ်ပါကြောင်း၊ ကလေးစာပေပွဲတော်တွင် "ထူးချွန်ထင်ရှား ဧရာဝတီတိုင်းသားများ" ပြခန်းကိုလည်း ကလေးများအတုယူနိုင်ရန် ရည်ရွယ်ချက်ရှိရှိဖြင့် ထည့်သွင်းပြသထားပါကြောင်း၊ ကလေးစာပေပွဲတော်များ ကျင်းပနိုင်ခြင်းသည် နိုင်ငံတော်၏ အနာဂတ်လှပဖွံ့ဖြိုးစေရန်၊ အခွင့်အလမ်းကောင်းများ ပေါ်ထွက်လာစေရန် အစပျိုးတည်ထောင်ပေးခြင်းလည်းဖြစ်ပါကြောင်း၊ ဧရာဝတီတိုင်းဒေသကြီး အစိုးရအဖွဲ့အနေဖြင့် "ပြည်သူနှင့်အတူ" ဆောင်ပုဒ်နှင့်အညီ ဒေသခံပြည်သူများ၏ စိတ်အားထက်သန်စွာ ပူးပေါင်းပါဝင်မှုဖြင့် ကလေးစာပေပွဲတော်များကို ဝိုင်းဝန်းဆောင်ရွက်ကြခြင်းဖြစ်ရာ အနာဂတ်နိုင်ငံတော်အတွက် ရလဒ်ကောင်းများ ရရှိပါစေဟု ဆုမွန်ကောင်းတောင်းပါကြောင်း ပြောကြားသည်။



ပြည်ထောင်စုဝန်ကြီး ဒေါက်တာဖေမြင့်၊ တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးလှမိုးအောင်နှင့် တာဝန်ရှိသူများ ကလေးစာပေပွဲတော်၌ ခင်းကျင်းပြသထားသည့် ထူးချွန်ထင်ရှား ဧရာဝတီတိုင်းသားများပြခန်းအား ကြည့်ရှုအားပေးစဉ်။

ထို့နောက် အ.ထ.က(၁)မှ ကျောင်းသား ကျောင်းသူလေးများက စည်းလုံးခြင်းအတွက် သီချင်းတစ်ပုဒ်၊ အ.မ.က(မြို့မ)မှ ကျောင်းသား ကျောင်းသူလေးများက ပုံပြင်သရုပ်ဖော်နှင့် အ.ထ.က(၂)မှ ကျောင်းသား ကျောင်းသူလေးများက "မမပုသိမ်သူ" သီချင်းများဖြင့် သီဆိုကပြဖျော်ဖြေကြသည်။

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီး၊ ဝန်ကြီးချုပ်နှင့် တာဝန်ရှိသူများသည် ကလေးစာပေပွဲတော်၌ ခင်းကျင်းပြသထားသည့် ထူးချွန်ထင်ရှား ဧရာဝတီတိုင်းသားများပြခန်း၊ ကလေးစာဖတ်ခန်း၊ ဌာနဆိုင်ရာ ပြခန်းများ၊ NGO ပြခန်းများ၊ စာပေဟောပြောပွဲ၊ စာပေဆွေးနွေးပွဲ၊ ပြိုင်ပွဲများ၊ ပျော်ပွဲရွှင်ပွဲနှင့် အားကစားပြိုင်ပွဲများ၊ စာအုပ်အရောင်းဆိုင်များကို လှည့်လည်ကြည့်ရှုအားပေးကြသည်။

ဧရာဝတီတိုင်းဒေသကြီးအစိုးရအဖွဲ့ အစီအစဉ်ဖြင့် တိုင်းဒေသကြီးအတွင်းရှိ မြို့နယ် ၂၆ မြို့နယ်တွင် ကလေးစာပေပွဲတော်များကို ၂၀၁၉ ခုနှစ် နိုဝင်ဘာ ၁ ရက်မှစတင်၍ ကျင်းပခဲ့ရာ ယနေ့ကလေးစာပေပွဲတော်(ကျုံပျော်) ကျင်းပမှုသည် ၁၆ ကြိမ်မြောက် ပွဲတော်အဖြစ် ကျင်းပခြင်းဖြစ်ပြီး ကျန်မြို့နယ်များတွင်လည်း စဉ်ဆက်မပြတ် ကျင်းပနိုင်ရန် စီစဉ်ဆောင်ရွက်လျက်ရှိကြောင်း၊ ကလေးစာပေပွဲတော်များတွင် ကလေးများအတွက် ပျော်ရွှင်စရာအစီအစဉ်များအပြင် အသိပညာတိုးပွားရေး ပညာပေးပြခန်းများလည်း ပါဝင်ပြသထားရှိရာ ပွဲတော်တွင် လာရောက်စည်နွှဲကြသည့် ကလေးငယ်များအနေဖြင့် ပျော်ရွှင်မှုရရှိစေသကဲ့သို့ ထိုသို့ ပျော်ပွဲရွှင်ပွဲများတွင် စုပေါင်းပါဝင်ဆင်နွှဲခဲ့ရမှုများကိုလည်း အမှတ်ရနေကြမည်ဖြစ်ကြောင်း သိရသည်။

**သတင်း - နေဝင်း(ပြန်/ဆက်)**
**ဓာတ်ပုံ - စိုးမင်းဦး(ပြန်/ဆက်)**

# မြေအောက်ရေ စီမံခန့်ခွဲမှု ဥပဒေကြမ်းနှင့် စက်ရေတွင်းရေ သုံးစွဲသူများ

မောင်ကျေးရေ

မြေအောက်ရေစီမံခန့်ခွဲမှုဥပဒေကြမ်းကို ၂၀၁၉ ခုနှစ် ဒီဇင်ဘာ ၂၀ ရက်နှင့် ၂၁ ရက်ထုတ် မြန်မာ့အလင်းသတင်းစာနှင့် ကြေးမုံသတင်းစာတို့တွင် နှစ်ရက်ဆက်ဖော်ပြထားသည်ကို ဖတ်ရှုရပါသည်။ မြေအောက်ရေစီမံခန့်ခွဲမှု ဥပဒေကြမ်း၏ ပထမဆုံးစာကြောင်းမှာ“ ပြည်သူအများ လေ့လာသိရှိအကြံပြုနိုင်ရန် ဖော်ပြခြင်းဖြစ်သည်။ အကြံပြုစာများကို ပြည်ထောင်စုလွှတ်တော်ရုံးသို့ လိပ်မူပေးပို့နိုင်သည်”ဟု စကားဦး ဖွင့်ဆိုရေးသားထားသည်။



အင်မတန်ကောင်းသော အစီအစဉ်ဖြစ်သည်။ လွှတ်တော်၏ သဘောထားကို စာရေးသူကတော့ ကြိုဆိုပါသည်။

မြန်မာနိုင်ငံတွင် စက်ရေတွင်းတူးဖော်ထုတ်ယူသုံးစွဲခြင်းလုပ်ငန်း အ၀၀ ကို ဥပဒေမရှိ၊ အထိန်းအချုပ်မရှိ၊ သုံးစွဲသူနှင့် တူးဖော်သူနှစ်ဦး၊ နှစ်ဖက်သဘောတူဈေးနှုန်းဖြင့် လုပ်ကိုင်နေကြသည်မှာ နှစ်များစွာ ကြာခဲ့ပြီဖြစ်သည်။ တူးဖော်ကြရာတွင် ကန်ထရိုက်၊ အဆင့်မြင့်တိုက်အောက်မှာလည်း တူး၊ လှေကားအောက်မှာလည်း တူး၊ ရေမြောင်းပေါင်ခွတူးလို့ တူး၊ လမ်းဘေးတူးလို့ တူး၊ စက်မှုလုပ်ငန်းခွင်များတွင်လည်း တွင်းကြီးများကို တွင်းတစ်တွင်းနှင့်တစ်တွင်း ပညာရပ်ဆိုင်ရာသတ်မှတ်ချက် အကွာအဝေးအတိုင်း တူးဖော်ခြင်းမရှိစသည်ဖြင့် နေရာမျိုးစုံ၌ ပုံစံမျိုးစုံတူးဖော်နေကြသည်မှာ အားလုံးအသိပါ။ ဥပဒေထွက်ပေါ်လာမည်ဆိုလျှင်တော့ ဥပဒေ၊ နည်းဥပဒေ၊ စည်းမျဉ်း၊ စည်းကမ်းအတိုင်း လုပ်ဆောင်ကြရတော့မည်။

မြေအောက်ရေထုတ်ယူသုံးစွဲရန်အတွက် စက်ရေတွင်းဖော် ရေတင်စက်တပ်ဆင်သည့်လုပ်ငန်းသည် သက်ဆိုင်ရာပညာရပ်များကို အခြေခံသော လုပ်ငန်းတစ်ခု ဖြစ်ပါသည်။ ထိုအပြင် စက်ရေတွင်းမှ ထွက်ရှိလာသော ရေကို သောက်သုံးရန် သင့် မသင့်၊ ရေအရည်အသွေး စမ်းသပ်စစ်ဆေးခြင်းလုပ်ငန်း၊ သောက်သုံးရန်သင့်တော်သည်အထိ သန့်စင်ရသည့်လုပ်ငန်းသည် ပညာရပ်ကို အခြေခံသည့်လုပ်ငန်း ဖြစ်ပါသည်။ ထို့အပြင် ရေထုတ်ယူသုံးစွဲရာတွင်လည်း မိမိစက်ရေတွင်းမှတစ်ဆင့် ထွက်လာသည့် မြေအောက်ရေ ခိုအောင်းနေသော မြေအောက်ရေအောင်းလွှာ၏ အတိမ်၊ အနက်၊ အထူ၊ အပါး၊ ရေခိုအောင်းနိုင်သည့် ပမာဏ၊ ရေစိမ့်တာနှုန်း၊ ရေဂါလန်မည်၍မည်မျှကို ထုတ်ယူပါက မြေအောက်ရေမျက်နှာပြင် မည်၍မည်မျှ နိမ့်ကျသွားနိုင်သည် စသည့်အချက်အလက်များကို စမ်းသပ်တွက်ချက်ထားခြင်းမရှိဘဲ အလွန်အကျွံ ရေထုတ်ယူသုံးစွဲနေကြခြင်းကြောင့် ရေငန်၊ ဒီရေအတက်အကျရှိသည့် ရန်ကုန်မြစ်၊ ပန်းလှိုင်မြစ်၊ လှိုင်မြစ်၊ ငမိုးရိပ်ချောင်း၊ ပဲခူးမြစ်ဘေး အနီးအနားဝန်းကျင် မြို့နယ်များ၊ မြို့သစ်များတွင် ယခုအခါ မြေအောက်ရေချိုထဲသို့ ရေငန်တိုးဝင်လာပြီး သောက်သုံး၍မရ ဖြစ်နေကြပြီ ဖြစ်သည်။

အခုမြေအောက်ရေဥပဒေကြမ်းကိုလည်း ပြည်သူများထံ အသိပေးထားပြီးဖြစ်သည်။ စာရေးသူ၏အမြင်တွင် ဤဥပဒေကို ပြဋ္ဌာန်းပြီးပါက ဥပဒေ၏ အဓိပ္ပာယ်၊ သဘောသဘာဝ၊ ဆောင်ရန်၊ ရှောင်ရန်များကို တာဝန်ရှိသူများ (အုပ်ချုပ်သူနှင့် ပညာရှင်)က သက်ဆိုင်ရာနယ်မြေ၊ မြို့နယ်အလိုက် ရှင်းလင်းဆွေးနွေးပညာပေးလုပ်ငန်းများကို ကနဦးလုပ်သင့်သည်ဟု ထင်မြင်ပါသည်။ အဘယ်ကြောင့် ဆိုသော် မြန်မာနိုင်ငံအတွင်း မည်သည့်အရပ်ဒေသ၌မဆို သောက်သုံးရေကို ရေတွင်း၊ ရေကန်၊ ချောင်း၊ မြောင်းများမှ လွယ်လင့်တကူ ခပ်ယူသုံးစွဲသည့် အလေ့အကျင့်က အရိုးစွဲလာခဲ့ပြီ၊ စက်ရေတွင်းတူး၊ ရေထုတ်ယူသုံးစွဲလာခဲ့ကြသူများသည်လည်း မည်သည့်ခွင့်ပြုမိန့်၊ မည်သည့် အခွန်အခမျှ မပေးရဘဲ သုံးစွဲလာခဲ့ကြသည်မှာ နှစ်ကာလကြာ အတန်ကြာခဲ့ပြီဖြစ်သည်။

ယခုဥပဒေအတည်ပြုပြဋ္ဌာန်းပြီးသည့်အခါ မိမိအိမ်၊ စီးပွားရေးလုပ်ငန်း၊ စိုက်ပျိုးရေးလုပ်ငန်းများအတွက် စက်ရေတွင်းတူးဖော်လိုပါက သက်ဆိုင်ရာ အာဏာပိုင်အဖွဲ့အစည်းသို့ လျှောက်ထားရမည်။ တူးဖော်ပေးမည့် တွင်းတူးအဖွဲ့ကလည်း တူးဖော်ခွင့်လိုင်စင်ရှိရမည်။ တူးဖော်ခွင့်ပြုမိန့်ကျပါမှ သတ်မှတ်ခွင့်ပြုသည့်နေရာ၌သာ တူးဖော်ရမည်။ သတ်မှတ်ကာလအတွင်း ပြီးအောင် တူးရမည်။ အကြောင်းအမျိုးမျိုးကြောင့် မပြီးပါက ကျိုးကြောင်းတင်ပြ ထပ်မံလျှောက်ထားရမည်။ စက်ရေတွင်းမှ ရေထွက်လာပြီဆိုပါကလည်း ပြဋ္ဌာန်းထားသည့် စည်းမျဉ်း စည်းကမ်းများအတိုင်း ရေနမူနာရယူပြီး သောက်သုံးရန် သင့်မသင့် သိရှိရန် ရေစမ်းသပ်စစ်ဆေးရပါမည်။ တတ်သိနားလည်သည့်ပညာရှင်က သောက်သုံးရန်သင့်တော်သည်ဟု မှတ်ချက်ပြုထားသော စမ်းသပ်သည့် အဖြေရပါမှ သောက်သုံးရန်အတွက် လိုအပ်သော ရေတင်စက်တပ်ဆင်ပြီး ရေထုတ်ယူသုံးစွဲခွင့်ရမည် ဖြစ်ပါသည်။ သုံးစွဲသူနှင့် ရေတွင်းတူးသူများ၊ စိတ်ရှည်ဖို့တော့ လိုမည်ထင်ပါသည်။ အဘယ်ကြောင့်ဆိုသော် လုပ်ဆောင်ရမည့် လုပ်ငန်းဆောင်တာများ များနိုင်၍ အပိုကုန်ကျမှုများ ရှိလာနိုင်မည်။ ဤအခြင်းအရာများကို ဥပဒေပြဋ္ဌာန်းသည့် အာဏာပိုင်အဖွဲ့အစည်းက ကြိုတင်ကာကွယ်တားဆီးနိုင်မှုဆိုင်ရာ ဥပဒေ၊ စည်းမျဉ်း စည်းကမ်းနှင့် အရေးယူမှုများ လုပ်ဆောင်ရန် စီစဉ်ထားသင့်သည်ဟု ယူဆပါသည်။

အခြား၊ အခြားသောဥပဒေ၊ စည်းမျဉ်း စည်းကမ်းများလည်း အခန်းပေါင်း (၁၀)ခန်းတွင် များစွာပါရှိပါသေးသည်။ ဥပမာ- *“တူးဖော်ခွင့်ပြုထားသော စက်ရေတွင်း အရွယ်အစား၊ အရေအတွက်၊ သတ်မှတ်ခွင့်ပြုထားသည့် အချိန်အတိုင်းအတာနှင့် ထုတ်ယူသုံးစွဲခွင့်ပြုသည့် ရေပမာဏတို့ကို အခန်း(၁)(ဃ) နှင့်အခန်း(၈)တို့၌ ဖော်ပြထား၏။”* ထို့အပြင် အခန်း(၁၀)အထွေထွေ၊ အပိုဒ်(၃၁)တွင် *“ ဗဟိုကော်မတီသည် စက်ရေတွင်းများတွင် မြေအောက်ရေ ထုတ်ယူသုံးစွဲမှု ပမာဏကို တိုင်းတာရန် သင့်လျော်သော ရေမီတာစနစ်များ တပ်ဆင်ရန် ကြီးကြပ်ကွပ်ကဲဆောင်ရွက်သွားရမည်”*ဟု ဖွင့်ဆိုထားမှုများကို နားလည်သလို ဆွေးနွေးခွင့်ပြုစေချင်ပါသည်။

အခန်း(၁)(ဃ)၌ “အိမ်သုံးဆိုသည်မှာ တွင်းဝအချင်း ၂ လက်မထက်မပိုသော စက်ရေတွင်းမှ ထုတ်ယူသုံးစွဲခြင်းကိုဆိုသည်”ဟု ဖွင့်ဆိုထားသည်။ သို့သော် အခန်း(၁၀)၊ အပိုဒ်(၃၁)အထက် ဖော်ပြထားသည့် စာကြောင်းအတိုင်း၊ ဆောင်ရွက်မည်ဆိုပါက အချို့သော အိမ်များတွင် လူဦးရေ များပြားခြင်းနှင့် လွန်ခဲ့သော နှစ် ၂၀ ကျော်ကကဲ့သို့ ကူဘိုတာနှင့် တွဲထားသော လေမှုတ်စက်အရွယ်အစား အမျိုးမျိုးကို တပ်ဆင်အသုံးပြုမှု အတော်နည်းလာပြီး အိမ်သုံးတွင်းကို ၄ လက်မ တွင်းများသာ တူးလာကြပြီ။ ထိုစက်ရေတွင်း၌ ရေတင်စက်ကို ဆပ်မာဆေးဘဲပန့် (submersible pumps)အရွယ်အစားအသေးဆုံးဖြစ်သည့် ၃ လက်မအရွယ်ကို မိမိတွင်းမှ ရေထွက်နှုန်း အပေါ် အခြေခံ၍ တွင်းတူးဆရာ ရေတင်စက်ရောင်းသူနှင့် တိုင်ပင်ကာ (Single phase/ low speed motor) လျှပ်စစ်မော်တာ အသုံးပြုနေကြသည်က များပါ သည်။ အနိမ့်ဆုံး ရေထုတ်ယူနိုင်သည့်နှုန်းသည် တစ်နာရီ ရေဂါလန် ၅၀၀ ဖြစ်သဖြင့် အိမ်သုံးအတွက် တစ်နာရီ ရေမောင်းတင်ရုံဖြင့် လူဦးရေငါးယောက်မှ ၁၀ ယောက်ရှိ အိမ်တစ်အိမ်အတွက် အင်ဂျင်နှင့် တွဲထားသော လေမှုတ်စက်ကဲ့သို့ ဆူညံသံမကြားရတော့ဘဲ ရေရရှိသဖြင့် သောက်သုံးရေအတွက် စိတ်အေးချမ်းမှုကို ရနေကြ၏။

ယခုမြေအောက်ရေဥပဒေမူကြမ်းတွင် အိမ်သုံးတွင်းကို အခန်း(၁)(ဃ)၌ ဖော်ပြထားချက်အတိုင်း အချင်း ၂ လက်မထက် မပိုသော စက်ရေတွင်းသာ သုံးစွဲခွင့်ပြုထားသဖြင့် ရေတင်စက်၊ ဆပ်မာဆေးဘဲပန့် တပ်ဆင်ရန် အခက်အခဲရှိပြီး လူဦးရေများသည့်အိမ်အတွက် ရေပမာဏရလိုမှု စဉ်းစားစရာ ဖြစ်နေနိုင်ပါမည်။ အခြားတစ်ဖက်တွင်လည်း အစိုးရမဟုတ်သော အဖွဲ့အစည်းများက တူးဖော်ပေးထားသည့် ကျေးလက်အခြေခံ တစ်နိုင်တစ်ပိုင်တွင်းများ၊ အခြေခံလူတန်းစားများ၏ အိမ်တွင် မိမိတတ်နိုင်သည့် ငွေကြေးသုံးစွဲမည့် လူအင်အားအလိုက် လက်နှိပ်ဒုံများ တပ်ဆင်အသုံးပြုနေသည့် စက်ရေတွင်းများကိုလည်း ဥပဒေဘောင်အတွင်း မည်သို့စီစဉ် ဆောင်ရွက်သွားမည်ကိုလည်း ထည့်သွင်းစဉ်းစားထားမည်ဟု ယူဆပါသည်။

ထို့အပြင် ရေမီတာစနစ် တပ်ဆင်မည့်ကိစ္စသည် မြေအောက်ရေ ထုတ်ယူသုံးစွဲမှု ပမာဏကို တိုင်းတာ၍ ရပ်ကွက်အလိုက်၊ မြို့နယ်အလိုက် ရေထုတ်ယူသုံးစွဲသည့်ပမာဏ (Discharge)သိရန်အတွက်သာဆိုပါက စက်ရေတွင်းတူးဖော်ထားသူအနေဖြင့် စိတ်စနိုးစနောင့်ဖြစ်စရာ မရှိပေ။ ထိုသို့ မဟုတ်ရေသုံးစွဲမှုနှုန်း ကောက်ခံမည့်သဘောရှိပါက ရေတွင်းတူး၊ ရေထုတ်သုံးစွဲသူများကို နားလည်သဘောပေါက်စေရန် ဥပဒေတွင် ရှင်းရှင်းလင်းလင်း လိုမည်ထင်ပါ သည်။

ယခုရေတင်စက်၊ ဆပ်မာဆေးဘဲပန့်တပ်ဆင်ထားသော အိမ်များသည် မိမိအတိုင်းအတာအလျောက် ထုတ်ယူလိုသည့် ပမာဏ (Fix Yield) ကို ရေထွက်ပိုက်ထိပ်မှာ ဂိတ်ဘားခံပြီး မိမိထုတ်ယူလို သလောက်ကို ဂိတ်ဘား (gate bar)ကို အသေချိန်ပြီး သုံးစွဲနေကြပါပြီ။ သို့ပါ၍ ဤကဲ့သို့သော အိမ်တွင်းများအတွက် ရေမီတာတပ်ဆင်ရန်မလိုဘဲ ရေနေ့စဉ်ထုတ်ယူသည့် ပမာဏ (Discharge)ကို အာဏာပိုင်အဖွဲ့အစည်းက သိရှိမှတ်တမ်း တင်နိုင်မည်ဟု စာရေးသူ ယူဆပါသည်။ အိမ်သုံးတွင်းကိုလည်း ၄ လက်မနှင့် ၄ လက်မအောက်အရွယ် တူးဖော်ခွင့်ပြုသင့်သည်ဟု ယူဆမိပါသည်။

ဤဥပဒေကြမ်းတွင်(သို့) ဤဥပဒေအောက်တွင် ဆက်လက်ပြဋ္ဌာန်းမည့် နည်းဥပဒေ၊ စည်းမျဉ်း စည်းကမ်း၊ နည်းစနစ်များ ရေးဆွဲရာမှာ မြေအောက်ရေ ထုတ်ယူသုံးစွဲသူအများအတွက် အကျိုးရှိစေမည့်၊ ပညာရပ်ဆိုင်ရာ သုတေသန လုပ်ငန်းများ လုပ်ကိုင်သူများအတွက်လည်း တိကျမှန်ကန်သော ကိန်းဂဏန်းများ ရရှိစေမည့်လုပ်ငန်းတစ်ခုဖြစ်သည့် စက်ရေတွင်းတူးနည်းပညာ၊ ရေထွက်နှုန်းကောင်းအောင်ပြုလုပ်ရမည့် နည်းစနစ်၊ လုပ်ကိုင်ပုံစည်းစနစ်များကို အရည်အသွေးထိန်းချုပ်(Quality Control)သည့် အနေဖြင့် ထည့်သွင်းသင့်သည်ဟု စာရေးသူ တွေးဆမိပါသည်။ အဘယ်ကြောင့်ဆိုသော် စက်ရေတွင်းတူး လောကတွင် စက်ရေတွင်းတူးပုဂ္ဂလိက၊ လုပ်ငန်းလုပ်ကိုင်နေကြသူအများစုသည် တွင်းတူးပညာကို လုပ်ရင်းကိုင်ရင်း သိနားလည်ကြသည့်သူများ၊ လုပ်ကိုင် နေကြသူများသာဖြစ်ပြီး မမြင်ရသော မြေအောက်ရေ ခိုအောင်းလွှာ၊ သဲကြောရှာရင်း တူးပေနက်သွားခြင်း၊ ဒီနှစ်တူးနောက်တစ်နှစ်၊ နှစ်နှစ်နေ ရေမထွက်၊ အသစ်ထပ်တူးနှင့် သံသရာလည်နေသည်ကို ကြားသိနေရပါသည်။ ထိုအဖြစ်မျိုးမှလည်း ဝေးစေမည် ဖြစ်ပါသည်။ စာရေးသူ နားလည်တတ်သိထားသည်မှာ စနစ်တကျ တူးဖော်ထားသည့် စက်ရေတွင်း တစ်တွင်းသည် ရာသီဥတု၊ သဘာဝဘေးအန္တရာယ် မကျရောက်ပါက အနည်းဆုံး ငါးနှစ်၊ အများဆုံး ၁၀ နှစ်သက်တမ်းကာလကြာ အသုံးပြုနိုင်ပါသည်။ စဉ်းစားမိသည့် အချက်တစ်ခုမှာ အခန်း(၁၀) အထွေထွေ၊ အပိုဒ်(၃၇)၌ ရေးသား ထားသည်မှာ “လုပ်ငန်းလိုင်စင်၊ တူးဖော်ခွင့်ပြုမိန့်၊ သုံးစွဲခွင့်ပြုမိန့်တို့မှ ရရှိသည့် အခကြေးငွေများကို ဘဏ္ဍာရေး စည်းမျဉ်းစည်းကမ်းများနှင့်အညီ ဘဏ္ဍာရန်ပုံငွေသို့ ပေးသွင်းရမည်”ဟု ဖော်ပြထားသည်။ မှန်ပါသည်။ ဖြစ်သင့်ပါသည်။

စာရေးသူနားလည်သည်မှာ ဤဥပဒေသည် ပြည်တွင်းအခွန်ကောက်ခံသည့် ဥပဒေကဲ့သို့ စက်ရေတွင်းတူးဖော်အသုံးပြုသူများထံက အခွန်ဘဏ္ဍာရရှိရေးကို အဓိကထားသည့်ဥပဒေမဟုတ်ဘဲ မြေအောက်ရေကို စနစ်တကျထုတ်ယူသုံးစွဲပြီး မြေအောက်ရေ အစဉ်သန့်စင်နေစေရေး၊ နှစ်စဉ်မြေအောက်ရေ မည်မျှထုတ်ယူသုံးစွဲသည်၊ မိုးရေက မည်မျှပြန်လည်ဖြည့်တင်းသည်၊ မြေအောက်ရေမည်မျှဖြစ်တည်နေသည်များကို သိရှိရန်နှင့် ဘဏ္ဍာငွေရရှိရေးကို တစ်တန်းတည်းထား ဆောင်ရွက်သည့်ဥပဒေဖြစ်သင့်သည်ဟု ယူဆပါသည်။ သို့မဟုတ်ပါက မိမိအိမ်၊ လုပ်ငန်းအတွက် စက်ရေတွင်းတူးလိုသူက သတ်မှတ်ထားသည့် ငွေကြေးပေးဆောင်ပြီး အကြောင်းအမျိုးမျိုးကြောင့် ရေမထွက်ပါက အစိုးရဌာန၊ အဖွဲ့အစည်းလည်း လိုအပ်သော မြေအောက်ရေဆိုင်ရာအချက်အလက် ကိန်းဂဏန်း မှတ်တမ်းမှတ်ရာများ မရရှိသလို စက်ရေတွင်လည်း မအောင်၊ ဖွတ်မရ ဓားမဆုံးဖြစ်မည်။ ထိုသို့မဖြစ်အောင် စီစဉ်ဆောင်ရွက်နိုင်ပါက ပိုကောင်းမည်ဟု ထင်ပါသည်။

ဤမြေအောက်ရေဥပဒေသည် မြန်မာနိုင်ငံအတွက် မရှိမဖြစ် လိုအပ်နေသော ဥပဒေဖြစ်ပါသည်။ ယခုအခါ ရာသီဥတုဖောက်ပြန်ပြောင်းလဲနေမှုများသည် လစဉ်၊ နှစ်စဉ် ဖြစ်ပျက်နေပါသည်။ ဖြစ်တည်နေသည့် ရေအရင်းအမြစ်များ(မြေပေါ်ရေ၊ မြေအောက်ရေ)ကို သောက်သုံးရေအတွက် အစဉ်သန့်စင်တည်ရှိနေဖို့ အရေးကြီးသည့်အချိန်ကာလ ရောက်နေပါပြီ။

အိမ်နီးချင်းနိုင်ငံများဖြစ်သည့် ထိုင်း၊ အိန္ဒိယ၊ ဘင်္ဂလားဒေ့ရှ်၊ တရုတ်နိုင်ငံများတွင် လွန်ခဲ့သောနှစ် ၄၀ ကျော်ကတည်းက မြေအောက်ရေဥပဒေ ပြဋ္ဌာန်းပြီး စည်းမျဉ်း စည်းကမ်းနှင့်အညီ ထုတ်ယူအသုံးပြုနေကြပါပြီ။

လိုအပ်သည်ဟု ယူဆရသည့် အချက်အလက်များကို ဆောင်ရွက်ကာ ဥပဒေကြမ်းမှ ပြီးပြည့်စုံသည့် ဥပဒေဖြစ်လာမည်ဟု ယူဆမျှော်လင့်ပါ၏။ ထိုသို့ဖြစ်ပါက သားရွှေအိုးထမ်းလာသည့် ကိန်းဆိုက်ပါမည်။ သုံးစွဲသူလည်း စိတ်ချမ်းသာ၊ အာဏာပိုင်အဖွဲ့အစည်းကလည်း မမြင်ရသည့် မြေအောက်ရေဆိုင်ရာ အချက်အလက်များ ပြည့်ပြည့်စုံစုံရရှိမည်ဖြစ်ပေသည်။

မြန်မာနိုင်ငံ ရေအရင်းအမြစ်များကဏ္ဍတွင် လစ်လပ်နေသော အုပ်တစ်ချပ်ကို ထည့်သွင်းပေးခြင်းဖြင့် ပြီးပြည့်စုံသော ရေအရင်းအမြစ် အဆောက်အအုံတစ်ခု ပေါ်ထွန်းလာမည်ဖြစ်သဖြင့် မြေအောက်ရေစီမံခန့်ခွဲမှုဥပဒေကို ကြိုဆိုလိုက်ရပါသည်။ ။

# တောင်ကုတ်မြို့၌ ကလေးစာပေပွဲတော် စည်ကားသိုက်မြိုက်စွာ ကျင်းပ

**တောင်ကုတ် ဇန်နဝါရီ ၁၀**

ရခိုင်ပြည်နယ်အစိုးရအဖွဲ့၏ ဦးဆောင်မှုဖြင့် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန၊ အခြေခံပညာဦးစီးဌာနနှင့် တောင်ကုတ်မြို့နယ် စီမံခန့်ခွဲရေးကော်မတီတို့ ပူးပေါင်းကျင်းပသော ကလေးစာပေပွဲတော်၊ စာအုပ်ပြပွဲနှင့် စာအုပ်ဈေးရောင်းပွဲကို ယနေ့ မွန်းလွဲပိုင်းက တောင်ကုတ်ဒီဂရီကောလိပ်တွင် စည်ကားသိုက်မြိုက်စွာ ကျင်းပသည်။

ကလေးစာပေပွဲတော်၊ စာအုပ်ပြပွဲနှင့် စာအုပ်ဈေးရောင်းပွဲကို ရခိုင်ပြည်နယ်ဝန်ကြီးချုပ် ဦးညီပု၊ ပြန်ကြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးအောင်လှထွန်း၊ ပြည်နယ်စည်ပင်သာယာရေးဝန်ကြီး ဦးဝင်းမြင့်၊ ပြည်နယ်လူမှုရေးဝန်ကြီး ဒေါက်တာချမ်းသာ၊ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဒေါ်နီနီမေမြင့်၊ တောင်ကုတ်ဒီဂရီကောလိပ် ကျောင်းအုပ်ကြီး ဒေါက်တာ သန်းထွဋ်လွင်နှင့် မြို့မိမြို့ဖ ဦးကျောက်တောင်တို့က ဖဲကြိုးဖြတ် ဖွင့်လှစ်ပေးကြပြီး ကျောင်းသား ကျောင်းသူလေးများနှင့်အတူ မှတ်တမ်းတင်ဓာတ်ပုံရိုက်ကြသည်။

ထို့နောက် အခမ်းအနားဒုတိယပိုင်းကို ကျင်းပရာ အမှတ် (၁) အခြေခံပညာအထက်တန်းကျောင်းမှ ကျောင်းသား ကျောင်းသူလေးများက Theme Song ကို သီဆိုသည်။

**ပြည်နယ်ဖွံ့ဖြိုးတိုးတက်ရေး ကြိုးပမ်း**

ယင်းနောက် ပြည်နယ်ဝန်ကြီးချုပ် ဦးညီပုက အဖွင့်အမှာစကား ပြောကြားရာတွင် ရခိုင်ပြည်နယ်၌ ကလေးစာပေပွဲတော်များကို ကျင်းပလာခဲ့သည်မှာ စစ်တွေ၊ ကျောက်ဖြူ၊ သံတွဲနှင့် ယခု တောင်ကုတ်မြို့အပါအဝင် (၄) ကြိမ်မြောက် ကျင်းပပေးနိုင်ခဲ့ပြီးဖြစ်ပါကြောင်း၊ ရခိုင်ပြည်နယ် ဖွံ့ဖြိုးတိုးတက်ရေးအတွက် ကဏ္ဍပေါင်းစုံမှ ကြိုးပမ်းဆောင်ရွက်လျက်ရှိပါကြောင်း၊ ယနေ့လူငယ်များသည် နောင်အနာဂတ်တွင် ရခိုင်ပြည်နယ်ကို ဦးဆောင်ဦးရွက်ပြုလာမည့် လူငယ်များဖြစ်ပါကြောင်း။




ပြည်နယ်ဝန်ကြီးချုပ် ဦးညီပု၊ ဒုတိယဝန်ကြီး ဦးအောင်လှထွန်းနှင့် ပြည်နယ်ဝန်ကြီးများ ကလေးစာပေပွဲတော်၊ စာအုပ်ပြပွဲနှင့် စာအုပ်ဈေးရောင်းပွဲ(တောင်ကုတ်)ဖွင့်ပွဲ အခမ်းအနားသို့ တက်ရောက်ကြသူများနှင့်အတူ စုပေါင်းမှတ်တမ်းတင်ဓာတ်ပုံရိုက်စဉ်။

**အသိပညာ ဗဟုသုတမြင့်မားအောင်**

ကလေးများသည် အဖြူရောင်ပန်းလေးများကဲ့သို့ အပြစ်ကင်းစင်ပြီးဖြစ်သဖြင့် ကလေးများ၏ ကိုယ်ရည်ကိုယ်သွေးနှင့် အသိပညာ ဗဟုသုတမြင့်မားအောင် ပြုစုပျိုးထောင်ပေးကြရမည် ဖြစ်ပါကြောင်း၊ ကလေးစာပေပွဲတော်ကို ကလေးငယ်များအား စာအုပ်စာပေတွင် နှစ်သက်မွေ့လျော်ကာ ရာသက်ပန် ပညာရှာမှီးသူများ ဖြစ်လာစေရေး၊ ကလေးစာပေပွဲတော်တွင် ပျော်ရွှင်စွာဆင်နွှဲရင်း စုပေါင်းပါဝင်ဆောင်ရွက်ရသည့် အလေ့အထကောင်းများ ရရှိစေရန်နှင့် ပညာဗဟုသုတများ၊ လူရည်လူသွေးပြည့်ဝ၍ အနာဂတ်တွင် တိုင်းပြည်အတွက် ဦးဆောင်ဦးရွက်ပြုနိုင်သူများ ဖြစ်လာစေရန် ရည်ရွယ်လျက် ကျင်းပပေးခြင်းဖြစ်ပါကြောင်း ပြောကြားသည်။

ဆက်လက်၍ ဒုတိယဝန်ကြီး ဦးအောင်လှထွန်းက အမှာစကားပြောကြားသည်။

**ယိမ်းအကဖြင့် ဖျော်ဖြေ**

ထို့နောက် မြို့မိမြို့ဖ ဦးကျောက်တောင်က ကျေးဇူးတင်စကား ပြောကြားပြီး တောင်ကုတ်ဒီဂရီကောလိပ်မှ ကျောင်းသား ကျောင်းသူလေးများက သမိုင်းထင်ရှား ရခိုင်သား ယိမ်းအကဖြင့် ဖျော်ဖြေခဲ့ကြသည်။

အခမ်းအနားအပြီးတွင် ပြည်နယ်ဝန်ကြီးချုပ်၊ ဒုတိယဝန်ကြီးနှင့်အဖွဲ့သည် ပြခန်းများ၊ စာအုပ်အရောင်းဆိုင်နှင့် ပြိုင်ပွဲဝင် ကျောင်းသား ကျောင်းသူလေးများအား လှည့်လည်ကြည့်ရှုအားပေးပြီး လက်ဆောင်ပစ္စည်းများ ချီးမြှင့်ပေးခဲ့သည်။

**သန့်ဇင် (ပြန်/ဆက်)**

# ဂျပန်ရုပ်ရှင်ပွဲတော် ရန်ကုန်မြို့တွင် ကျင်းပ

**ရန်ကုန် ဇန်နဝါရီ ၁၀**

ဂျပန်သံရုံးနှင့် ဂျပန်ဖောင်ဒေးရှင်းတို့မှ ကြီးမှူးကျင်းပသည့် ဂျပန်ရုပ်ရှင်ပွဲတော် ၂၀၁၉ – ၂၀၂၀ ကို ယနေ့ ညနေ ၆ နာရီက ရန်ကုန်မြို့ရှိ နေပြည်တော်ရုပ်ရှင်ရုံတွင် မြန်မာနိုင်ငံဆိုင်ရာ ဂျပန်သံအမတ်ကြီး မစ္စတာ အိချီရို မာရူယားမားနှင့် တာဝန်ရှိသူများ၊ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန၊ ရုပ်ရှင်မြှင့်တင်ရေးဌာနခွဲမှ ညွှန်ကြားရေးမှူး ဦးသိန်းနိုင်တို့ တက်ရောက်ပြီး "Masquerade Hotel" ဂျပန်ရုပ်ရှင်ဇာတ်ကားဖြင့် ဖွင့်လှစ်ပြသသည်။

ဖွင့်ပွဲအခမ်းအနားတွင် ဂျပန်သံအမတ်ကြီး မစ္စတာ အိချီရို မာရူယားမား က ယနေ့ ဂျပန်ရုပ်ရှင်ပွဲတော်သည် ဂျပန်-မြန်မာ ချစ်ကြည်ရေး အစွန့်ရှည်တည်တံ့ခိုင်မြဲမှုနှင့် ဂျပန်ရုပ်ရှင်များမှတစ်ဆင့် ဂျပန်လူမျိုးများနှင့် ပိုမိုနီးကပ်ရင်းနှီးလာစေရန်၊ ဂျပန်နိုင်ငံအကြောင်း ပိုမိုသိရှိနားလည်နိုင်စေရန် ဖြစ်ပါကြောင်း၊ ဂျပန်ရုပ်ရှင်ကားကောင်းများကို မြန်မာပြည်သူများ ပရိသတ်များအနေဖြင့် ကြိုက်နှစ်သက်မည် ထင်ပါကြောင်း ပြောကြားသည်။




ဂျပန်သံအမတ်ကြီး မစ္စတာ အိချီရို မာရူယားမား ဂျပန်ရုပ်ရှင်ပွဲတော် ၂၀၁၉ – ၂၀၂၀ တွင် အမှာစကားပြောကြားစဉ်။

ဂျပန် ရုပ်ရှင်ပွဲတော်ကို နေပြည်တော်ရုပ်ရှင်ရုံတွင် ဇန်နဝါရီ ၁၀ ရက်မှ ၁၉ ရက်အထိ လည်းကောင်း၊ JCGV ရုပ်ရှင်ရုံ(Junction City)တွင် ဇန်နဝါရီ ၁၁ ရက်နှင့် ၁၂ ရက်တို့တွင်လည်းကောင်း၊ မင်္ဂလာ (တာမွေ) ရုပ်ရှင်ရုံတွင် ၁၈ ရက်နှင့် ၁၉ ရက်တို့တွင် လည်းကောင်း ဂျပန်ရုပ်ရှင်ကား ၁၀ ကားဖြင့် ပြသမည်ဖြစ်ကြောင်း သိရသည်။

အဆိုပါ ဂျပန်ရုပ်ရှင်ပွဲတော်ကို နေပြည်တော်ရှိ အောင်သပြေရုပ်ရှင်ရုံ၌ ၂၀၁၉ ခုနှစ် ဒီဇင်ဘာ ၂၀ ရက်နှင့် ၂၁ ရက်တို့တွင် ကျင်းပခဲ့ပြီး ဆက်လက်၍ မန္တလေးမြို့ရှိ ဝင်းလိုက်ရုပ်ရှင်ရုံတွင် ဇန်နဝါရီ ၃၁ ရက်မှ ဖေဖော်ဝါရီ ၂ ရက်အထိ ကျင်းပရန်ရှိကြောင်း သိရသည်။

**ဟန်လင်းအောင်(FDC)**

# ပဥ္စမအကြိမ်မြောက် အစားအသောက်၊ ဆေးဝါး၊ ဆေးပစ္စည်းနှင့် အလှကုန်များဆိုင်ရာ လူထုအသိပညာပေးပြပွဲကျင်းပရေး သတင်းစာရှင်းလင်း

**နေပြည်တော် ဇန်နဝါရီ ၁၀**

ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန အစားအသောက်နှင့် ဆေးဝါးကွပ်ကဲရေးဦးစီးဌာန ပဥ္စမအကြိမ်မြောက် အစားအသောက်၊ ဆေးဝါး၊ ဆေးပစ္စည်းနှင့် အလှကုန်များဆိုင်ရာ လူထုအသိပညာပေးပြပွဲ ကျင်းပရေးအတွက် သတင်းစာရှင်းလင်းပွဲကို ယနေ့ မွန်းလွဲပိုင်းတွင် နေပြည်တော်ရှိ အစားအသောက်နှင့် ဆေးဝါးကွပ်ကဲရေးဦးစီးဌာန အစည်းအဝေးခန်းမ (၂) ၌ ကျင်းပသည်။ **(အောက်ပုံ)**

**ဝိုင်းဝန်းအကြံပြုဆွေးနွေး**

အခမ်းအနားတွင် အစားအသောက်နှင့် ဆေးဝါးကွပ်ကဲရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ပါမောက္ခ ဒေါက်တာခင်ဇော်က အမှာစကားပြောကြားပြီး စစ်ကိုင်းတိုင်းဒေသကြီး အစားအသောက်နှင့် ဆေးဝါးကွပ်ကဲရေးဦးစီးဌာနမှူး ဒေါက်တာထွန်းလင်းအောင်က ပဥ္စမအကြိမ်မြောက် အစားအသောက်၊ ဆေးဝါး၊ ဆေးပစ္စည်းနှင့် အလှကုန်များဆိုင်ရာ လူထုအသိပညာပေးပြပွဲ အစီအစဉ်များကို ရှင်းလင်းတင်ပြရာ သက်ဆိုင်ရာဌာနများမှ တာဝန်ရှိသူများက ပြပွဲကျင်းပရေးနှင့်စပ်လျဉ်း၍ ဝိုင်းဝန်းအကြံပြုဆွေးနွေးကြသည်။



ထို့နောက် တက်ရောက်လာကြသည့် သတင်းမီဒီယာများက ပြပွဲကျင်းပရေးနှင့်စပ်လျဉ်း၍ သိရှိလိုသည်များကို မေးမြန်းကြရာ အစားအသောက်နှင့် ဆေးဝါးကွပ်ကဲရေးဦးစီးဌာနမှ တာဝန်ရှိသူများက ပြန်လည်ရှင်းလင်းဖြေကြားကြသည်။

**ပြခန်းပေါင်း ၉၀ ကျော် ပြသထားမည်**

ပဥ္စမအကြိမ်မြောက် အစားအသောက်၊ ဆေးဝါး၊ ဆေးပစ္စည်းနှင့် အလှကုန်များဆိုင်ရာ လူထုအသိပညာပေးပြပွဲကို စစ်ကိုင်းတိုင်းဒေသကြီး မုံရွာမြို့ မြို့တော်ခန်းမတွင် ဇန်နဝါရီ ၂၄ ရက်နှင့် ၂၅ ရက်တို့တွင် ကျင်းပမည်ဖြစ်ပြီး ပြခန်းပေါင်း ၉၀ ကျော် ပြသထားမည်ဖြစ်ကြောင်း သိရသည်။

ထို့ပြင် FDA ထောက်ခံချက်ရယူလိုသူများ မေးမြန်းစုံစမ်းနိုင်ရန် Inquiry Centre တစ်ခုကို စီစဉ်ထားရှိမည်ဖြစ်ပြီး စားသောက်ကုန်များကို Screening Method (ကနဦးလျင်မြန်စစ်ဆေးခြင်း)ဖြင့် အစားအသောက်နမူနာများအား ဓာတ်ခွဲစမ်းသပ်စစ်ဆေးပေးခြင်းနှင့် နေ့ချင်းအဖြေထုတ်ပြန်ပေးခြင်းတို့ကိုလည်း ဆောင်ရွက်ပေးမည်ဖြစ်ကြောင်း သိရသည်။

**ဟိန်းမင်းစိုး**

## မှတ်သားဖွယ်ရာ မိုးရေချိန်များ

**နေပြည်တော် ဇန်နဝါရီ ၁၀**

မိုးလေဝသနှင့် ဇလဗေဒညွှန်ကြားမှုဦးစီးဌာန၏ ထုတ်ပြန်ချက်အရ မှတ်သားဖွယ်ရာ မိုးရေချိန်များမှာ တီးတိန်မြို့နှင့် တွန်းဇံမြို့တို့တွင် ၀ ဒသမ ၀၄ လက်မစီတို့ ဖြစ်ကြသည်။

**မြန်မာ့အလင်း**

# မယ်စကြဝဠာ အိမ်ထောင်ရှင်အလှမယ် သရဖူဆုရ မဟန်နီ ရန်ကုန်မြို့သို့ ပြန်လည်ရောက်ရှိ

ရန်ကုန် ဇန်နဝါရီ ၁၀

**တရုတ်နိုင်ငံတွင် အိမ်ရှင်အဖြစ် ဒီဇင်ဘာ ၃၀ ရက်က ကျင်းပသော (၄၂) ကြိမ်မြောက် မယ်စကြဝဠာ အိမ်ထောင်ရှင်အလှမယ် Mrs Universe 2019 ပြိုင်ပွဲကြီးတွင် ကမ္ဘာ့နိုင်ငံအသီးသီးမှ နိုင်ငံကိုယ်စားပြု အိမ်ထောင်ရှင်အလှမယ် ၉၀ ကျော် ဝင်ရောက်ယှဉ်ပြိုင်ကြရာ မြန်မာနိုင်ငံကိုယ်စားပြု အလှမယ် မဟန်နီက ပြိုင်ပွဲ၏အမြင့်ဆုံး Mrs Universe 2019 Winner ဆုကို ဆွတ်ခူးနိုင်ခဲ့ပြီး ယနေ့ ညနေပိုင်းတွင် ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်သို့ ရောက်ရှိလာကြောင်း သိရသည်။**



မယ်စကြဝဠာ အိမ်ထောင်ရှင်အလှမယ်ပြိုင်ပွဲ သရဖူဆုရ မဟန်နီအား ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်၌ ကြိုဆိုကြသူများနှင့်အတူ တွေ့ရစဉ်။ ဓာတ်ပုံ- တင်စိုး (မြန်မာ့အလင်း)

မြန်မာနိုင်ငံကိုယ်စားပြု အိမ်ထောင်ရှင်အလှမယ် မဟန်နီကို ချစ်သောပရိသတ်များ၊ Miss Golden Land Myanmar မှ တာဝန်ရှိသူများ၊ ကလေးငယ်လေးများနှင့် ပရိသတ်များက ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်တွင် ပန်းစည်းများကမ်းကာ ကြိုဆိုကြသည်။

"တကယ်ကို ရင်ထဲမှာ အတိုင်းမသိဝမ်းသာတယ်။ အားလုံးကလည်း နိုင်ငံကြီးတွေကပဲ ဝင်ရောက်ယှဉ်ပြိုင်တာဖြစ်လို့ ဒီဆုကြီးဆိုတာက ကျွန်မအနေနဲ့ ပြိုင်ပွဲမှာ မမျှော်မှန်းရဲတဲ့ ဆုတစ်ခုပါပဲ။ လိုချင်တာတော့ ရင်ထဲက အတိုင်းမသိလိုချင်တာပေါ့။ ဒီအပေါ်မှာ အခုလိုရခဲ့တယ်။ စင်မြင့်ပေါ်မှာ ကျွန်မတို့နိုင်ငံရဲ့အလံကို အောင်မြင်စွာ စိုက်ထူနိုင်ခဲ့တဲ့အတွက်ကြောင့် အိပ်မက်ကို တကယ် အကောင်အထည်ဖော်နိုင်တယ်ဆိုတာ အိမ်ထောင်ရှင်တစ်ယောက်အနေနဲ့ သက်သေပြနိုင်ခဲ့ပါတယ်။ အမျိုးသမီးတွေရဲ့ကိုယ်စား သူတို့ဘက်ကနေ အမြဲတမ်းရပ်တည်ပေးသွားပါမယ်။ အိမ်ရှင်မတစ်ယောက်ဖြစ်နေတဲ့အပေါ်မှာ ဒီကို လာရောက်ကြိုဆိုတဲ့အဖွဲ့တွေကိုရော၊ FB နဲ့ TV ဖန်သားပြင်ကနေ ကြည့်ရှုအားပေးနေတဲ့ ပရိသတ်ကြီးကိုရော အမြဲချစ်နေပါတယ်" ဟု အောင်ပွဲရအိမ်ထောင်ရှင် အလှမယ် Winner ဆုရှင် မဟန်နီက ပြောသည်။

ထိုပြိုင်ပွဲ၏ နိုင်ငံပေါင်း ၉၀ ကျော်မှ အလှမယ် ၉၀ ကျော်တွင် မြန်မာနိုင်ငံကိုယ်စားပြု အလှမယ် မဟန်နီက ပြိုင်ပွဲ၏အမြင့်ဆုံး Mrs Universe 2019 Winner ဆုကို ဆွတ်ခူးနိုင်သည့်အပြင် Personality အကောင်းဆုံးဆု၊ မြန်မာ့ရိုးရာရုပ်သေးအကဖြင့် Talent Winner ဆုတို့ကို ဆွတ်ခူးနိုင်ခဲ့ပြီး Sponsor Visit မှ ချီးမြှင့်သော Four Sea-nsons Beautiful Woman ဆုများကို ဆွတ်ခူးနိုင်ခဲ့ကြောင်း သိရသည်။

ထိုပြိုင်ပွဲကြီးတွင် First Runner Up ဆုကို ခရိုင်းမီးယားကရရှိပြီး Second Runner Up ဆုကို အိမ်ရှင်တရုတ်က ရရှိသွားကြောင်း သိရသည်။ အလှမယ် မဟန်နီသည် အသက် (၃၇) နှစ်ရှိပြီး သားသမီးသုံးယောက်မိခင် အိမ်ထောင်ရှင်အလှမယ်တစ်ဦးဖြစ်ကာ Miss Golden Land Myanmar Organization တွင် ဥက္ကဋ္ဌတာဝန်ယူထားသူတစ်ဦးဖြစ်ကြောင်း သိရသည်။

အိမ်ထောင်ရှင်အလှမယ် မဟန်နီသည် ပြီးခဲ့သည့် ၂၀၁၈ ခုနှစ်တွင် Miss Golden Land Myanmar က ကြီးမှူးကျင်းပသော အိမ်ထောင်ရှင်အလှမယ်ပြိုင်ပွဲတွင် နိုင်ငံကိုယ်စားပြု Winner ဆုရရှိထားသူဖြစ်ကြောင်း သိရသည်။

**အာကာလင်း**




* *ကျော့ဖုံးမှ*

ရှမ်းယူနိုက်တက်အသင်းသည် နိုင်ငံခြားသားကစားသမား သုံးဦးအပါအဝင် အမာခံကစားသမားအများစုဖြင့် ပွဲထွက်ခဲ့ပြီး ချာရတီဖလားပြိုင်ပွဲတွင် ရန်ကုန်အသင်းကို အနိုင်ရခဲ့သည့်လူစာရင်းမှ တစ်ဦးသာ ပြောင်းလဲခဲ့သည်။ အား/ကာသိပ္ပံအသင်းမှာမူ လူငယ်လက်ရွေးစင်အဆင့်ရှိသည့် ကစားသမားများကို အခြေခံကာ ပွဲထွက်ခဲ့သော်လည်း MNL ထိပ်သီးကလပ် ရှမ်းယူနိုက်တက်အသင်းကို ယှဉ်ကစားနိုင်ခြင်းမရှိခဲ့ဘဲ ပေးဂိုးနည်းရန်သာ ခံစစ်ကို ဦးစားပေးကစားခဲ့သည်။ ရှမ်းယူနိုက်တက်အသင်းသည် ပထမပိုင်းတွင် တစ်ဖက်သတ်နီးပါး ဖိကစားနိုင်သော်လည်း ဂိုးရရန် ဖန်တီးပေးမှု၌ အားနည်းနေသည့်အပြင် တစ်ဦးချင်းကစားပုံများမှာလည်း လိုအပ်ချက်များနေသောကြောင့် ပထမပိုင်းတွင် ဂိုးမရဘဲ ဂိုးမရှိသရေကျနေသည်။ ဒုတိယပိုင်းတွင် ရှမ်းယူနိုက်တက်အသင်းက ကစားသမားများအပြောင်းအလဲပြုလုပ်ကာ တိုက်စစ်မြှင့်ခဲ့ပြီး ရန်နိုင်ဦးနှင့် နန္ဒကျော်တို့ ဝင်လာပြီးနောက်ပိုင်းတွင် တောင်ပံတိုက်စစ် ပိုမိုထိရောက်ခဲ့သည်။ ရှမ်းယူနိုက်တက်အသင်းသည် ဒုတိယပိုင်းတွင် ဂိုးရနိုင်သည့် အခွင့်အရေးများစွာ ရခဲ့သော်လည်း တစ်ဂိုးသာရခဲ့ပြီး ၆၂ မိနစ်တွင် တိုက်စစ်မှူး ကိသ်မာတူနာက သွင်းယူခဲ့ခြင်းဖြစ်သည်။ ထောင့်ကန်ဘောမှတစ်ဆင့် ရဲမင်းသူ ခေါင်းတိုက်သွင်းရာ ဘားထိထွက်လာသည့်ဘောလုံးကို ကိသ်မာတူနာက ပိတ်သွင်းယူခဲ့ခြင်းဖြစ်သည်။ အား/ကာသိပ္ပံအသင်းသည် ဒုတိယပိုင်းတွင် ဂိုးပေါက်ခြိမ်းခြောက်မှု အချို့ပြုလုပ်နိုင်သော်လည်း ချေပဂိုးရအောင် စွမ်းဆောင်နိုင်ခြင်းမရှိသောကြောင့် အဖွင့်ပွဲတွင် ရှုံးပွဲကြုံတွေ့ခဲ့သည်။

ပွဲစဉ် (၁) ဒုတိယနေ့ကို ဇန်နဝါရီ ၁၁ ရက် **(ယနေ့)** တွင် ဆက်လက်ကျင်းပမည်ဖြစ်ပြီး သုဝဏ္ဏကွင်း၌ ဖွဲကပင်အသင်းနှင့် ရတနာပုံအသင်း၊ ပုသိမ်ကွင်း၌ ဧရာဝတီအသင်းနှင့် မကွေးအသင်းတို့ ယှဉ်ပြိုင်ကစားမည်ဖြစ်သည်။

**ညီမြတ်သော်တာ**

* *ကျော့ဖုံးမှ*

MFF ယူ-၁၉ အသင်းက ၁၆ မှတ်၊ Do Do Ko Ko အသင်းက ၁၂ မှတ်၊ Dream Team နှင့် လက်ဝဲသုန္ဒရအသင်းတို့က ခြောက်မှတ်စီ၊ ဖူဆယ်ချစ်သူအသင်းက လေးမှတ်၊ AMM Brothers အသင်းက တစ်မှတ် ရရှိထားသည်။

ယနေ့ကစားမည့်ဒုတိယအကျော့ အဖွင့်ပွဲတွင် MIU နှင့် VUC အသင်းတို့မှ ကစားသမားအချို့ ပွဲပယ်ပြစ်ဒဏ်ကြောင့် လွဲချော်မည်ဖြစ်ပြီး ပထမအကျော့ နောက်ဆုံးပွဲတွင် ဖြစ်ပေါ်ခဲ့သည့် အချင်းများမှုကြောင့် မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ် စည်းကမ်းထိန်းသိမ်းရေးကော်မတီက ကစားသမားအချို့နှင့် နည်းပြအချို့ကို ပွဲပယ်နှင့် ဒဏ်ကြေးငွေများ ချမှတ်ခဲ့သည်။

**ရဲရင့်ရှိုင်း**

❍ *ကျော့ဖုံးမှ*

ဆက်လက်တာဝန်ပေးထားပြီး ၂၀၁၉ ခုနှစ်က ဖွဲ့စည်းခဲ့သည့် ယူ-၁၉ အသင်းကို အခြေခံဖွဲ့စည်းမည်ဖြစ်သည်။

**အသက်မီကစားသမား**

ယင်းအသင်းသည် အသက် ၁၉ နှစ်အောက်ဖြစ်သော်လည်း ကစားသမားအများစုမှာ ၁၆ နှစ်ဝန်းကျင်သာရှိသေးပြီး အသက်မမီသည့်ကစားသမားများကို ပြန်လည်စေလွှတ်ကာ အသက်မီသည့် ကစားသမားများဖြင့် ဖွဲ့စည်းမည်ဖြစ်သည်။

အာဆီယံ ဘောလုံးအဖွဲ့ချုပ်သည် ယခုနှစ် အာဆီယံ ယူ-၁၉ အမျိုးသမီးပြိုင်ပွဲကို ယူ-၁၈ ပြိုင်ပွဲအဖြစ် ပြောင်းလဲကျင်းပမည်ဖြစ်ပြီး မြန်မာအသင်းအနေဖြင့် အသက်မီသည့် ကစားသမားများ ပြန်လည်ရွေးချယ်ကာ စခန်းဝင်လေ့ကျင့်သွားမည်ဖြစ်သည်။

အာဆီယံ ဘောလုံးအဖွဲ့ချုပ်သည် အာဆီယံ ယူ-၁၉ အမျိုးသမီးပြိုင်ပွဲကို ၂၀၁၄ ခုနှစ်က တစ်ကြိမ်သာ ကျင်းပခဲ့ဖူးပြီး ခြောက်နှစ်အကြာမှ တစ်ကျော့ပြန်ကျင်းပခြင်းဖြစ်သည်။

**အင်ဒိုနီးရှားနိုင်ငံ၌ကျင်းပမည်**

၂၀၂၀ အာဆီယံ ယူ-၁၈ အမျိုးသမီးပြိုင်ပွဲကို စက်တင်ဘာလတွင် အင်ဒိုနီးရှားနိုင်ငံ၌ ကျင်းပမည်ဖြစ်သည်။ မြန်မာလူငယ်အမျိုးသမီးအသင်းသည် ၂၀၁၉ ခုနှစ်တွင် အာရှခြေစစ်ပွဲ အောင်မြင်အောင် စွမ်းဆောင်နိုင်ခဲ့သည့်အသင်းလည်းဖြစ်သည်။

**ညီမြတ်သော်တာ**

# ပထမအဆင့် လက်ရည်စစ် စစ်တုရင်ပြိုင်ပွဲ ကျင်းပ

**ရန်ကုန် ဇန်နဝါရီ ၁၀**

မြန်မာနိုင်ငံ စစ်တုရင်အဖွဲ့ချုပ်က ကြီးမှူးကျင်းပသော ပထမအဆင့် လက်ရည်စစ် စစ်တုရင်ပြိုင်ပွဲကို ဇန်နဝါရီ ၉ ရက်က ရန်ကုန်မြို့ အောင်ဆန်းအားကစားပြိုင်ဝင်း မိုးလုံလေလုံ၌ ကျင်းပသည်။

အဆိုပါပြိုင်ပွဲကို အမျိုးသားတစ်ဦးချင်း ကိုးချီ ဆွစ်စနစ် (9Round Swiss System) ဖြင့် ယှဉ်ပြိုင်ကစားကြသည်။



**မြန်မာပြည်ချန်ပီယံ**

"ဒီပြိုင်ပွဲကနေ အမျိုးသားတံခွန်စိုက်ပြိုင်ပွဲအတွက် လက်ရည်စစ်ပြိုင်ပွဲ လုပ်ပေးတာ ဖြစ်ပါတယ်။ အမျိုးသား တံခွန်စိုက်ပြိုင်ပွဲက လူတိုင်းဝင်ထိုးလို့ မရပါဘူး။ ဒုတိယအဆင့်မှာ ၁၂ ယောက်ရွေးပြီး မနှစ်က မြန်မာ့လက်ရွေးစင်လေးဦးနဲ့ အမျိုးသားတံခွန်စိုက်ပြိုင်ပွဲ ကျင်းပမယ်။ ပထမရတဲ့သူက မြန်မာပြည်ချန်ပီယံဖြစ်မှာပါ" ဟု အတွင်းရေးမှူး ဦးမျိုးဇော်မင်းက ပြောသည်။

**ဇန်နဝါရီ ၁၄ ရက်အထိ ကျင်းပမည်**

ယင်းပြိုင်ပွဲတွင် ရန်ကုန်တိုင်းဒေသကြီးအတွင်း အလွတ်တန်းကစားသမား ၉၆ ဦး ဝင်ရောက်ယှဉ်ပြိုင်ကြပြီး ပြိုင်ပွဲကို ဇန်နဝါရီ ၁၄ ရက်အထိ ကျင်းပမည်ဖြစ်ကြောင်း သိရသည်။

**အေကေလင်း**



ကော့မှူးမြို့နယ် ဝါးဘလောက်သောက်ရဲကင်းစခန်းမှူး ဒုရဲအုပ် အောင်စိုးသူက ဇန်နဝါရီ ၁၀ ရက်တွင် တာတိုက်ကျေးရွာပြည်သူများအား သက်ငယ်မုဒိမ်းမှုမဖြစ်ပွားစေရေး၊ မူးယစ်အန္တရာယ်နှင့် ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းတို့ကို ပညာပေးဟောပြောစဉ်။

ကိုရဲ

## မြန်မာ့ရုပ်မြင်သံကြား

၁၁-၁-၂၀၂၀ (စနေနေ့)

**နံနက်ပိုင်း**

၆:၀၀ - တောင်တန်းသာသနာပြု ဆရာတော်ကြီး၏ ပရိတ်တရားတော်
၇:၀၀ - Breakfast News
၇:၃၅ - Weekly Sport Info
၈:၄၀ - "အမျိုးသားလွှတ်တော် ကိုယ်စားလှယ်ဦးဂျေယောဂူ နှင့် တွေ့ဆုံမေးမြန်းခန်း"
၉:၁၅ - "Mingalabar English" သင်ခန်းစာအစီအစဉ် (အပိုင်း-၈)
၁၀:၃၅ - လုံမမှတ်စု(၁၂၁)
၁၂:၃၅ - "ဘင်း(မ်)ကေဦဒ့်(ခ်)နီပေါ သံအမတ်ကြီးနှင့် တွေ့ဆုံမေးမြန်းခန်း"
၁၂:၅၀ - နိုင်ငံခြားဇာတ်လမ်းတွဲ "အချစ်စစ်ဆိုသည်မှာ" (အပိုင်း- ၂၇)
၁၅:၁၀ - "ရွှေရောင်နေ့သစ်များဆီသို့"

**ညပိုင်း**

၁၆:၃၅ - "အဏ္ဏဝါရဲ့သဘာဝကမ္ဘာ"
၁၇:၀၅ - ရှုဖွယ်စုံလင်အာဆီယံ အစီအစဉ်
၁၇:၂၅ - NHK အစီအစဉ်"Project X: Innovators" (စူးအက်တူးမြောင်းချဲ့ထွင်တူးဖော်နေစဉ် ပြင်းထန်စွာ ပေါက်ကွဲခြင်း) (ပထမပိုင်း)
၁၈:၂၅ - MRTV Travelogue (သဘာဝရဲ့အလှတရားများဆီသို့)(အပိုင်း-၂)
၂၀:၀၀ - ပြည်တွင်းသတင်း နိုင်ငံတကာသတင်း မိုးလေဝသအခြေအနေ
၂၀:၃၅ - ရာဇဝင်ထဲကသမိုင်းအနုပညာ "ရှင်သန်နေဆဲဒြပ်မဲ့ယဉ်ကျေးမှုများ" (ရွှေဆိုင်းလုပ်ငန်း)
- ဟိုးတုန်းက ရေဒီယို အသံလွှင့်ဇာတ်လမ်းများ "အခက်ရယ်ကကျော့သူဇာ"

## တာချီလိတ်၊ သိန္နီနှင့် မူဆယ်မြို့နယ်တို့တွင် မူးယစ်ဆေးဝါးများဖမ်းဆီးရမိ



နော်ဆိုင်းအား ဖမ်းဆီးရမိသည့် မူးယစ်ဆေးဝါးများနှင့်အတူ တွေ့ရစဉ်။

**နေပြည်တော် ဇန်နဝါရီ ၁၀**

မူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေး ရဲတပ်ဖွဲ့မှ တပ်ဖွဲ့ဝင်များ ပါဝင်သော ပူးပေါင်းအဖွဲ့သည် ဇန်နဝါရီ ၉ ရက် နံနက်ပိုင်းက တာချီလိတ်မြို့နယ် လွယ်တော်ခမ်းကျေးရွာရှိ ပူးပေါင်းစစ်ဆေးရေးဂိတ်အနီး၊ မိုင်းဆတ်-တာချီလိတ်ကားလမ်းတွင် လီဆော် မောင်းနှင်ပြီး အားဆားလိုက်ပါလာသည့် ဆိုင်ကယ်ကို ရပ်တန့်ရှာဖွေရာ စိတ်ကြွရူးသွပ်ဆေးပြား ၄၀၀၀ ကို သိမ်းဆည်းရမိခဲ့သည်။

အလားတူ ယင်းနေ့ မွန်းလွဲ ၂ နာရီက မူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေးရဲတပ်ဖွဲ့မှ တပ်ဖွဲ့ဝင်များ ပါဝင်သောပူးပေါင်းအဖွဲ့သည် သိန္နီမြို့အဝင် အိုရီယမ်တယ်တိုးဂိတ်အနီး မူဆယ် - မန္တလေးကားလမ်းတွင် ပရိုဘောက်အမျိုးအစား ခရီးသည်တင်မော်တော်ယာဉ်ကို ရပ်တန့်ရှာဖွေရာ ယာဉ်ပေါ်တွင်လိုက်ပါလာသည့် ရှိန်ဝမ်၏ ခရီးဆောင်အိတ်အတွင်းမှ ဘိန်းဆီခဲ ၇ ဒသမ ၆ ကီလို၊ ငွေကျပ် ၇၀၀၀၀ နှင့် ဖုန်းတစ်လုံးတို့ကို လည်းကောင်း၊ ထို့အတူ ယင်းနေ့ ညနေ ၄နာရီက မူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေး ရဲတပ်ဖွဲ့မှ တပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် မူဆယ်မြို့နယ် ပန်ခမ်းကျေးရွာ လွယ်ဆုတောင်းစေတီအနီး မူဆယ်- နမ့်ခမ်း ကားလမ်းတွင် နော်ဆိုင်း မောင်းနှင်လာသော မော်တော်ယာဉ်ကို ရပ်တန့်ရှာဖွေရာ ကာလတန်ဖိုးငွေကျပ် ၄၀၈၆ တန်ဖိုးရှိ စိတ်ကြွရူးသွပ်ဆေးပြား ၂၄၆၀၀၀ ၊ ဘိန်းဖြူ ၁ ဒသမ ၉၈ ကီလိုနှင့် ဖုန်းတစ်လုံးတို့ကို လည်းကောင်း သိမ်းဆည်းရမိခဲ့သဖြင့် ၎င်းတို့ကို စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများဆိုင်ရာ ဥပဒေအရ အရေးယူထားကြောင်း သိရသည်။

ရဲပြန်ကြား

## ရမည်းသင်း၌ ယမ်းမှုန့် ၆၄ ပိဿာခန့်၊ ပိုတက်ဆီယမ်ကလိုရိုက်အမှုန့် ပိဿာ ၆၀ ခန့်၊ ယမ်းကြိုးခွေနှင့် ကက်သီး ၁၀၀ သိမ်းဆည်းရမိ

**နေပြည်တော် ဇန်နဝါရီ ၁၀**

မန္တလေးတိုင်းဒေသကြီး ရမည်းသင်းခရိုင် ရဲတပ်ဖွဲ့မှ တပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် ဇန်နဝါရီ ၉ ရက် နံနက် ၁၀ နာရီခွဲက ရမည်းသင်း-သိမ်ကုန်းကားလမ်း သိမ်ကုန်းကျေးရွာအနီး၌ ရမည်းသင်းမြို့ ကျောင်းတိုက်စု ရပ်ကွက်နေ ရဲကို(ခ)စန်းထက်(၂၈ နှစ်) မောင်းနှင်လာသော ဆိုင်ကယ်အား ရပ်တန့်စစ်ဆေးရာ အလေးချိန် ၁၂ ပိဿာခန့်ရှိ ယမ်းမှုန့် တစ် အိတ်၊ ယမ်းကြိုးခွေတစ်ခွေ(အလေးချိန် ၅၅ ကျပ်သားခန့်)နှင့် ကက်သီး ၁၀၀ တို့အား သိမ်းဆည်းရမိခဲ့သည်။ ၎င်းအားစစ်မေးရာ အဆိုပါပစ္စည်းများအား မိုးထိမိုးမိဒေသရှိ ရွှေတောသို့ သွားရောက်ရောင်းချရန် ရမည်းသင်းမြို့ သီလဝ(၂)ရပ်ကွက်နေ "ပါရမီ" ပွဲခွဲ၊ ဆီစက်ပိုင်ရှင် မင်းမင်းစိုး (၃၇နှစ်) ထံမှ ရရှိခြင်းဖြစ်ကြောင်း သိရသဖြင့် ၎င်းတို့နှစ်ဦးကို ရမည်းသင်းမြို့မရဲစခန်းက အမှုဖွင့်အရေးယူခဲ့သည်။

ဆက်လက်၍ ပူးပေါင်းအဖွဲ့သည် မင်းမင်းစိုး၏ "ပါရမီ"ပဲခွဲ၊ ဆီစက်သို့ ဝင်ရောက်ရှာဖွေရာ အဆိုပါဆိုင်ရှေ့တွင် ရပ်တန့်ထားသော 9P/---- ခြောက်ဘီးယာဉ်မှာ မောင်းနှင်ထွက်ပြေးသွားသဖြင့် လိုက်လံဖမ်းဆီးရာ ဝါတိုးရပ်ကွက်အနီးရှိ ကြေးနီကန်ပေါင်ပေါ်၌ ယာဉ်ကို ရပ်တန့်ထားခဲ့ပြီး ယာဉ်မောင်းမှာ ထွက်ပြေးသွားကြောင်း၊ အဆိုပါယာဉ်အား စစ်ဆေးရာ အလေးချိန် ၁၂ ပိဿာခန့်ရှိ ယမ်းမှုန့် လေးအိတ်၊ အလေးချိန် လေးပိဿာခန့်ရှိ ယမ်းမှုန့်တစ်အိတ်နှင့် အလေးချိန် ပိဿာ ၃၀ ခန့်ရှိ ပိုတက်ဆီယမ်ကလိုရိုက် အမှုန့် နှစ်အိတ်တို့အား ထပ်မံသိမ်းဆည်းရမိခဲ့သည်။

မင်းမင်းစိုးအား စစ်မေးရာ ယာဉ်မောင်းမှာ သန်းနိုင်အောင်ဖြစ်ကြောင်း သိရှိရသဖြင့် မင်းမင်းစိုးနှင့် သန်းနိုင်အောင်တို့ နှစ်ဦးအား အမှုဖွင့်ထားပြီး သန်းနိုင်အောင်အား ဖမ်းဆီးရမိရေး ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

ရဲပြန်ကြား

## စစ်ကိုင်းတိုင်းဒေသကြီးတွင် ၂၀၁၉ ခုနှစ်အတွင်း မီးလောင်မှု ၂၀၃ ကြိမ်ဖြစ်ပွားခဲ့

**မုံရွာ ဇန်နဝါရီ ၁၀**

စစ်ကိုင်းတိုင်းဒေသကြီးတွင် ၂၀၁၉ ခုနှစ်အတွင်းက မီးလောင်မှု ၂၀၃ ကြိမ် ဖြစ်ပွားခဲ့ရာ ငွေကျပ် ၂၂၉၁၇၄၆၀၀ ဆုံးရှုံးခဲ့ကြောင်း စစ်ကိုင်းတိုင်းဒေသကြီး မီးသတ်ဦးစီးဌာနမှ တိုင်းဒေသကြီးဦးစီးမှူး ဦးမင်းစမ်းအေးထံမှ သိရသည်။

မီးလောင်မှု ၂၀၃ ကြိမ်တွင် မီးဖိုမီး ၄၅ ကြိမ်၊ ပေါ့ဆမီး ၅၁ ကြိမ်၊ လျှပ်စစ်မီး၅၆ ကြိမ်၊ ရှို့မီး ၃၃ ကြိမ်၊ အလိုအလျောက်မီး လေးကြိမ်၊ တောမီး ၁၃ ကြိမ် ၊ မိုးကြိုးမီး တစ်ကြိမ်ရှိခဲ့ကြောင်း သိရသည်။

ခရိုင်အလိုက်ဖြစ်ပွားမှုအနေဖြင့် မုံရွာခရိုင်အတွင်း ၅၆ ကြိမ်ဖြစ်ပွားခဲ့ပြီး ဆုံးရှုံးမှုအနေဖြင့် ငွေကျပ် ၁၁၃၄၃၅၇၀၀ ၊ စစ်ကိုင်းခရိုင်အတွင်း ၂၇ ကြိမ်ဖြစ်ပွားခဲ့ပြီး ဆုံးရှုံးမှုအနေဖြင့် ငွေကျပ် ၁၀၉၆၅၅၀၀ ၊ ရွှေဘိုခရိုင်အတွင်း ၃၆ ကြိမ်ဖြစ်ပွားခဲ့ပြီး ဆုံးရှုံးမှုအနေဖြင့် ငွေကျပ် ၄၁၁၈၄၂၀၀၊ ကသာခရိုင်အတွင်း အကြိမ် ၂၀ ဖြစ်ပွားခဲ့ပြီး ဆုံးရှုံးမှုအနေဖြင့် ငွေကျပ် ၃၂၇၂၄၃၀၀ ၊ ယင်းမာပင်ခရိုင်အတွင်း ၂၃ ကြိမ် ဖြစ်ပွားခဲ့ပြီး ဆုံးရှုံးမှုအနေဖြင့် ငွေကျပ် ၄၇၆၈၅၀၀ ၊ ကလေးခရိုင်အတွင်း ၁၆ ကြိမ်ဖြစ်ပွားခဲ့ပြီး ဆုံးရှုံးမှုအနေဖြင့် ငွေကျပ် ၁၇၇၂၀၀၀၀၊ တမူးခရိုင်အတွင်း သုံးကြိမ်ဖြစ်ပွားခဲ့ပြီး ဆုံးရှုံးမှုအနေဖြင့် ငွေကျပ် ၆၁၀၉၀၀ ၊ မော်လိုက်ခရိုင်အတွင်း လေးကြိမ်ဖြစ်ပွားခဲ့ပြီး ဆုံးရှုံးမှုအနေဖြင့် ငွေကျပ် ၃၂၈၀၀၀ ၊ ခန္တီးခရိုင်အတွင်း ၁၁ ကြိမ်ဖြစ်ပွားခဲ့ပြီး ဆုံးရှုံးမှုအနေဖြင့် ငွေကျပ် ၃၉၆၅၀၀၀ ၊ ကန့်ဘလူခရိုင်အတွင်း ခုနစ်ကြိမ် ဖြစ်ပွားခဲ့ပြီး ဆုံးရှုံးမှုအနေဖြင့် ငွေကျပ် ၃၄၇၂၅၀၀ ရှိခဲ့ကြောင်း စစ်ကိုင်းတိုင်းဒေသကြီး မီးသတ်ဦးစီးဌာန၏ မှတ်တမ်းများအရ သိရသည်။

ဝင်းဦး(ဇေယျာတိုင်း)

## ဝေါမြို့၌ မီးကြွင်းမီးကျန်မှတစ်ဆင့် နေအိမ်ငါးလုံးမီးလောင်မှုဖြစ်

**ဝေါ ဇန်နဝါရီ ၁၀**

ပဲခူးတိုင်းဒေသကြီး ဝေါမြို့ အေးချမ်းသာယာရပ်ကွက် အောင်မင်္ဂလာလမ်း(၂) လမ်းနေ ဒေါ်ခင်အုန်း၏နေအိမ်၌ ဇန်နဝါရီ ၉ ရက် ညနေ ၄ နာရီ မိနစ် ၅၀ က မီးကြွင်းမီးကျန်မှတစ်ဆင့် မီးလောင်မှုဖြစ်ပွားကြောင်း သိရသည်။

အဆိုပါမီးလောင်ရာသို့ မြို့နယ်ဒုတိယအုပ်ချုပ်ရေးမှူး ဦးကျော်စိုးဦးနှင့်ရပ်ကွက်အုပ်ချုပ်ရေးမှူးများ၊ မြို့နယ်ရဲတပ်ဖွဲ့မှူးနှင့် ရဲတပ်ဖွဲ့ဝင်များ၊ ဝေါမြို့နယ် မီးသတ်စခန်းမှ မီးသတ်ဦးစီးမှူး ဦးသိန်းထွန်းနှင့် မီးသတ်တပ်ဖွဲ့ဝင်များနှင့် ဒေသခံပြည်သူများ ပူးပေါင်းငြိမ်းသတ်မှုဖြင့် ညနေ ၅ နာရီ မိနစ် ၂၀ ခန့်တွင် မီးငြိမ်းသွားခဲ့သည်။ မီးလောင်မှုနှင့်ပတ်သက်၍ ဝေါမြို့မ ရဲစခန်းက အမှုဖွင့်အရေးယူဆောင်ရွက်လျက်ကြောင်း သိရသည်။

အောင်မြတ်လင်း(ပြန်/ဆက်)

## MRTV Channel အား SD စနစ်မှ HD စနစ်သို့ ပြောင်းလဲထုတ်လွှင့်သွားမည်

၁။ မြန်မာ့ရုပ်မြင်သံကြားကြည့် ပရိသတ်များ အရုပ်/အသံအရည်အသွေး ပိုမိုကြည်လင်စွာ ကြည့်ရှုနိုင်ရန်အတွက် MRTV Channel အား ပုံမှန်ထုတ်လွှင့်နေသော Standard Definition (SD)စနစ်အပြင် High Definition (HD) စနစ်ကိုပါ တွဲဖက်၍ (၁၅-၁-၂၀၂၀) ရက်နေ့မှ စတင်စမ်းသပ်ထုတ်လွှင့်သွားမည်ဖြစ်ပြီး မြန်မာ့အသံနှင့် ရုပ်မြင်သံကြား၏ (၇၄)နှစ်မြောက် နှစ်ပတ်လည်နေ့ဖြစ်သည့် (၁၅-၂-၂၀၂၀) ရက်နေ့မှစတင်၍ HD စနစ်တစ်မျိုးတည်းဖြင့်သာ ပြောင်းလဲထုတ်လွှင့်သွားမည် ဖြစ်ပါသည်။

၂။ ထိုသို့ HD စနစ်သို့ အဆင့်မြှင့်တင်ပြောင်းလဲထုတ်လွှင့်မှုများသည် အရုပ်/အသံအရည်အသွေးကောင်းမွန်ရေးကို ရှေးရှုဆောင်ရွက်ခြင်းဖြစ်ပြီး Digital စနစ်ဖြင့် ဖမ်းယူကြည့်ရှုနေကြသည့် ရုပ်မြင်သံကြားဖမ်းစက်များအနေဖြင့် HD အရည်အသွေးအတိုင်း ဖမ်းယူကြည့်ရှုနိုင်မည် ဖြစ်ပါသည်။

၃။ Analogue စနစ်ဖြင့် ဖမ်းယူကြည့်ရှုနေသော TV များတွင်မူ မည်သည့်ချိန်ညှိမှုကိုမှ ပြုလုပ်ရန်မလိုအပ်ဘဲ ယခင်အတိုင်း ဆက်လက်ဖမ်းယူကြည့်ရှုနိုင်မည်ဖြစ်ပါသည်။

၄။ မြန်မာ့ရုပ်မြင်သံကြား ပရိသတ်များအနေဖြင့် MRTV Channel အား HD စနစ်သို့ အဆင့်မြှင့်တင်ကြည့်ရှုနိုင်ရန် DVB-T2 Set-top Box (သို့မဟုတ်) DVB-T2 Tuner ပါရှိသော LCD/LED TV များအား Auto Tuning ပြန်လည်ပြုလုပ်ခြင်းဖြင့် ရုပ်/သံအရည်အသွေးကောင်းမွန်စွာ ဖမ်းယူကြည့်ရှုနိုင်မည်ဖြစ်ပါသည်။

(က) DVB-T2 Set-top Box ဖြင့် ဖမ်းယူပါက

Menu မှ Channel Search ကို ရွေးပြီး Auto Search သို့ သွား၍ OK နှိပ်ပါ။

**Menu ⟶ Channel Search ⟶ Auto Search ⟶ OK**

(ခ) DVB-T2 Tuner ပါရှိသော LCD / LED Flat TV များဖြင့် ဖမ်းယူကြည့်ရှုပါက

Menu မှ Channel ကိုသွားပြီး Tuner Type တွင် Antenna ကိုရွေး၍ OK နှိပ်ပါ။ ပြီးလျှင် Auto Scan ကိုနှိပ်ပါ။ Country တွင် (Myanmar) နှင့် Mode တွင် ( DTV+ ATV ) တို့ကိုရွေးချယ်၍ Start သို့ သွားပြီး OK နှိပ်ပါ။

**Menu ⟶ Channel ⟶ Tuner Type ⟶ Antenna**
**Auto Scan ⟶ Country (Myanmar) ⟶ Mode (DTV+ATV) ⟶**
**Start ⟶ OK**

(ဂ) Analogue TV (Tube) ကို Set-top Box နှင့် ချိတ်ဆက်ကြည့်ရှုပါက ရုပ်ပုံအရွယ်အစား ချိန်ညှိရန်အတွက်

Set-top Box ၏ Menu မှ Picture ကိုနှိပ်ပြီး Aspect Ratio မှ 16:9 Wide Screen ကိုရွေး၍ OK နှိပ်ပါ။

**Menu ⟶ Picture ⟶ Aspect Ratio ⟶ 16:9 Wide Screen ⟶ OK**

၅။ ဖမ်းယူချိန်ညှိပြီးပါကChannel Box တွင် အောက်ပါအစီအစဉ်အတိုင်းChannel များကို ဖမ်းယူရရှိမည်ဖြစ်ပါသည်-

| | | | |
|---|---|---|---|
| (1) | MRTV-HD | (12) | MNTV |
| (2) | MRTV-SD | (13) | Channel-9 |
| (3) | MRTV Hluttaw | (14) | Mizzima |
| (4) | MRTV NRC | (15) | DVB |
| (5) | MRTV Farmer | (16) | Channel K |
| (6) | MRTV Sport | (17) | YTV |
| (7) | MRTV Entertainment | (18) | Fortune |
| (8) | MI | (19) | Myanma Radio |
| (9) | MRTV-4 | (20) | Upper TineyinThar |
| (10) | Channel-7 | (21) | Lower TineyinThar |
| (11) | 5- Plus | | |

၆။ အထက်အပိုဒ် ၅ ပါ ဒီဂျစ်တယ်ရုပ်သံလိုင်းများအား ဖမ်းယူကြည့်ရှုနေသူများအနေဖြင့်လည်း(၁၅-၁-၂၀၂၀) ရက်နေ့မှစတင်၍ အထက်အပိုဒ် ၄ ပါ အစီအစဉ်များအတိုင်း Auto Tuning ပြန်လည်ပြုလုပ်ရန် လိုအပ်မည်ဖြစ်ပါသည်။

၇။ မြန်မာ့ရုပ်မြင်သံကြားကြည့် ပရိသတ်များအနေဖြင့် ထိုသို့ ဖမ်းယူကြည့်ရှုရာတွင် အဆင်မပြေမှုတစ်စုံတစ်ရာရှိပါက အောက်ဖော်ပြပါ ဖုန်းနံပါတ်များသို့ ဆက်သွယ်စုံစမ်းမေးမြန်းနိုင်ပါကြောင်း အသိပေးအပ်ပါသည်-

(က) 9 Meter Earthstation (တပ်ကုန်း ၊ ရုံးချုပ်) ဖုန်း၊ ၀၉-၄၀၈၀၈၂၀၉၀
(ခ) 9 Meter Earthstation (ရန်ကုန် ၊ ပြည်လမ်း) ဖုန်း၊ ၀၉-၄၀၈၀၈၂၀၈၀

မြန်မာ့အသံနှင့်ရုပ်မြင်သံကြား

# သြစတြေးလျ၌ ရာသီဥတုပြောင်းလဲမှုကို အရေးတယူဆောင်ရွက်ရန် ဆန္ဒပြသူများတောင်းဆို

**ဆစ်ဒနီ ဇန်နဝါရီ ၁၀**

ထောင်ပေါင်းများစွာသော သြစတြေးလျပြည်သူများသည် ဇန်နဝါရီ ၁၀ ရက်က တိုင်းပြည်အနှံ့ စုဝေးခဲ့ကြပြီး ကမ္ဘာကြီးပူနွေးလာမှု၊ ရုပ်ကြွင်းလောင်စာ လျှော့ချရေးနှင့် ကြောက်မက်ဖွယ်လောင်ကျွမ်းနေသည့် တောမီးကို ထိန်းချုပ်နိုင်ရေး ကွန်ဆာဗေးတစ်အစိုးရကို တောင်းဆိုခဲ့ကြသည်။


တောမီးလောင်မှုကို မထိန်းနိုင်ခြင်းကြောင့် လူပေါင်း ၂၀၀၀ ကျော် အိုးအိမ်မဲ့ဖြစ်ခဲ့ရပြီး လူ ၂၆ ဦးထက်မနည်း သေဆုံးခဲ့ရသည်။ ရာသီဥတုဖောက်ပြန်ပြောင်းလဲမှုကို အရေးယူဆောင်ရွက်မှုမရှိခြင်းကြောင့် အသက်များဆုံးရှုံးရခြင်းဖြစ်ကြောင်း ဆန္ဒပြသူတစ်ဦးဖြစ်သည့် မွန်တီရော့က အေအက်ဖ်ပီသို့ ပြောသည်။

တောမီးကြောင့် ပျက်စီးမှုမှာ ကြောက်ခမန်းလိလိပင်ဖြစ်ကြောင်း၊ ကျေးလက်ဒေသတွင် နေထိုင်သည့် သူငယ်ချင်းမိတ်ဆွေများရှိကြောင်း၊ ၎င်းတို့၏ နေအိမ်များမှာ တောမီးကြောင့် ပျက်စီးသွားရပြီး ယခုအချိန်ထိ ထိတ်လန့်နေရဆဲဖြစ်ကြောင်း၊ ၎င်းတို့၏ အသက်မွေးလုပ်ငန်းမှာ ဆုံးရှုံးသွားရပြီဖြစ်ကြောင်း ၎င်းက ဆက်လက်ပြောကြားခဲ့သည်။

တောမီးလောင်မှုကြောင့် သြစတြေးလျတွင် ပြည်သူများ ဒေါသထွက်ရပြီး စကောက်မော်ရစ်ဆင် ဦးဆောင်သည့်အစိုးရသည် ရာသီဥတုပြောင်းလဲမှုကို အရေးယူဆောင်ရွက်ရန် ပျက်ကွက်သည်ဟု စွပ်စွဲခဲ့ကြသည်။ ထို့အပြင် ကမ္ဘာကြီးပူနွေးမှုကိုဖြစ်စေသည့် ကျောက်မီးသွေးမိုင်းများတွင် ထောက်ပံ့မှုများပြုလုပ်နေခြင်းကိုလည်း ဒေါသထွက်ခဲ့ကြသည်။

ဆန္ဒပြသူများက နိုင်ငံရေးကိုသာပြောင်းလဲရမည်ဖြစ်ပြီး ရာသီဥတုကို ပြောင်းလဲရမည်မဟုတ်ဟု တောင်းဆိုခဲ့ကြသည်။ ထို့နောက် မောရစ်ဆင် နုတ်ထွက်ပေးရေးအတွက်လည်း တောင်းဆိုခဲ့ကြသည်။ သြစတြေးလျသည် အဆိုးရွားဆုံး ပူပြင်းခြောက်သွေ့ဆုံးနှစ်နှင့် ကြုံတွေ့ခဲ့ရခြင်း ဖြစ်သည်။ ၂၀၁၉ ခုနှစ်တွင် အမြင့်ဆုံးအပူချိန်မှာ ၄၁ ဒသမ ၉ ဒီဂရီ ဆဲစီးရပ်ဖြစ်သည်။

အေအက်ဖ်ပီ



သြစတြေးလျ၌ တောမီးလောင်နေမှုကို တွေ့ရစဉ်။

## ယူကရိန်းလေယာဉ်ပျက်ကျမှုမှာ ပစ်ချခံရခြင်းဖြစ်နိုင်ဟု သံသယရှိ

**တီဟီရန် ဇန်နဝါရီ ၁၀**

ဇန်နဝါရီ ၈ ရက်က ယူကရိန်းလေယာဉ်ပျက်ကျမှုမှာ အီရန်က ပစ်ချလိုက်ခြင်း ဖြစ်နိုင်သည်ဟု ကနေဒါ၊ ဗြိတိန်နှင့် အမေရိကန်တို့က သံသယရှိနေကြသည်။ ယူကရိန်း အပြည်ပြည်ဆိုင်ရာလေကြောင်းလိုင်း လေယာဉ်ခရီးစဉ် ၇၅၂ ပေါ်တွင် ခရီးသည် ၁၈၀ နီးပါး လိုက်ပါလာပြီး တီဟီရန်လေဆိပ်မှ ပျံတက်ပြီး မကြာမီပျက်ကျခဲ့ခြင်း ဖြစ်သည်။

လေယာဉ်ပေါ်လိုက်ပါလာသည့် ခရီးသည်များနှင့် လေယာဉ်အမှုထမ်းများအားလုံး သေဆုံးသွားခဲ့သည်။ လေယာဉ်ပျက်ကျမှု သက်သေအချက်အလက်များမှာ အီရန်က ဒုံးကျည်ဖြင့် ပစ်ခတ်ခြင်းဖြစ်နိုင်ကြောင်း ဇန်နဝါရီ ၉ ရက်တွင် ကနေဒါဝန်ကြီးချုပ် ဂျက်စတင်ထရူးဒိုက ပြောသည်။

ရည်ရွယ်ထားခြင်း မရှိဘဲ လေယာဉ်ကို ပစ်ချမိခြင်းဖြစ်နိုင်ကြောင်း ၎င်းက ဆက်လက်ပြောကြားခဲ့သည်။ ဗြိတိန်ဝန်ကြီးချုပ် ဘောရစ်ဂျွန်ဆင်ကလည်း ရရှိထားသည့် သတင်းအချက်အလက်များအရ အီရန်ဘက်မှ မတော်တဆ ပစ်ချမိခြင်းဖြစ်နိုင်ကြောင်း ပြောဆိုခဲ့သည်။

အမေရိကန်သမ္မတ ဒေါ်နယ်ထရမ့်ကလည်း လေယာဉ်မှာ စက်ပိုင်းဆိုင်ရာ ချွတ်ယွင်းမှုမဖြစ်နိုင်ကြောင်း၊ တစ်စုံတစ်ဦးက အမှားပြုလုပ်မိခြင်း ဖြစ်နိုင်ကြောင်း ပြောဆိုခဲ့သည်။

လေယာဉ်မပျက်ကျမီ ဝေဟင်ပစ်ဒုံးကျည်နှစ်စင်း ပစ်လွှတ်မှုကို အမေရိကန်ဂြိုဟ်တုများက ထောက်လှမ်းမိပြီး အီရန်လေကြောင်းကာကွယ်ရေးစနစ်က မတော်တဆ ပစ်ချခြင်းဖြစ်နိုင်ကြောင်း အမေရိကန်အစိုးရအရာရှိများက ပြောသည်။ အီရန်နိုင်ငံသည် အနောက်နိုင်ငံများမှ စုံစမ်းစစ်ဆေးသူများကို ဖိတ်ခေါ်ရန် အသင့်ရှိသည်ဟု အာဏာပိုင်များက ပြောသည်။



လေယာဉ်ပျက်ကျခဲ့သည့်နေရာတွင် အပျက်အစီးများရှာဖွေမှုပြုလုပ်နေကြစဉ်။

အင်န်အိတ်ချ်ကေ

## အမေရိကန်၏ခေတ်အမီဆုံးနှင့် အကောင်းဆုံးတိုက်လေယာဉ်များ စင်ကာပူကို ရောင်းချမည်

**စင်ကာပူ ဇန်နဝါရီ ၁၀**

အမေရိကန်ပြည်ထောင်စုက တည်ဆောက်ခဲ့သမျှသော တိုက်လေယာဉ်များတွင် ခေတ်အမီဆုံးနှင့်အကောင်းဆုံး အက်ဖ်-၃၅ တိုက်လေယာဉ် ၁၂ စင်းကို စင်ကာပူနိုင်ငံသို့ အမေရိကန်ဒေါ်လာ ၂ ဒသမ ၇၅ ဘီလီယံဖြင့် ရောင်းချရန် အတည်ပြုခဲ့ကြောင်း အာဏာပိုင်များက ဇန်နဝါရီ ၁၀ ရက်တွင် ပြောကြားလိုက်သည်။

စင်ကာပူနိုင်ငံသည် ယမန်နှစ်က အဆိုပါတိုက်လေယာဉ်လေးစင်းသာ ဝယ်ယူရန် စီစဉ်ခဲ့သော်လည်း ယခုနှစ်တွင် နောက်ထပ် ရှစ်စင်းတိုးချဲ့ဝယ်ယူရန် ဆုံးဖြတ်လိုက်ခြင်းဖြစ်သည်။

စင်ကာပူနိုင်ငံသည် နိုင်ငံအရွယ်အစားသေးငယ်သော်လည်း ဒေသတွင်းနိုင်ငံများထဲတွင် လက်နက်အပြည့်အစုံဆုံးတပ်ဆင်ထားသည့် နိုင်ငံတစ်နိုင်ငံဖြစ်ပြီး ကာကွယ်ရေးအသုံးစရိတ်ကိုလည်း အတော်လေးသုံးစွဲထားကြောင်း သိရသည်။

အမေရိကန်နိုင်ငံခြားရေးဝန်ကြီးဌာနကလည်း တိုက်လေယာဉ်များရောင်းချပေးရန် သဘောတူခဲ့ကြောင်း အမေရိကန်ကာကွယ်ရေးနှင့် လုံခြုံရေးအေဂျင်စီက ပြောခဲ့သည်။ လွှတ်တော်ကလည်း အသိအမှတ်ပြုပြီးနောက် ယခုအခါတွင် ရောင်းချခွင့် ပြုလိုက်ပြီဖြစ်ကြောင်း သိရသည်။

စင်ကာပူနိုင်ငံသည် ဒေသတွင်းနိုင်ငံများတွင် မဟာဗျူဟာမြောက် မိတ်ဆွေနိုင်ငံ တစ်နိုင်ငံဖြစ်သလို လုံခြုံရေးဆိုင်ရာ ပူးပေါင်းဆောင်ရွက်မှု မိတ်ဖက်နိုင်ငံတစ်နိုင်ငံလည်း ဖြစ်သည်။ ထို့အတူ စင်ကာပူနိုင်ငံသည် နိုင်ငံရေးနှင့် စီးပွားရေးတိုးတက်မှုများတွင် ဒေသတွင်းနိုင်ငံများအတွက် အရေးကြီးသည့် နိုင်ငံတစ်နိုင်ငံလည်း ဖြစ်ကြောင်း အမေရိကန် ကာကွယ်ရေးနှင့် လုံခြုံရေးအေဂျင်စီက ပြောသည်။

တိုက်လေယာဉ်ရောင်းချရန် သဘောတူညီမှုကြောင့် ဒေသတွင်းအခြေခံစစ်ရေးဆိုင်ရာ ဟန်ချက်ပြောင်းလဲမှုရှိမည်မဟုတ်ကြောင်း အဆိုပါ အေဂျင်စီက ဆက်လက်ပြောသည်။

အေအက်ဖ်ပီ

## အီရန်အပေါ် အမေရိကန်မှ ပိတ်ဆို့မှုများ တိုးမြှင့်လုပ်ဆောင်

**ဝါရှင်တန် ဇန်နဝါရီ ၁၀**

အီရတ်ရှိ အမေရိကန်အခြေစိုက်စခန်းကို အီရန်ဘက်မှ ဒုံးကျည်ဖြင့် ပစ်ခတ်မှုကို ပြန်လည်တုံ့ပြန်သည့် အနေဖြင့် အီရန်အပေါ်ပိတ်ဆို့မှုများကို တိုးမြှင့်လိုက်သည်ဟု အမေရိကန်သမ္မတ ဒေါ်နယ်ထရမ့်က ပြောကြားခဲ့သည်။ ဇန်နဝါရီ ၉ ရက်က အိမ်ဖြူတော်၌ ပြုလုပ်သည့် သတင်းစာရှင်းလင်းပွဲတွင် ဘဏ္ဍာရေးဝန်ကြီးဌာနက နောက်ထပ်ပိတ်ဆို့မှုများ ပြုလုပ်ကြောင်း ထောက်ခံအတည်ပြုခဲ့သည်။

အီရန်အပေါ်ထားရှိသည့် ပိတ်ဆို့မှုများသည် နဂိုကတည်းက ပြင်းထန်ပြီးသားဖြစ်ကြောင်း၊ ယခုထပ်မံ၍တိုးမြှင့်ပိတ်ဆို့လိုက်ကြောင်း မည်သည့်အတိုင်းအတာအထိ ပိတ်ဆို့မှုပြုလုပ်လိုက်သည်ကို အသေးစိတ်ဖော်ပြမည်မဟုတ်ဟု ထရမ့်က ပြောသည်။ အီရန်ကို စစ်ရေးအရ လက်တုံ့ပြန်ရန် လွှတ်တော်မှ ခွင့်ပြုချက်ရယူရန် ရှိ မရှိ မေးမြန်းခဲ့ရာတွင် ယင်းအချက်မှာ အခြေအနေပေါ်မူတည်ကြောင်း၊ သို့သော်လည်း စစ်ရေးအရ တိုက်ခိုက်ရန် ဖြစ်လာနိုင်ဖွယ်မရှိကြောင်း ထရမ့်က ဖြေကြားခဲ့သည်။

ထရမ့်၏ ကွန်ဆာဗေးတစ်ပါတီမှ အမတ်အချို့သည် အီရန်ဗိုလ်ချုပ်ကြီးဆိုလန်းမန်းနီ လုပ်ကြံခံရမှုနှင့် ပတ်သက်ပြီး သက်သေအထောက်အထားများ ကင်းမဲ့နေသည့်အတွက် စိုးရိမ်မိကြောင်း ပြောကြသည်။ ဒီမိုကရက်တစ်များ ကြီးစိုးသည့် အောက်လွှတ်တော်တွင် လွှတ်တော်၏ ခွင့်ပြုချက်မရဘဲ ထရမ့်အနေဖြင့် အီရန်အပေါ် စစ်ရေးအရ တိုက်ခိုက်မှုပြုလုပ်ခြင်းမရှိစေရန် ထိန်းချုပ်သည့် ဆုံးဖြတ်ချက်ကို ဇန်နဝါရီ ၉ ရက်က အတည်ပြုခဲ့ကြသည်။

အင်န်အိတ်ချ်ကေ

## နိုင်ဂျာတွင် တိုက်ခိုက်မှုကြောင့် တပ်ဖွဲ့ဝင် ၂၅ ဦးသေဆုံး

**နီရာမေ ဇန်နဝါရီ ၁၀**

နိုင်ဂျာအနောက်ပိုင်းရှိ စစ်ဘက်ဆိုင်ရာစခန်းတွင် တိုက်ခိုက်ခံရမှုကြောင့် တပ်ဖွဲ့ဝင် ၂၅ ဦးထက်မနည်း သေဆုံးခဲ့သည်ဟု နိုင်ဂျာနိုင်ငံ ကာကွယ်ရေးဝန်ကြီးဌာနက ပြောသည်။ အဆိုပါတိုက်ခိုက်မှုမှာ နိုင်ဂျာနှင့် မာလီနယ်စပ်ရှိ ချီနာဂေါ့ဒရာမြို့ရှိ စစ်စခန်းတွင် ဖြစ်ပွားခဲ့ခြင်းဖြစ်သည်။ တိုက်ခိုက်မှုကို မည်သည့်အုပ်စုက လုပ်ဆောင်ခြင်းဖြစ်သည်ကိုမူ မသိရသေးပေ။

ယင်းတိုက်ခိုက်မှုအတွင်း စစ်သွေးကြွများဘက်မှ ၆၀ ခန့် သေဆုံးခဲ့သည်ဟု ကာကွယ်ရေးဝန်ကြီးဌာနက ပြောသည်။ ၂၀၁၆ ခုနှစ်မှ စတင်ကာ ဘာကီနာဖာဆို၊ မာလီနှင့် နိုင်ဂျာတို့တွင် အကြမ်းဖက်တိုက်ခိုက်မှုများ ပိုမိုဖြစ်ပွားလာသည်ဟု သံတမန်တစ်ဦးဖြစ်သူ မိုဟာမက် အိုင်ဘန်ချန်ဘတ်စ်က ကုလသမဂ္ဂလုံခြုံရေးကောင်စီတွင် ပြောကြားခဲ့သည်။ ၂၀၁၆ ခုနှစ်တွင် အကြမ်းဖက်တိုက်ခိုက်မှုကြောင့် လူပေါင်း ၇၇၀ သေဆုံးခဲ့ပြီး ၂၀၁၉ ခုနှစ်တွင် လူပေါင်း ၄၀၀၀ ခန့် သေဆုံးခဲ့ရကြောင်း ၎င်းက ဆက်လက်ပြောကြားသည်။

ဆင်ဟွာ

# ဟယ်ရီနဲ့မီဂန်တို့ရဲ့ အနာဂတ်အရေးနဲ့အတူ မပြီးဆုံးသေးတဲ့ ဝင်ဆာရဲ့ အိပ်မက်

ထွန်းသစ်စ

မင်းသားဟယ်ရီနဲ့ သူ့ရဲ့ လူသိများ ကျော်ကြားတဲ့ သရုပ်ဆောင်ကြင်ယာတော်မီဂန်တို့ဟာ လူအများကို အထိတ်တလန့် တုန်လှုပ်စေတဲ့ ကြေညာချက်တစ်ရပ်ကို ရုတ်တရက် ကြေညာလိုက်တဲ့အခါမှာတော့ အားလုံး အံ့ဩသွားကြပါတော့တယ်။ ဘယ်သူမှမထင်မှတ်ထားတဲ့အချိန်မှာဘယ်သူမှမထင်မှတ်ထားတဲ့ကြေညာချက်ဖြစ်တဲ့အတွက်လူတွေအားလုံးအထိတ်တလန့်ဖြစ်သွားသလို ဗြိတိန်ရဲ့ ထီးနန်းစနစ်ကိုလည်း တုန်လှုပ်သွားစေခဲ့ပါတယ်။

အဆိုးဆုံးကတော့ ဒီကိစ္စကို ဘုရင်မကြီး အဲလိဇဘတ်ကို အသိပေးခြင်းမရှိခဲ့ပါဘူးလို့ သိရပါတယ်။ ဘုရင်မကြီးမှ မဟုတ်ပါဘူး၊ ဘုရင်မကြီးရဲ့ ကြင်ယာတော်မင်းသားကြီး ဖီးလစ်လည်း ဒီကိစ္စကို မသိခဲ့ပါဘူး။ ထို့အတူ အနာဂတ်မှာ ဘုရင်ဖြစ်လာမယ့် မင်းသားချားလ်လည်း ဒီကိစ္စကို မသိပါဘူး။

**ဆန္ဒရှိ**

ဒါဆိုရင် ဘယ်လိုကြေညာချက်မျိုးက အခုလိုမျိုး အထိတ်တလန့်အံ့ဩမှုကို ဖြစ်စေခဲ့တာလဲ။ ဘုရင်မကြီးနဲ့ မင်းသားကြီးတောင် မသိတဲ့ ကြေညာချက်ဟာ ဘယ်လိုကြေညာချက်မျိုးလဲ။ ဟုတ်ပါတယ်။ ဒီကြေညာချက်ကို မထုတ်ပြန်ခင် မင်းသားဟယ်ရီနဲ့ မြို့စားကတော် မီဂန်တို့ဟာ အချိန်အတော်လေး စဉ်းစားခဲ့ရပါတယ်။ အဲဒီလိုအချိန်အကြာကြီး စဉ်းစားပြီးမှ ဒီလိုကြေညာချက်ကိုသူတို့ရဲ့ လူမှုမီဒီယာကိုယ်ပိုင်အကောင့်ကတစ်ဆင့် ကြေညာလိုက်တာ ဖြစ်ပါတယ်။ သူတို့ရဲ့ ကြေညာချက်မှာ မင်းသားဟယ်ရီနဲ့ ကြင်ယာတော်မီဂန်တို့ ဖော်ပြလိုက်တာကတော့ သူတို့အနေနဲ့ တော်ဝင်မိသားစုရဲ့ အရေးကြီးတဲ့ တာဝန်ဝတ္တရားတွေကို ထမ်းဆောင်ရမယ့် အဆင့်မြင့်ရာထူးနေရာတွေကို ပြုံးပြုန္ဒတ်ဆက်လိုက်တယ်ဆိုတာပဲ ဖြစ်ပါတယ်။ ဒါတင်ပဲလားဆိုတော့ မဟုတ်ပါဘူး။

လအတော်ကြာ ဇနီးမောင်နှံနှစ်ဦးတို့ ဆွေးနွေးမှုများပြုလုပ်ပြီးတဲ့အခါမှာတော့ သူတို့ရဲ့ဘဝကို တစ်မျိုးတစ်မည်ပြောင်းလဲဖို့ စိတ်ကူးယဉ်အိပ်မက်တွေကို အခုနှစ်မှာ ရွေးချယ်ခဲ့တာပါလို့လည်း သူတို့ရဲ့ လူမှုမီဒီယာမှာ ထပ်မံဖော်ပြထားပါသေးတယ်။ တော်ဝင်မိသားစုရဲ့ သမားရိုးကျလမ်းဟောင်းအတိုင်း မလိုက်ဘဲ အခြားပုံစံသစ်တစ်မျိုးနဲ့ အောင်မြင်အောင် ဆောင်ရွက်သွားဖို့ အခုလို ရွေးချယ်ခဲ့ခြင်းဖြစ်ကြောင်းလည်း ဟယ်ရီတို့ ဇနီးမောင်နှံနှစ်ဦးတို့က ဖွင့်ဟထားပါတယ်။ ပြီးတော့လည်း သူတို့ဟာငွေကြေးဆိုင်ရာလွတ်လပ်မှုရရှိအောင်၊ အမှီအခိုကင်းအောင် လုပ်ဆောင်သွားဖို့လည်း ဆန္ဒရှိတယ်လို့ ပြောထားပါတယ်။

**ရေးသားဖော်ပြ**

ဇနီးမောင်နှံနှစ်ဦးတို့ရဲ့ကြေညာချက်မှာ သူတို့ဟာ တော်ဝင်မိသားစုနဲ့ ဘုရင်မကြီးရဲ့ လုပ်ငန်းစဉ်တွေကို ဒီအတိုင်း ပစ်ပစ်ခါခါ လုပ်သွားမှာ မဟုတ်သလို တစ်ဖက်တစ်လမ်းကကူညီပေးရင်း အင်္ဂလန်နှင့် မြောက်အမေရိကကြား သူတို့ရဲ့ အချိန်တွေကို ပျော်ရွှင်စွာ မျှမျှတတကုန်ဆုံးမယ်လို့လည်း ဖော်ပြထားပါတယ်။ ဇနီးမောင်နှံနှစ်ဦးရဲ့ ကြေညာချက်ထွက်ပေါ်လာပြီး မကြာမီမှာပဲ ဘာကင်ဟန်နန်းတော်က ကြေညာချက်တစ်ရပ် ထုတ်ပြန်လိုက်ပြီး အဲဒီကြေညာချက်မှာ ဇနီးမောင်နှံနှစ်ဦးတို့အနေနဲ့ ကိုယ့်လမ်းကြောင်းကိုယ်လျှောက်ချင်မှန်း စာနာနားလည်သော်လည်း ဒီအရေးဟာ တော်ဝင်အရေးဖြစ်တဲ့အတွက် အနည်းငယ်ရှုပ်ထွေးတယ်လို့ ဖော်ပြထားပါတယ်။ ပြီးတော့လည်း ဟယ်ရီနဲ့ မီဂန်တို့နဲ့ ဆွေးနွေးနေမှုတွေဟာ အစောပိုင်းအဆင့်မှာသာရှိပါသေးတယ်လို့ ဘာကင်ဟန်နန်းတော်ရဲ့ ကြေညာချက်မှာ ဖော်ပြထားပါတယ်။

မင်းသားဟယ်ရီနဲ့ ကြင်ယာတော်မီဂန်တို့ရဲ့ ဒီကြေညာချက်ဟာ တော်ဝင်နန်းတော်အတွက် တကယ့်ကို စိတ်ပျက်အားလျော့စရာကောင်းပြီး နာကျင်မှုတွေ ဖြစ်ရတယ်လို့ ဘီဘီစီရဲ့ ဇန်နဝါရီ ၉ ရက် ဖော်ပြချက်အရ သိရပါတယ်။ အဲဒီရက်မှာပဲ သတင်းစာတွေမှာလည်း တော်ဝင်မိသားစု ပြိုကွဲသယောင်ယောင်၊ ဘုရင်မကြီးကပဲတုန်လှုပ်ချောက်ခြားနေသယောင်ယောင် ရေးသားဖော်ပြထားကြပါတယ်။ တော်ဝင်နန်းတော်နဲ့ ပတ်သက်ပြီး မကောင်းသတင်းတွေကို ဖော်ပြခဲ့တဲ့ သတင်းစာတွေကို သူတို့က ပြစ်တင်ပြောကြားလိုက်ပြီး တရားရုံးတင်သင့်တယ်လို့ ဆိုပါတယ်။

**ဝင်ဆာရဲ့ ဂယက်**

ဟယ်ရီဟာ အသက် ၃၅ နှစ်ရှိပြီး မီဂန်ဟာ အသက် ၃၈ နှစ်ရှိပါပြီ။ သူတို့ဟာ မင်းသား ဝီလီယံနဲ့ သူ့ကြင်ယာတော် ကိတ်တို့လိုပဲ တော်ဝင်နန်းတော်မှာရှိတဲ့ မိသားစုဝင်တွေထဲမှာတော့ ထိပ်တန်းအဆင့်မှာရှိတဲ့အရေးကြီးတဲ့ မိသားစုဝင်တွေဖြစ်ပါတယ်။ သူတို့ဟာ အနာဂတ်ဗြိတိန်ထီးနန်းမှာတော့ တကယ့်ကို အရေးပါသူတွေ ဖြစ်ပါတယ်။

ဟယ်ရီနဲ့ မီဂန်တို့ ဇနီးမောင်နှံဟာ တော်ဝင်ရိုးရာ မိသားစု ခရစ္စမတ်ကာလကို အင်္ဂလန်အရှေ့ပိုင်းမှာရှိတဲ့ ခရစ္စမတ်ဆင်နွှဲနေကျ နေရာဖြစ်တဲ့ ဆန်ဒရင်ဂန်မှာ မဆင်နွှဲဘဲ ကနေဒါမှာ ဆင်နွှဲခဲ့ပါတယ်။ သူတို့ရဲ့ ပွဲတော်ကာလကို မီဂန်ရဲ့ အမေရိကန်မိခင် ဒိုရီယာရေဂန်နဲ့အတူ ဖြတ်ကျော်ခဲ့ကြပါတယ်။ ဆူးဆက်စ်နယ်စားနဲ့ ပတ်သက်တဲ့ အောက်တိုဘာလမှာ ပေါ်ထွက်လာတဲ့ ကောလာဟလတွေဟာလည်း ကောင်းတာတွေ မရှိခဲ့ပါဘူး။ ခြောက်ယောက်မြောက် ထီးနန်းဆက်ခံမယ့် ဆူးဆက်စ်နယ်စား ဟယ်ရီဟာ သူနဲ့ ဝီလီယံတို့ဟာ ရပ်တည်ပုံချင်း မတူညီကြဘူး။ သူတို့ညီအစ်ကိုကြားမှာ အမှတ်ရစရာကောင်းမွန်တဲ့ ရက်တွေရှိခဲ့သလို အတိတ်ကို ပြန်ပြောင်းမတွေးချင်တဲ့ ဆိုးရွားတဲ့ရက်တွေလည်း ရှိခဲ့တယ်လို့ ဆိုခဲ့ဖူးပါတယ်။ ကျွန်တော်တို့တွေဟာ တစ်ယောက်နဲ့ တစ်ယောက် သိပ်မတွေ့ဖြစ်ဘူးလို့ သူတို့ယုံကြည်ရတဲ့ အိုင်တီဗွီတွေ့ဆုံမေးမြန်းခန်းမှာဖြေကြားထားတာရှိပါတယ်။

ထို့အတူပဲ အိုင်တီဗွီရဲ့ ရုပ်မြင်သံကြားအင်တာဗျူး သတင်းထောက်ဘရက်ဘီက မီဂန်ကို မိခင်တစ်ယောက်ဖြစ်လာပြီး မီဒီယာတွေရဲ့ စောင့်ကြည့်မှုကို ခံနေရတာနဲ့ ပတ်သက်ပြီး အလွန်လည်း အဆင်မပြေဘူး။ ဘဝဟာ တကယ်ဒုက္ခတွေနဲ့ ရင်ဆိုင်နေရသလားလို့ မေးမြန်းလိုက်တဲ့အခါ မီဂန်က ဟုတ်ပါတယ်လို့ ဖြေခဲ့ဖူးပါတယ်။ ဘရက်ဘီက အခုဝင်ဆာရဲတိုက်မှာ တကယ့်တော်ဝင်ဘဝကို ငြီးငွေ့စိတ်ကုန်နေတဲ့သူတွေကို တွေ့နေရတယ်။ ဝင်ဆာရဲ့ ဂယက်ဟာ မပြီးသေးဘူးလို့ ပြောလိုက်ပါတယ်။

**စိတ်ဝင်စားဖို့ ကောင်းလာပြီ**

လွန်ခဲ့တဲ့ အောက်တိုဘာလတုန်းက ဟယ်ရီဟာ သတင်းစာထုတ်ဝေသူအချို့ကို တရားစွဲဆိုမှုတွေ လုပ်ခဲ့ပါသေးတယ်။ သူ့အမေ ဒိုင်ယာနာလိုပဲ မီဂန်ဟာ သတင်းသမားတွေ လိုက်နှောင့်ယှက်မှုနဲ့ ရင်ဆိုင်နေရပါတယ်။ ဟယ်ရီကတော့ မီဂန်ကိုသူ့အမေလို သတင်းသမားတွေရဲ့သားကောင်ဖြစ်ပြီး ကားမတော်တဆမှုဖြစ်ခွင့်မပေးနိုင်ဘူးလို့ ပြောထားပါတယ်။ ဟယ်ရီတို့ဇနီးမောင်နှံဟာ တော်ဝင် မိသားစုရဲ့ အလှည့်ကျတာဝန်ထမ်းဆောင်မှုဇယားတွေမှာ မပါတော့ဘဲ နေတော့မယ်လို့ သတင်းဝက်ဆိုက်တစ်ခုမှာ ဖော်ပြထားပါတယ်။ အဲဒီအလှည့်ကျတာဝန်ထမ်းဆောင်တဲ့ ဇယားဆိုတာကလည်း တော်ဝင်နန်းတော်နဲ့ မီဒီယာကြား ဆက်နွှယ်နေတဲ့ကိစ္စရပ်တွေကို ကိုင်တွယ်ဖြေရှင်းရတဲ့သဘောပဲ ဖြစ်ပါတယ်။

အခုဆိုရင်တော်ဝင်မိသားစုအရေးဟာ ဘယ်လိုတွေ ဆက်ဖြစ်လာဦးမလဲ။ ဟယ်ရီတို့ ဇနီးမောင်နှံဟာ ပြောသလိုပဲ တကယ်လုပ်တော့မှာလား၊ အဲဒီလိုသာ တကယ်လုပ်သွားရင် တော်ဝင်နန်းတော်မှာ ဘာတွေဆက်ဖြစ်လာမလဲဆိုတာ တကယ်စိတ်ဝင်စားဖို့ကောင်းလာပြီဆိုတာ တင်ပြလိုက်ရပါတယ်။ ။

ကိုးကား-အေအက်ဖ်ပီ

**ဟယ်ရီဟာ အသက် ၃၅ နှစ်ရှိပြီး မီဂန်ဟာ အသက် ၃၈ နှစ်ရှိပါပြီ။ သူတို့ဟာ မင်းသား ဝီလီယံနဲ့ သူ့ကြင်ယာတော်ကိတ်တို့လိုပဲ တော်ဝင်နန်းတော်မှာရှိတဲ့ မိသားစုဝင်တွေထဲမှာတော့ ထိပ်တန်းအဆင့်မှာရှိတဲ့ အရေးကြီးတဲ့မိသားစုဝင်တွေ ဖြစ်ပါတယ်။ သူတို့ဟာ အနာဂတ်ဗြိတိန်ထီးနန်းမှာတော့ တကယ့်ကို အရေးပါသူတွေဖြစ်**



## နိုင်ငံတကာသတင်းတိုထွာ

### မော်ရိုကိုအာဏာပိုင်များ ရွှေ့ပြောင်းဒုက္ခသည် ၂၉ ဦးကို ကယ်တင်

**ရာဘတ် ဇန်နဝါရီ ၁၀**

မော်ရိုကိုအာဏာပိုင်များက အတ္တလန္တိတ်ကမ်းရိုးတန်းကမ်းလွန်မှ တရားမဝင်ရွှေ့ပြောင်းဒုက္ခသည် ၂၉ ဦးကို ယမန်နေ့က ကယ်တင်ခဲ့ကြောင်း ဒေသတွင်းသတင်းမီဒီယာများတွင် ဇန်နဝါရီ ၁၀ ရက်က ဖော်ပြလိုက်သည်။ တရားမဝင်ရွှေ့ပြောင်းဒုက္ခသည် ၂၉ ဦးအနက် ၂၅ ဦးမှာ ဆာဟာရမ်အာဖရိကဒေသခွဲမှဖြစ်ပြီး ကျန်လေးဦးမှာ မော်ရိုကိုနိုင်ငံသားများဖြစ်ကြသည်။ ၎င်းတို့သည် ဒါခလာမြောက်ပိုင်း မြို့တစ်မြို့အနီးကမ်းရိုးတန်းရှိ ငါးဖမ်းလှေတစ်စင်းပေါ်တွင် လိုက်ပါလာခဲ့ခြင်းဖြစ်ကြောင်း နိုင်ငံပိုင်အသံလွှင့်ဌာနက ကြေညာသည်။

အဆိုပါငါးဖမ်းလှေသည် စပိန်နိုင်ငံ ကန်နရီကျွန်းကို သွားမည်ဖြစ်ကြောင်း သိရသည်။ ၂၀၁၉ ခုနှစ်တွင် လူမှောင်ခိုကူးမှုကွန်ရက်ပေါင်း ၆၂ ခုကို ဖော်ထုတ်နိုင်ခဲ့ပြီး အဆိုပါလူမှောင်ခိုကူးမှုများတွင် လူပေါင်း ၅၀၅ ဦးကို မော်ရိုကိုတွင် ဖမ်းဆီးနိုင်ခဲ့ကြောင်း တရားဝင်စာရင်းဇယားများအရ သိရသည်။ ထို့အတူ ၂၀၁၉ ခုနှစ်တွင် မော်ရိုကို အာဏာပိုင်များက တရားမဝင်ရွှေ့ပြောင်းဒုက္ခသည် ၂၇၃၁၇ ဦး ဖမ်းဆီးနိုင်ခဲ့ကြောင်း သိရသည်။ **ဆင်ဟွာ**

### အရှေ့အလယ်ပိုင်းကိစ္စတင်းမာလာပါက နိုင်ငံ၏စီးပွားရေးအခြေအနေကို ကာကွယ်ရန်အဆင်သင့်လုပ်ထားကြောင်း သီရိလင်္ကာဝန်ကြီးချုပ်ပြော

**ကိုလံဘို ဇန်နဝါရီ ၁၀**

အရှေ့အလယ်ပိုင်းတင်းမာမှုများပိုမိုမြင့်တက်လာပါက နိုင်ငံ၏စီးပွားရေးကို ကာကွယ်နိုင်ရန် အလျင်အမြန်လုပ်ဆောင်မည်ဖြစ်ကြောင်း သီရိလင်္ကာဝန်ကြီးချုပ် မဟင်ဒရာ ရာဂျာပက်ဆာက ပြောကြားခဲ့ကြောင်း ဒေသတွင်းမီဒီယာများတွင် ဇန်နဝါရီ ၉ ရက်က ဖော်ပြထားသည်။ နိုင်ငံ၏ဘဏ္ဍာရေးဝန်ကြီးလည်းဖြစ်သူ ဝန်ကြီးချုပ် ရာဂျာပက်ဆာက သီရိလင်္ကာအစိုးရအနေဖြင့် အမေရိကန်ပြည်ထောင်စုနှင့် အီရန်တို့သည် စစ်ဖြစ်မည့်လမ်းကို ရွေးချယ်လိမ့်မည်မဟုတ်ကြောင်း၊ သို့သော်လည်း ညှိနှိုင်းခြင်းဖြင့် အဖြေရှာရန် ကြိုးစားလိမ့်မည်ဖြစ်ကြောင်း မီဒီယာသို့ ယမန်နေ့က ပြောကြားခဲ့သည်။

သို့သော်လည်း သီရိလင်္ကာအစိုးရက အရှေ့အလယ်ပိုင်းကိစ္စ စစ်ပွဲကဲ့သို့ တင်းမာမှုများဖြစ်ပေါ်လာပြီး နိုင်ငံကို လာရောက်ထိခိုက်မည်ဆိုပါက ဖြစ်ပေါ်လာနိုင်သည့်အကျိုးဆက်များကို ခန့်မှန်းတွက်ချက်ထားကြောင်း၊ လာမည့်ရက်သတ္တပတ်များအတွင်း အပြည့်အဝအကောင်အထည်ဖော်ရန် အာရုံစိုက်သွားမည်ဖြစ်ကြောင်း သူက ဆက်လက်ပြောကြားသည်။ အီရန်နိုင်ငံသည် သီရိလင်္ကာနိုင်ငံ၏ စတုတ္ထမြောက်လက်ဖက်ဝယ်ယူသည့် နိုင်ငံဖြစ်ကြောင်း ဝန်ကြီးချုပ်က ပြောသည်။ လတ်တလောတွင် အီရန်နိုင်ငံတွင် သီရိလင်္ကာနိုင်ငံသား အယောက် ၁၀၀ ခန့် ရောက်နေကြောင်းလည်း အစိုးရပြောရေးဆိုခွင့်ရှိသူ ခဲဟီလီရာရမ်ဘက်ဝယ်လာက ပြောသည်။ **ဆင်ဟွာ**

# (၅၁)နှစ်မြောက် မြို့လုံးကျွတ် ဆွမ်းဆန်စိမ်းလောင်းလှူပွဲ တောင်ကြီးမြို့၌ကျင်းပ

**တောင်ကြီး ဇန်နဝါရီ ၁၀**
ရှမ်းပြည်နယ်အစိုးရအဖွဲ့က ကြီးမှူး၍ (၅၁) နှစ်မြောက် တောင်ကြီးမြို့လုံးကျွတ် ဆွမ်းဆန်စိမ်း လောင်းလှူပွဲကို ဇန်နဝါရီ ၉ ရက်က ကျင်းပခဲ့သည်။

ဆွမ်းလောင်းပွဲတွင် တောင်ကြီးမြို့ပေါ်ရှိ ဘုန်းတော်ကြီးကျောင်း ၉၉ ကျောင်းမှ သံဃာတော် ၁၃၈၂ ပါးနှင့် သီလရှင်ကျောင်း ၁၀ ကျောင်းမှ သီလရှင် အပါး ၁၀၀ တို့က တောင်ကြီးမြို့ တောင်ကျောင်းကြီး ပထမစာသင်တိုက်မှ စတင်၍ ဗိုလ်ချုပ်အောင်ဆန်းလမ်းမအတိုင်း မူလ မင်းကွန်းကျောင်းတိုက်အထိ ကြွချီ၍ ဆွမ်းဆန်စိမ်းအလှူခံကြရာ ဌာနဆိုင်ရာများ၊ လူမှုရေးအသင်းအဖွဲ့များ၊ ကုမ္ပဏီများ၊ ဒေသခံပြည်သူများက ဆွမ်းဆန်စိမ်း၊ ဆေးဝါးနှင့် အခြား လှူဖွယ်ပစ္စည်းအမျိုးမျိုးကို လောင်းလှူခဲ့ကြသည်။

ထို့နောက် ရှမ်းပြည်နယ်ဝန်ကြီးချုပ် ဒေါက်တာလင်းထွဋ်နှင့် ဇနီး ဒေါ်နန်းရွှေမြင့်၊ ပြည်နယ်ဝန်ကြီးများနှင့် ပြည်နယ်အဆင့်ဌာနဆိုင်ရာများက မူလမင်းကွန်းကျောင်းတိုက်တွင် ဆရာတော်၊ သံဃာတော်ကြီးများအား ဆွမ်းဆန်စိမ်း၊ ဆေးဝါးများနှင့် လှူဖွယ်ဝတ္ထုများကို လောင်းလှူကြပြီး ရှမ်းပြည်နယ် သံဃနာယကအဖွဲ့ဥက္ကဋ္ဌ တောင်ကြီးမြို့ သိမ်တောင်ပရိယတ္တိစာသင်တိုက် ဆရာတော်က သီလချီးမြှင့်ခဲ့သည်။

အဆိုပါ (၅၁)နှစ်မြောက် တောင်ကြီးမြို့လုံးကျွတ် ဆွမ်းဆန်စိမ်းလောင်းလှူပွဲတွင် ဘုန်းတော်ကြီးကျောင်း ၉၉ ကျောင်းအတွက် ဆန် ၇၅၂ အိတ်၊ သီလရှင်ကျောင်း ၁၀ ကျောင်းအတွက် ဆန် ၇၅ အိတ်၊ ကျောင်းထိုင်ဘုန်းကြီးသင်တန်းကျောင်းအတွက် ဆန် ငါးအိတ်၊ ဆွမ်းဆန်စိမ်းလောင်းလှူရေး ဦးစီးကော်မတီ၏ ကြီးကြပ်မှုဖြင့် မဏ္ဍပ်များမှ လောင်းလှူသောဆန်အိတ်များ အပါအဝင် ပြည်နယ်အစိုးရအဖွဲ့၊ ရပ်ကွက်အုပ်ချုပ်ရေးမှူးများ၊ ပရဟိတအဖွဲ့များနှင့် မြို့သူမြို့သားများ စုပေါင်းလှူဒါန်းကြသည့် စုစုပေါင်းတန်ဖိုးမှာ ခန့်မှန်း ကျပ်သိန်း နှစ်ထောင်ခန့်ရှိကြောင်းနှင့် အလှူငွေစုစုပေါင်းမှာ ကျပ် ၂၂၉၅၅၀၀၀၀ ဖြစ်ကြောင်း သိရသည်။

**မောင်မောင်သန်း(တောင်ကြီး)**



ပြည်နယ်ဝန်ကြီးချုပ် ဒေါက်တာလင်းထွဋ်နှင့် ဇနီးတို့က ဆရာတော်ကြီးအား လှူဖွယ်ဝတ္ထုများ ဆက်ကပ်လှူဒါန်းနေစဉ်။

# စစ်ကိုင်း နိုင်ငံတကာကုန်စည်ပြပွဲ (၂၀၂၀)ဖွင့်ပွဲ အခမ်းအနားကျင်းပ

**နေပြည်တော် ဇန်နဝါရီ ၁၀**
စစ်ကိုင်းတိုင်း ဒေသကြီး စစ်ကိုင်းမြို့ စစ်ကိုင်း နိုင်ငံတကာကုန်စည်ပြပွဲ (၂၀၂၀) ဖွင့်ပွဲ အခမ်းအနားကို ယနေ့ နံနက် ၈ နာရီက အဆိုပါပြပွဲရှိရာ ခန်းမ၌ ကျင်းပသည်။

ရှေးဦးစွာ ပြပွဲအား စစ်ကိုင်းတိုင်း ဒေသကြီး ဝန်ကြီးချုပ် ဒေါက်တာ မြင့်နိုင်၊ စီးပွားရေးနှင့် ကူးသန်း ရောင်းဝယ်ရေးဝန်ကြီးဌာန ဒုတိယ ဝန်ကြီး ဦးအောင်ထူး၊ အိန္ဒိယနိုင်ငံ ကောင်စစ်ဝန်ချုပ် Mr. Nandan Singh Bhaisora ၊ စစ်ကိုင်းတိုင်း ဒေသကြီး လွှတ်တော်ဥက္ကဋ္ဌ ဦးသန်း၊ တိုင်းဒေသကြီး လုံခြုံရေးနှင့် နယ်စပ် ရေးရာဝန်ကြီး ဗိုလ်မှူးကြီး သန်းထွန်းအောင်၊ တိုင်းဒေသကြီး စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီး ဦးစိုးဦး၊ ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံ ကုန်သည်များနှင့် စက်မှု လက်မှုလုပ်ငန်းရှင်များ အသင်းချုပ် ဒုတိယဥက္ကဋ္ဌ ဦးသိန်းဟန်နှင့် တာဝန် ရှိသူများက ဖဲကြိုးဖြတ်ဖွင့်လှစ်ပေး ခဲ့သည်။

ယင်းနောက် စစ်ကိုင်းတိုင်း ဒေသကြီး ဝန်ကြီးချုပ် ဒေါက်တာ မြင့်နိုင်က စစ်ကိုင်းတိုင်းဒေသကြီး သည် အကြီးဆုံးတိုင်းဒေသကြီး ဖြစ်ပြီး ကုန်သွယ်မှုသည် အဓိက ကျသော အခန်းကဏ္ဍမှ ပါဝင်နေသည့်အတွက် ယခုကဲ့သို့ ကုန်စည်ပြပွဲများ ပြုလုပ်ပေးခြင်းဖြင့် လုပ်ငန်းရှင်များ အချင်းချင်း ချိတ်ဆက်ဆောင်ရွက်မှုများ ရရှိလာကာ ကုန်သွယ်မှုအသိအမြင် ဗဟုသုတများရရှိပြီး ဒေသကုန်သွယ်မှုမှ တစ်ဆင့် အခြားပြည်ပဈေးကွက်များ အထိ ထိုးဖောက်နိုင်သည့် အဆင့်မြင့် ထုတ်ကုန်များ ပိုမိုထုတ်လုပ်လာနိုင်၍ ခင်မင်ရင်းနှီးမှုများနှင့် အနာဂတ်တွင် ပိုမိုပူးပေါင်းပါဝင် ဆောင်ရွက်လာနိုင်မည် ဖြစ်ပါကြောင်း ပြောကြားသည်။

ယင်းနောက် စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးအောင်ထူးက နိုင်ငံတော်အနေဖြင့် ကုန်သွယ်မှု မြှင့်တင်ရေး၊ ရင်းနှီးမြှုပ်နှံမှုနှင့် ခရီးသွားလုပ်ငန်း မြှင့်တင်ရေး၊ စီးပွားရေးကဏ္ဍ ပူးပေါင်းဆောင်ရွက်ရေးများကို ကြိုးပမ်းဆောင်ရွက် လျက်ရှိပါကြောင်း၊ မိမိတို့ဝန်ကြီးဌာနအနေဖြင့် နိုင်ငံတော်၏ ကုန်သွယ်မှု ပမာဏ တိုးတက်စေရေးအတွက် မူဝါဒပိုင်းဆိုင်ရာ ပြုပြင်ပြောင်းလဲမှုများ၊ ဖြေလျှော့ပေးမှုများကို ပြုလုပ်ပေးခဲ့သည့်အတွက် ကုန်သွယ်မှု ပမာဏမှာ နှစ်စဉ်သိသိသာသာ တိုးတက်လာကြောင်း ပြောကြားသည်။

ယင်းနောက် တိုင်းဒေသကြီး ဝန်ကြီးချုပ်၊ ဒုတိယဝန်ကြီးနှင့်အဖွဲ့သည် ပြည်တွင်းပြည်ပမှ လာရောက် ခင်းကျင်းပြသထားသည့် ပြခန်း များကို လှည့်လည်ကြည့်ရှု အားပေး သည်။

ဆက်လက်၍ ဒုတိယဝန်ကြီး သည် မန္တလေးတိုင်းဒေသကြီး၊ အမရပူရမြို့နယ်ရှိ ဆောင်းဒါး ရက်ကန်းနှင့် အသက်မွေးပညာ ကျောင်းသို့ ရောက်ရှိပြီး သင်တန်း ကျောင်းအတွင်း ပြသထားသည့် ချည်ထည်၊ ရက်ကန်းအသုံးအဆောင် ပစ္စည်းများ၊ အဝတ်အထည်များ ကို ကြည့်ရှု အားပေးခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**



တိုင်းဒေသကြီးဝန်ကြီးချုပ် ဒေါက်တာမြင့်နိုင် ပြခန်းများကို ကြည့်ရှုအားပေးနေစဉ်။ ပြန်/ဆက်

# အားကစားနှင့် ကာယပညာသိပ္ပံ(လွိုင်ကော်)၏ မီတာ ၄၀၀ Synthetic ပြေးလမ်း ဖွင့်လှစ်

**လွိုင်ကော် ဇန်နဝါရီ ၁၀**
ကယားပြည်နယ်တွင်းရှိ ပြည်သူများ၏ လူမှုရေး၊ စီးပွားရေး၊ ပညာရေး၊ ကျန်းမာရေး စသည့် ကဏ္ဍစုံ ဖွံ့ဖြိုးတိုးတက်ရေးနှင့် အခြေခံအဆောက်အအုံများ၊ အခြေခံလိုအပ်ချက်များ ပိုမို တိုးတက်ကောင်းမွန်စေရေးအတွက် ကယားပြည်နယ်အစိုးရအဖွဲ့အနေဖြင့် အထူးအလေးပေး ဆောင်ရွက်လျက်ရှိရာ ဇန်နဝါရီ ၁၅ ရက်တွင် ကျရောက်မည့် (၆၈)နှစ်မြောက် ကယားပြည်နယ်နေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် အားကစားနှင့် ကာယပညာသိပ္ပံ(လွိုင်ကော်)၏ မီတာ ၄၀၀ Synthetic ပြေးလမ်း ဖွင့်ပွဲကို ဇန်နဝါရီ ၉ ရက်က ကျင်းပခဲ့သည်။



မီတာ ၄၀၀ ပြေးလမ်းသစ်ကို ကယားပြည်နယ်ဝန်ကြီးချုပ် ဦးအယ်လ်ဖောင်းရှိုနှင့် တာဝန်ရှိသူများ ကြည့်ရှုစစ်ဆေးနေစဉ်။

ပြေးလမ်းဖွင့်ပွဲတွင် ကယားပြည်နယ်ဝန်ကြီးချုပ် ဦးအယ်လ်ဖောင်းရှိုက ယခု ဖွင့်လှစ်သော မီတာ ၄၀၀ Synthetic ပြေးလမ်းသည် တိုင်းဒေသကြီးနှင့် ပြည်နယ်များအနက် ငါးခုမြောက် ဖွင့်လှစ်နိုင်ခဲ့ခြင်းဖြစ်ကြောင်း၊ ကယားပြည်နယ်တွင် ယခုကဲ့သို့ စံချိန်မီ ပြေးလမ်းကြီးကို ဖော်ဆောင်နိုင်ခဲ့ခြင်းမှာ သက်ဆိုင်ရာ စည်ပင်သာယာရေးနှင့် လူမှုရေးဝန်ကြီးနှင့် ပြည်နယ်အား/ကာ(သိပ္ပံ)မှ တာဝန်ရှိသူများ၏ အားစိုက်မှုကြောင့် ဖြစ်ကြောင်း၊ အခြား တိုင်းဒေသကြီး/ ပြည်နယ်များနှင့် နှိုင်းယှဉ်လျှင် မိမိတို့ ပြည်နယ်အနေဖြင့် အားကစားကဏ္ဍတွင် နိမ့်ကျမှု မရှိကြောင်း၊ ယင်းအတွက်ကြောင့် သက်ဆိုင်ရာ ဌာနအသီးသီးမှ ဝန်ထမ်းများနှင့် သင်တန်းသား သင်တန်းသူများအတွက် စိတ်ခတ်ခွန်အားတစ်ခုလည်း ဖြစ်စေကြောင်း၊ ပြေးလမ်းကို ၂၀၁၈-၂၀၁၉ ဘဏ္ဍာရေးနှစ် ပြည်ထောင်စု ငွေလုံးငွေရင်း ခွင့်ပြုရန်ပုံငွေ ကျပ် ၇၄၅ သန်းဖြင့် ဆောင်ရွက်ခဲ့ကြောင်း၊ ပြည်နယ်မှ ထူးချွန်သောအားကစားသမားများ ပေါ်ထွန်းလာစေရန် ပြည်နယ်အစိုးရအဖွဲ့အနေဖြင့် လိုအပ်သည်များကို တတ်စွမ်းသမျှ စဉ်ဆက်မပြတ် ပံ့ပိုးပေးသွားမည်ဖြစ်ကာ သက်ဆိုင်ရာ တာဝန်ရှိသူများနှင့် ကာယကံရှင်များကိုယ်တိုင်လည်း ကြိုးပမ်း အားထုတ်စေလိုကြောင်း အမှာစကားပြောကြားခဲ့သည်။

ထို့နောက် မီတာ ၄၀၀ Synthetic ပြေးလမ်းကို ပြည်နယ်ဝန်ကြီးချုပ်၊ ပြည်နယ် လုံခြုံရေးနှင့် နယ်စပ်ရေးရာဝန်ကြီး၊ ပြည်နယ် လမ်းပန်းဆက်သွယ်ရေးနှင့် လျှပ်စစ်ဝန်ကြီး၊ ပြည်နယ်စည်ပင်သာယာရေးနှင့် လူမှုရေးဝန်ကြီး၊ ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန အားကစားနှင့် ကာယပညာဦးစီးဌာနမှ ဒုတိယညွှန်ကြားရေးမှူးချုပ်နှင့် ပြေးလမ်းကို တာဝန်ယူဆောင်ရွက်ခဲ့သည့် REVA ကုမ္ပဏီလီမိတက်မှ ကိုယ်စားလှယ်တို့က ဖဲကြိုးဖြတ် ဖွင့်လှစ်ကြသည်။

ဆက်လက်၍ ပြည်နယ်ဝန်ကြီးချုပ်နှင့် တာဝန်ရှိသူများသည် လွိုင်ကော် ပညာရေးကောလိပ်နှင့် အားကစားနှင့် ကာယပညာသိပ္ပံ(လွိုင်ကော်)မှ သင်တန်းသား သင်တန်းသူများ၏ Fitness Dance ဖြင့် ကပြဖျော်ဖြေမှုကို ကြည့်ရှုအားပေးပြီး ဂုဏ်ပြုဆုငွေ ကျပ် ၁၀ သိန်းကို ပေးအပ်ချီးမြှင့်ကာ ကစားကွင်းတည်ဆောက်ထားမှု အခြေအနေများကို ကြည့်ရှုစစ်ဆေးသည်။ ထို့နောက် ပြေးလမ်းသစ်တွင် မီတာ ၁၀၀၊ မီတာ ၂၀၀၊ မီတာ ၄၀၀ အပြေးပြိုင်ပွဲများ ကျင်းပခြင်းအတွက် အားကစားနှင့် ကာယပညာသိပ္ပံ (လွိုင်ကော်)မှ သင်တန်းသားများ၏ သရုပ်ပြမှုကို အားပေးခဲ့သည်။

**ထွန်းလေး**

# နမ့်ခမ်းမြို့နယ်လုံးဆိုင်ရာ ပရိယတ္တိ သဒ္ဓမ္မပါလစာပြန်ပွဲ၏ အောင်လက်မှတ်များဆက်ကပ်

**နမ့်ခမ်း ဇန်နဝါရီ ၁၀**
ရှမ်းပြည်နယ်မြောက်ပိုင်း နမ့်ခမ်းမြို့နယ်လုံးဆိုင်ရာ (၂၁)ကြိမ်မြောက် ပရိယတ္တိ သဒ္ဓမ္မပါလ စာပြန်ပွဲ/စာမေးပွဲတွင် ဖြေဆိုအောင်မြင်ကြသော စာအောင်သံဃာများနှင့် လူပုဂ္ဂိုလ်များအား အောင်လက်မှတ်များပေးအပ်ပွဲကို နမ့်ခမ်းမြို့လယ် ဘုရားကြီး၌ ဇန်နဝါရီ ၉ ရက်က ကျင်းပခဲ့သည်။

အခမ်းအနားတွင် မြို့နယ်ဩဝါဒါစရိယ ဆရာတော်များ၊ စာပြန်ပွဲကျင်းပရေး ကော်မတီဥက္ကဋ္ဌ မြို့နယ် သံဃနာယကဥက္ကဋ္ဌ ဇေယျာသုခကျောင်းတိုက်ဆရာတော် ဒေါက်တာအရှင်ဝိနယာစာရ၊ အကျိုးတော်ဆောင်ဆရာတော်နှင့် အဖွဲ့ဝင်များ၊ တာဝန်ရှိသူများက စာပြန်ပွဲ/ရေးဖြေ အောင်မြင်ကြသော သံဃာများ၊ သာမဏေများနှင့် လူပုဂ္ဂိုလ်များအား စာအောင်ဆုများ ချီးမြှင့်ခဲ့သည်။

အဆိုပါ စာပြန်ပွဲ/ရေးဖြေစာမေးပွဲကို ဇန်နဝါရီ ၄ ရက်က စတင်ကျင်းပခဲ့ပြီး ကျင်းပရေးကော်မတီဥက္ကဋ္ဌ ဆရာတော်နှင့်အတူ မြို့နယ်သံဃနာယကအဖွဲ့ဝင် ဆရာတော်များ၊ စာထောက်၊ စာမ သံဃာတော်များက ကြီးကြပ်၍ ခြောက်ရက်ကြာ ကျင်းပခဲ့ရာ သံဃာတော်များ၊ သာမဏေများနှင့် လူပုဂ္ဂိုလ် စုစုပေါင်း ၁၉၁ ဦး ဝင်ရောက်ဖြေဆိုကြပြီး ၁၈၆ ဦး အောင်မြင်ခဲ့ကြောင်း သိရသည်။

**ဥာဏ်မင်း(နမ့်ခမ်း)**

# မန္တလေးတိုင်းဒေသကြီး ရင်းနှီးမြှုပ်နှံမှုနှင့်ကုမ္ပဏီများညွှန်ကြားမှုဦးစီးဌာနရုံး အဆောက်အအုံသစ်ဖွင့်

**မန္တလေး ဇန်နဝါရီ ၁၀**
ရင်းနှီးမြှုပ်နှံမှုနှင့် နိုင်ငံခြားစီးပွားဆက်သွယ်ရေးဝန်ကြီးဌာန ရင်းနှီးမြှုပ်နှံမှုနှင့် ကုမ္ပဏီများညွှန်ကြားမှု ဦးစီးဌာန မန္တလေးတိုင်းဒေသကြီး ဦးစီးမှူးရုံး အဆောက်အအုံသစ် ဖွင့်ပွဲကို ဇန်နဝါရီ ၉ ရက်က မန္တလေးမြို့ (၅၅)လမ်းနှင့် (၄၁)လမ်းထောင့်ရှိ အဆိုပါရုံး၌ ကျင်းပခဲ့သည်။

ဖွင့်ပွဲတွင် ရုံးအဆောက်အအုံကို မန္တလေးတိုင်းဒေသကြီး လျှပ်စစ်၊ စွမ်းအင်နှင့် ဆောက်လုပ်ရေးဝန်ကြီး ဦးဇော်နည်အောင်၊ စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီး ဦးမြတ်သူ၊ လုံခြုံရေးနှင့် နယ်စပ်ရေးရာဝန်ကြီး ဗိုလ်မှူးကြီးကျော်ကျော်မင်း၊ ရင်းနှီးမြှုပ်နှံမှုနှင့် ကုမ္ပဏီများညွှန်ကြားမှု ဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးသန့်စင်လွင်နှင့် မန္တလေးတိုင်းဒေသကြီး ရင်းနှီးမြှုပ်နှံမှုနှင့် ကုမ္ပဏီများညွှန်ကြားမှုဦးစီးဌာနမှူး ဒေါ်နွယ်နီဦးတို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ကာ ဝန်ကြီး ဦးဇော်နည်အောင်က အမှာစကားပြောကြားပြီး ညွှန်ကြားရေးမှူးချုပ်က ကျေးဇူးတင်စကား ပြောကြားသည်။ ထို့နောက် တာဝန်ရှိသူများက အဆောက်အအုံသစ်အတွင်း လှည့်လည်ကြည့်ရှုစစ်ဆေးခဲ့သည်။ အဆိုပါ အဆောက်အအုံသည် အလျား ၄၈ ပေ၊ အနံ ၄၃ ပေ ကျယ်ဝန်းသည့် အာရ်စီ နှစ်ထပ် အဆောက်အအုံဖြစ်ကြောင်း သိရသည်။

**သန်းဇော်မင်း(ပြန်/ဆက်)**



# မြန်မာစကားသမိုင်းအတွက် (၁၉)

## မောင်ခင်မင် (ဓနုဖြူ)

“စာအရေးအသားကို အထောက်အထားပြုပြီး အသံထွက်ပုံကို အခိုင်အမာအတည်ပြုနိုင်တဲ့ သာဓကတွေလည်း ရှိပါတယ်”

“ပြောပြပါဆရာ”

“ရှေးက ရတုကဗျာတွေဖွဲ့ရာမှာ သုံးပိုဒ်ဖွဲ့ရင် ပိုဒ်စုံရတုလို့ ခေါ်တယ်။ ပိုဒ်စုံရတုရဲ့ အချီပိုဒ်၊ အချပိုဒ်တွေကို အသံကာရန်တူအောင် ဖွဲ့ကြတယ်။ အချီပိုဒ်သုံးပိုဒ် အသံကာရန်တူတယ်။ အချပိုဒ်သုံးပိုဒ်လည်း အသံကာရန်တူတယ်။ အချီညီ- အချညီလို့ ခေါ်တာပေါ့”

“သမီးတို့ သင်ရပါတယ်ဆရာ”

“ဒါဆို နမူနာတစ်ခုလောက် ဆိုပြစမ်းပါ။ မဲဇာတောင်ခြေရတုကို သိမှာပေါ့”

“သိပါတယ်ဆရာ။ လက်ဝဲသုန္ဒရအမတ်ကြီး ရေးတာပါ”

“အချီပိုဒ်သုံးပိုဒ်ကို သမီးဆိုကြည့်စမ်းပါ”

“ဟုတ်ကဲ့၊ ‘မဲဇာတောင်ခြေ၊ သဲသာသောင်မြေ၊ ပွဲခါညောင်ရေ’ ပါဆရာ”

“ဟုတ်ပါပြီ။ ကဲ သားက အချပိုဒ်သုံးပိုဒ်ကို ဆိုကြည့်”

“ရွှေပြည်ဌာနဝေးသော်ကြောင့်၊ လေပြည်လာက အေးသော်ကြောင့်၊ နေခြည်ဖြာကျနွေးသော်ကြောင့် ပါဆရာ”

“ဟုတ်ပါပြီ၊ ဟုတ်ပါပြီ။ အဲဒီသုံးပိုဒ်ချင်း အသံတွေ အားလုံးကာရန်တူတယ်။ ကာရန်ဆိုတာ အဆုံးသရသံကို ဆိုလိုတာသိပါတယ်နော်။ ဒီတော့ အချီသုံးပိုဒ်ရဲ့ အဆုံးသရသံတွေက ဘာသံတွေလဲ။ ဗျည်းသရတွေဖယ်ပြီး သရသံတွေချည်း ဆိုကြည့်စမ်းပါ”

“မဲဇာတောင်ခြေ၊ သဲသာသောင်မြေ၊ ပွဲခါညောင်ရေ ဆိုတော့ သရသံတွေက သုံးပိုဒ်စလုံး ‘အဲအာအောင်အေ’ ပါဆရာ”

“ အချပိုဒ်တွေကရော”

“သုံးပိုဒ်စလုံး ‘အေ အည် အာ အ အော အော် အောင့်’ ပါ ဆရာ”

“အသံတူပုံ ထင်ရှားအောင်မေးရတာပါ။ ဒီတော့ ကောက်ချက်ချနိုင်တာက ပိုဒ်စုံရတုတွေကို အချီညီ အချညီဖွဲ့ရင် အဲဒီအသံတွေဟာ ကာရန်တူရတယ်။ တစ်နည်းပြောရရင် သရသံချင်း တူရတယ်လို့ ကောက်ချက်ချနိုင်တာပေါ့”

“ဟုတ်ပါတယ်ဆရာ”

“ကဲ...တောင်ငူခေတ်စာဆို နဝဒေးကြီးရဲ့ ပိုဒ်စုံရတု တစ်ပုဒ်ကို ကြည့်ရအောင်။ တွေ့ပြီ။ သမီးက ဒီရတုရဲ့ အချီပိုဒ်သုံးပိုဒ်ကို ဖတ်ပြပါ”

“ဟုတ်ကဲ့။ ‘အိမ်မက်မျှလျှင်၊ တိမ်ထက်ကပင်၊ လိမ်ယှက်မြသွင်’ ပါဆရာ”

“ အဲဒီမှာ ဘာထူးခြားတာ သတိပြုမိသလဲ”

“အိပ်မက်ကို အိမ်မက်လို့ရေးထားပါတယ် ဆရာ”

“ဟုတ်တယ်။ အိပ်ပျော်နေတုန်း မြင်မက်လို့ ‘အိပ်မက်’ လို့ခေါ်ကြတာ မဟုတ်လား။ ဒီစကားလုံး ပေါ်စတုန်းက ‘အိပ်မက်’ လို့ပဲ အသံထွက်မှာပေါ့။ စရေးတုန်းက အသံကို စာနဲ့အက္ခရာတင်တာမို့ ‘အိပ်မက်’ လို့ ရေးတာဟာ ‘အိပ်မက်’ လို့ပဲ အသံထွက်လို့ရေးတာလို့ နားလည်နိုင်တာပေါ့။ နောက်တော့‘ အိပ်မက်’က ‘အိမ်မက်’လို့ အသံပြောင်းလာတယ်လေ။ ‘မက်’ မှာပါတဲ့ ‘မ’ သံနဲ့ လိုက်အောင် ရှေ့ကပသတ်ကို မသတ်ပြောင်းပြီး ရွတ်ဆိုတော့ ‘အိမ်မက်’ ဖြစ်သွားတာပေါ့။ ‘အိပ်မက်’လို့ ဆိုရတာထက် ‘အိမ်မက်’ကို ဆိုရတာပိုပြီးတော့ အာထား လျှာထား အဆင်ပြေတာပေါ့”

“ဟုတ်ကဲ့ပါ”

“ဒီတော့ ဘယ်လိုနားလည်နိုင်သလဲဆိုရင်။ အသံက ပြောင်းပေမယ့် အရေးက လိုက်မပြောင်းတော့ ရေးရင် ‘အိပ်မက်’၊ အသံထွက်ရင် ‘အိမ်မက်’ ဖြစ်နေတာပေါ့။ အဲဒီအသံထွက်ပုံဟာ တောင်ငူခေတ်မှာကတည်းက ‘အိမ်မက်’ လို့ ပြောင်းနေပြီဆိုတာ နဝဒေးကြီးရဲ့ရတုက သက်သေပြနေ တယ်လေ။ ဘယ်လိုသက်သေ ပြနေသလဲ ကွယ်”

“ဆရာ ‘အိမ်မက်၊ တိမ်ထက်၊ လိမ်ယှက်’ လို့ အသံတူ ကာရန်ယူထားပုံက သက်သေပြနေပါတယ်ဆရာ”

“ဟုတ်တယ်။ အိမ်မက်လို့ မသတ်သံနဲ့ အသံထွက်လို့သာ တိမ်၊ လိမ်ဆိုတဲ့ မသတ်သံတွေနဲ့ ကာရန်တူယူတာပေါ့ကွယ်”

“ရှင်းပါပြီဆရာ။ ဆရာပြောပြမှ ဒီသဘောကို နားလည်ပါတယ်”

“ကဲ...နောက်တစ်ပုဒ်၊ အဲ...နှစ်ပုဒ်သာဓကေ ပြမယ်။ တောင်ငူခေတ်စာဆို နတ်ရှင်နောင်ရဲ့ ပိုဒ်စုံရတု နှစ်ပုဒ်ပေါ့။ ကဲ... တစ်ပုဒ်စီ အချီပိုဒ်တွေ ဖတ်ကြည့်စမ်းပါ”

“ ‘တသောင်းရှစ်ပြန်၊ မပျောင်းရစ်ဟန်၊ ခပေါင်းမြစ်ဝှန်’ ပါ ဆရာ”

“နောက်တစ်ပုဒ်က ‘တသောင်းရှစ်မည်၊ မပျောင်းရစ်တည်၊ ခပေါင်းမြစ်တည်’ ပါဆရာ”

“ရတုနှစ်ပုဒ်က အချီချင်းခပ်ဆင်ဆင်ပဲ ရှေ့စာလုံးနှစ်လုံးချင်း အသံတူနေတယ် မဟုတ်လား”

“အဲဒီမှာကော ဘာထူးခြားသလဲ”

“ဟုတ်ကဲ့”၊ တစ်သောင်းလို့မရေးဘဲ ‘တသောင်း’ လို့ပဲ ရေးထားပါတယ်ဆရာ”

“ဟုတ်ကဲ့။ ‘တသောင်း၊ မပျောင်း၊ ခပေါင်း’ အသံချင်းတူပါတယ်ဆရာ”

“အဲဒီမှာကော ဘာထူးခြားသလဲ”

“ဟုတ်ကဲ့၊ တစ်သောင်းလို့မရေးဘဲ ‘တသောင်း’လို့ပဲ ရေးထားပါတယ်ဆရာ”

“ဟုတ်ပါပြီ။ ဒါက ဘာကိုသက်သေပြနေသလဲဆိုရင် ကိန်းဂဏန်းဖြစ်တဲ့ ‘တစ်’ကို အဲဒီ တောင်ငူခေတ်မှာ ကတည်းက စသတ်သံမထွက်တော့ဘူး၊ ‘တသောင်း’လို့ မတြာဝက် ‘တ’ သံထွက်နေပြီဆိုတာ သက်သေပြနေ တယ်လေ”

“ဆရာ၊ ကျွန်တော်တို့ ပုဂံကျောက်စာတွေသင်ရတုန်းက သတိပြုမိတာရှိပါတယ်။ အစောပိုင်း ကျောက်စာတွေမှာ ‘တစ်’ လို့ ရေးပေမယ့် နောက်ပိုင်းကျောက်စာတွေမှာ စသတ်မပါဘဲ ‘တ’လို့ပဲ ရေးတာတွေ့ရပါတယ် ဆရာ”

“ဟုတ်တယ်၊ ‘တစ်’ လို့ ရေးပေမယ့် အသံထွက်တော့ မတြာဝက်တသံနဲ့ ‘တ’ လို့ပဲ အသံထွက်တာ တော်တော် စောစောကတည်းကပါ။ နတ်ရှင်နောင်ရတုမှာ ဘာဖြစ်လို့ ‘တစ်သောင်း’ လို့မရေးဘဲ ‘တသောင်း’လို့ ရေးတာပါလိမ့်”

“အသံတူကာရန်ယူထားတဲ့ ‘မပျောင်း’ နဲ့ ‘ခပေါင်း’ မှာ ‘မ’ နဲ့ ‘ခ’ က မတြာဝက်သံတွေပါဆရာ။ ဒါကြောင့် ‘တသောင်း’ မှာလဲ ‘တ’ က မတြာဝက်သံ ဖြစ်တယ်လို့ အခိုင်အမာ ပြောနိုင်ပါတယ်”

“ဟုတ်တယ်။ အသံထွက်အတိုင်း တိတိကျကျ ရေးရင်/တသောင်း/ /မပျောင်း/ /ခပေါင်း/ လို့ ရေးရမှာပေါ့။ (ရေးပြလိုက်ပါသည်။) ဒါကြောင့် နတ်ရှင်နောင်ကလည်း အသံတူ ကာရန်ယူထားတဲ့အတိုင်း ‘တသောင်း’ လို့ စသတ်မပါဘဲ ရေးတာပေါ့ကွယ်။ ပြောရဦးမယ်။ အဲဒီ ရတုကို ခုခေတ်မှာ ပြန်ပုံနှိပ်တော့ ‘တစ်သောင်းရှစ်ပြန်’ ကျတော့ ‘တစ်’ လို့ရေးပြီး နောက်က မပျောင်းတို့၊ ခပေါင်း တို့ကို ဒီအတိုင်းထားတော့ အချီက ပုံစံမညီဘဲ ပျက်နေတာပေါ့။ ဒါကြောင့် စာပေပညာရှင်ကြီး တစ်ယောက်က ရယ်စရာပြောဖူးတယ် ‘တစ်သောင်း’ ဆိုရင် ‘မစ်ပျောင်း၊ ခစ်ပေါင်း’ လို့ စသတ်နဲ့လိုက်ရေးမှ မှန်မှာပေါ့...တဲ့”

“သြော်... ဟုတ်ကဲ့”

“စာလုံးပေါင်းသတ်ပုံနဲ့ ပတ်သက်ပြီး အရင်အပတ်က ပြောသလို ကျောက်စာ၊ မင်စာကလွဲရင် မြန်မာစာ စာလုံးပေါင်းသတ်ပုံကျမ်းရဲ့ ရေးထုံးအတိုင်း ပြင်ရမယ်လို့ သတ်မှတ်ထားတယ်။ ဒါပေမယ့် ကဗျာမှာ ကာရန် အရရေးတဲ့ စာလုံးတွေကို သတ်ပုံကျမ်းနဲ့ မညီလည်း လိုက်ပြင်စရာမလိုဘူးလို့ ခြွင်းချက်ပေးထားပါတယ်။ ဒါကြောင့် ‘တသောင်း’ ကို ‘တစ်သောင်း’ လို့ လိုက်ပြင်စရာ မလိုပါဘူးကွယ်”

“ဟုတ်ကဲ့၊ နားလည်ပါပြီ ဆရာ”

“ကဲ... နောက်ရတုနှစ်ပုဒ်ပြချင်သေးတယ်။ တောင်ငူခေတ်စာဆို မင်းဧယျရန္တမိတ်ရဲ့ ဟောဒီရတုနှစ်ပုဒ်ပဲ။ အချီပိုဒ်တွေ ဖတ်ကြည့်ပါ။

‘ ခုနစ်ခွေလျှင်၊ ပုရစ်ဖြေဝင်၊ စုလစ်ရွှေစင်’ ပါ ဆရာ”

“ပုရစ်ဖြာဆီ၊ စုလစ်ဘာနီ၊ ခုနစ်နာရီ’ ပါ ဆရာ”

“ဟုတ်ပါပြီ။ အဲဒီရတုနှစ်ပုဒ်လဲ အချီပိုဒ်ချင်း ဆင်တယ်။ ‘ပုရစ်၊ စုလစ်၊ ခုနစ်’ ဆိုတဲ့ စကားလုံးတွေ အသံတူ ကာရန်တူဖွဲ့ထားတယ် မဟုတ်လား။ ကဲ... ‘ပုရစ်’ ကို ဘယ်လိုအသံထွက်သလဲ။ အသံထွက်ရေးပြပါ၊ သမီးကစပါ”

“ဟုတ်ကဲ့။ /ပယစ်/ လို့ အသံထွက်ပါတယ် ဆရာ။ (ရေးပြသည်) နောက်တစ်လုံးက /စလစ်/ လို့ အသံထွက်ပါတယ် ဆရာ”

“ကဲ... ခဏလောက် ဒီနေရာမှာ နားပြီး ကြည့်ရအောင်။ ပုရစ်ရော၊ စုလစ်ရော ရေးတဲ့အခါ တစ်ချောင်းငင်နဲ့ ရေးပေမယ့် အသံထွက်တော့ /ပယစ်/ / စလစ်/ လို့ မတြာဝက်သံ၊ အသံတစ်ဝက်ပဲ ထွက်တယ်နော်”

“ဟုတ်ပါတယ် ဆရာ”

“ဒီလိုဆိုရင် ‘ခုနစ်ခွေလျှင်’ နဲ့ ‘ခုနစ်နာရီ’ က ‘ခုနစ်’ ကို ဘယ်လိုအသံထွက်မလဲ”

“သမီးတို့တော့ /ခွန်နစ်/ လို့ ထွက်ပါတယ် ဆရာ”

“/ခွန်နှစ်/လို့ ဟထိုးသံနဲ့လည်း ထွက်ပါတယ်ဆရာ”

“ဟုတ်ပါတယ်။ ဆရာလည်း ဒီလိုပဲထွက်တာပါ။ တစ်ခါတစ်ခါ နောက်ကတစ်လုံးတောင် မပါတော့ဘူး။ /ခွန်/ လို့ပဲ ထွက်တယ်မဟုတ်လား”

“ဟုတ်ပါတယ်”

“ကဲ ရတုရဲ့ အချီပိုဒ်သုံးပိုဒ်လုံး အသံတူ ကာရန်တူဖွဲ့ရတဲ့ သတ်မှတ်ချက်အရ စဉ်းစားရင် အဲဒီအချိန်တုန်းက ခုနစ်ကို ဘယ်လိုအသံထွက် မယ်ထင်သလဲ”

“/စလစ်/ /ပယစ်/ တို့နဲ့ တူအောင်ထွက်ရင် /ခနစ်/ လို့ ထွက်ရမှာပေါ့ဆရာ”

“ဟုတ်ပါတယ်။ ရှေ့အသံကို အသံတစ်ဝက်နဲ့ ထွက်တာဆိုတော့ ခုနစ်ကို /ခနစ်/ လို့ ထွက်မှာပဲလေ။ နောက်မှ နောက်က ‘န’ ရဲ့အရှိန်ကြောင့် ‘ခွန်နစ်၊ ခွန်နှစ်’ ဖြစ်သွားတာပေါ့။ ရခိုင်တိုင်းရင်းသားတွေ ခုနစ်ကို /ခနစ်/ လို့ ခကို မတြာဝက်သံနဲ့ထွက်တာ ထင်ရှားတဲ့ သက်သေ တစ်ခုပေါ့ကွယ်”

> **“ဆရာ၊ ကျွန်တော်တို့ ပုဂံကျောက်စာတွေ သင်ရတုန်းက သတိပြုမိတာရှိပါတယ်။ အစောပိုင်းကျောက်စာတွေမှာ ‘တစ်’ လို့ ရေးပေမယ့် နောက်ပိုင်းကျောက်စာတွေမှာ စသတ်မပါဘဲ ‘တ’ လို့ပဲ ရေးတာတွေ့ရပါတယ် ဆရာ”**
>
> **“ဟုတ်တယ်၊ ‘တစ်’ လို့ ရေးပေမယ့် အသံထွက်တော့ မတြာဝက် တသံနဲ့ ‘တ’ လို့ပဲ အသံထွက်တာ တော်တော် စောစောကတည်းကပါ”**

## ယနေ့စျေးကွက်ပေါက်စျေးများ

၁၀-၁-၂၀၂၀

**ရွှေ**

| | | | | |
|---|---|---|---|---|
| ရန်ကုန် | ၁၆ ပဲရည် | တစ်ကျပ်သား | ကျပ် | ၁၂၁၈၀၀၀ |
| ရန်ကုန် | ၁၅ ပဲရည် | တစ်ကျပ်သား | ကျပ် | ၁၁၄၆၄၀၀ |
| မန္တလေး | ၁၆ ပဲရည် | တစ်ကျပ်သား | ကျပ် | ၁၂၁၈၀၀၀ |
| မန္တလေး | ၁၅ ပဲရည် | တစ်ကျပ်သား | ကျပ် | ၁၁၄၆၄၀၀ |

(အောင်သမာဓိရွှေဆိုင်မှ ရယူပါသည်)

**စက်သုံးဆီ**

| စက်သုံးဆီ | လက်လီစျေး(ရန်ကုန်) | လက်လီစျေး(မန္တလေး) |
|---|---|---|
| ဒီဇယ်(တစ်လီတာ) | ၉၂၀/၉၈၅ ကျပ် | ၉၈၅/၁၀၀၀ ကျပ် |
| ပရီမီယံဒီဇယ်(တစ်လီတာ) | ၉၃၀/၁၀၀၀ ကျပ် | ၁၀၀၀/၁၀၁၅ ကျပ် |
| အောက်တိန်း ၉၂ | ၈၂၀/၉၀၅ ကျပ် | ၉၃၀/၉၅၀ ကျပ် |
| အောက်တိန်း ၉၅ | ၉၄၀/၁၀၀၀ ကျပ် | ၁၀၃၅/၁၀၅၅ ကျပ် |

(မြန်မာနိုင်ငံစက်သုံးဆီအသင်းမှ ရယူပါသည်)

**နိုင်ငံတကာ ငွေကြေးများ**

| | | | |
|---|---|---|---|
| အမေရိကန် | တစ်ဒေါ်လာ | ကျပ် | ၁၄၈၄ . ၁ |
| ဥရောပ | တစ်ယူရို | ကျပ် | ၁၆၄၆ . ၈ |
| စင်ကာပူ | တစ်ဒေါ်လာ | ကျပ် | ၁၀၉၉ . ၃ |
| ဗြိတိန် | တစ်ပေါင်စတာလင် | ကျပ် | ၁၉၃၇ . ၃ |
| ဂျပန် | ၁၀၀ ယန်း | ကျပ် | ၁၃၅၄ . ၃ |
| ဩစတြေးလျ | တစ်ဒေါ်လာ | ကျပ် | ၁၀၂၀ . ၀ |
| တရုတ် | တစ်ယွမ် | ကျပ် | ၂၁၄ . ၂၆ |
| အိန္ဒိယ | တစ်ရူပီး | ကျပ် | ၂၀ . ၈၀ |
| ကိုရီးယား | ၁၀၀ ဝမ် | ကျပ် | ၁၂၇ . ၈၃ |
| မလေးရှား | တစ်ရင်းဂစ် | ကျပ် | ၃၆၃ . ၇၁ |
| ထိုင်း | တစ်ဘတ် | ကျပ် | ၄၉ . ၀၆၉ |

(ဗဟိုဘဏ်ပေါက်စျေးဖြစ်ပါသည်)

**စတော့အိတ်ချိန်းစျေးကွက်**

| ကုမ္ပဏီအမည် | အဖွင့်စျေး (ကျပ်) | အပိတ်စျေး (ကျပ်) | ရှယ်ယာစောင်ရေ | ရှယ်ယာတန်ဖိုး (ကျပ်) |
|---|---|---|---|---|
| FMI | ၁၁၀၀၀ | ၁၁၅၀၀ | ၁၃၇၃ | ၁၅၄၅၂၀၀၀ |
| MTSH | ၃၈၅၀ | ၃၈၀၀ | ၇၁၃၈ | ၂၇၁၆၇၃၀၀ |
| MCB | ၈၁၀၀ | ၈၁၀၀ | ၄ | ၃၂၄၀၀ |
| FPB | ၂၂၅၀၀ | ၂၂၅၀၀ | ၅၄၂ | ၁၂၁၉၅၀၀၀ |
| TMH | ၂၉၀၀ | ၂၉၀၀ | ၈၅၄ | ၂၃၉၁၄၀၀ |

(ရန်ကုန်စတော့အိတ်ချိန်းမှ ရရှိပါသည်)

ခင်ရတနာ-စုစည်းသည်။

မြန်မာ့အလင်း

စာတည်းမှူးချုပ် - အောင်နိုင်ဦး
စာတည်းမှူး - စိုးစိုးနိုင်
သတင်းထောက်ချုပ် - မြင့်ဆွေ
စာတည်းများ - ကြည်ဝင်း၊ ဝင်းကျော်၊ ခြူးစန္ဒီနွေး၊ ကလျာမိုးမြင့်၊ ခင်ရတနာ
အကြီးတန်း သတင်းထောက်များ - ကျော်သူဝင်း၊ သိမ့်သိမ့်မိုး၊ ဇူလိုင်မိုး၊ စိန်လွင်အောင်၊ တင်စိုး(ခတ်ပုံ)၊ မြတ်မွန်ထွေး၊ ဇင်ဦး၊ တင်လင်းအောင်၊ တင်မောင်လွင်၊ ဟိန်းထက်ဇော်
အငယ်တန်း သတင်းထောက်များ - နေဝင်းထွန်း(၂)၊ ဝေသူနွယ်
ထုတ်ဝေခြင်းအမှတ် - (၀၁၀၉၃)၊
ပုံနှိပ်ခြင်းအမှတ် - (၀၀၈၇၇)

mmalin.npt@ gmail.com

www.facebook.com/MYANMAALINNNEWS

နေပြည်တော်-စာတည်းမှူး ၀၆၇-၃၆၁၄၂၊ စာတည်းအဖွဲ့ ၀၆၇-၃၆၁၄၅၊ ဖက်စ် ၀၆၇-၃၆၁၄၆၊ ရန်ကုန်ရုံးခွဲ- အမှတ်(၅၃)၊ နတ်မောက်လမ်းသွယ်(၁)၊ ဗိုလ်ချို(၂) ရပ်ကွက်၊ ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့၊ စာတိုက်သေတ္တာအမှတ်-၄၀၊ စာတည်းအဖွဲ့ ၀၁-၅၄၄၃၀၉၊ မန်နေဂျာ ၀၁-၅၄၄၃၁၄၊ စီမံ ၀၁-၅၄၄၃၁၅၊ ငွေစာရင်း ၀၁-၅၄၄၃၁၆၊ ကြော်ငြာ ၀၁-၅၄၅၈၃၄၊ ၀၁- ၅၅၉၁၁၈၊ Fax ၀၁-၅၄၆၂၂၁၊ ၀၆၇-၃၆၁၄၈၊ ဖြန့်ချိရေး ၀၁-၅၄၄၃၁၇၊ Fax ၀၁-၈၆၀၄၅၄၆။

MYANMAR Digital News Presented by NPE www.mdn.gov.mm

# ဘဝပညာပေးဇာတ်လမ်းအဖြစ် ရိုက်ကူးထားသည့် "သောင်းတိုက်က ကြားစေသား"ရုပ်ရှင် ရုံတင်ပြသတော့မည်



ပညာတတ်ဖြစ်လင့်ကစား အပေါင်းအသင်းမက်၊ အပျော်မက်လျှင် မိမိဘဝအမှန်ကိုမေ့ကာ မကောင်းမှုဘက်တွင် သာယာနေတတ်ပုံကို ပညာပေး ရိုက်ကူးထားသည့် သောင်းတိုက်က ကြားစေသား ရုပ်ရှင်ဇာတ်ကားကြီးကို ဇန်နဝါရီ ၃၀ ရက်တွင် စတင် ရုံတင်ပြသသွားမည်ဟု သိရသည်။

အဆိုပါ သောင်းတိုက်က ကြားစေသား ရုပ်ရှင်သည် ပန်းချီ မိုးကြိုး၏ မြူမှုန်ပါးလေး ကကြိုးသီ ရုပ်ပြဇာတ်လမ်းကို ဖိုးသာအောင်က ဇာတ်လမ်းပြန်လည်တည်ဆောက်၍ ဒါရိုက်တာ ထွန်းအောင်ဇော်က ရိုက်ကူးကာ ပန်းသခင် ရုပ်ရှင်ထုတ်လုပ်ရေးမှ ထုတ်လုပ်ထားခြင်းဖြစ်ပြီး ၁၉၈၂ ခုနှစ် ကာလများကို ပြန်လည်ထင်ဟပ်စေမည်ဖြစ်သည်။

မိခင်မရှိတော့၍ ဖခင်က အလိုလိုက်ထားသော ကိုမိုးသည် ကျောင်းပညာတွင် ထူးချွန်၍ ဒေါက်တာမိုးမြင့်ဦး ဖြစ်လာခဲ့သော်လည်း ရပ်ကွက်အတွင်း မူးရူးသောက်စားရမ်းကားသူ၊ မိမိပညာနှင့်ပင် မလိုက်ဖက်အောင် နေထိုင်တတ်သူဖြစ်သည်။ နောက်ဆုံးတွင် ဖခင်ဖြစ်သူက ဆိုဆုံးမမရသောကြောင့် အိမ်ပေါ်မှ နှင်ချလိုက်ရသည်အထိ ဖြစ်ခဲ့သည်။ ဖခင်၏အိမ်ပေါ်မှဆင်းပြီး ရပ်ကွက်အတွင်းရှိ ဆိုက်ကားသမား ကျော်ကြီး(ခ) စောလှချစ်နှင့် ဆုံရင်း ကျော်ကြီး၏ရွာသို့ လိုက်ပါသွားခဲ့သည့် ဒေါက်တာ မိုးမြင့်ဦးသည် ရွာသို့ရောက်သော်လည်း ထုံးစံအတိုင်း မူးရူးသောက်စားမှုက မလျော့ပေ။ တစ်နေ့တွင်မူ ရွာထဲ၌ လူမမာတစ်ဦး ကျန်းမာရေးအခြေအနေဆိုးနေစဉ် အခြေခံစိတ်ရင်းကောင်းသူ ဒေါက်တာမိုးမြင့်ဦးအနေဖြင့် သင်ယူထားသော ဆရာဝန်ပညာဖြင့် အသက်ကို ကယ်တင်ခဲ့သည်။

ထို့နောက် ဒေါက်တာမိုးမြင့်ဦးအနေဖြင့် သူ့ဘဝမှန်ကို ရွာသားများအား ထုတ်ပြောခဲ့ပြီး ရွာတွင် ဆေးကုသပေးလိုသော စိတ်ရင်းဖြင့် ဆေးကုသပေးနိုင်ရန် လုပ်ဆောင်ခဲ့သော်လည်း အလွဲအမှားများ တွေ့ကြုံခဲ့ရသည်။ ထိုသို့ အဆင်မပြေမှုများကြားမှပင် ဆေးကုသပေးနိုင်ရန် ကြိုးစားလုပ်ဆောင်ရင်း ရွာဦးကျောင်း ဆရာတော်နှင့် ကျောင်းဆရာမလေးတို့၏ နားလည်ကူညီမှုများကြောင့် နောက်ဆုံးတွင် ဆရာဝန်အလုပ်ကိုပြန်လည်လုပ်ကိုင်နိုင်ခဲ့ပုံများကို ရိုက်ကူးတင်ဆက်ထားသော ဇာတ်လမ်းဖြစ်သည်။

အဆိုပါဇာတ်ကားတွင် ဒေါက်တာမိုးမြင့်ဦး(ခ) ကိုမိုးအဖြစ် သရုပ်ဆောင် မြတ်သူကျော်၊ ကိုမိုး၏ဖခင် ဦးတင်အောင်မိုးအဖြစ် ထပ်ဆင့်အကယ်ဒမီ ရန်အောင်၊ ဆိုက်ကားသမား ကျော်ကြီးအဖြစ် လူမင်းတို့က အဓိက သရုပ်ဆောင်ထားကြပြီး မယ်လိုဒီ၊ ချြူးလေး၊ မေသဥ္ဇာဦး၊ ပြေဇင်နှင့် အခြား အနုပညာရှင်များစွာလည်း ပါဝင်သရုပ်ဆောင်ထားကြကြောင်း သိရသည်။

ကိုလင်း

## အနုပညာအလုပ်သည် အရှုံးအမြတ်တွက်၍မရကြောင်း မိုးဟေကို ပြောကြား

သရုပ်ဆောင် မိုးဟေကို၏ မိုးရုပ်ရှင်ထုတ်လုပ်ရေးအနေဖြင့် ဟာသပိုင်းရော၊ ဒရာမာပိုင်းပါ ရသစုံအောင် ဇာတ်ကားများကို ထုတ်လုပ်သွားမည်ဖြစ်ပြီး အနုပညာအလုပ်သည် အရှုံးအမြတ်တွက်၍မရသောကြောင့် ရှုံးသည့်အခါတွင်လည်း ခံနိုင်ရည်ရှိရမည်ဖြစ်ကြောင်း မိုးဟေကိုက ပြောကြားသည်။



"မိုးတို့အနေနဲ့ ဒရာမာကားကောင်းလေးတွေလည်း ထုတ်လုပ်ရေးက ရိုက်ကူးဖြစ်ပါတယ်။ ဇာတ်ကားတစ်ကား ရိုက်ကတည်းက အရှုံးအမြတ်ကို မိုးက တွက်ပြီးသား။ ကိုယ်လုပ်တဲ့ အရာရာတိုင်းက ကွက်တိဖြစ်တာရှိသလို တချို့ လွဲချော်သွားတာလည်း ရှိပါတယ်။ ဒီအထဲမှာ အမှားနည်းအောင် ပြင်ယူရမယ်။ ပရိသတ်နဲ့ သဟဇာတဖြစ်အောင် ကြိုးစားရမယ်။ ခုက အချိန်အခါတွေ အားလုံး ပြောင်းလဲသွားတယ်။ မိုး ရုပ်ရှင်ထုတ်လုပ်ရေးကတော့ ဟာသပိုင်းရော၊ ဒရာမာပိုင်းရော ရသစုံအောင် ထုတ်လုပ်မှာပါပဲ။ အလုပ်လုပ်နေရတာဆိုတော့ ရှုံးတာရှိသလို မြတ်တာလည်း ရှိမှာပါပဲ။ ရှုံးတာလည်း ခံနိုင်ရည်ရှိရမှာပါ။ အပြင်စီးပွားရေးမှာလည်း အရှုံးအမြတ်က ဒွန်တွဲနေလို့ ခံနိုင်အောင် ကြိုးစားနေပါတယ်"ဟု မိုးဟေကိုက ပြောသည်။

မိုးရုပ်ရှင်ထုတ်လုပ်ရေးမှ ထုတ်လုပ်ပြီး ဇော်မင်း(မ/ဒဂုံ)၏ ဝတ္ထုကို စွမ်းပိုင် ဇာတ်ညွှန်းရေးကာ ဒါရိုက်တာ ပြည်ဟိန်းသီဟ ရိုက်ကူးထားသည့် ရွာကျော်မိကဲ ဇာတ်ကားတွင် ခန့်စည်သူ၊ ထွန်းထွန်း၊ ရွှေမှုံရတီနှင့် မေကဗျာတို့ ခေါင်းဆောင်ပါဝင်ထားပြီး အခြားအနုပညာရှင်များစွာ ပါဝင်သရုပ်ဆောင်ထားကြသည်။ ရယ်ရွှင်ပျော်မြူးစရာ ဟာသရုပ်ရှင်ကားဖြစ်ပြီး ဇန်ဝါရီ ၁၆ ရက်တွင် JCGV ရုပ်ရှင်ရုံများ၌ ရုံတင်ပြသသွားမည်ဖြစ်ကြောင်း သိရသည်။

"အခုကားလေးကတော့ ဟာသကားလေးပေါ့နော်၊ နှစ်သစ်မှာ မိုးတို့ ထုတ်လုပ်ရေးရဲ့ ခုနစ်ကားမြောက် ရုပ်ရှင်ကို ရုံတင်ခွင့်ရတယ်ပေါ့၊ ဒီကားက လွန်ခဲ့တဲ့ သုံးနှစ်လောက်က ရိုက်ခဲ့တာပါ၊ ဒီလိုဇာတ်တွေ ခေတ်စားနေတဲ့ အချိန်တုန်းက ရိုက်ဖြစ်ခဲ့တာပေါ့၊ နောက်ထပ်လည်း ပရိသတ်ကြိုက်မယ့် ဇာတ်ကားတွေကို ထပ်မံထုတ်လုပ်ဖို့ မိုးတို့ ကြိုးစားနေပါတယ်"ဟု မိုးဟေကိုက ဆက်လက်ပြောကြားသည်။

ကိုလင်း

## ကင်ဆာရောဂါကြောင့် စိတ်ဓာတ်ကျခဲ့ရသူ မီးမီးခဲ၏ တစ်ကိုယ်တော်ဖျော်ဖြေပွဲ ကျင်းပမည်

အဆိုတော် မီးမီးခဲအနေဖြင့် ပြည်ပတွင်နေထိုင်ရင်း အိမ်ထောင်ကျကာ သားသမီးနှစ်ဦး ထွန်းကားခဲ့ပြီးနောက် ဂီတအလုပ်များနှင့် ကင်းကွာနေခဲ့ရာမှ ယခု မြန်မာနိုင်ငံသို့ ပြန်လည်ရောက်ရှိလာ၍ တစ်ကိုယ်တော်ဖျော်ဖြေပွဲ ပြုလုပ်သွားမည်ဟု သိရသည်။ ဂီတသက်တမ်း နှစ် ၂၀ ကျော် ရှိခဲ့ပြီဖြစ်သည့် အဆိုတော် မီးမီးခဲ၏ Back to You First Solo Show တစ်ကိုယ်တော် ဖျော်ဖြေပွဲကို ဇန်နဝါရီ ၁၁ ရက် ည ၇ နာရီတွင် ရန်ကုန်မြို့ ပြည်လမ်းရှိ တော်ဝင်ဂါးဒင်းဟိုတယ်၌ ကျင်းပသွားမည်ဖြစ်သည်။

မီးမီးခဲအနေဖြင့် ဂီတအလုပ်များပြန်လုပ်သွားရန် ရည်ရွယ်ချက်ရှိနေသော်လည်း ကင်ဆာရောဂါကို ခံစားနေရသောကြောင့် တစ်ကိုယ်တော်ဖျော်ဖြေပွဲပြီးလျှင် ထပ်မံအနားယူသွားမည်ဖြစ်ကြောင်းလည်း သိရသည်။

"ကိုယ်က ဂီတသမားဆိုတော့ သီချင်းတွေလုပ်ချင်တယ်၊ ဒါပေမယ့် ကင်ဆာရောဂါဖြစ်နေတော့ စိတ်သွားတိုင်းကိုယ်မပါဘူးဖြစ်ခဲ့တယ်၊ ဒါပေမယ့် ဒီပွဲပြီးမှဖြစ်ချင်တာဖြစ်ပါစေဆိုတဲ့စိတ်နဲ့ လုပ်မှာပါ၊ ကိုယ်က ရောဂါသည်တစ်ယောက်ဖြစ်နေတော့ ဖျော်ဖြေတဲ့အခါ အားနည်းချက်လေးတွေ ရှိကောင်းရှိနိုင်ပါတယ်၊ ပရိသတ်ကြီးက ပိုပြီး နားလည်ပေးနိုင်မယ်လို့ ထင်ပါတယ်၊ ရောဂါက ၂၀၁၇ ဒီဇင်ဘာလက စဖြစ်တာပေါ့နော်၊ အခုဆို နှစ်နှစ်ကျော်လောက်ရှိပြီ၊ ဆေးကုသမှုကတော့ ဟိုမှာလုပ်တာပေါ့၊ ကင်ဆာ နောက်ဆုံးအဆင့်အထိ ရောက်ခဲ့တာပါ၊ သားလေးကလည်း အဲဒီတုန်းက ငါးနှစ်သားဆိုတော့ စိတ်ဓာတ်တွေ အများကြီးကျခဲ့ရတယ်၊ အမျိုးသားကတော့ လင်ဝတ္တရား ကျေပွန်တဲ့သူပါ၊ ဆေးရုံတက်နေတဲ့တစ်လျှောက် အနီးကပ် စောင့်ရှောက်ပေးတယ်၊ ဟိုမှာက ကင်ဆာရောဂါဖြစ်တဲ့သူဆို ကတုံးတုံးရတယ်လေ၊ လူနာအားမငယ်ရအောင် အိမ်မှာရှိတဲ့လူတွေပါ လိုက်ပြီး ကတုံးတုံးကြတယ်၊ အခုတော့ ဆေးကုသရင်းနဲ့ ပရိသတ်နဲ့ အနီးကပ်တွေ့ဆုံရပါတော့မယ်၊ ဝေဒနာဖြစ်နေတုန်းက ပျော်အောင် အမျိုးသားကရော၊ သူငယ်ချင်းတွေကရော သီချင်းတွေဆိုကြတာ၊ ပွဲတွေကို ခေါ်သွားတာတွေ ရှိတယ်၊ သူတို့ကြောင့်သာ အခုလို စိတ်တွေ ပြန်လည်ခိုင်မာပြီး ကျန်းမာလာတာပါ"ဟု မီးမီးခဲက ပြောသည်။

အဆိုပါ ဖျော်ဖြေပွဲတွင် မီးမီးခဲအနေဖြင့် သီချင်း ၂၆ ပုဒ်ကို ဖျော်ဖြေသွားမည်ဖြစ်ပြီး သမီးဖြစ်သူ ဖြူဖြူစင်စင်လင်းနှင့်အတူ လာဒင်ထားရီနှင့် နော်မာသထူးဝါးတို့ကလည်း ပါဝင်အားဖြည့် သီဆိုကြမည်ဖြစ်ကြောင်း သိရသည်။

ကိုလင်း




## မြန်မာသံအဆိုရှင် ဘာဘရာ၏ "ဂန္ထဝင်တေးအလှများ(၂)"စီးရီး မိတ်ဆက်

မြန်မာသံအဆိုတော် ဘာဘရာ၏ ဂန္ထဝင်တေးအလှများ(၂) စီးရီးကို ဒီဗီဒီအဖြစ် ထုတ်လုပ်ဖြန့်ချိခြင်းနှင့် အခွေထွက်ရှိခြင်းအတွက် မီဒီယာမိတ်ဆက်ပွဲကို ဇန်နဝါရီ ၉ ရက်က ရန်ကုန်မြို့ ပြည်လမ်းရှိ IBC ခန်းမ၌ ကျင်းပခဲ့ကာ မိတ်ဆက်ပွဲတွင် နိုင်ငံကျော် မြန်မာသံစဉ် အဆိုတော်ကြီးများဖြစ်ကြသော တင်တင်မြ၊ မြင့်မြင့်ခင်၊ တက္ကသိုလ် လဲ့လဲ့၊ ရီရီသန့်၊ ချိုပြုံးနှင့် ထားတို့ တက်ရောက်အားပေး ဖျော်ဖြေခဲ့ကြောင်း သိရသည်။



အဆိုရှင် ဘာဘရာက "မြန်မာသံစဉ်တွေက ဆိုရခက်ပါတယ်၊ ဝါသနာပါရုံနဲ့တော့ ဆိုမရတဲ့ ဂီတသံစဉ်တွေလည်းဖြစ်ပါတယ်၊ အဲဒီတော့ ကိုယ်တိုင်က ဝါသနာပါတာအပေါ် ဆရာသမားတွေဆီက ပညာတွေယူပြီး အကောင်းဆုံး သီဆိုထားပါတယ်၊ ဆရာရွှေပြည်အေးရဲ့ သီချင်းတွေက လွယ်မယောင်နဲ့ခက်တဲ့ သီချင်းတွေပါ။ အခုအခွေကလည်း ဆရာ့ကို အမှတ်တရရှိလို့ သူ့သီချင်းတွေနဲ့ ဒီအခွေလေး ဖန်တီးဖြစ်တာပါ"ဟု ပြောသည်။

အဆိုပါ ဂန္ထဝင်တေးအလှများ(၂) စီးရီးတွင် ဂီတစာဆို အလင်္ကာကျော်စွာ ရွှေပြည်အေး၏ မြန်မာသံတေးသီချင်း စုစုပေါင်း ၁၀ ပုဒ် ပါဝင်ကြောင်း သိရသည်။

ကိုလင်း

# အထူးဂုဏ်ယူ ဝမ်းမြောက်ခြင်း

မြန်မာသက္ကရာဇ် ၁၃၈၁ ခု၊ ပြာသိုလဆန်း (၁၀)ရက်၊ ၂၀၂၀ ပြည့်နှစ်၊ ဇန်နဝါရီလ (၄)ရက်၊ (၇၂)နှစ်မြောက် လွတ်လပ်ရေးနေ့တွင် ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်၊ နိုင်ငံတော်သမ္မတရုံး အမိန့်ကြော်ငြာစာအမှတ် ၁/၂၀၂၀ဖြင့် ဗုဒ္ဓမြတ်စွာသာသနာတော်၌ ပရိယတ္တိတာဝန်၊ ပဋိပတ္တိတာဝန်များကို ထူးချွန်ပြောင်မြောက်စွာ ဆောင်ရွက်တော်မူကြပြီး ဗုဒ္ဓသာသနာတော်အားထူးကဲစွာ လှူဒါန်းထောက်ပံ့ ပူဇော်ကြသည့် ဥပါသကာ၊ ဥပါသကာမ တို့အား အပ်နှင်းချီးမြှင့်သည့် လူပုဂ္ဂိုလ်ဆိုင်ရာ အမြင့်ဆုံး သာသနာနုဂ္ဂဟ ဘွဲ့တံဆိပ်တော်များ ဖြစ်ကြသည့် **"အဂ္ဂမဟာ သီရိသုဓမ္မမဏိဇောတဓရ"** ဘွဲ့ကို EXCELLENT FORTUNE DEVELOPMENT GROUP (EFD GROUP) နှင့် EXCELLENT FORTUNE FOUNDATION (EFF FOUNDATION) တို့၏ Chairman & Founder **ဦးစိုင်းမျိုးဝင်း**နှင့် **"အဂ္ဂမဟာ သီရိသုဓမ္မသိင်္ဂီ"** ဘွဲ့ကို Senior Vice Chairman & Co-Founder ဇနီး **ဒေါ်နန်းခင်မြင့်ရီ** တို့အား **ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်၊ နိုင်ငံတော်သမ္မတ**မှ ထိုက်ထိုက်တန်တန် ဂုဏ်ပြုချီးမြှင့် အပ်နှင်းခြင်းခံရသည့်အတွက် အတိုင်းမသိ ဂုဏ်ယူဝမ်းမြောက်ကြောင်းနှင့် မိသားစုနှင့်အတူ အသက်ရာကျော် တိုင်အောင် ကျန်းမာချမ်းသာစွာဖြင့် နိုင်ငံနှင့် အမျိုးဘာသာ၊ သာသနာအကျိုးအတွက် ဆတက်ထမ်းပိုး သယ်ပိုး ဆောင်ရွက်နိုင်သော သာသနာပြု ဇနီးမောင်နှံဖြစ်ပါစေကြောင်း ဆုမွန်ကောင်းတောင်းလိုက်ရပါသည်။

ဦးကျော်သူ + ရွှေဇီးကွက်(ခ)ဒေါ်မြင့်မြင့်ခင်ဖေ
နာရေးကူညီမှုအသင်း(ရန်ကုန်)၊ ဝရဇိန်ရုပ်ရှင်ထုတ်လုပ်ရေး



# အထူးဂုဏ်ယူ ဝမ်းမြောက်ခြင်း

၂၀၂၀ ပြည့်နှစ်၊ ဇန်နဝါရီလ(၄)ရက်၊ (၇၂)နှစ်မြောက် လွတ်လပ်ရေးနေ့တွင် ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်၊ နိုင်ငံတော်သမ္မတရုံး၏ အမိန့်ကြော်ငြာစာ အမှတ် ၂/၂၀၂၀ ဖြင့် စွမ်းဆောင်မှုဆိုင်ရာ ဂုဏ်ထူးဆောင် တံဆိပ်ဖြစ်သည့် **"လူမှုထူးချွန်တံဆိပ်(ပထမအဆင့်)"** ကို ကျောက်စိမ်းတောင်ကျောက်မျက်ကုမ္ပဏီလီမိတက်၊ မန်နေဂျင်းဒါရိုက်တာ **ဦးစိန်ဝင်း**အား **ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်၊ နိုင်ငံတော်သမ္မတ**မှ ထိုက်ထိုက်တန်တန် ဂုဏ်ပြုချီးမြှင့် အပ်နှင်းခြင်းခံရသည့်အတွက် အထူးဂုဏ်ယူ ဝမ်းမြောက်ကြောင်းနှင့် မိသားစုနှင့်အတူ အသက်ရာကျော်တိုင်အောင် ကျန်းမာချမ်းသာစွာဖြင့် နိုင်ငံ့အကျိုးကို ဆတက်ထမ်းပိုးတိုး၍ ဆောင်ရွက်နိုင်ပါစေကြောင်း ဆုမွန်ကောင်း တောင်းအပ်ပါသည်။

ဦးစိုင်းမျိုးဝင်း + ဒေါ်နန်းခင်မြင့်ရီ
EXCELLENT FORTUNE DEVELOPMENT GROUP (EFD GROUP)

## အထူးဂုဏ်ယူဝမ်းမြောက်ကြောင်း

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတရုံး၏ အမိန့်ကြော်ငြာစာအမှတ် (၁/၂၀၂၀) အရ သာသနာတော်ဆိုင်ရာဘွဲ့တံဆိပ်ဖြစ်သည့် **သီရိသုဓမ္မသိင်္ဂီ**ဘွဲ့တံဆိပ်ကို ဒုတိယဗိုလ်ချုပ်ကြီးဝေလွင် (ငြိမ်း)၏ဇနီး **ဒေါ်ဆွေဆွေဦး**အား ထိုက်ထိုက်တန်တန် ချီးမြှင့်ခြင်းခံရသည့်အတွက် အထူးလိုက်လှဲစွာ ဝမ်းမြောက်ဂုဏ်ယူပါကြောင်း။

**ရေကြည်မြို့နယ်အသင်း (ရန်ကုန်) နှင့်**
**ရေကြည်မြို့နယ်အသင်းထောက် (ရေကြည်)**

## အထူးဂုဏ်ယူဝမ်းမြောက်ခြင်း

ဒေါ်ခင်စန်း (သီဟသုဓမ္မသိင်္ဂီ) ၏ခင်ပွန်း **ဦးတင်ဝင်းညို (သုဓမ္မမဏိဇောတဓရ)-(အုပ်ချုပ်မှုဒါရိုက်တာ) မြပန်းရင်းနှီးမြှုပ်နှံမှုနှင့်ထုတ်လုပ်မှုကုမ္ပဏီလီမိတက်**အား ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၊ နိုင်ငံတော်သမ္မတကြီး၏ **သီရိသုဓမ္မမဏိဇောတဓရ** ဘွဲ့တံဆိပ်တော် ချီးမြှင့်အပ်နှင်းခြင်းခံရသည့်အတွက် အထူးပင်ဝမ်းမြောက် ဂုဏ်ယူပါကြောင်းနှင့် နိုင်ငံတော်အကျိုး၊ သာသနာအကျိုးတို့ကို ဆတက်ထမ်းပိုးတိုး၍ ဆောင်ရွက်နိုင်ပါစေကြောင်း ဆုမွန်ကောင်းတောင်းအပ်ပါသည်။

**မြပန်း ရင်းနှီးမြှုပ်နှံမှုနှင့်ထုတ်လုပ်မှုကုမ္ပဏီလီမိတက်**
**ဝန်ထမ်းမိသားစုများ**

## အထူးဂုဏ်ယူဝမ်းမြောက်ခြင်း

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၊ နိုင်ငံတော်သမ္မတရုံးအမိန့်ကြော်ငြာစာအမှတ်-၁/၂၀၂၀ ဖြင့် **ဦးကြည်စိုး (MD, AMP Construction Co.,Ltd.)** အား သာသနာတော်ဆိုင်ရာဘွဲ့တံဆိပ်တော်ဖြစ်သော **သီဟသုဓမ္မမဏိဇောတဓရ** ဘွဲ့ချီးမြှင့်ခြင်းခံရသည့်အတွက် မိသားစုနှင့်အတူ အထူးဂုဏ်ယူဝမ်းမြောက်ပါကြောင်းနှင့် နိုင်ငံအကျိုး၊ အမျိုးဘာသာရေး၊ လူမှုရေး၊ ပညာရေး၊ ကျန်းမာရေးကဏ္ဍများတွင် ဆတက်ထမ်းပိုးတိုး၍ ဆောင်ရွက်နိုင်ပါစေကြောင်း ဆုမွန်ကောင်းတောင်းအပ်ပါသည်။

**သီရိသုဓမ္မမဏိဇောတဓရ ဦးဇော်ဝင်း-ဒေါ်မိမိတင်**
**သမီး အိမွန်မွန် (ခ) ဂျူဂျူး**
**ဇော်ထက်ပိုင်အင်ဂျင်နီယာနှင့်ဆောက်လုပ်ရေးအုပ်စုကုမ္ပဏီလီမိတက်**
**စိန်ရွှေထိပ်တန်း ဆောက်လုပ်ရေးကုမ္ပဏီ**
**ချမ်းမြေ့မေတ္တာ အထွေထွေရောဂါကုဆေးရုံ (သန်လျင်)**

## ဂုဏ်ယူဝမ်းမြောက်ခြင်း

နိုင်ငံတော်သမ္မတရုံး၊ အမိန့်ကြော်ငြာစာအမှတ် ၂/၂၀၂၀ အရ **ဒေါက်တာဦးတိုးလှ (သမိုင်းပါမောက္ခ-ငြိမ်း)**အား နိုင်ငံတော်သမ္မတ၏ ဘာသာရပ်ဆိုင်ရာပညာရှင် **သိပ္ပံကျော်စွာ ဂုဏ်ထူးဆောင်**ဘွဲ့ ချီးမြှင့်အပ်နှင်းခြင်းခံရသည့်အတွက် ဂုဏ်ယူဝမ်းမြောက်ပါသည်။

**ဦးစံလင်း ပညာရေးဖောင်ဒေးရှင်း**
**ကုက္ကိုစုရွာ၊ ရေစကြိုမြို့နယ်၊ မကွေးတိုင်းဒေသကြီး**

### ပတ်စ်ပို့ပျောက်

ကျွန်တော် မောင်ရဲထွန်းအောင် ၁/မညန(နိုင်)၁၇၂၁၄၀ ၏ ပတ်စ်ပို့နံပါတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန်။

ဖုန်း-၀၉-၄၄၀၀၀၃၂၈၇

### ပတ်စ်ပို့ပျောက်

ကျွန်မ မသန္တာအောင် ၁/မညန (နိုင်)၁၇၂၁၄၁ ၏ ပတ်စ်ပို့နံပါတ် (မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန်။

ဖုန်း-၀၉-၄၄၀၀၀၃၂၈၇

### ပတ်စ်ပို့ပျောက်

ကျွန်တော် ဦးဆာနူး ၁/မကတ(နိုင်) ၀၆၈၉၀၇ ၏ ပတ်စ်ပို့နံပါတ် (မမှတ်မိ) မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန်။

ဖုန်း-၀၉-၂၅၃၇၈၈၂၅၇

## ဆရာကြီးအမ်းယုမောင်အတွက် ဂုဏ်ယူဝမ်းမြောက်ပါကြောင်း

မဂ်လာရာမပါဠိတက္ကသိုလ်ကျောင်းသားဟောင်း၊ မဂ်လာရာမပါဠိတက္ကသိုလ် ပစ္စည်းလေးပါးဒါယကာကြီး **ဆရာကြီးအမ်းယုမောင် (မောင်လူမွေး၊ မြန်မာ့မူ)** အား နိုင်ငံတော်သမ္မတရုံး၏ ၂၀၂၀ ပြည့်နှစ် ဇန်နဝါရီ ၄ ရက်တွင် အမိန့်ကြော်ငြာစာအမှတ် ၂/၂၀၂၀ဖြင့် **မဟာသဒ္ဓမ္မဇောတိကဓဇ**ဘွဲ့(တံဆိပ်)ကို အပ်နှင်းကြောင်း သိရပါသဖြင့် လွန်စွာဝမ်းမြောက်ဂုဏ်ယူရပါကြောင်းနှင့် သာသနာတော်အကျိုး၊ နိုင်ငံတော်အကျိုးတို့ကို ဆတက်ထမ်းပိုး ဆောင်ရွက်နိုင်ပါစေကြောင်း ဆုမွန်ကောင်းတောင်းလျက် ဂုဏ်ပြုအပ်ပါသည်။

**သက်တော်ရှည်ပဓာနနာယကဆရာတော်ကြီးနှင့် နာယကစာချဆရာတော်များ**
**မင်္ဂလာရာမပါဠိတက္ကသိုလ်ကျောင်းတိုက်၊ ဗိုလ်တထောင်မြို့နယ်၊ ရန်ကုန်မြို့**

## အထူးဂုဏ်ယူဝမ်းမြောက်ပါကြောင်း

ရန်ကုန်မြို့၊ ဗိုလ်တထောင်မြို့နယ်၊ သိမ်ဖြူလမ်း၊ မင်္ဂလာရာမပါဠိတက္ကသိုလ်ကျောင်းတိုက်၏ ပင်မကျောင်းအလှူရှင်များနှင့် နိဗဒ္ဓပစ္စည်းလေးပါးအလှူရှင်များဖြစ်ပြီး Asia Express group ကုမ္ပဏီလီမိတက်မိသားစုဝင်အောက်ပါပုဂ္ဂိုလ်တို့အား နိုင်ငံတော်သမ္မတရုံး၏ ၂၀၂၀ပြည့်နှစ် ဇန်နဝါရီ ၄ရက်တွင် အမိန့်ကြော်ငြာစာအမှတ် ၂/၂၀၂၀ဖြင့်

(၁) ဒေါ်ခင်ဝါဝါအား **(အဂ္ဂမဟာသီရိသုဓမ္မသိင်္ဂီဘွဲ့)**ကိုလည်းကောင်း

(၂) ဒေါ်မီမီစိန်အား **(အဂ္ဂမဟာသီရိသုဓမ္မသိင်္ဂီဘွဲ့)**ကိုလည်းကောင်း

(၃) ဒေါက်တာမောင်မောင်ဦးအား **(သီရိသုဓမ္မမဏိဇောတဓရဘွဲ့)**ကိုလည်းကောင်း

အပ်နှင်းကြောင်း သိရပါသည်။

၎င်းအတွက် အထူးဂုဏ်ယူဝမ်းမြောက်မိပါကြောင်း သာသနာတော်အကျိုး၊ နိုင်ငံအကျိုး၊ အမျိုးအကျိုးတို့ကို ဆတက်ထမ်းပိုးဆောင်ရွက်နိုင်ပါစေကြောင်း ဆုမွန်ကောင်းတောင်းလျက် ဂုဏ်ပြုအပ်ပါသည်။

**သက်တော်ရှည်ပဓာနနာယကဆရာတော်ကြီးနှင့်နာယကစာချဆရာတော်များ**
**မင်္ဂလာရာမပါဠိတက္ကသိုလ်ကျောင်းတိုက်၊ ဗိုလ်တထောင်မြို့နယ်၊ ရန်ကုန်မြို့**

## ဂုဏ်ယူဝမ်းမြောက်ခြင်း

**သီဟသုဓမ္မသိင်္ဂီ** ဘွဲ့တံဆိပ်ကို အပ်နှင်းခံရပါသော **ဒေါ်ပိုးအိဖြူမောင် (M.D ပြည့်ဝခိုင်မာဆောက်လုပ်ရေးကုမ္ပဏီ)** အား အထူးဂုဏ်ယူဝမ်းမြောက်မိပါသည်။

**ဦးလေးတစ်စု**

**King Peak Treating Co.,Ltd.**

### ဖခင်အမည်မှန်

တန့်ဆည်မြို့၊ မြင့်မြတ်ပညာ့ဗိမာန်ကိုယ်ပိုင်အထက်တန်းဆင့်သင်ကျောင်း တက္ကသိုလ်ဝင်တန်းမှ မဝါဝါအောင်၏ ဖခင်အမည်မှန်မှာ ဦးထွန်းနိုင် ၉/သပက(နိုင်)၀၀၆၉၆၂ ဖြစ်ပါသည်။

### ဖခင်အမည်မှန်

တန့်ဆည်မြို့၊ မြင့်မြတ်ပညာ့ဗိမာန်ကိုယ်ပိုင်အထက်တန်းဆင့်သင်ကျောင်း နဝမတန်းမှ မောင်သူရအောင်၏ဖခင်အမည်မှန်မှာ ဦးအေးမောင် ၅/ဗမန(နိုင်)၀၇၃၉၄၈ ဖြစ်ပါသည်။

### ဖခင်အမည်မှန်

တန့်ဆည်မြို့နယ်၊ ရွာမ အထက နဝမတန်းမှ မမြင့်မြင့်စိုးနှင့် သတ္တမတန်းမှ မောင်ဟိန်းသန့်စိုးတို့၏ဖခင်အမည်မှန်မှာ ဦးနေမင်းစိုး ၅/တဆန(နိုင်)၁၀၂၁၂၅ ဖြစ်ပါသည်။

### ဖခင်အမည်မှန်

တန့်ဆည်မြို့၊ မြင့်မြတ်ပညာ့ဗိမာန်ကိုယ်ပိုင်အထက်တန်းဆင့်သင်ကျောင်း တက္ကသိုလ်ဝင်တန်းမှ မစုစန္ဒာအောင်၏ ဖခင်အမည်မှန်မှာ ဦးမြင့် ၅/တဆန(နိုင်)၀၉၂၀၃၉ ဖြစ်ပါသည်။

### ဖခင်အမည်မှန်

ကျိုင်းတုံမြို့၊ ရပ်ကွက်(၄)၊ ကျိုင်းလိတ်မြို့သစ်နေ ဦးထွန်းနိုင်စိုး(ခ)လီဟို ၁၃/ကတန(နိုင်)၁၂၈၈၃၆ ၏ ဖခင်အမည်မှန်မှာ ဦးအားခေ့ ဖြစ်ပါကြောင်း။

**ဦးအားခေ့**

### ဖခင်အမည်မှန်

မကွေးတိုင်းဒေသကြီး၊ မင်းလှမြို့နယ်၊ အလက(မြေခြား) Grade-6 (သင်ရိုးဟောင်း)မှ မောင်ခန့်မင်းနိုင်၏ ဖခင်အမည်မှန်မှာ ဦးငြိမ်းလတ် ၈/မလန(နိုင်)၀၇၈၆၆၅ ဖြစ်ပါကြောင်း။

**ဦးငြိမ်းလတ်**

### ဖခင်အမည်မှန်

မကွေးတိုင်းဒေသကြီး၊ မင်းလှမြို့နယ်၊ အလက (မြေခြား) Grade-6 (သင်ရိုးသစ်)မှ မခင်မြင့်လှိုင်နှင့် Grade-3 မှ မနှင်းမို့မို့လှိုင်တို့၏ ဖခင်အမည်မှန်မှာ ဦးစိုးသန်း ၈/မလန(နိုင်)၀၆၃၆၈၀ ဖြစ်ပါကြောင်း။

**ဦးစိုးသန်း**

### အမည်မှန်

ဦးစိုးနိုင်၏သမီး တာချီလိတ်မြို့၊ မကာဟိုခမ်း (အထက)၊ စတုတ္ထတန်း (F)မှ မရွှေလဝန်းယံခြယ်၏ အမည်မှန်မှာ မရွှေလဝန်းရံခြယ် ဖြစ်ပါကြောင်း။

**မရွှေလဝန်းရံခြယ်**

### ကန့်ကွက်နိုင်ကြောင်းကြော်ငြာခြင်း

နေပြည်တော်၊ ဒက္ခိဏခရိုင်၊ ဇမ္ဗူသီရိမြို့နယ်၊ ရွှေကြာပင်ရပ်ကွက်၊ မြေတိုင်းရပ်ကွက်အမှတ် ၄/ရွှေကြာပင်၊ မြေကွက်အမှတ် (၂၅၉၂)၊ ဧရိယာ ၀ ဒသမ ၀၈၂ ဧကရှိ ဦးစံတင်အမည်ပေါက် ပါမစ်မြေကွက်အား ဦးကျော်သက်ထွေး (ဘ)ဦးမောင်မောင် ၆/ထဝန(နိုင်)၀၈၇၀၃၅ မှ မြေပေးမိန့်၊ အရောင်းအဝယ်စာချုပ်၊ တရားရုံးကျမ်းကျိန်လွှာအမှတ် (၃၅၇/၂၀၁၉)၊ နှစ်ဦးသဘောတူကတိဝန်ခံချက်၊ လျှောက်ထားသူ၏ဝန်ခံကတိပြုချက်၊ နိုင်ငံသားစိစစ်ရေးကတ်ပြား၊ အိမ်ထောင်စုလူဦးရေစာရင်း၊ ရပ်ကွက်ထောက်ခံချက်၊ ရဲစခန်းထောက်ခံချက်မူရင်းများတင်ပြပြီး မြေငှားစာချုပ်သစ်လျှောက်ထားလာရာ ကန့်ကွက်လိုသူများအနေဖြင့် တရားဝင်ပိုင်ဆိုင်မှုစာချုပ်စာတမ်းများ၊ တရားရုံးအမိန့်ဒီကရီများဖြင့် အထောက်အထားခိုင်လုံစွာတင်ပြပြီး ဤကြော်ငြာပါသည့်ရက်မှစ၍ ၁၅ရက်အတွင်း နေပြည်တော်စည်ပင်သာယာရေးကော်မတီ၊ မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာနသို့ လာရောက်ကန့်ကွက်နိုင်ကြောင်းနှင့် သတ်မှတ်ရက်အတွင်း ကန့်ကွက်မှုမရှိပါက ဌာနမှလုပ်ထုံးလုပ်နည်းနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန၊ နေပြည်တော်စည်ပင်သာယာရေးကော်မတီ**

### ကန့်ကွက်နိုင်ကြောင်းကြော်ငြာခြင်း

နေပြည်တော်၊ ဥတ္တရသီရိမြို့၊ ရတနာသိဒ္ဓိရပ်ကွက်၊ မြေတိုင်းရပ်ကွက်အမှတ် ၄/ဥတ္တရသီရိအနောက်ရပ်၊ မြေဧရိယာ ၀ ဒသမ ၂၉၈ ဧက၊ မြေကွက်အမှတ် (ဥ-၃၃၇၃) ဒေါ်ချူးချူး (ဘ)ဦးတင်အမည်ပေါက် နှစ်(၃၀)မြေငှားစာချုပ်မြေကွက်ကို ဒေါ်ထွေးစိန် ၁၄/ပတ(နိုင်)၀၆၇၆၂၇ (ဘ)ဦးဘိုးစိန်မှ နေပြည်တော်စာချုပ်စာတမ်းမှတ်ပုံတင်ရုံး၏ အထူးကိုယ်စားလှယ်လွှဲစာအမှတ် ၃၇၀၀/၂၀၁၉ (၁၆-၁၂-၂၀၁၉)တင်ပြ၍ ဒေါ်လှကေသီ ၁၄/ပတ(နိုင်)၂၀၂၃၈၇ (ဘ)ဦးတက်တိုး (ခ) သီပေါ (ခ) သီဘောအမည်ဖြင့် မှတ်ပုံတင်အရောင်းအဝယ်စာချုပ်ချုပ်ဆိုရန် မြေပုံ/မြေရာဇဝင်ရေးကူးခွင့်လျှောက်ထားလာပါသဖြင့် ကန့်ကွက်လိုသူများအနေဖြင့် တရားဝင်ပိုင်ဆိုင်မှုစာချုပ်စာတမ်းများ၊ တရားရုံးအမိန့်ဒီကရီများအထောက်အထားခိုင်လုံစွာတင်ပြ၍ နေပြည်တော်စည်ပင်သာယာရေးကော်မတီ၊ မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာနသို့ ကြော်ငြာစာပါသည့်ရက်မှစ၍ ၁၅ ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ကြောင်းနှင့် သတ်မှတ်ကာလအတွင်း ကန့်ကွက်မှုမရှိပါက ဌာန၏လုပ်ထုံးလုပ်နည်းများနှင့်အညီ မြေပုံ/မြေရာဇဝင်ရေးကူးခွင့် လျှောက်ထားလာမှုအား ဆက်လက်ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း ကြော်ငြာလိုက်သည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန၊ နေပြည်တော်စည်ပင်သာယာရေးကော်မတီ**

### ကန့်ကွက်နိုင်ကြောင်းကြော်ငြာခြင်း

နေပြည်တော်၊ ပုဗ္ဗသီရိမြို့၊ မြေတိုင်းရပ်ကွက်အမှတ် ၁၁/ပုဗ္ဗသီရိမြောက်ရပ်၊ သုခဒီပရပ်ကွက်မှ မြေဧရိယာ ၀ ဒသမ ၁၁၀ ဧကရှိ ဒေါ်ညွန့်တင် ၁၃/ကလန(နိုင်) ၀၀၇၄၀၇ (ဘ)ဦးတီးအမည်ပေါက် နှစ်(၃၀)မြေငှားစာချုပ်မြေကွက်အမှတ် (ပ-၂၂၇၀၁) ကို နေပြည်တော်စာချုပ်စာတမ်းမှတ်ပုံတင်ရုံး၏ အထူးကိုယ်စားလှယ်လွှဲစာအမှတ် ၃၆၉၁/၂၀၁၉ဖြင့် မြေကွက်အမည်ပေါက်၏ အထူးကိုယ်စားလှယ်ရရှိထားသူ ဒေါ်မြင့်မြင့်ကြည် ၈/ပခက(နိုင်)၀၇၇၉၉၄(ဘ)ဦးတင်အောင်မှ ဦးမြင့်ဦး ၈/ပခက(နိုင်)၀၇၈၈၇၅ နှင့် မှတ်ပုံတင်အရောင်းအဝယ်စာချုပ်ချုပ်ဆိုရန်အတွက် မြေပုံ၊ မြေရာဇဝင်ရေးကူးပေးပါရန် လျှောက်ထားလာပါသဖြင့် ကန့်ကွက်လိုသူများအနေဖြင့် တရားဝင်ပိုင်ဆိုင်မှုစာချုပ်စာတမ်းများ၊ တရားရုံးအမိန့်ဒီကရီများ အထောက်အထားခိုင်လုံစွာတင်ပြ၍ နေပြည်တော်စည်ပင်သာယာရေးကော်မတီ၊ မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာနသို့ ကြော်ငြာစာပါသည့်ရက်မှစ၍ ၁၅ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ကြောင်းနှင့် သတ်မှတ်ကာလအတွင်း ကန့်ကွက်မှုမရှိပါက ဌာန၏လုပ်ထုံးလုပ်နည်းများနှင့်အညီ မြေပုံ၊ မြေရာဇဝင်ရေးကူးခွင့်လျှောက်ထားလာမှုအား ဆက်လက်ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း ကြော်ငြာလိုက်သည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန**
**နေပြည်တော်စည်ပင်သာယာရေးကော်မတီ**

# ဆဋ္ဌသင်္ဂါယနာ သာသနာ့သမိုင်းဝင်
# သီရိမင်္ဂလာကမ္ဘာအေးစေတီတော်မြတ်ကြီး
# (၆၉) ကြိမ်မြောက် ဗုဒ္ဓပူဇနီယပွဲတော်

ရန်ကုန်တိုင်းဒေသကြီး ၊မရမ်းကုန်းမြို့နယ်၊ကမ္ဘာအေးကုန်းမြေတွင် တည်ထားကိုးကွယ်သော ဆဋ္ဌသင်္ဂါယနာ သာသနာ့သမိုင်းဝင် သီရိမင်္ဂလာကမ္ဘာအေးစေတီတော်မြတ်ကြီး၏ (၆၉)ကြိမ်မြောက်ဗုဒ္ဓပူဇနီယပွဲတော်ကို နှစ်စဉ်ကျင်းပမြဲအတိုင်း ၁၃၈၁-ခုနှစ် ၊တပို့တွဲလဆန်း(၈)ရက်မှတပို့တွဲလပြည့်ကျော်(၁)ရက်(၁-၂-၂၀၂၀မှ ၉-၂-၂၀၂၀) ရက်ထိစည်ကားသိုက်မြိုက်စွာ ကျင်းပမည်ဖြစ်ပါသည်။

စေတီတော်မြတ်ကြီး၏ဗုဒ္ဓပူဇနီယပွဲတော်တွင်၁၃၈၁-ခုနှစ်၊တပို့တွဲလဆန်း(၈)ရက်မှ(၁၀)ရက်(၁-၂-၂၀၂၀ မှ ၃-၂-၂၀၂၀)ရက်ထိ နေ့စဉ် ည(၇း၃၀)နာရီတွင် ဓမ္မပူဇာအထူးတရားပွဲများဖြင့် ပူဇော်ပါမည်။ တပို့တွဲလဆန်း(၁၂)ရက် (၅-၂-၂၀၂၀)ရက်နှင့် တပို့တွဲလပြည့်ကျော်(၁)ရက်(၉-၂-၂၀၂၀)ရက် နံနက်တွင် မြတ်စွာဘုရားအား ရည်မှန်း၍ ဆွမ်းတော်ကြီးကပ်လှူပူဇော်ပွဲများကျင်းပပြီး ၊တပို့တွဲလဆန်း (၁၂)ရက်မှ တပို့တွဲလပြည့်ကျော် (၁)ရက် (၅-၂-၂၀၂၀ မှ ၉-၂-၂၀၂၀)ရက်ထိ အသံမစဲမဟာပဋ္ဌာန်းရွတ်ဖတ်ပူဇော်ပါမည်။ တပို့တွဲလဆန်း (၁၄)ရက် (၇-၂-၂၀၂၀)ရက်နံနက်(၈း၀၀)နာရီတွင် ထမနဲထိုးပွဲကျင်းပပါမည်။တပို့တွဲလပြည့်ကျော်(၁)ရက် (၉-၂-၂၀၂၀)ရက် နံနက် (၈း၀၀)နာရီတွင် စေတီတော်အတွင်း၌ နိုင်ငံတော် သံဃမဟာနာယကအဖွဲ့ဝင် ဆရာတော်ကြီးများနှင့် စေတီတော် ဩဝါဒါစရိယဆရာတော်ကြီးများ ဦးဆောင်သည့်ပင့်သံဃာတော် (၄၅)ပါးတို့ဖြင့် ဗုဒ္ဓါဘိသေက အနေကဇာတင်လှူပူဇော်ပြီးလှူဒါန်းမှုအစုစုတို့အတွက် ရေစက်ချအလှူမင်္ဂလာကျင်းပကာ ဓါတ်တော်(၃)ဆူအမှူးရှိသော သံဃာတော်များစုစုပေါင်း(၄၈)ပါးအား ဆွမ်းဆန်စိမ်းလောင်းလှူပွဲကို ဆက်လက်ကျင်းပပါမည်။

သဒ္ဓါကြည်လင်ပါရမီရှင်များအနေဖြင့် မိမိတို့တတ်စွမ်းသမျှ ပါဝင်လှူဒါန်းနိုင်ပါကြောင်းနှင့် ဆွမ်းဆန်စိမ်းလောင်းလှူပွဲတွင်လည်း မိမိတို့ကြိုက်နှစ်သက်ရာ ဆွမ်း၊ သင်္ကန်း၊ ဆေးဝတ္ထုငွေစသည့်လှူဖွယ်ပစ္စည်းများဖြင့် ပါဝင်စာရင်းသွင်းလောင်းလှူကုသိုလ်ယူနိုင်ပါကြောင်း နိဗ္ဗာန်အကျိုးမျှော်၍ နှိုးဆော်အပ်ပါသည်။

ပွဲတော်ကာလအတွင်း တပို့တွဲ လဆန်း(၁၁)ရက်မှ (၁၂)ရက် (၄-၂-၂၀၂၀မှ ၅-၂-၂၀၂၀ရက်ထိ) မြန်မာ့ရိုးရာခြင်းအလှခတ်ပွဲနှင့် တပို့တွဲလဆန်း (၁၃)ရက်(၆-၂-၂၀၂၀)ညတွင် မုဒိတာအငြိမ့်၊ တပို့တွဲလဆန်း (၁၄)ရက် (၇-၂-၂၀၂၀)ညတွင် ဟားငါးကောင်အငြိမ့် တပို့တွဲလပြည့်နေ့ (၈-၂-၂၀၂၀)ရက်ညတွင် စိန်မင်းနိုင် မြန်မာ့ဆိုင်းဝိုင်းတို့ဖြင့် ဧည့်ခံဖျော်ဖြေမည်ဖြစ်ပါကြောင်း ကြေညာအပ်ပါသည်။

သီရိမင်္ဂလာကမ္ဘာအေးစေတီတော်ဂေါပကအဖွဲ့
ဖုန်း- ၀၁ ၆၆၃၁၄၆၊ ၀၁ ၆၆၅၄၂၅၊ ၀၉ ၂၅၀၆၇၇၂၈၉

---

## ပြည်ထောင်စုနယ်မြေ နေပြည်တော် ပျဉ်းမနားမြို့၊ မြို့ကျက်သရေဆောင် ဆုတောင်းပြည့်လောကမာရဇိန်စေတီတော်မြတ်ကြီး (၁၄၇) ကြိမ်မြောက် ဗုဒ္ဓပူဇနီယတပေါင်းပွဲတော် ကြေညာချက်

ပြည်ထောင်စုနယ်မြေ၊ ပျဉ်းမနားမြို့၊ မြို့ကျက်သရေဆောင်၊ သမိုင်းဝင်ဆုတောင်းပြည့် လောကမာရဇိန်စေတီတော်မြတ်ကြီး၏ (၁၄၇)ကြိမ်မြောက် ဗုဒ္ဓပူဇနီယတပေါင်းပွဲတော်ကြီးကို ဇာတ်၊ အငြိမ့်၊ ဆပ်ကပ်၊ တေးသရုပ်ဖော်ကပွဲ တို့ဖြင့် ၁၃၈၁ ခုနှစ် တပေါင်းလဆန်း ၈ ရက်မှ တပေါင်းလပြည့်ကျော် ၇ ရက် (၁-၃-၂၀၂၀ရက်မှ ၁၅-၃-၂၀၂၀ရက်) အထိ စည်ကားသိုက်မြိုက်စွာ ကျင်းပပြုလုပ်မည်ဖြစ်ပါသည်။

လူဟောင်းတေးသရုပ်ဖော်ကပွဲ၊ ချား၊ ရဟတ်၊ ခတ်ပုံတိုက် မြေနေရာများကို (၁၃၈၁ ခုနှစ် တပို့တွဲလဆန်း ၁ ရက်မှ တပို့တွဲလပြည့်နေ့) ၂၅-၁-၂၀၂၀ ရက်မှ ၈-၂-၂၀၂၀ ရက်ထိလည်းကောင်း လူဟောင်းဈေးဆိုင်ခန်းများကို (တပို့တွဲလဆန်း ၁ ရက်မှ တပို့တွဲလကွယ်နေ့) ၂၅-၁-၂၀၂၀ ရက်မှ ၂၂-၂-၂၀၂၀ ရက်ထိလည်းကောင်း၊ လူသစ်များကို လူဟောင်းသတ်မှတ်ရက်အသီးသီး၏ နောက်ပိုင်းတွင် ဆက်လက်ရောင်းချပေးမည်ဖြစ်၍ လာရောက်ဆက်သွယ်ကြပါရန် အသိပေးကြေညာအပ်ပါသည်။

ဂေါပကအဖွဲ့
ဆုတောင်းပြည့်လောကမာရဇိန်စေတီတော်
ပြည်ထောင်စုနယ်မြေ၊ ပျဉ်းမနားမြို့

---

## ပျောက်ဆုံးခြင်း

ကျွန်တော် ကိုပိုးမင်းညွန့်ကြည် ၁၂/တမန(နိုင်)၁၀၇၆၂၀ ၏ နိုင်ငံကူးလက်မှတ်(MB 887298) သဘော်သားစာအုပ် (66033)ALL IN ONE စာအုပ် ပျောက်ဆုံးသွားသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန်။

ကိုပိုးမင်းညွန့်ကြည်
ဖုန်း-၀၉-၆၇၈၇၂၄၀၀၃

---

## ပျောက်ဆုံးကြောင်း

ကျွန်တော်များ RHI SHWE PYI CO., LTD. ကုမ္ပဏီ၏ ထသတ အမှတ် - ၂၇၃၀၁ (၁၈-၁-၂၀၁၂) မူရင်းမှာ ကလေးမြို့နယ်အတွင်း သွားလာစဉ်ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါ။

ဖုန်း - ၀၉-၄၀၀၄၆၄၇၈၆

---

## ဆဋ္ဌသင်္ဂါယနာသာသနာ့သမိုင်းဝင်
## သီရိမင်္ဂလာကမ္ဘာအေးစေတီတော်မြတ်ကြီး
## ထမနဲလှူဒါန်းပွဲ

သီရိမင်္ဂလာကမ္ဘာအေးစေတီတော်မြတ်ကြီး၏ (၆၉)ကြိမ်မြောက်ဗုဒ္ဓပူဇနီယပွဲတော်တွင် ထမနဲလှူဒါန်းပွဲအား ၁၃၈၁-ခုနှစ်၊ တပို့တွဲလဆန်း(၁၃)ရက် (၆-၂-၂၀၂၀)ရက်တွင် ထမနဲထိုးပွဲကျင်းပပြီး မြတ်စွာဘုရားအားရည်မှန်း၍ ထမနဲဆွမ်းဆက်ကပ်လှူဒါန်းခြင်း သံဃာတော်များအားထမနဲဆွမ်းလောင်းလှူခြင်း ဘုရားပွဲလာပရိတ်သတ်များအား ထမနဲစတုဒိသာများဝေငှခြင်းပြုလုပ်မည်ဖြစ်ပါသည်။ ထမနဲဆွမ်းလှူဒါန်းလိုကြသော စေတနာရှင်များအနေဖြင့် ထမနဲတစ်ဒယ်လျှင် ၄၀၀၀၀ိ/-နှုန်းဖြင့် ဂေါပကရုံးသို့ အချိန်မီဆက်သွယ်လှူဒါန်းနိုင်ကြပါကြောင်းနှင့် အလှူရှင်များသို့ ထမနဲ လက်ဆောင်ခြင်းများပြန်လည်ပေးမည်ဖြစ်ပါကြောင်း လေးစားစွာဖြင့် အသိပေးနှိုးဆော်အပ်ပါသည်။

သီရိမင်္ဂလာကမ္ဘာအေးစေတီတော်ဂေါပကအဖွဲ့
ဖုန်း-၀၁ ၆၆၃၁၄၆၊ ၀၁ ၆၆၅၄၂၅၊ ၀၉ ၂၅၀၆၇၇၂၈၉

---

## "၄၄" နှစ်ပြည့်မင်္ဂလာဆုတောင်း

ချစ်အပါကြီး ဦးစိုးဝင်း (တောအုပ်ကြီး(ငြိမ်း)၊ မော်လမြိုင်မြို့နယ်သစ်တောဦးစီးဌာန)နှင့် ချစ်မေမေဒေါ်မြင့်မြင့်အုန်း တို့၏ (၁၁-၁-၂၀၂၀)ရက်နေ့တွင် ကျရောက်သော "၄၄" နှစ်ပြည့် မင်္ဂလာနှစ်ပတ်လည်မှသည် နောင်လာမည့်မင်္ဂလာနှစ်ပတ်လည် ပေါင်းများစွာကို သက်ရှည်ကျန်းမာစွာဖြင့် သားသမီးမြေးများနှင့်အတူ ပျော်ရွှင်ကြည်နူးစွာ ဖြတ်သန်းနိုင်ပြီးအလှူရေစက်လက် နဲ့မကွာ လှူဒါန်းနိုင်ပါစေလို့ ချစ်ရတဲ့ သား၊ သမီး၊ မြေးများကဆုတောင်းမေတ္တာပို့အပ်ပါသည်၊

သမီးကြီး — ကိုမျိုးသန့် (Myo Myat Construction & Decoration Group) + မအေးမြတ်စိုး (အင်/ယာ-၂၊ အဆောက်အအုံဆိုင်ရာလုပ်ငန်းတာဝန်ခံအဖွဲ့၊ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ)

သမီးငယ် — ကိုမင်းဆွေဦး (Assistant Manager , AYA Bank) + မခင်မြတ်စိုးဝင်း (Assistant Manager , CB Bank )

ချစ်မြေးများ

- ယွန်းပြည့်ဝသုန် (ခ) အဖူး (နဝမတန်း၊ ၆ (အ. ထ. က) မော်လမြိုင်)
- ဆောင်းမြူနှင်းအိမ် (ခ) ဖန်ဖန် (Grade VI၊ ၆ (အ. ထ. က) မော်လမြိုင်)
- မိုးမဟာဆွေ (ခ) ဖောင်းဖောင်း (RVI Pre School)

---

## ယာဉ်မှတ်ပုံတင်စာအုပ်မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် ၃၇ယ/၁၈၆၇၄ Honda Dream 125m,M/C ယာဉ်လက်ဝယ်ရှိသူ ဦးဇော်လင်းထက် ၁၄/ပစလ(နိုင်)၀၀၁၃၈၇ က (ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ ရက်အတွင်း အောက်ဖော်ပြပါရုံးသို့လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။

ကညန၊ ခရိုင်ဦးစီးမှူးရုံး(မြိတ်)

---

## ယာဉ်မှတ်ပုံတင်စာအုပ်မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် ၉ယ/၁၃၆၂၀ ဟွန်ဒါဒရင်း 125 ဆိုင်ကယ်ယာဉ်လက်ဝယ်ရှိသူ ဦးမြင့်ဝေ ၆/လလန(နိုင်)၀၈၆၁၆၄ က(ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

ကညန၊ တိုင်းဒေသကြီးဦးစီးမှူးရုံး(ထားဝယ်)

---

## အထူးဂုဏ်ယူဝမ်းမြောက်ခြင်း

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရမှ ၂၀၂၀ပြည့်နှစ်၊ဇန်နဝါရီလ(၄)ရက် နေ့စွဲပါအမိန့် ကြော်ငြာစာအမှတ် (၁/၂၀၂၀)ဖြင့် သာသနာဆိုင်ရာလူပုဂ္ဂိုလ်(အမျိုးသမီး)များတွင် အမြင့်ဆုံးဖြစ်သည့် ' အဂ္ဂမဟာသီရိသုဓမ္မသိင်္ဂီ ' ဘွဲ့တံဆိပ်ကို ဒေါ်တင်(ခ)ဒေါ်တင်တင် (ရွှေမှီပရိဘောဂတိုက်)အားပေးအပ်ချီးမြှင့်ခြင်းခံရသည့်အတွက် အထူးဂုဏ်ယူ ဝမ်းမြောက်ပါကြောင်းနှင့်လူမျိုးဘာသာ၊သာသနာအကျိုးကို ဆထက်တိုး၍သယ်ပိုးဆောင်ရွက်နိုင်ပါစေကြောင်း ဆုမွန်ကောင်းများတောင်းအပ်ပါသည်။

သဇင်မြင့်အောင်
POWER PALACE HOTEL, POWER PALACE TRAVELS & TOURS
အောင်ချမ်းသာဗုဒ္ဓဂယာဘုရားဖူးအဖွဲ့

---

## ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန
## (၄၈)ကြိမ်မြောက် မြန်မာနိုင်ငံကျန်းမာရေးဆိုင်ရာ သုတေသနညီလာခံ

ဆေးသုတေသနဦးစီးဌာန ၂၀၂၀ ပြည့်နှစ် ဇန်နဝါရီ ၁၃ ရက်မှ ၁၇ ရက်
အမှတ်(၅)၊ ဇီဝကလမ်း၊
ဒဂုံမြို့နယ်၊ ရန်ကုန်မြို့

(ညီလာခံတွင် သုတေသနစာတမ်း (၁၂၂)စောင်၊ ပိုစတာ (၁၀၆)ခု၊ ပညာရပ်ဆိုင်ရာ နှီးနှောဖလှယ်ပွဲ (၁၆)ခုနှင့် ဟောပြောပွဲ (၃)ခု ပါဝင်မည် ဖြစ်ပါသည်။)

---

## ယာဉ်မှတ်ပုံတင်စာအုပ်မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် ၃၈ယ/၆၉၅၉၂ Honda Wave 110 ဆိုင်ကယ်ယာဉ်လက်ဝယ်ရှိသူ ဦးမွှာက်ယာယာ EF/၀၀၈၇၃၁ က(ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန်လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့်ကြော်ငြာသည့်ရက်မှ ၁၅ ရက်အတွင်း အောက်ဖော်ပြပါရုံးသို့လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။

ကညန၊ ပြည်နယ်ဦးစီးမှူးရုံး(မော်လမြိုင်မြို့)

---

## ယာဉ်မှတ်ပုံတင်စာအုပ်မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် ၆၇ယ/၇၉၁၅၄ Honda Wave 100 ဆိုင်ကယ်ယာဉ်လက်ဝယ်ရှိသူ ဒေါ်သိင်္ဂီစိုး ၁၀/မလမ(နိုင်)၀၇၂၇၈၃ က(ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါကခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက် ကန့်ကွက်နိုင်ပါသည်။

ကညန၊ ပြည်နယ်ဦးစီးမှူးရုံး(မော်လမြိုင်မြို့)

---

## ကန့်ကွက်နိုင်ကြောင်း ကြော်ငြာခြင်း

နေပြည်တော်၊ ဒက္ခိဏခရိုင်၊ ဇမ္ဗူသီရိမြို့နယ်၊ ရွှေကြာပင်ရပ်ကွက်၊ မြေတိုင်းရပ်ကွက်အမှတ် ၄/ရွှေကြာပင်၊ မြေကွက်အမှတ် (၂၆၀၀)၊ ဧရိယာ ၀ဒသမ၀၈၂ ဧကရှိ ဦးတင်လှ အမည်ပေါက်ပါမစ်မြေကွက်အား ဒေါ်ကွေးဖန်း (ဘ) ဦးရှုံးပေါက် ၁၃/လရန(နိုင်)၁၁၈၆၃၃ မှ မြေပေးမိန့်၊ အရောင်းအဝယ်စာချုပ်၊ တရားရုံးကျမ်းကျိန်လွှာအမှတ် (၈၉/၂၀၁၉)၊ နှစ်ဦးသဘောတူကတိဝန်ခံချက်၊ လျှောက်ထားသူ၏ဝန်ခံကတိပြုချက်၊ နိုင်ငံသားစိစစ်ရေးကတ်ပြား၊ အိမ်ထောင်စုလူဦးရေစာရင်း၊ ရပ်ကွက်ထောက်ခံချက်၊ ရဲစခန်းထောက်ခံချက်မူရင်းများတင်ပြပြီး မြေငှားစာချုပ်သစ်လျှောက်ထားလာရာ ကန့်ကွက်လိုသူများအနေဖြင့် တရားဝင်ပိုင်ဆိုင်မှုစာချုပ်စာတမ်းများ၊ တရားရုံးအမိန့်ဒီကရီများဖြင့် အထောက်အထားခိုင်လုံစွာတင်ပြပြီး ဤကြော်ငြာပါသည့်ရက်မှစ၍ ၁၅ရက်အတွင်းနေပြည်တော်စည်ပင်သာယာရေးကော်မတီ၊မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာနသို့ လာရောက်ကန့်ကွက်နိုင်ကြောင်းနှင့် သတ်မှတ်ရက်အတွင်း ကန့်ကွက်မှုမရှိပါက ဌာနမှလုပ်ထုံးလုပ်နည်းနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန၊ နေပြည်တော်စည်ပင်သာယာရေးကော်မတီ

---

## ကန့်ကွက်နိုင်ပါကြောင်း

ဒက္ခိဏသီရိမြို့၊ ဒက္ခိဏသီရိရပ်ကွက်၊ မြေတိုင်းရပ်ကွက်အမှတ် (၁၅/ထန်းတပင်ရပ်)၊ မြေကွက်အမှတ် (A-455)၊ မြေဧရိယာ ၀ ဒသမ ၂၉၂ ဧကရှိ ဗိုလ်မှူးကြီး ငြိမ်းချမ်း (ဘ)ဦးလေးအောင် ၉/တသန(နိုင်)၀၀၀၀၀၃ အမည်ပေါက် နှစ်(၃၀)မြေငှားစာချုပ် မြေကွက်အား ဗိုလ်မှူးကြီးငြိမ်းချမ်းထံမှ အထူးကိုယ်စားလှယ်လွှဲအပ်စာရရှိသူ ဦးအောင်ကျော်ညွန့် (ဘ) ဦးကံညွန့် ၁၂/အစန(နိုင်)၁၁၉၄၀၅ မှ မြေငှားစာချုပ်မူရင်း၊ အထူးကိုယ်စားလှယ်လွှဲအပ်စာအမှတ်(၂၈၂၆/၂၀၁၉) မူရင်းများတင်ပြ၍ ဒေါ်သိင်္ဂီဝင်း (ဘ)ဦးထွန်းစိန် ၁၂/ရကန(နိုင်)၀၅၉၄၀၇ နှင့် မှတ်ပုံတင်အရောင်းအဝယ်စာချုပ် ချုပ်ဆိုရန် မြေပုံ၊မြေရာဇဝင် လျှောက်ထားလာရာ ကန့်ကွက်လိုသူများအနေဖြင့် ပိုင်ဆိုင်မှုစာချုပ်စာတမ်းများ၊ တရားရုံးအမိန့်ဒီကရီများဖြင့် အထောက်အထား ခိုင်လုံစွာတင်ပြ၍ နေပြည်တော်စည်ပင်သာယာရေးကော်မတီ၊ မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာနသို့ ဤကြော်ငြာပါသည့်ရက်မှစ၍ ၁၅ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ကြောင်းနှင့် ကန့်ကွက်မှုမရှိပါက ဌာန၏ လုပ်ထုံးလုပ်နည်းများနှင့်အညီ မြေပုံ၊မြေရာဇဝင်လျှောက်ထားလာမှုအား ဆက်လက်ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း အသိပေးကြေညာလိုက်သည်။

မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန၊ နေပြည်တော်စည်ပင်သာယာရေးကော်မတီ

## လူမှုဖူလုံရေးဥပဒေနှင့်အညီ ကျန်ရစ်သူအကျိုးခံစားခွင့်လာရောက်ထုတ်ယူရန် အသိပေးကြေညာခြင်း

ဧရာဝတီတိုင်းဒေသကြီး၊ ပုသိမ်မြို့၊ အမှတ်(၃)ရပ်ကွက်၊ ကန်သုံးဆင့်လမ်း၊ လူငယ်ဖွံ့ဖြိုးရေးပရဟိတဂေဟာမှ ဦးခင်မောင်ထွန်း၏သား ၁၉-၃-၁၉၉၉ရက်တွင် မွေးဖွားသော မောင်ခွန်မောင်ဦး ၁၄/ပသန(နိုင်)၂၉၁၂၉၉သည် ပုသိမ်မြို့၊ မြို့နယ်လူမှုဖူလုံရေးရုံးတွင် အကျုံးဝင် မှတ်ပုံတင်ထားသည့် Dong Long (Pathein) Garment Co.,Ltd အထည်ချုပ်စက်ရုံတွင် အလုပ်ဝင်ရောက်ခဲ့ပြီး ၁-၃-၂၀၁၈ရက်တွင် လုပ်ငန်းခွင်ထိခိုက်ဒဏ်ရာရရှိ၍ သေဆုံးသွားသည့်အတွက် ၂၀၁၂ခုနှစ် လူမှုဖူလုံရေးဥပဒေပုဒ်မ ၆၂(က)အရ ကျန်ရစ်သူအကျိုးခံစားခွင့်ငွေကျပ် ၃၂၄၀၀၀၀/-အား လူမှုဖူလုံရေးဥပဒေပုဒ်မ ၆၂(ခ) နှင့်အညီ အမည်စာရင်းပေးသွင်းထားသူ(သို့မဟုတ်) ထိုအာမခံထားသူ၏လုပ်ခကို မှီခိုနေထိုင်သူမိသားစုများမှ အထောက်အထားခိုင်လုံစွာဖြင့် ပုသိမ်မြို့၊ မြို့နယ်လူမှုဖူလုံရေးရုံးတွင် ဤကြေညာစာပါသည့်ရက်မှစ၍ (၁)လအတွင်းလာရောက်ထုတ်ယူနိုင်ကြောင်းနှင့် (၁)လအတွင်း လာရောက်ထုတ်ယူခြင်း မရှိပါက အကျိုးခံစားခွင့်ပေးရန် ကျန်စာရင်းမှ ပယ်ဖျက်၍ လူမှုဖူလုံရေးအဖွဲ့၏ဘဏ္ဍာရန်ပုံငွေအဖြစ် သတ်မှတ်မည်ဖြစ်ကြောင်း အသိပေးကြေညာလိုက်သည်။

**လူမှုဖူလုံရေးအဖွဲ့**

## ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
## ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန
## ကုသရေးဦးစီးဌာန
## စိတ်ကျန်းမာရေးဆေးရုံကြီး-မန္တလေးမြို့
## အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ မန္တလေးမြို့၊ စိတ်ကျန်းမာရေးဆေးရုံကြီးတွင် တက်ရောက်ကုသလျက်ရှိသော လူနာများအား ကုသပေးရန်လိုအပ်သော ဆေးဝါးများကို မြန်မာကျပ်ငွေဖြင့် ဝယ်ယူမည်ဖြစ်ပါ၍ အိတ်ဖွင့်တင်ဒါများတင်သွင်းရန် ဖိတ်ခေါ်အပ်ပါသည်။

၂။ **ဈေးနှုန်းတင်သွင်းလွှာပုံစံများ စတင်ရောင်းချမည့်ရက်** - ၁၃-၁-၂၀၂၀ ရက်

**တင်ဒါပိတ်မည့်ရက်နှင့်အချိန်** - ၁၁-၂-၂၀၂၀ ရက် ညနေ ၄:၀၀ နာရီ

၃။ တင်ဒါစည်းမျဉ်းစည်းကမ်းများနှင့် ပစ္စည်းစာရင်းအသေးစိတ်ကို သိရှိလိုပါက နေ့စဉ်ရုံးချိန်အတွင်း အောက်ပါလိပ်စာတွင် လာရောက်စုံစမ်းနိုင်ပါသည်။

**ဆေးရုံအုပ်ကြီး၊ စိတ်ကျန်းမာရေးဆေးရုံကြီး၊ မန္တလေးမြို့**
**ဖုန်း-၀၉-၂၅၉၄၇၆၁၈၅/၀၉-၉၆၂၀၅၈၄၄၃**

## ကချင်ပြည်နယ်အစိုးရအဖွဲ့
## လမ်းပန်းဆက်သွယ်ရေး၊ လျှပ်စစ်နှင့်စက်မှုလက်မှုဝန်ကြီးဌာန
## မြို့ပြနှင့်အိမ်ရာဖွံ့ဖြိုးရေးဦးစီးဌာန
## မြစ်ကြီးနားမြို့
## အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ ၂၀၁၉-၂၀၂၀ ဘဏ္ဍာရေးနှစ်၊ ပြည်နယ်ဘဏ္ဍာရန်ပုံငွေဖြင့် မြို့ပြနှင့်အိမ်ရာဖွံ့ဖြိုးရေးဦးစီးဌာနမှ ကချင်ပြည်နယ်၊ မံစီမြို့တွင် (၄) ခန်းတွဲ (၄)ထပ် ဝန်ထမ်းအိမ်ရာ (၂)လုံး တည်ဆောက်ရေးလုပ်ငန်း ဆောင်ရွက်နိုင်ရန် ၁၀-၁၀-၂၀၁၉ ရက်ထုတ်နိုင်ငံပိုင်သတင်းစာများတွင် အိတ်ဖွင့်တင်ဒါကြော်ငြာခဲ့ခြင်းအားပယ်ဖျက်ခဲ့ပြီးဖြစ်ပါကြောင်းနှင့် ယခုအခါထပ်မံ၍ အဆိုပါမြို့၌ပင် ၂၀၁၉-၂၀၂၀ ဘဏ္ဍာရေးနှစ်၊ ပြည်နယ်ဘဏ္ဍာရန်ပုံငွေဖြင့် မြို့ပြနှင့်အိမ်ရာဖွံ့ဖြိုးရေးဦးစီးဌာနမှ (၄)ခန်းတွဲ (၄)ထပ် ဝန်ထမ်းအိမ်ရာ (၂)လုံး တည်ဆောက်ရေး လုပ်ငန်းဆောင်ရွက်မည်ဖြစ်ပါသဖြင့် တိုင်းရင်းသားလုပ်ငန်းရှင်ဆောက်လုပ်ရေး ကုမ္ပဏီများအား အိတ်ဖွင့်တင်ဒါတင်သွင်းရန် ဖိတ်ခေါ်အပ်ပါသည်။

၂။ စိတ်ပါဝင်စားသူများအနေဖြင့် အိတ်ဖွင့်တင်ဒါအဆိုပြုလွှာများကို ပြည်နယ်ညွှန်ကြားရေးမှူးရုံး၊ မြို့ပြနှင့်အိမ်ရာဖွံ့ဖြိုးရေးဦးစီးဌာန၊ မြစ်ကြီးနားမြို့တွင် ၁၀-၁-၂၀၂၀ ရက် နံနက် ၉:၃၀ နာရီမှစတင်ဝယ်ယူနိုင်ပြီး ၂၄-၁-၂၀၂၀ ရက် ၁၆:၀၀ နာရီတွင် နောက်ဆုံးထား၍ တင်သွင်းရန်ဖြစ်ပါသည်။

၃။ တင်ဒါနှင့်ပတ်သက်၍ အသေးစိတ်အချက်အလက်များအား သိရှိလိုပါက ပြည်နယ်ညွှန်ကြားရေးမှူးရုံး ဖုန်း-၀၇၄-၂၅၂၉၆၂ သို့ရုံးချိန်အတွင်း ဆက်သွယ်မေးမြန်းနိုင်ပါသည်။

**တင်ဒါလက်ခံရေးနှင့်စိစစ်ရေးကော်မတီ**

## ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
## ပညာရေးဝန်ကြီးဌာန
## အဆင့်မြင့်ပညာဦးစီးဌာန
## ကွန်ပျူတာတက္ကသိုလ်(ပင်လုံ)
## နဝမအကြိမ်မြောက်ဘွဲ့နှင်းသဘင်
## လျှောက်လွှာခေါ်ယူခြင်း

၁။ ကွန်ပျူတာတက္ကသိုလ်(ပင်လုံ) ၂၀၁၈-၂၀၁၉ ပညာသင်နှစ်(B.C.Sc)သင်တန်း၊ ကွန်ပျူတာသိပ္ပံသင်တန်း စာမေးပွဲအောင်မြင်ပြီးသူများအတွက် ဘွဲ့နှင်းသဘင်အခမ်းအနားကို ကွန်ပျူတာတက္ကသိုလ်(ပင်လုံ) ဘွဲ့နှင်းသဘင်ခန်းမ၌ ၂၂-၂-၂၀၂၀ ရက်(စနေနေ့)တွင် အစမ်းလေ့ကျင့်ပွဲနှင့် ၂၃-၂-၂၀၂၀ ရက်(တနင်္ဂနွေနေ့)တွင် ဘွဲ့နှင်းသဘင် ကျင်းပပြုလုပ်မည်ဖြစ်ပါသည်။

၂။ ဘွဲ့နှင်းသဘင် လျှောက်ထားလိုသူများသည် ကွန်ပျူတာတက္ကသိုလ် (ပင်လုံ) ကျောင်းသားရေးရာဌာနတွင် သတ်မှတ်ထားသော လျှောက်လွှာပုံစံဖြင့် သုံးလအတွင်း ရိုက်ကူးထားသော(၁.၅"x၂")အရွယ်ဓာတ်ပုံ(၃)ပုံပူးတွဲ၍ ဘွဲ့နှင်းသဘင်တက်ရောက်ရန်(သို့မဟုတ်)အဝေးရောက်ဘွဲ့ယူရန်ဟု ထင်ရှားစွာဖော်ပြလျက် ၂၀၂၀ ပြည့်နှစ် ဇန်နဝါရီ ၁၀ ရက်မှစ၍ ဇန်နဝါရီ ၃၁ ရက် နောက်ဆုံးထားလျှောက်ထားနိုင်ကြပါသည်။

၃။ ဘွဲ့နှင်းသဘင်ကြေးမှာ တက်ရောက်ဘွဲ့အတွက်ကျပ် ၁၅၀၀ဝိ/(ကျပ်တစ်ထောင့်ငါးရာတိတိ)အဝေးရောက်ဘွဲ့အတွက် ကျပ် ၁၀၀၀ဝိ/(ကျပ်တစ်ထောင်တိတိ)ကို ကွန်ပျူတာတက္ကသိုလ်(ပင်လုံ) ငွေစာရင်းဌာနတွင် ပေးသွင်းရမည်။

၄။ တက်ရောက်ဘွဲ့လျှောက်ထားပြီး ဘွဲ့နှင်းသဘင်အခမ်းအနားသို့ တက်ရောက်ရန် ပျက်ကွက်သူများ၏ဘွဲ့လက်မှတ်များကို အဝေးရောက်ဘွဲ့လက်မှတ်များထုတ်ပေးသည့်အချိန်တွင်မှသာ ထုတ်ပေးမည်ဖြစ်ပါသည်။

၅။ အသေးစိတ်အချက်အလက်များကို သိရှိလိုပါက ကျောင်းသားရေးရာသို့ လူကိုယ်တိုင်ဖြစ်စေ၊ ဖုန်း-၀၉-၄၂၁၂၄၂၉၉၊ ၀၈၁-၃၁၀၄၅၃ သို့ဖြစ်စေ ဆက်သွယ်မေးမြန်းစုံစမ်းနိုင်ပါသည်။

**ကွန်ပျူတာတက္ကသိုလ်(ပင်လုံ)**

## ဈေးနှုန်းတင်သွင်းလွှာ တင်သွင်းနိုင်ပါကြောင်း ကြေညာခြင်း

ပညာရေးဝန်ကြီးဌာန၊ လေ့လာဆန်းစစ်အကဲဖြတ်ရေးအဖွဲ့ (သုတေသန)မှ စွမ်းဆောင်ရည်ဖွံ့ဖြိုးမှုရန်ပုံငွေ အစီအစဉ်ဖြင့် ဆောင်ရွက်မည့် Procurement of Consultants Service for RFP No.17 NVFC Pilot Stage 2: Drafting detailed NVFC Mandatory Module Training Materials for Levels 1 to 3 လုပ်ငန်းအတွက် ၇-၁-၂၀၂၀ ရက်မှ ၃၁-၁-၂၀၂၀ ရက်အထိ ဈေးနှုန်းတင်သွင်းလွှာများ တင်သွင်းနိုင်ပါကြောင်း နှင့် အသေးစိတ်ကြည့်ရှုလိုပါက http://www.moe-st.gov.mm နှင့် http://www.themimu.info တို့တွင် ကြည့်ရှုနိုင်ပါကြောင်း ကြေညာအပ်ပါသည်။

အသေးစိတ်သိရှိလိုပါက ဒေါက်တာဝင်းသန်းထွန်း၊ ညွှန်ကြားရေးမှူး ဖုန်း-၀၆၇-၄၀၇၁၁၂၊ ၀၉-၂၅၀၁၀၁၂၂၉၊ drwinthantun@moe.edu.mm သို့ဆက်သွယ်စုံစမ်းနိုင်ပါသည်။

**တင်ဒါစိစစ်ရွေးချယ်ရေးကော်မတီ**
**လေ့လာဆန်းစစ်အကဲဖြတ်ရေးအဖွဲ့(သုတေသန)**
**ပညာရေးဝန်ကြီးဌာန**

## အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီရှိ လုပ်ငန်းတာဝန်ခံအဖွဲ့များတွင် အသုံးပြုရန်အတွက် လိုအပ်သောအောက်ဖော်ပြပါ လုပ်ငန်းသုံးပစ္စည်းများကို သတ်မှတ်နေရာအရောက်ကျပ်ငွေဖြင့် ဝယ်ယူလိုပါသဖြင့် စိတ်ပါဝင်စားသည့်လုပ်ငန်းရှင်များအနေဖြင့် အိတ်ဖွင့်တင်ဒါများ ပေးသွင်းနိုင်ပါကြောင်း ဖိတ်ခေါ်အပ်ပါသည်-

| စဉ် | ပစ္စည်းအမျိုးအမည် | အရေအတွက် |
|---|---|---|
| (က) | ရွှေ့လျားအမှိုက်ကန် (သံကန်) | ၁၀ လုံး |
| (ခ) | အမှိုက်သိမ်းလှည်း | ၈၅ စီး |
| (ဂ) | Fuel Flow Meter & Fusion Management System | ၃ စုံ |
| (ဃ) | Dispensing Pump (Digital) | ၁ စုံ |
| (င) | 15 Tons Overhead Crane | ၁ စုံ |
| (စ) | Sewer Rod | ၈၀၀ ချောင်း |

၂။ အိတ်ဖွင့်တင်ဒါပုံစံနှင့်စည်းကမ်းချက်များကို ၁၃-၁-၂၀၂၀ ရက်မှစ၍ ရောင်းချမည်ဖြစ်ပြီး အိတ်ဖွင့်တင်ဒါများကို ၂၄-၁-၂၀၂၀ ရက် ၁၂:၀၀ နာရီ နောက်ဆုံးထား၍ တင်သွင်းရန်ဖြစ်ပါသည်။ တင်ဒါစိစစ်ရွေးချယ်မည့်ရက်အား ထပ်မံအကြောင်းကြားပါမည်။

၃။ တင်ဒါပုံစံအား မြို့တော်ခန်းမ (ပထမထပ်) ဘဏ္ဍာရေးနှင့်ငွေစာရင်းဌာန၊ ပစ္စည်းဝယ်ယူရေးဌာနစုတွင်ဝယ်ယူနိုင်ပါသည်။ အသေးစိတ်အချက်အလက်များကို ဖုန်း-၀၁၃၈၈၇၃၂ သို့ရုံးချိန်အတွင်း ဆက်သွယ်မေးမြန်းနိုင်ပါသည်။

**ပစ္စည်းဝယ်ယူရေးတင်ဒါကော်မတီ**

## လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာန
## လျှပ်စစ်ဓာတ်အားပို့လွှတ်ရေးနှင့်ကွပ်ကဲရေးဦးစီးဌာန
## မဟာဓာတ်အားလိုင်းမှူးရုံး၊ကယားပြည်နယ်

၁။ လျှပ်စစ်ဓာတ်အားပို့လွှတ်ရေးနှင့်ကွပ်ကဲရေးဦးစီးဌာန၊ မဟာဓာတ်အားလိုင်းမှူးရုံးမှ အောက်ပါဝန်ထမ်းအိမ်ရာ အဆောက်အအုံ(60'x50')E-Type (၁)လုံး ဆောက်လုပ်ရန်အတွက် မြန်မာနိုင်ငံသားလုပ်ငန်းရှင်ထံမှ (မြန်မာကျပ်ငွေဖြင့်) အောက်ပါအစီအစဉ်အတိုင်း အိတ်ဖွင့်တင်ဒါတင်သွင်းရန် ဖိတ်ခေါ်အပ်ပါသည်။

၂။ တင်ဒါပုံစံအားတစ်စောင်လျှင် ၁၀၀၀၀ိ/-နှုန်းဖြင့် အောက်ပါလိပ်စာတွင်ရုံးချိန်အတွင်း လာရောက်ဝယ်ယူစုံစမ်းနိုင်ပါသည်။

| စဉ် | မြို့နယ် | အဆောက်အအုံအမျိုးအစား | အရေအတွက် |
|---|---|---|---|
| (က) | ရှားတောမြို့နယ် | (60'x50')E-Type | (၁)လုံး |

**တည်ဆောက်ခြင်းလုပ်ငန်း**

**တင်ဒါရောင်းချမည့်ရက်** - ၉-၁-၂၀၂၀ရက်
**တင်ဒါရောင်းချမည့်နေရာ** - မဟာဓာတ်အားလိုင်းမှူးရုံး(လွိုင်ကော်)
**တင်ဒါပိတ်မည့်ရက်** - ၈-၂-၂၀၂၀ရက်
**တင်ဒါပိတ်မည့်အချိန်** - ၁၆:၀၀နာရီ
**တင်ဒါရွေးချယ်မည့်နေရာ** - လမ်းဦးစီးဌာန၊ ဆောက်လုပ်ရေးဝန်ကြီးဌာန၊ ဖုန်း-၀၉-၄၄၀၉၃၇၄၃၀

**(တင်ဒါကော်မတီ)**

## ကန့်ကွက်နိုင်ကြောင်း ကြော်ငြာခြင်း

နေပြည်တော်၊ ဒက္ခိဏခရိုင်၊ ဇမ္ဗူသီရိမြို့နယ်၊ ရွှေကြာပင်ရပ်ကွက်၊ မြေတိုင်းရပ်ကွက်အမှတ် (၄/ရွှေကြာပင်)၊ မြေကွက်အမှတ် (၁၂၉၆)၊ ဧရိယာ ၀ ဒသမ ၀၉၀ဧကရှိ ဒေါ်ဆွေဆွေသန်းအမည်ပေါက် နှစ် (၃၀)မြေငှားစာချုပ်မြေကွက်အား ဒေါ်သဲစုမွန်မွန်ဦး ၈/မလန(နိုင်)၀၇၅၂၀၀ နှင့် မှတ်ပုံတင်အရောင်းအဝယ်စာချုပ် ချုပ်ဆိုရန်အတွက် မြေပုံ/မြေရာဇဝင်ရေးဆွဲပေးပါရန် အမည်ပေါက်သူ ဒေါ်ဆွေဆွေသန်းထံမှ အထူးကိုယ်စားလှယ်လွှဲစာအမှတ် (၂၁၄၃/၂၀၁၉) ရရှိသူ ဒေါ်နန်းဆိုင်ဟွမ်မှ ပိုင်ဆိုင်မှုအထောက်အထားများတင်ပြ၍ လျှောက်ထားခြင်းကို ကန့်ကွက်လိုသူများအနေဖြင့် တရားဝင်ခိုင်လုံသောအထောက်အထားများ၊ တရားရုံးအမိန့်ဒီကရီများတင်ပြပြီး ယနေ့မှစ၍ (၁၅)ရက်အတွင်း နေပြည်တော်စည်ပင်သာယာရေးကော်မတီ၊ မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာနသို့ လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်မှုမရှိပါက ဌာနမှလုပ်ထုံးလုပ်နည်းနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန**
**နေပြည်တော်စည်ပင်သာယာရေးကော်မတီ**

## ငြင်းချက်ထုတ်ရန်သမ္မန်စာ
### (တရားမကျင့်ထုံးဥပဒေအမိန့်-၅၊ နည်းဥပဒေ-၂၀)
### မြိတ်မြို့နယ်တရားရုံးတော်
### ၂၀၁၉ ခုနှစ် တရားမကြီးမှုအမှတ်-၉

| | | |
|---|---|---|
| ဦးလှဝင်း | နှင့် | ဦးဇေယျာလှိုင် |
| **တရားလို** | | **တရားပြိုင်** |

တနင်္သာရီတိုင်းဒေသကြီး၊ မြိတ်မြို့နယ်၊ မြိတ်တောင်နယ်မြေ၊ မြို့မ (၁) ရပ်၊ သစ္စာလမ်းနေ တရားပြိုင် ဦးဇေယျာလှိုင် (ယခုနေရပ်လိပ်စာမသိသူ) သိစေရမည်။

သင့်အပေါ်၌ တရားလိုက ကူညီထုတ်ပေးထားသောငွေ ၄၁၀၀၀၀၀ိ/-(ကျပ်လေးဆယ့်တစ်သိန်းတိတိ) ရလိုမှု လျှောက်ထားစွဲဆိုချက်ရှိသည်ဖြစ်၍ သင်ကိုယ်တိုင်ဖြစ်စေ (သို့မဟုတ်) ၎င်းအမှုနှင့်စပ်လျဉ်း၍ အရေးကြီးသည့် စကားအရပ်ရပ်တို့ကို ချေပပြောဆိုနိုင်သူ ကိုယ်စားလှယ်နှင့်ဖြစ်စေ၊ ရှေ့နေနှင့်ဖြစ်စေ ၂၀၂၀ ပြည့်နှစ် ဇန်နဝါရီ ၂၁ရက် (၁၃၈၁ ခုနှစ် ပြာသိုလပြည့်ကျော် ၁၂ရက်) မွန်းမတည့်မီ နံနက် ၁၀:၀၀ နာရီတွင် အထက်အမည်ပါသူ တရားလို၏အဆိုလွှာကို ထုချေရှင်းလင်းရန် ရုံးတော်သို့လာရောက်ရမည်။ ၎င်းအပြင် အထက်ပါရက်တွင် သင်မလာရောက် ပျက်ကွက်ခဲ့လျှင် သင့်မျက်ကွယ်တွင် ငြင်းချက်များကို ထုတ်ပေးလိမ့်မည်။ တရားလိုက ကြည့်ရှုလိုသည့် စာရွက်စာတမ်းများနှင့် သင်ကထုချေတင်ပြအမှီပြုလိုသည့် စာချုပ်စာတမ်းအစရှိသည်တို့ကို သင်နှင့်အတူယူဆောင်လာရမည်။ သို့မဟုတ် သင့်ကိုယ်စားလှယ်ရှေ့နေလက်တွင် ထည့်အပ်လိုက်ရမည်။ သင်ကထုချေလွှာတင်သွင်းလိုလျှင် အမှုမဆိုင်မီလေးရက်က တင်သွင်းရမည်။

၂၀၂၀ ပြည့်နှစ် ဇန်နဝါရီ ၇ရက်တွင် ဤရုံးတော်တံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

**(ဝတီလှိုင်းအိ)**
**တွဲဖက်မြို့နယ်တရားသူကြီး**
**မြိတ်မြို့နယ်တရားရုံး**

## ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန
## ကုသရေးဦးစီးဌာန
## ဖလမ်းမြို့ အထွေထွေရောဂါကုဆေးရုံကြီး
## အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ ကျန်းမာရေးဦးစီးဌာန ဖလမ်းမြို့ အထွေထွေရောဂါကုဆေးရုံကြီးတွင် တက်ရောက်ကုသခြင်းခံယူသော လူနာများအခမဲ့ကုသပေးရန် လိုအပ်သောဆေးဝါးများ မြန်မာကျပ်ငွေဖြင့် ဝယ်ယူမည်ဖြစ်ပါ၍ တင်သွင်းလိုသူများ အိတ်ဖွင့်တင်ဒါပေးသွင်းရန် ခေါ်ယူအပ်ပါသည်။

၂။ **ဈေးနှုန်းတင်သွင်းလွှာပုံစံများ**

**တင်ဒါတင်သွင်းမည့်ရက်** - ၈-၁-၂၀၂၀ ရက်မှ၃၁-၁-၂၀၂၀ရက်ထိ
**တင်ဒါစစ်ဆေးမည့်ရက်/အချိန်** - ၃-၂-၂၀၂၀ရက် နံနက် ၁၀:၀၀ နာရီ
**တင်ဒါစစ်ဆေးမည့်နေရာ** - ဆေးရုံအုပ်ကြီးရုံး၊ ဖလမ်းမြို့

၃။ တင်ဒါစည်းမျဉ်းစည်းကမ်းနှင့် ပစ္စည်းစာရင်းအသေးစိတ်သိရှိလိုပါက နေ့စဉ်ရုံးချိန်အတွင်း အောက်ပါလိပ်စာသို့ လာရောက်စုံစမ်းနိုင်ပါသည်။

**ဆေးရုံအုပ်ကြီး**
အထွေထွေရောဂါကုဆေးရုံကြီး၊ ဖလမ်းမြို့၊ ချင်းပြည်နယ်၊
ဖုန်း-၀၇၀-၄၀၀၃၁




**ဟိုတယ်နှင့် ခရီးသွားလုပ်ငန်းသင်တန်းကျောင်း၏ ကြီးကြပ်ဦးဆောင်မှုဖြင့် အောက်ဖော်ပြပါ ဟိုတယ်ဧည့်ဝန်ဆောင်မှု သင်တန်းများအား ဟိုတယ်နှင့် ခရီးသွားလုပ်ငန်းသင်တန်းဌာန (ရန်ကုန်) တွင်ဖွင့်လှစ်ပါမည်။**

| စဉ် | သင်တန်းအမျိုးအစား | အနည်းဆုံးပညာအရည်အချင်း |
|---|---|---|
| ၁။ | ခရီးသွားလုပ်ငန်းကျွမ်းကျင်မှုဆိုင်ရာ Travel Consultant နှင့် Tour Operator သင်တန်း (အဆင့်-၁) | တက္ကသိုလ်ဒုတိယနှစ် ၊ ဘွဲ့ရများ |
| ၂။ | ဧည့်ကြိုနှင့် Opera System သင်တန်း(အဆင့်-၁) | တက္ကသိုလ်ဒုတိယနှစ် ၊ ဘွဲ့ရများ |
| ၃။ | အိပ်ခန်းဆောင်ထိန်းသိမ်းရေးနှင့် Laundry သင်တန်း (အဆင့်-၁) | တက္ကသိုလ်ဝင်တန်း (သို့) ၎င်းအဆင့်ရှိသူများ |
| ၄။ | အစားအစာနှင့်အဖျော်ယမကာကျွေးမွေးရေးနှင့် Stewarding သင်တန်း (အဆင့်-၁) | တက္ကသိုလ်ဝင်တန်း (သို့) ၎င်းအဆင့်ရှိသူများ |
| ၅။ | အနောက်တိုင်းအစားအစာနှင့်မုန့်ထုတ်လုပ်ရေး သင်တန်း (အဆင့်-၁) | တက္ကသိုလ်ဝင်တန်း (သို့) ၎င်းအဆင့်ရှိသူများ |
| ၆။ | အရှေ့တိုင်းအစားအစာထုတ်လုပ်ရေးသင်တန်း (အဆင့်-၁) | အထက်တန်းပညာအဆင့်ရှိ စိတ်ပါဝင်စားသူများ။ |
| ၇။ | ဟိုတယ်ဆိုင်ရာ ကြီးကြပ်ရေးသင်တန်း (အဆင့်-၂) စာရင်းကိုင်၊ (စီမံ/ဘဏ္ဍာ) (Admin. & Account Supervisor) | စီးပွားရေးပညာဘွဲ့ရရှိပြီးသူ (သို့) ဘွဲ့တစ်ခုခုရပြီးစာရင်းကိုင်ပညာအခြေခံကျွမ်းကျင်သူ။ |
| ၈။ | ဟိုတယ်ဆိုင်ရာကြီးကြပ်ရေးသင်တန်း (အဆင့်-၂) အိပ်ခန်းထိန်းမှူး၊ (အခန်းဌာနကြီး) Front Office (F.O Supervisor) Housekeeping (Housekeeping Supervisor) | တက္ကသိုလ်ဘွဲ့တစ်ခုခုရရှိပြီး လုပ်ငန်းအတွေ့အကြုံရှိသူများ |
| ၉။ | ဟိုတယ်ဆိုင်ရာကြီးကြပ်ရေးသင်တန်း(အဆင့်-၂) စားသောက်ခန်းမှူး၊ (အစားအစာဌာနကြီး) F & B Service (F & B Supervisor) F & B Production (Kitchen Supervisor) | တက္ကသိုလ်ဘွဲ့တစ်ခုခုရရှိပြီး လုပ်ငန်းအတွေ့အကြုံရှိသူများ |

**သင်တန်းကာလ။** ။ (၃-၂-၂၀၂၀) မှ (၂၇-၃-၂၀၂၀) နေ့အထိ

**သင်တန်းဆိုင်ရာ အချက်အလက်ဆက်သွယ်စုံစမ်းရန်-**
လျှောက်လွှာများကို ကန်တော်ကြီးဟိုတယ်ရှေ့ရှိသင်တန်းဌာနတွင် ဝယ်ယူနိုင်ပြီး၊ ဓါတ်ပုံ (၁) ပုံ၊ ပညာအရည်အချင်းမိတ္တူ၊ ကျန်းမာရေးထောက်ခံစာ၊ ရပ်ကွက်အုပ်ချုပ်ရေးမှူးရုံးထောက်ခံစာပူးတွဲတင်ရမည်။
ဟိုတယ်နှင့်ခရီးသွားလုပ်ငန်းသင်တန်းဌာန၊ ကန်ရိပ်သာလမ်း၊ မင်္ဂလာတောင်ညွန့်မြို့နယ်၊ ရန်ကုန်မြို့၊
ဖုန်း- (၀၅-၁) ၃၉၄၈၃၆၊ ၃၉၄၈၄၀၊ ၀၉-၉၅၃၃၉၄၈၄၀
Email: infocentre.httc@gmail.com, Facebook: Hotel and Tourism Training Center-Kandawgyi


## မြန်မာနိုင်ငံဆရာဝန်အသင်း
### ၂၄၉၊ သိမ်ဖြူလမ်း၊ မင်္ဂလာတောင်ညွန့်မြို့နယ်၊ ရန်ကုန်မြို့။
### နှစ်ပတ်လည်သင်းလုံးကျွတ်အစည်းအဝေးဖိတ်ကြားခြင်း

(၆၆) ကြိမ်မြောက်မြန်မာနိုင်ငံဆရာဝန်ညီလာခံနှင့် နှစ်ပတ်လည်သင်းလုံးကျွတ်အစည်းအဝေးကြီးကို အောက်ပါအစီအစဉ်များအတိုင်း ကျင်းပပြုလုပ်မည်ဖြစ်ပါသဖြင့် အသင်းဝင်ဆရာဝန်များအားလုံး တက်ရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။

(၁) **ဗဟိုကော်မတီအစည်းအဝေး**
နေ့ရက် - ၁၇-၁-၂၀၂၀ (သောကြာနေ့)
အချိန် - နံနက် ၁၀ နာရီ မှ ၁၂ နာရီ
နေရာ - မြန်မာနိုင်ငံဆရာဝန်အသင်း၊ ခန်းမဆောင်(အေ)

(၂) **နှစ်ပတ်လည်သင်းလုံးကျွတ်အစည်းအဝေး**
နေ့ရက် - ၁၇-၁-၂၀၂၀ (သောကြာနေ့)
အချိန် - မွန်းလွဲ ၁ နာရီ မှ ၃ နာရီ
နေရာ - မြန်မာနိုင်ငံဆရာဝန်အသင်း၊ ခန်းမဆောင်(အေ)

(၃) **အလုပ်အမှုဆောင်အဖွဲ့သစ်ရွေးချယ်တင်မြှောက်ပွဲ (လျှို့ဝှက်မဲပေးစနစ်)**
နေ့ရက် - ၁၈-၁-၂၀၂၀ (စနေနေ့)
အချိန် - နံနက် ၁၀ နာရီ မှ ညနေ ၅ နာရီ
နေရာ - မြန်မာနိုင်ငံဆရာဝန်သင်း၊ ခန်းမဆောင်(ဘီ)

(၄) **(၆၆) ကြိမ်မြောက် မြန်မာနိုင်ငံဆရာဝန်ညီလာခံ**
ကျင်းပမည့်နေ့ရက် - ၁၈-၁-၂၀၂၀ မှ ၂၂-၁-၂၀၂၀ ထိ
စာရင်းပေးသွင်းရန်နေ့ရက် - ၁၄-၁-၂၀၂၀ မှ ၁၈-၁-၂၀၂၀ ထိ
စာရင်းပေးသွင်းရန်နေရာ - မြန်မာနိုင်ငံဆရာဝန်အသင်း ရန်ကုန်မြို့။

## ရောင်းရန်ကြော်ငြာစာ

**(တရားမကျင့်ထုံးကိုဥပဒေအမိန့်-၂၁၊ နည်းဥပဒေ-၆၆)**

**ရန်ကုန်အနောက်ပိုင်းခရိုင်တရားရုံးတော်**

**၂၀၁၄ ခုနှစ် တရားမဇာရီမှုအမှတ်-၁၁၄**

ဦးတန်တင်ဦး နှင့် ဒေါ်မြင့်
**တရားနိုင်** **တရားရှုံး**

ရန်ကုန်အနောက်ပိုင်းခရိုင်တရားရုံး၊ ဒုတိယခရိုင် တရားသူကြီး (၃) ရုံးတော်၌ တရားမကြီးမှုအမှတ် ၁၄၃၂/၂၀၁၁ အမှုတွင် ရရှိခဲ့သော အနိုင်ဒီကရီအရ အောက်ဖော်ပြပါ ပစ္စည်းကို (၁၃၈၁ ခုနှစ် တပို့တွဲလပြည့်ကျော် ၉ရက်) ၂၀၂၀ ပြည့်နှစ် ဖေဖော်ဝါရီ ၁၇ရက် နံနက် ၁၀:၀၀ နာရီတွင် ပစ္စည်းတည်ရှိရာနေရာ၌ လေလံတင်ရောင်းချလိမ့်မည်။ လေလံဆွဲဝယ်ယူသူများသည် မိမိကိုယ်တိုင်သော်လည်းကောင်း၊ မိမိတို့တရားဝင်လွှဲအပ်ထားသည့်ကိုယ်စားလှယ်ဖြင့်သော်လည်းကောင်း လေလံဆွဲဝယ်ယူနိုင်ကြောင်း ကြေညာလိုက်သည်။

**လေလံတင်ရောင်းချမည့်ပစ္စည်းစာရင်း**

ရန်ကုန်တိုင်းဒေသကြီး၊ ကြည့်မြင်တိုင်မြို့နယ်၊ မကျည်းတန်း (တောင်/ နောက်) ရပ်ကွက်၊ ကမ်းနားလမ်းနှင့်ပန်းပင်ကြီးလမ်းထောင့်၊ အမှတ် ၂၈၂/၄လွှာ (ခြေရင်းခန်း) တိုက်ခန်း

**လေလံကြမ်းခင်းဈေး**

**ကျပ်သိန်း (၃၀၀) (ကျပ်သိန်းသုံးရာ) တိတိ**

**လေလံတင်ရောင်းချမည့်စည်းကမ်းချက်များ**

၁။ ပစ္စည်းစာရင်းတွင် ဖော်ပြထားသော အချက်အလက်များမှာ တရားနိုင်က တရားရုံးသို့ တင်ပြချက်အရ သိရှိရသမျှ ဖြစ်သည်။ မှားယွင်းခြင်း၊ ကွင်းကျန်ခြင်း တစ်စုံတစ်ရာပေါ်ပေါက်ပါက တရားရုံးက တာဝန်ယူမည် မဟုတ်ပါ။

၂။ လေလံတင်ရောင်းချသည့်နည်းစနစ်ကို ရောင်းချသူအရာရှိက သတ်မှတ်သည့်အတိုင်း ရောင်းချမည်ဖြစ်သည်။

၃။ လေလံတင်ရောင်းချရာတွင် ဈေးနှုန်းအမြင့်ဆုံးပေးဝယ်ယူသူအား လေလံဆွဲဝယ်ယူသူအဖြစ်သတ်မှတ်မည်။ သို့သော် အမြင့်ဆုံးပေးဝယ်ယူမည့်ဈေးနှုန်းမှာ ရောင်းချသည့်ပစ္စည်းအတွက် လက်ခံရန်မသင့်ကြောင်း ရောင်းချသူအရာရှိက ယူဆလျှင် လက်မခံဘဲ ငြင်းပယ်ခွင့်ရှိသည်။

၄။ လေလံတင်ရောင်းချပြီး မရွှေ့မပြောင်းနိုင်သော ပစ္စည်းအတွက် လေလံဆွဲဝယ်သူက ငွေကျပ် ၁၀၀ လျှင် ၂၅ ရာခိုင်နှုန်းကို လေလံဆွဲဝယ်ယူပြီးသည်နှင့်တစ်ပြိုင်နက် နေ့ချင်းပေးသွင်းရမည်။ ထိုသို့ ပေးသွင်းခြင်း မပြုလျှင် တစ်ဖန်ပြန်၍ လေလံတင်ရောင်းချလိမ့်မည်။

၅။ လေလံရောင်းချခြင်းကို ရောင်းချသူအရာရှိက ရွှေ့ဆိုင်းဆောင်ရွက်ခွင့်ရှိသည်။

၆။ လေလံဆွဲဝယ်ယူရရှိသူသည် ၂၅ရာခိုင်နှုန်း နေ့ချင်းပေးသွင်းပြီးနောက် ကျန်ငွေများကို လေလံတင်ရောင်းချသည့်နေ့ကိုပယ်၍ ၁၅ရက်မြောက်နေ့ ရုံးဆင်းချိန် မတိုင်မီပေးဆောင်ရမည်။ ၁၅ရက်မြောက်သည့်နေ့သည် ရုံးပိတ်ရက်ဖြစ်လျှင် ပထမရုံးဖွင့်သည့်ရက်တွင် အပြေအကျေ ပေးသွင်းရမည်။

၇။ လေလံကျန်ငွေများကို အထက်ပါနေ့ရက်များတွင် ပေးဆောင်ရန် ပျက်ကွက်ပါကပစ္စည်းကို တစ်ဖန်လေလံတင်ရောင်းချလိမ့်မည်။ ပေးသွင်းထားသည့် လေလံငွေများကို ဘဏ္ဍာအဖြစ် သိမ်းဆည်းခြင်းခံရမည်။

၂၀၂၀ ပြည့်နှစ် ဇန်နဝါရီ ၈ရက်တွင် ဤရုံးတော်တံဆိပ်ရိုက်နှိပ်၍ လေလံတင်ရောင်းချရန် ကြော်ငြာစာထုတ်ပေးလိုက်သည်။

**(မင်းသန့်)**
**ဒုတိယခရိုင်တရားသူကြီး (၃)**
**ရန်ကုန်အနောက်ပိုင်းခရိုင်တရားရုံး**

## ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

ရွှေပြည်သာမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် ၄၁၊ မြေကွက်အမှတ် ၉၆၃/ခ၊ မြေကွက်တည်နေရာအမှတ် ၉၆၃/ခ၊ အောင်မေတ္တာ(၁)လမ်း၊ (၁၅)ရပ်ကွက်၊ ရွှေပြည်သာမြို့နယ် ဦးတင်ငွေ အမည်ပေါက်ပါမစ်မြေအား အရပ်ကတိအရောင်းအဝယ် စာချုပ်အဆက်စပ်ဖြင့် ဝယ်ယူပိုင်ဆိုင်လာသူ ဦးဌေးလွင် ၁၂/ဗဟန(နိုင်)၀၁၇၀၄၈က ပါမစ်မူရင်းတွင်မိသားစုဓာတ်ပုံနှင့် ရွှေ့ပြောင်းမည့်သူများ၏ ရာဇဝင်အကျဉ်းချုပ်တို့သာတင်ပြနိုင်ပြီး အိမ်ရာဆောက်လုပ်နေထိုင်ခွင့်နှင့် မြေနေရာချထားပေးခြင်းခံရသူများ၏ မှီခိုသူများစာရင်းတို့တင်ပြနိုင်ခြင်းမရှိဘဲ ပါမစ်(မစုံ)ဖြင့် နှစ်(၆၀) မြေငှားစာချုပ်(ဂရန်) လျှောက်ထားလာရာ တရားဝင်ခိုင်လုံသော အထောက်အထားများဖြင့် ဤကြော်ငြာပါ သည့်ရက်မှစ၍ ခုနစ်ရက်အတွင်း ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်မှုမရှိပါက လုပ်ထုံးလုပ်နည်းအတိုင်း ဆက်လက်ဆောင်ရွက်ပေးမည် ဖြစ်ကြောင်း အသိပေးကြေညာအပ်ပါသည်။

**ဌာနမှူး(ဒုတိယညွှန်ကြားရေးမှူးချုပ်)**
**မြို့ပြစီမံကိန်းလုပ်ငန်းတာဝန်ခံအဖွဲ့**
**ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ**

## ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

ရွှေပြည်သာမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် ၄၁၊ မြေကွက်အမှတ် ၉၆၆/ခ၊ မြေကွက်တည်နေရာအမှတ် ၉၆၆/ခ၊ အောင်မေတ္တာ(၁)လမ်း၊ (၁၅)ရပ်ကွက်၊ ရွှေပြည်သာမြို့နယ် ဦးသန်းဝင်း အမည်ပေါက်ပါမစ်မြေအား အရပ်ကတိအရောင်းအဝယ်စာချုပ်အဆက်စပ်ဖြင့် ဝယ်ယူပိုင်ဆိုင်လာသူ ဦးဌေးလွင် ၁၂/ဗဟန(နိုင်)၀၁၇၀၄၈က ပါမစ်မူရင်းတွင်မိသားစုဓာတ်ပုံနှင့် ရွှေ့ပြောင်းမည့်သူများ၏ ရာဇဝင်အကျဉ်းချုပ်တို့သာတင်ပြနိုင်ပြီး အိမ်ရာဆောက်လုပ်နေထိုင်ခွင့်နှင့် မြေနေရာချထားပေးခြင်းခံရသူများ၏ မှီခိုသူများစာရင်းတို့တင်ပြနိုင်ခြင်းမရှိဘဲ ပါမစ်(မစုံ)ဖြင့် နှစ်(၆၀)မြေငှားစာချုပ်(ဂရန်) လျှောက်ထားလာရာ တရားဝင်ခိုင်လုံသော အထောက်အထားများဖြင့် ဤကြော်ငြာပါသည့်ရက်မှစ၍ ခုနစ်ရက်အတွင်း ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်မှုမရှိပါက လုပ်ထုံးလုပ်နည်းအတိုင်းဆက်လက်ဆောင်ရွက်ပေးမည်ဖြစ်ကြောင်းအသိပေးကြေညာအပ်ပါသည်။

**ဌာနမှူး(ဒုတိယညွှန်ကြားရေးမှူးချုပ်)**
**မြို့ပြစီမံကိန်းလုပ်ငန်းတာဝန်ခံအဖွဲ့**
**ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ**

## MONEY BUFFET COMPANY LIMITED ၏ အစုရှယ်ယာရှင်ပြောင်းလဲခြင်းနှင့် ဒါရိုက်တာအဖွဲ့ပြောင်းလဲပြီးကြောင်း အများသိစေရန်

MONEY BUFFET COMPANY LIMITED ၏ အစုရှယ်ယာ ပြောင်းလဲခြင်းနှင့် ဒါရိုက်တာအဖွဲ့ကို အောက်ပါအတိုင်းပြောင်းလဲပြီးကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ယခင်အစုရှယ်ယာရှင်နှင့်ဒါရိုက်တာအဖွဲ့**

၁။ ဦးမျိုးသိမ်း ၁၂/ဥကတ(နိုင်)၁၄၁၈၄၈ မြန်မာနိုင်ငံသား၊ အစုရှယ်ယာရှင်/မန်နေဂျင်းဒါရိုက်တာ

**ပြောင်းလဲပြီးယခုအစုရှယ်ယာရှင်နှင့်ဒါရိုက်တာအဖွဲ့**

၁။ Credit Saison Co.,Ltd၊ ဂျပန်နိုင်ငံတွင် ဖွဲ့စည်းတည်ထောင်သည်၊ အစုရှယ်ယာရှင်
၂။ ဦးမျိုးသိမ်း ၁၂/ဥကတ(နိုင်)၁၄၁၈၄၈ မြန်မာနိုင်ငံသား၊ အစုရှယ်ယာရှင်/ဒါရိုက်တာ
၃။ MR.KATSUMI MIZUNO (P.P.NO.TK 9128505) ဂျပန်နိုင်ငံသား/မန်နေဂျင်းဒါရိုက်တာ
၄။ MR.NAOKI MISAKA (P.P.NO.TK 3003536) ဂျပန်နိုင်ငံသား/ဒါရိုက်တာ
၅။ MR.SINJI YASUDA (P.P.NO.TS 0636479) ဂျပန်နိုင်ငံသား/ဒါရိုက်တာ
၆။ ဦးစိုးပိုင် ၁၂/သဃက(နိုင်)၀၇၅၆၈၇ မြန်မာနိုင်ငံသား/ ဒါရိုက်တာ

## ROSE HILL HOSPITAL

**အမှတ်(၂၀)A၊ ကမ္ဘာအေးဘုရားလမ်း၊ ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့**
**ဖုန်း-၅၅၈၄၀၁၊ ၅၅၂၅၄၇၊ ၀၉-၇၆၄၅၅၈၄၀၁**

(1) Senior Medical Officer(M.B.,B.S)ဘွဲ့ရ လုပ်သက်သုံးနှစ်ရှိသူ (၂) ဦး
(2) Medical Officer (M.B.,B.S)ဘွဲ့ရ (၃) ဦး
(3) Sister လုပ်ငန်းအတွေ့အကြုံရှိသူ (၁) ဦး
(4) Trained Nurse(Diploma Nursing/BNSc)ဘွဲ့ရ (၂) ဦး
(5) Pharmacy incharge(B-Pharm)ဘွဲ့ရ (၂) ဦး
(6) သန့်ရှင်းရေး (၁) ဦး
(7) PHYSIOTHERAPIST(နှင်းဆီဆေးခန်း) (၂) ဦး
(8) Driver(ယာဉ်မောင်း) (၁) ဦး

လျှောက်ထားလိုသူများသည် ကိုယ်ရေးရာဇဝင်၊ သန်းခေါင်စာရင်းမိတ္တူ၊ မှတ်ပုံတင်မိတ္တူနှင့်အတူ(၁၀)ရက်အတွင်းရိုက်ထားသော ဓာတ်ပုံ(၁)ပုံ ပညာအရည်အချင်းအထောက်အထား၊ ဆက်သွယ်ရန်လိပ်စာ၊ ရပ်ကွက်ထောက်ခံစာတို့နှင့်အတူ လူကိုယ်တိုင်လာရောက်လျှောက်ထားနိုင်ပါသည်။

နံနက် ၁၀နာရီ မှ ညနေ ၄နာရီ အတွင်းလာရောက်လျှောက်ထားနိုင်ပါသည်။

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် ၃ဖယ/၂၂၄၆၇ Honda Scoopy 110 ယာဉ်လက်ဝယ်ရှိသူ ဒေါ်သဉ္ဇာနှင်းခိုင် ၄/ဖလန(နိုင်)၀၅၇၂၁၂ က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာပါသည့်ရက်မှ ၁၅ ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။ **ကညနခရိုင်ရုံး(ကလေး)**

## ဖောင်းကြွပျောက် လျှောက်ထားခြင်း

ယာဉ်အမှတ် 5K/1385 ၏ ဖောင်းကြွနံပါတ်ပြား ပျောက်ဆုံး၍ ထုတ်ပေးပါရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ကညနခရိုင်ရုံး(ကျောက်ဆည်)**

## ပျောက်ဆုံးကြောင်း

New Future Star Co.,Ltd မှ MICB ဘဏ်စာအုပ်မူရင်း (FDN-10-0636) ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန်။

**ဖုန်း-၀၉-၈၉၈၈၉၁၉၈၇၊ ၀၉-၇၆၁၅၄၅၀၉၉၊ ၀၉-၇၆၆၇၉၂၉၉၃**

## ပျောက်ဆုံးကြောင်း

Rainbow Smile Co.,Ltd မှ MICB ဘဏ်စာအုပ်မူရင်း (FDR-10-0374) ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန်။

**ဖုန်း-၀၉-၈၉၈၈၉၁၉၈၇၊ ၀၉-၇၆၁၅၄၅၀၉၉၊ ၀၉-၇၆၆၇၉၂၉၉၃**

## အထွေထွေကိုယ်စားလှယ်လွှဲစာပြန်လည်ရုပ်သိမ်းကြောင်းကြေညာခြင်း

ကျွန်တော် ဦးဇာနည်လှိုင်(ဘ)ဦးစိန်လှိုင် ၁၄/နေဖ(နိုင်)၀၉၁၀၂၆သို့ နေပြည်တော်စာချုပ်စာတမ်းမှတ်ပုံတင်ရုံး၏ မှတ်ပုံတင်အမှတ် ၁၂၁၃၊ ၁၇-၂-၂၀၁၁ရက်စွဲဖြင့် ဒေါ်ဌေးဌေး (ဘ)ဦးစိန် ၁၂/ဗဟန(နိုင်)၀၃၆၆၂၇မှ လွှဲအပ်ထားသော အထွေထွေကိုယ်စားလှယ်လွှဲစာကို ၉-၁-၂၀၂၀ရက်မှစ၍ အပြီးအပိုင်ရုပ်သိမ်းပါကြောင်း အသိပေးကြေညာလိုက်သည်။

**ဦးဇာနည်လှိုင်**
**၁၄/နေဖ(နိုင်)၀၉၁၀၂၆**
**ဖုန်း-၀၉-၄၄၈၅၃၃၂၅၇**

## ဖောင်းကြွပျောက် လျှောက်ထားခြင်း

ယာဉ်အမှတ် 8L/5295 ၏ ဖောင်းကြွနံပါတ်ပြား ပျောက်ဆုံး၍ ထုတ်ပေးပါရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ကညနခရိုင်ရုံး(ကျောက်ဆည်)**

## ကန့်ကွက်နိုင်ကြောင်းကြော်ငြာခြင်း

နေပြည်တော်၊ ဥတ္တရသီရိမြို့၊ ဇဝနသိဒ္ဓိရပ်ကွက်၊ မြေတိုင်းရပ်ကွက်အမှတ် ၁/ဥတ္တရသီရိမြောက်ရပ်ရှိ မြေကွက်အမှတ် (ဥ-၅၈၈၈)၊ ဦးမျိုးသန့် ၉/ပမန(နိုင်)၁၂၇၉၇၁ (ဘ) ဦးခင်မောင် အမည်ပေါက်ပါမစ်မြေကွက်၏ မြေကွက်နေရာယာယီချထားခြင်း ခွင့်ပြုမိန့်မူရင်းပျောက်ဆုံးသွားပါသဖြင့် မှတ်ပုံတင်မိတ္တူ၊ အိမ်ထောင်စုစာရင်းမိတ္တူ၊ ပျောက်ဆုံးကြောင်း တရားရုံးကျမ်းကျိန်လွှာ၊ မြေကွက်ဖိုးငွေသွင်းချလန်မိတ္တူ၊ ဝန်ခံကတိပြုချက်၊ ကိုယ်တိုင်ကတိဝန်ခံချက်၊ ရပ်ကွက်အုပ်ချုပ်ရေးမှူးထောက်ခံချက်၊ ရဲစခန်းထောက်ခံချက်များတင်ပြပြီး မြေကွက်နေရာယာယီချထားခြင်း ခွင့်ပြုမိန့်မိတ္တူမှန်ထုတ်ပေးပါရန် လျှောက်ထားလာပါသဖြင့် ကန့်ကွက်လိုသူများအနေဖြင့် တရားဝင်ပိုင်ဆိုင်မှုစာချုပ်စာတမ်းများ၊ တရားရုံးအမိန့်ဒီကရီများ အထောက်အထားခိုင်လုံစွာ တင်ပြ၍ နေပြည်တော်စည်ပင်သာယာရေးကော်မတီ၊ မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာနသို့ ကြော်ငြာစာပါသည့်ရက်မှစ၍ ၁၅ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ကြောင်းနှင့် သတ်မှတ်ကာလအတွင်းကန့်ကွက်မှုမရှိပါက ဌာန၏လုပ်ထုံးလုပ်နည်းများနှင့်အညီ မြေနေရာယာယီချထားခြင်းခွင့်ပြုမိန့်မိတ္တူမှန် လျှောက်ထားလာမှုအား ဆက်လက်ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း ကြော်ငြာလိုက်သည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန**
**နေပြည်တော်စည်ပင်သာယာရေးကော်မတီ**

## ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

ရွှေပြည်သာမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်-၄၁၊ မြေကွက်အမှတ်-၉၆၆/က၊ မြေကွက်တည်နေရာအမှတ်၉၆၆/က၊ အောင်မေတ္တာ(၁)လမ်း၊ (၁၅) ရပ်ကွက်၊ ရွှေပြည်သာမြို့နယ် မစန်းစန်းရွှေ အမည်ပေါက်ပါမစ်မြေအား အရပ်ကတိအရောင်းအဝယ်စာချုပ်အဆက်စပ်ဖြင့် ဝယ်ယူပိုင်ဆိုင်လာသူ ဦးဌေးလွင် ၁၂/ဗဟန(နိုင်)၀၁၇၀၄၈ က ပါမစ်မူရင်းတွင်မိသားစုဓာတ်ပုံနှင့် ရွှေ့ပြောင်းမည့်သူများ၏ရာဇဝင်အကျဉ်းချုပ်တို့သာ တင်ပြနိုင်ပြီး အိမ်ရာဆောက်လုပ်နေထိုင်ခွင့်နှင့် မြေနေရာချထားပေးခြင်းခံရသူများ၏မှီခိုသူများစာရင်းတို့တင်ပြနိုင်ခြင်းမရှိဘဲ ပါမစ်(မစုံ)ဖြင့် နှစ်(၆၀)မြေငှားစာချုပ် (ဂရန်) လျှောက်ထားလာရာ တရားဝင်ခိုင်လုံသော အထောက်အထားများဖြင့် ဤကြော်ငြာပါသည့်ရက်မှစ၍ ခုနစ်ရက်အတွင်း ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်မှုမရှိပါက လုပ်ထုံးလုပ်နည်းအတိုင်း ဆက်လက်ဆောင်ရွက်ပေးမည်ဖြစ်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

**ဌာနမှူး (ဒုတိယညွှန်ကြားရေးမှူးချုပ်)**
**မြို့ပြစီမံကိန်းလုပ်ငန်းတာဝန်ခံအဖွဲ့**
**ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် ၅သယ/၄၈၂၅၀ JINSHAN 110 M/C ယာဉ်လက်ဝယ်ရှိသူ ဒေါ်အိစန္ဒာ ၉/ခအဇ(နိုင်)၀၆၄၈၅၂ က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာပါသည့်ရက်မှ ၁၅ ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက် ကန့်ကွက်နိုင်ပါသည်။

**ကညနခရိုင်ရုံး(မန္တလေးတောင်ပိုင်း)၊ မန္တလေးမြို့**

## ရန်ကုန်တိုင်းဒေသကြီး၊ မြောက်ပိုင်းခရိုင်၊ ရွှေပြည်သာမြို့နယ်၊ ဇီးကုန်းကျေးရွာ၊ ကွင်းအမှတ် ၅၄၁၊ ဦးပိုင်အမှတ် ၅/၁၊ မြေဧရိယာ ၃ ဒသမ ၃၇ ဧကနှင့် ဦးပိုင်အမှတ် ၁၁၊ မြေဧရိယာ ၄ ဒသမ ၀၀ ဧက၊ စုစုပေါင်း ၇ ဒသမ ၃၇ ဧကနှင့် ပတ်သက်၍ အများပြည်သူအကျိုးငှာ အများသိစေရန် ကြေညာချက်

၁။ တောင်သူဦးဝင်းမြင့်နှင့် ဦးကျော်ကျော်တို့၏အထူးကိုယ်စားလှယ်လွှဲစာရသော ဦးထွန်းလှ(ခ)ဦးစောထွန်းလှ ၁၀/သထန(နိုင်)၁၂၉၂၅၉၏ လွှဲအပ်ညွှန်ကြားချက်အရ အောက်ပါအတိုင်း အများပြည်သူမမှားမိစေရန်အကျိုးငှာ စာဖတ်သူများကို လေးစားမှုဖြင့် အောက်ပါအတိုင်း အများသိစေရန် ကြေညာပါသည်။

၂။ အဆိုပါ တောင်သူဦးဝင်းမြင့်နှင့် တောင်သူ ဦးကျော်ကျော်တို့၏ ယာမြေများကို ၁၉၈၉-၉၀ ပြည့်နှစ်ခန့်က စီမံကိန်းဖော်ဆောင်ရန်ဟုဆိုကာ ဥပဒေနှင့်အညီ ကာလပေါက်ဈေးဖြင့် လျော်ကြေးပေးခြင်းသော်လည်းကောင်း၊ မိသားစုစားဝတ်နေရေးအတွက် မြေအစားထိုးပေးခြင်းသော်လည်းကောင်း တစ်စုံတစ်ရာမရှိခဲ့ပါ။

၃။ ထိုကဲ့သို့သိမ်းဆည်းခြင်းမှာ ယခင် ရန်ကုန်တိုင်းပြည်သူ့ကောင်စီမှ ၁၁-၇-၁၉၈၈ ရက်စွဲဖြင့် အုတ်ဖိုမြို့သစ် အိမ်ရာဖော်ဆောင်ရေး စီမံကိန်းလုပ်ဆောင်စဉ် မလွတ်ကင်းသော နေအိမ်များပြောင်းရွှေ့နေရာချထားပေးရန်အလို့ငှာ ဆောက်လုပ်ရေးဝန်ကြီးဌာန၊ အိုးအိမ်ဦးစီးဌာနသို့ လျှောက်ထားချက်အရ (လ/န-၃၉) ရရှိခဲ့သည့် မြေယာဖြစ်သကဲ့သို့ နောက်ပိုင်းတွင် စက်မှုဇုန်မြေအဖြစ် စီမံကိန်းပြောင်းလဲသော်လည်း လက်တွေ့အားဖြင့် တစ်စုံတစ်ရာဆောင်ရွက်ခြင်းမရှိသောကြောင့် လစ်လပ်မြေအဖြစ်တည်ရှိနေ၍ မူလလက်ရှိပိုင်ရှင်များဖြစ်သော တောင်သူဦးဝင်းမြင့်နှင့် တောင်သူ ဦးကျော်ကျော်တို့က လယ်ယာမြေနှင့် အခြားမြေများ သိမ်းဆည်းခြင်းခံရမှုများ ပြန်လည်စိစစ်ရေး ဗဟိုကော်မတီနှင့် သက်ဆိုင်မည့်ပုဂ္ဂိုလ်များသို့ လျှောက်ထားချက်အရ အဆင့်ဆင့်သောတာဝန်ရှိပုဂ္ဂိုလ်တို့ကစိစစ်ပြီး နိုင်ငံတော်မှချထားသည့် မူဝါဒလမ်းညွှန်ချက်များနှင့်အညီ အမြန်ပြီးပြတ်အောင်ဆောင်ရွက်ပေးရန်မှတ်ချက်ဖြင့် ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့သို့ အကြောင်းကြားစာပေးပို့ထားပြီးဖြစ်သည့်အပြင် မူလပိုင်ရှင် တောင်သူများကလည်း အခြားသောဆက်စပ်သည့်ယာမြေများနှင့် တစ်သီးတစ်ခြား မရောယှက်စေရန်အလို့ငှာ အုတ်ခြံစည်းရိုးကာရံပြီး လက်ရှိနေထိုင်လျက်ရှိပါသည်။

၄။ ယခုအခါ လစ်လပ်မြေဖြစ်နေသော အထက်ပါ သိမ်းဆည်းခံခဲ့ရပြီး စီမံကိန်းတစ်စုံတစ်ရာ မဆောင်ရွက်နိုင်မှုကြောင့် မူလပိုင်ရှင် တောင်သူဦးဝင်းမြင့်နှင့် ဦးကျော်ကျော်တို့က ကိုယ်တိုင် ခြံစည်းရိုးကာရံနေထိုင်လျက်ရှိခြင်း ခြံဝင်းအတွင်း ပျက်စီးယိုယွင်းနေသော မြေနေရာများကို မိမိစရိတ်ဖြင့် မြေသားဖို့ပြီး ပြည်တွင်း/ပြည်ပထုတ်သံချောင်းများ အရောင်းအဝယ်လုပ်ငန်း လုပ်ကိုင်လျက်ရှိခြင်းတို့ကြောင့် အထူးဂရန်ရရှိရန်၊ ငွေပေးသွင်းရန် သက်ဆိုင်ရာများသို့ လျှောက်ထားခဲ့ရာ အဆင့်ဆင့်စစ်ဆေးမှုပြုပြီး လျှောက်ထားချက်အား လက်ခံခွင့်ပြုသင့်ကြောင်း ထောက်ခံတင်ပြထားပြီးဖြစ်၍ ကျွန်ုပ်၏အမှုသည်များက သက်ဆိုင်ရာမှ ပြန်လည်အကြောင်းကြားမည့်နေ့ရက်ကို စောင့်ဆိုင်းနေသောကာလဖြစ်ပါသည်။

၅။ ထိုသို့ဖြင့် ယခင်အင်းစိန်မြို့နယ်၊ ယခုရွှေပြည်သာမြို့နယ်၊ ဇီးကုန်းကျေးရွာအုပ်စု၊ ဇီးကုန်းကျေးရွာနေ တောင်သူဦးဝင်းမြင့် လက်ရှိပိုင်ဆိုင်ထားသော ကွင်းအမှတ် ၅၄၁၊ ဦးပိုင်အမှတ် ၅/၁၊ မြေဧရိယာ ၃ဒသမ၃၇ဧကနှင့် တောင်သူဦးကျော်ကျော် လက်ရှိပိုင်ဆိုင်သော ကွင်းအမှတ် ၅၄၁၊ ဦးပိုင်အမှတ် ၁၁၊ မြေဧရိယာ ၄ဧက၊ စုစုပေါင်း ၇ဒသမ၃၇ဧကနှင့် ပတ်သက်၍ တောင်သူဦးဝင်းမြင့်နှင့် တောင်သူ ဦးကျော်ကျော်တို့က အုတ်ခြံစည်းရိုးကာပြီး လက်ရှိဖြစ်နေပြီး သက်ဆိုင်ရာမှလည်း မူလပိုင်ရှင်သို့ ပြန်လည်ပေးအပ်ရန် ဆောင်ရွက်နေသည်ဖြစ်သဖြင့် အထူးဂရန်ရရှိရေးလည်းဆောင်ရွက်နေ၍ အဆိုပါမြေနေရာတို့နှင့် ပတ်သက်၍ လက်ရှိဖြစ်နေသောကြောင့် ကျူးကျော်ဝင်ရောက်ခြင်း၊ ထင်ယောင်ထင်မှားဖြစ်အောင် တလွဲတင်ပြမှုများ ပြုလုပ်ပြီး လျှောက်ထားမှုများ ပြုလုပ်ခြင်း၊ ရောင်းချခြင်း၊ ပေါင်နှံခြင်း၊ လဲလှယ်ခြင်း၊ စွန့်လွှတ်ခြင်း၊လှူဒါန်းခြင်း စသည်တို့အပါအဝင် မူလလက်ရှိဖြစ်သူတို့၏ အကျိုးစီးပွားကို ထိခိုက်နစ်နာစေရန် တစ်စုံတစ်ရာမပြုလုပ်ပါရန် လေးနက်စွာ အသိပေးရှင်းလင်းတင်ပြအပ်ပါသည်။

**HYGIENIC LEGAL CLINIC**
**(နှစ်စဉ်တရားဝင်-ဝင်ငွေခွန် တိကျ မှန်ကန်စွာ ထမ်းဆောင်နေသော Law Firm)**
**ဦးဝင်းမြင့်၊ ဦးကျော်ကျော်တို့၏ကိုယ်စားလှယ်စာရသူ**
**ဦးစောထွန်းလှ(ခ)ဦးထွန်းလှ ၁၀/သထန(နိုင်)၁၂၉၂၅၉ ၏လွှဲအပ်ညွှန်ကြားချက်အရ-**

| | | |
|---|---|---|
| ရောဘတ်စန်းအောင် | ဦးကျော်လတ်စိုး | ဒေါ်ခင်ခင်နွယ် |
| တရားလွှတ်တော်ရှေ့နေ | တရားလွှတ်တော်ရှေ့နေ | အထက်တန်းရှေ့နေ |
| ၂၄၆၉(၁၈-၁၁-၁၉၈၃) | ၁၆၂၇၇(၅-၁၂-၂၀၁၉) | ၅၁၆၇၆(၃၀-၉-၂၀၁၉) |

**ရုံးအမှတ် ၁၇၃၊ ပထမထပ်၊ သိမ်ဖြူလမ်း၊ မင်္ဂလာတောင်ညွန့်မြို့နယ်၊ ဖုန်း-၀၁-၃၉၄၃၂၄**

**ဦးထွန်းလှ(ခ)ဦးစောထွန်းလှ**
**(အကြောင်းအရာနှင့်တကွ လွှဲအပ်ညွှန်ကြားသူ)**

## သုဓမ္မသိင်္ဂီ ဒေါ်ခင်သန်း
## သုံးဆယ်မြို့
## အသက်(၈၅)နှစ်

ပဲခူးတိုင်းဒေသကြီး၊ သာယာဝတီမြို့နယ်၊ သုံးဆယ်မြို့၊ အနောက်လက်ပံခုန်ရပ်ကွက်၊ လမ်းမတော်လမ်းနေ သုဓမ္မမဏိဇောတဓရ စံချိန်မီ ဦးလှထွန်း(လူမှုထူးချွန်)၏ဇနီး၊ ကိုအောင်သန်းထွန်း-မသန်းသန်းမော်၊ ကိုခင်မောင်မြင့်-မခင်လေးထွန်း၊ ကိုရဲသန်းထွန်း-မဖြူဇာခင်၊ ကိုဇော်ဇော်ထွန်း-မဝင်းဝင်းထွေး၊ မသင်းသင်းထွန်း၊ ကိုနိုင်ဝင်း-မလင်းလင်းထွန်း(စံချိန်မီ မိသားစု)တို့၏ ကျေးဇူးရှင်မွေးသမိခင်၊ မြေး ကိုးယောက်၊ မြစ် နှစ်ယောက်တို့၏ ချစ်လှစွာသောအဘွားသည် ၁၀-၁-၂၀၂၀ရက်တွင် ကွယ်လွန်အနိစ္စရောက်သွားပါသဖြင့် ၁၂-၁-၂၀၂၀ရက် (တနင်္ဂနွေနေ့) မွန်းလွဲ ၁နာရီတွင် ပေါက်တန်းသုသာန်သို့ ပို့ဆောင်ဂူသွင်းသင်္ဂြိုဟ်မည်ဖြစ်ပါ သဖြင့် ရပ်ဝေးရပ်နီးမှ မိတ်ဆွေသင်္ဂဟများအား ဖိတ်ကြားအပ်ပါသည်။

ကျန်ရစ်သူမိသားစု

## ကျေးဇူးအထူးတင်ရှိခြင်း

၆-၁-၂၀၂၀ရက်(တနင်္လာနေ့)တွင် ဘဝတစ်ပါးသို့ကူးပြောင်းကွယ်လွန်သွားသော သာသနာ့ ဒါယကာကြီး ဦးသန်းလွင် အသက်(၇၅)နှစ်(ထူးသစ်၊ ငွေဇာပုလဲကုမ္ပဏီဥက္ကဋ္ဌ)၏ နာမကျန်း၍ ဆေးရုံတက်ကုသစဉ် မိဘသဖွယ်မိသားစုကို ပြုစုစောင့်ရှောက် ပေးပါသော ဦးမောင်မောင်သိမ်း(ကမ္ဘာ့ရတနာဘဏ်ဥက္ကဋ္ဌ)Grand Hantha ဆေးရုံကြီးတွင် အစစအရာရာမေတ္တာ အပြည့်အဝဖြင့်ကူညီ စောင့်ရှောက်ပေးပါသော ဦးဌေးမြင့်(ယုဇနကုမ္ပဏီဥက္ကဋ္ဌ၊ ငါးလုပ်ငန်း အဖွဲ့ချုပ်ဥက္ကဋ္ဌ)နှင့် စေတနာ အပြည့်အဝဖြင့် ဆေးကုသပေးခဲ့ကြသော Grand Hantha ဆေးရုံကြီးမှ အထူးကုဆရာဝန်ကြီးများ၊ ဆရာ/ဆရာမများ၊ သူနာပြုများ၊မေတ္တာဖြင့် အားပေးကူညီဆောင်ရွက်ပေးကြပါသော မိတ်ဆွေသူငယ်ချင်းများ၊ ဝမ်းနည်းကြောင်းနာရေးသတင်းမေးကြသူများ၊တယ်လီဖုန်း၊ Email တို့ဖြင့် နာရေးသတင်းမေးကြသူများ၊ သက်န်းနှင့်တကွ အခြားလှူဖွယ်ဝတ္ထုပစ္စည်းပေးပို့သူများ၊ လွမ်းသူ့ပန်းခြင်း၊ ပန်းခွေပေးပို့သူများ၊ ရပ်နီးရပ်ဝေးမှ လူကိုယ်တိုင်လိုက်ပါပို့ဆောင်ပေးကြသော ဆွေမျိုးမိတ်သင်္ဂဟအပေါင်းနှင့် အဘက်ဘက်မှ ဝိုင်းဝန်းကူညီပေးကြသူများအားလုံးကို အထူးကျေးဇူးတင်ရှိပါကြောင်း။

ကျန်ရစ်သူမိသားစု

## ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

ဒဂုံတောင်မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်-၂၀၊ မြေကွက်အမှတ်-၁၀၁၁၊ မြေကွက်တည်နေရာအမှတ်(၁၀၁၁)၊ လှိုင်သီတာလမ်း၊ (၂၀)ရပ်ကွက်၊ ဒဂုံတောင်မြို့နယ် ဦးကျော်မြင့် ၅/စကန(နိုင်)၀၃၅၄၅၃အမည်ပေါက် နှစ်(၆၀)ဂရန်မြေအား ဂရန်အမည်ပေါက် ဦးကျော်မြင့်အား တရားပြိုင်ထားကာ ဦးအောင်မော်ဝင်းမှ တရားလိုပြုလုပ် ၍ အရောင်းအဝယ်စာချုပ်မှတ်ပုံတင်ပေးစေလိုမှုဖြင့် ရန်ကုန်အရှေ့ပိုင်းခရိုင်တရားရုံး၊ တရားမကြီးမှုအမှတ်(၄၇၅/၂၀၁၈)၊ တရားမဇာရီမှုအမှတ် (၂၆၃/၂၀၁၉)ဖြင့် တရားစွဲဆိုခဲ့ ရာ အနိုင်ဒီကရီရရှိပြီးဖြစ်ပါသည်။ယခု တရားရုံးကိုယ်စား ဘီလစ်ဒေါ်သက်စုမွန် ၁၂/သကတ(နိုင်)၁၆၁၁၈၀မှ တရားမကြီးမှုအမှတ်(၄၇၅/၂၀၁၈)တွင် ချမှတ်ထားသော အနိုင်ဒီကရီ၊ တရားမဇာရီမှုအမှတ်(၂၆၃/၂၀၁၉)၏ နေ့စဉ်မှတ်တမ်း၊ ထုံးပုံကျအပြီးသတ် အမိန့်၊ ဂရန်မူရင်းပျောက်ဆုံးကြောင်း ရပ်ကွက်/ရဲစခန်းထောက်ခံချက်၊ ဂရန်ပျောက်ဆုံးသည်မှာ မှန်ကန်ကြောင်းကျမ်းကျိန်လွှာ ၁၇၇၈/၂-၉-၂၀၁၉၊ ကိုယ်တိုင်ဝန်ခံချက်၊ ဘီလစ် ခန့်စာ(၄-၆-၂၀၁၉)တို့ကို တင်ပြ၍ အရောင်းစာချုပ်ရန် မြေပုံကူးလျှောက်ထားလာရာ တရားဝင်ခိုင်လုံသော အထောက်အထားများဖြင့် ဤကြော်ငြာပါသည့်ရက်မှစ၍ ခုနစ်ရက်အတွင်း ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်မှုမရှိပါက လုပ်ထုံးလုပ်နည်းအတိုင်း ဆက်လက်ဆောင်ရွက်ပေးမည်ဖြစ်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

ဌာနမှူး(ဒုတိယညွှန်ကြားရေးမှူးချုပ်)
မြို့ပြစီမံကိန်းနှင့်လုပ်ငန်းတာဝန်ခံအဖွဲ့
ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ

**ဦးသောင်းရွှေ ၁၂/လကန(နိုင်)၀၀၇၅၂၀၊ ဒေါ်လှဲ့လှဲ့ဝင်း ၁၂/ဥကမ(နိုင်)၀၅၅၂၁၄ နှင့်**

## အများသိစေရန် ကြော်ငြာ

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်၊ ၂၅ရပ်ကွက်၊ ပြည်ထောင်စုလမ်း၊ အိမ်အမှတ်(၁၅၂)နေ ဒေါ်သက်သက်မော် (ခ) ဒေါ်သက်သက်ဝေ ၁၀/သထန(နိုင်)၀၈၈၄၅၅ ၏ လွှဲအပ်ညွှန်ကြားချက်အရ အောက်ပါအတိုင်း အများသိစေရန် ကြော်ငြာအပ်ပါသည်။

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်၊ ၅၄ ရပ်ကွက်၊ ယခင်လှည်းကူးမြို့နယ်၊ သိမ်ချောင်းကျေးရွာနေ လယ်သမားကြီး ဦးသောင်းရွှေ ၁၂/လကန(နိုင်)၀၀၇၅၂၀ မှ ၎င်းပိုင်ဆိုင်၊ ရောင်းချပိုင်ခွင့်ရှိသည်ဟုဆိုကာ ကွင်းအမှတ် ၄၄၅ ရှိ လယ်ကွက်မှ ၀ဒသမ၁၁၀ ဧကခန့်အား ရောင်းချလိုကြောင်း ဦးသောင်းရွှေ ၁၂/လကန (နိုင်)၀၀၇၅၂၀ နှင့် ဒေါ်လှဲ့လှဲ့ဝင်း ၁၂/ဥကမ(နိုင်)၀၅၅၂၁၄ တို့မှ ကမ်းလှမ်းလာသည်ကို ကျွန်ုပ်၏မိတ်ဆွေ ဒေါ်သက်သက်မော်(ခ)ဒေါ်သက်သက်ဝေ ၁၀/သထန(နိုင်)၀၈၈၄၅၅ မှ သဘောတူလက်ခံခဲ့ပြီး ၂၀-၁၀-၂၀၁၄ရက်၌ နှစ်ဦးသဘောတူ လယ်မြေကွက် အရောင်းအဝယ်ပြုလုပ်ခြင်း ကတိစာချုပ်ချုပ်ကာ ငွေကျပ် ၃၀၀၀၀၀၀၀/- (ကျပ်သိန်းသုံးရာတိတိ)ကို ဒေါ်လှဲ့လှဲ့ဝင်းနှင့် ဦးသောင်းရွှေလက်သို့ အပြီးပေးချေကာ ဝယ်ယူခဲ့ပါသည်။

စာချုပ်ချုပ်ဆိုသည့် ၂၀-၁၀-၂၀၁၄ ရက်၌ ရောင်းချခဲ့သော လယ်မြေကွက် ၀ဒသမ၁၁၀ဧကခန့်အား ရောင်းချသူ ဦးသောင်းရွှေမှ ဝယ်ယူသူ ကျွန်ုပ်၏မိတ်ဆွေ ဒေါ်သက်သက်မော်(ခ)ဒေါ်သက်သက်ဝေ၏လက်သို့ လွှဲပြောင်းပေးအပ်ခြင်းမရှိဘဲ ဦးသောင်းရွှေ၊ ဒေါ်လှဲ့လှဲ့ဝင်းတို့မှ ၂၀-၁၀-၂၀၁၅ ရက်ကို နောက်ဆုံးထား၍ (၁) နှစ်အတွင်း ကျွန်ုပ်၏မိတ်ဆွေ ဒေါ်သက်သက်မော် (ခ) ဒေါ်သက်သက်ဝေ အမည်ဖြင့် အထူးဂရန်ရရှိအောင် ဆောင်ရွက်ပေးမည်ဖြစ်ကြောင်း၊ ဦးသောင်းရွှေနှင့်ဒေါ်လှဲ့လှဲ့ဝင်းတို့မှ တာဝန်ယူကြောင်း ပြောဆိုခဲ့သော်လည်း (၅) နှစ်ကာလ ကျော်လွန်ခဲ့သည့်တိုင် ဤကြော်ငြာသည့်ရက်အထိ ရောင်းချခဲ့သော လယ်မြေကွက်လည်း လက်ရောက်မရရှိသည့်အပြင် အထူးဂရန်လည်း ယနေ့တိုင်မရရှိခဲ့ပါ။

သို့ဖြစ်၍ ကျွန်ုပ်၏မိတ်ဆွေ ဒေါ်သက်သက်မော် (ခ) ဒေါ်သက်သက်ဝေထံမှ အထူးဂရန်ရရှိအောင် ဆောင်ရွက်ပေးမည်ဟု ယုံကြည်အောင်ပြောဆို၍ ရယူခဲ့သော ငွေကျပ် ၃၀၀၀၀၀၀၀/- (ကျပ်သိန်းသုံးရာတိတိ) ကို ဤကြော်ငြာပါရှိသည့်ရက်မှ ခုနစ်ရက်အတွင်း ပြန်လည်ပေးအပ်ရန်နှင့် ပြန်လည်ပေးအပ်ခဲ့ခြင်းမရှိပါက ဥပဒေအရ အရေးယူဆောင်ရွက်မည်ဖြစ်ကြောင်း ဦးသောင်းရွှေ၊ ဒေါ်လှဲ့လှဲ့ဝင်းနှင့် အများသိစေရန် ကြော်ငြာအပ်ပါသည်။

ဒေါ်သက်သက်မော် (ခ) ဒေါ်သက်သက်ဝေ၏လွှဲအပ်ညွှန်ကြားချက်အရ-

| | |
|---|---|
| ဦးမြင့်သန်း (LL.B) | ဒေါ်ဂရေစီအေးမြင့် (LL.B) |
| တရားလွှတ်တော်ရှေ့နေ | တရားလွှတ်တော်ရှေ့နေ |
| စဉ်-၃၀၇၇/၈၅ | စဉ်-၁၃၆၈၇/၁၇ |

အမှတ်(၉၁၈/က)၊ အင်းဝ(၈)လမ်း၊ ၆ ရပ်ကွက်၊ တောင်ဥက္ကလာပမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး

## ဆည်မြောင်းဝန်ထမ်းဟောင်းများအသင်း
## ဦးမြင့်စိုး(ပြည်မြို့)
## ဒု-ဦးစီးမှူး(ငြိမ်း)
## အသင်းဝင်အမှတ် (၃၇၈၃)
## အသက်(၆၆)နှစ်

ရန်ကုန်မြို့၊ မြောက်ဒဂုံမြို့နယ်၊ (၄၅)ရပ်ကွက်၊ အမှတ်(၁၅၃) ကြေးတိုင်လမ်းနေ ဒေါ်တင်တင်လေး၏ခင်ပွန်း ဦးမြင့်စိုး သည် ၈-၁-၂၀၂၀ရက် နံနက်(၂)နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၁၀-၁-၂၀၂၀ရက် မွန်းလွဲ ၂နာရီတွင် ရေဝေးသုသာန်၌ သင်္ဂြိုဟ်ပြီးဖြစ်ပါကြောင်း အသင်းဝင်များအား အသိပေးအကြောင်း ကြားအပ်ပါသည်။

အမှုဆောင်အဖွဲ့

## ဆည်မြောင်းဝန်ထမ်းဟောင်းများအသင်း
## ဦးတင့်လွင်(ပြည်မြို့)
## ယန္တရားမောင်း(၃)ငြိမ်း
## အသင်းဝင်အမှတ်(၄၂၇၆)
## အသက်(၆၄)နှစ်

ပြည်မြို့၊ မြို့သစ်(၂)လမ်း၊ ရွှေညောင်ပင်ဘုန်းကြီးကျောင်းအနီး ရွှေတံခါးအပိုင်း(၂)နေ ဒေါ်သန်းဌေး၏ခင်ပွန်း ဦးတင့်လွင်သည် ၉-၁-၂၀၂၀ရက် မွန်းလွဲ ၁နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၁၁-၁-၂၀၂၀ရက် ညနေ ၃နာရီတွင် အေးငြိမ်းရာသုသာန်၌ သင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း အသင်းဝင်များအား အသိပေး အကြောင်းကြားအပ်ပါသည်။

အမှုဆောင်အဖွဲ့

## ဝမ်းနည်းကြေကွဲခြင်း
## ဆရာကြီးဦးတင်လှ
## ကျောက်တန်း အထက(ငြိမ်း)
## အသက်(၉၆)နှစ်

ရန်ကုန်တိုင်းဒေသကြီး၊ ကျောက်တန်းမြို့၊ ရွှေကုန်းရပ်ကွက်၊ အောင်သုခလမ်း၊ အမှတ်(၈၆၂)နေ ဒေါ်ရီရီ၏ခင်ပွန်း ဗိုလ် မှူးကြီးလှသိန်းဆွေ(ငြိမ်း) {ဒုတိယဝန်ကြီး(ငြိမ်း)၊ ဘဏ္ဍာရေးနှင့်အခွန်ဝန်ကြီးဌာန}-ဒေါ်သီတာဝင်းတို့၏ ဖခင်ကြီး ဆရာကြီး ဦးတင်လှ သည် ၈-၁-၂၀၂၀ရက်တွင် ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် မိသားစုနှင့်ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

ဗိုလ်လောင်းသင်တန်းအမှတ်စဉ်(၅၈)၊ မန်းသီဟများ

## ဝမ်းနည်းကြေကွဲခြင်း

ဦးမျိုးညွန့်-ဒေါက်တာစန္ဒာဝင်း(ပါမောက္ခ၊ ဝါဏိဇ္ဇဗေဒဌာန၊ မိတ္ထီလာစီးပွားရေးတက္ကသိုလ် )တို့၏ဖခင် ရန်ကုန်မြို့၊ ဗိုလ်တထောင် မြို့နယ်၊ ဗိုလ်မြတ်ထွန်းလမ်း၊ အိမ်အမှတ်၂၈၁/၃(က)နေ ဦးကျော်သန်း အသက်(၉၂)နှစ်သည် ၁၀-၁-၂၀၂၀ရက် မွန်းလွဲ ၁:၁၅နာရီတွင် ကွယ်လွန်သွားပါကြောင်း ကြားသိရသည့်အတွက် မိသားစုနှင့်ထပ်တူ ဝမ်းနည်းကြေကွဲရပါသည်။

ဝါဏိဇ္ဇဗေဒဌာနမိသားစု
မိတ္ထီလာစီးပွားရေးတက္ကသိုလ်
မိတ္ထီလာမြို့

ဘုရား၊ ရဟန်း၊ ကျောင်း ဒါယကာကြီး
## ဦးမောင်ကြည်(ခ)လီကျင်ခွမ်
## စူဠာမဏိဘုရားကျောင်း နာယကကြီး
## အသက်(၈၉)နှစ်

ရန်ကုန်မြို့၊ အင်းစိန်မြို့နယ်၊ ကွက်သစ်ရပ်ကွက်၊ (၁)လမ်း၊ အမှတ် ၁၂(က)နေ (ဦးပန်းလှ-ဒေါ်အမာ)တို့၏သား၊ (ဦးတုန်းငါး-ဒေါ်စု)တို့၏သားသမက်၊ ဒေါ်မြခင်၏ချစ်လှစွာသောခင်ပွန်း၊ ဒေါ်ခင်စော၊ ဦးတင်လှိုင်-ဒေါ်ဆွေဆွေဝင်း၊ ဦးဖိုးလမင်း-(ဒေါ်ရီရီဝင်း)၊ ဦးဟုတ်လှိုင်-ဒေါ်တင်တင်စန်း၊ ဦးမောင်မောင်လတ်-ဒေါ်မို့မို့၊ ဦးခင်မောင်အုန်း-ဒေါ်မြင့်မြင့်အေး၊ ဦးမင်းဦး-ဒေါ်ထူးထူးအိ၊ ဦး ညီညီအောင်-ဒေါ်ကြည်ကြည်လွင်တို့၏ ဖခင်၊ မြေး ၁၆ယောက်၊ မြစ်ရှစ်ယောက်တို့၏အဘိုးသည် ၁၀-၁-၂၀၂၀ရက် (သောကြာနေ့)နံနက် ၀၁:၄၂ နာရီတွင် ဗဟိုစည်ဆေးရုံ၌ ကွယ်လွန်သွားပါသဖြင့် ၁၂-၁-၂၀၂၀ရက်(တနင်္ဂနွေနေ့) နံနက် ၁၁နာရီတွင် ထိန်ပင်သုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်ဝေးရပ်နီးမှဆွေမျိုးမိတ်သင်္ဂဟများအား အသိပေးအကြောင်းကြားအပ်ပါသည်။

(နေအိမ်မှကားများ နံနက် ၉:၄၅နာရီတွင်ထွက်ခွာပါမည်။)

ကွယ်လွန်သူအားရည်စူး၍ ၁၆-၁-၂၀၂၀ရက်(ကြာသပတေးနေ့) နံနက်၇နာရီမှ ၁၁နာရီအထိ အမှတ် ၁၂(က)၊ (၁)လမ်း၊ ကွက်သစ်ရပ်ကွက်၊ အင်းစိန်မြို့နယ်နေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာ ကြွရောက်ပါရန်ဖိတ်ကြားအပ်ပါသည်။

ကျန်ရစ်သူမိသားစု

## ကျေးဇူးအထူးတင်ရှိခြင်း
ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း၊ ကန်၊ ဆေးရုံ ဒါယကာကြီး
## ဗိုလ်ချုပ်ကျော်သန်း(ငြိမ်း) အသက်(၈၃)နှစ်
ဗိုလ်သင်တန်းအမှတ်စဉ်(၂၅)
ကြည်း/၈၄၅၈
စီးပွားကူးသန်းဝန်ကြီး(ငြိမ်း)

ရန်ကုန်မြို့၊ ကန်သာယာအထူးကုဆေးရုံကြီး၌ ၃-၁-၂၀၂၀ရက်တွင် ကွယ်လွန်ခဲ့သော ဗိုလ်ချုပ်ကျော်သန်း(ငြိမ်း)၏ နောက်ဆုံးခရီးတွင် လှူဖွယ်ဝတ္ထုပစ္စည်းများပေးပို့ပေးကြပါသော စစ်ဘက်၊ နယ်ဘက်ဆိုင်ရာ အငြိမ်းစားအရာရှိကြီးများ၊ သတင်းစာများတွင် ဝမ်းနည်းကြေကွဲကြောင်းထည့်သွင်းဖော်ပြပေးကြပါသော နိုင်ငံတော်အကြီးအကဲများနှင့်ဆွေမျိုးမိတ်သင်္ဂဟများ၊ နာမကျန်းဖြစ်စဉ်ကအားပေးကူညီခဲ့ကြသော တပ်မတော်မှ အငြိမ်းစားအရာရှိ ကြီးများနှင့် ဆွေမျိုးမိတ်သင်္ဂဟများ၊ ဆေးရုံမှ တာဝန်ရှိသူများနှင့် သက်ဆိုင်ရာဆရာဝန်၊ ဆရာမများ၊ နာရေး သတင်းမေးလာကြသူများ၊ နာရေးလိုက်ပါပို့ဆောင်ပေးကြပါသော တပ်မတော်မှ အငြိမ်းစားအရာရှိကြီးများ၊ လွမ်းသူ့ပန်းခြင်းများပေးပို့ပေးပါသော ရပ်နီးရပ်ဝေးမှ ဌာနဆိုင်ရာပုဂ္ဂိုလ်များ၊ ဆွေမျိုးမိတ်သင်္ဂဟများနှင့် ကျေးဇူးတင်ထိုက်သူများအားလုံးကို အထူးကျေးဇူးတင်ရှိပါသည်။

ကျန်ရစ်သူမိသားစု

## ဝမ်းနည်းကြေကွဲခြင်း
## ဒေါ်နီနီလွင်
## အသက်(၅၈)နှစ်

ဗုဒ္ဓပူဇနိယ၊ ဆီမီး (၉၉၀၀)အဖွဲ့(အင်းစိန်)၏ စည်းရုံးရေးမှူး ဒေါ်နီနီလွင်သည် ၁၀-၁-၂၀၂၀ရက်တွင် ကွယ်လွန်သွားကြောင်း ကြားသိရပါသဖြင့် မိသားစုနှင့်အတူ ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါကြောင်း။

ဗုဒ္ဓပူဇနိယ
ဆီမီး (၉၉၀၀)အဖွဲ့(အင်းစိန်)

## ကိုမျိုးမင်းကို(ခ)မိုးသုခ
## ဗဟန်း/သန်လျင်
## အသက်(၄၄)နှစ်

သန်လျင်မြို့၊ အမှတ်(၄)၊ ပန်းတိမ်တန်းလမ်း၊ မြို့သစ်အလယ်ရပ်ကွက်နေ (ဦးမောင်မောင်-ဒေါ်မြစိန်)၊ (ဦးလှအောင် ကြည်-ဒေါ်အမာကြည်)တို့၏မြေး၊ ဦးကိုကို-(ဒေါ်ကြည်ကြည်စိန်)တို့၏သားငယ်၊ ကိုမောင်မောင်မြင့်-မမူမူကိုတို့၏ ညီ/မောင်၊ မောင်ကောင်းဇင်သူ၊ မောင်သုတဇင်တို့၏ဦးလေးသည် ၁၀-၁-၂၀၂၀ရက် (သောကြာနေ့) နံနက် ၄:၃၀ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ယင်းနေ့ ညနေ ၃နာရီတွင် သန်လျင်အမိုးနီသုသာန်၌ကောင်းမွန်စွာသင်္ဂြိုဟ်ပြီးစီးပါကြောင်း။

ကျန်ရစ်သူမိသားစု

သွေးသည်အသက်
သင့်သွေးဖြင့် အသက်ကယ်ပါ

ဘဝနတ်ထံပျံလွန်တော်မူခြင်း
## ဘဒ္ဒန္တသုန္တရ
## မေဃဝတီ တောင်သမန်ကျောင်းတိုက်
## သီတာအေးကျောင်း၏ ပဓာန နာယကဆရာတော်
## သက်တော်(၇၅)နှစ် သိက္ခာတော်(၅၅)ဝါ

မန္တလေးမြို့၊ ချမ်းအေးသာစံမြို့နယ်၊ သီရိဟေမာအနောက်ရပ်ကွက်၊ မေဃဝတီတောင်သမန်ကျောင်းတိုက်၊ သီတာအေးကျောင်း၏ ပဓာန နာယကဆရာတော်ဖြစ်တော်မူသော သက်တော်(၇၅)နှစ် သိက္ခာတော်(၅၅)ဝါရှိ ဆရာတော် ဘဒ္ဒန္တသုန္တရ အရှင်သူမြတ်သည်(၁၃၈၁ ခုနှစ်၊ ပြာသိုလပြည့်နေ့) ၉-၁-၂၀၂၀ရက်(ကြာသပတေးနေ့) ည၁၁နာရီတွင် ဘဝနတ်ထံပျံလွန်တော်မူသွားပါသဖြင့် ကြွင်းကျန်ရစ်သော ဥတုဇရုပ်ကလာပ်တော်ကို (၁၃၈၁ ခုနှစ်၊ ပြာသိုလပြည့်ကျော် ၆ရက်) မွန်းတည့် ၁၂နာရီတွင် အေးရိပ်ငြိမ် သုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း တပည့်ဒါယကာ၊ ဒါယိကာမအပေါင်းတို့အား အကြောင်းကြား သိစေအပ်ပါသည်။

တပည့်သံဃာတော်များနှင့်ဒါယကာ၊ဒါယိကာမများ

ဘဝနတ်ထံပျံလွန်တော်မူခြင်း
## ဥူးနေမိန္ဒ(ခ)ဦးလှဖေ
## တပ်မတော်(ရေ)အရာခံဗိုလ်(ငြိမ်း)(၁၂၃၆၁)
## သက်တော်(၇၈)နှစ်၊ သိက္ခာတော်(၅)ဝါ

သန်လျင်မြို့၊ အမှုထမ်းရပ်ကွက်၊ဇေယျာမင်္ဂလာကျောင်းတိုက်၌သီတင်းသုံးတော်မူသော ခမည်းတော် ဦးသောင်းရီ-မယ်တော် ဒေါ်မျှော်တို့၏သား၊ ဒေါ်လှသိန်း(ခ)ဒေါ်စု၏ခင်ပွန်း၊ ဒေါက်တာ နေလင်းထွန်းအောင်-ဒေါက်တာ တင်လေးနွယ်၊ ဦးသက်ဖေ၊ ဒေါက်တာ နီတာနွယ်၊ ဒေါ်ကြည်တာနွယ်(မတင်နွယ်ထွေး)တို့၏ဖခင်၊ မခိုင်နေနွယ်၏အဘိုးသည်(၁၃၈၁ ခုနှစ်၊ ပြာသိုလပြည့်ကျော် ၁ ရက်) ၁၀-၁-၂၀၂၀ရက်(သောကြာနေ့) နံနက် ၃နာရီတွင် ဘဝနတ်ထံပျံလွန်တော်မူသွားပါသဖြင့် ၁၂-၁-၂၀၂၀ရက်(တနင်္ဂနွေနေ့) မွန်းလွဲ ၁ နာရီတွင် အမိုးနီသုသာန်၌ အန္တိမအဂ္ဂိစျာပနကျင်းပမည်ဖြစ်ပါကြောင်း။

ကျန်ရစ်သူမိသားစု

ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယိကာမကြီး
## ဒေါ်မြင့်မြင့်(သုဝဏ္ဏ)
## အသက်(၈၀)

မန္တလေးမြို့နေ (ဦးထွန်းတင်-ဒေါ်ပုံ)တို့၏သမီး၊ (ဦးကြည်-ဒေါ်အုန်းမေ)(ဦးစိုးမြင့်)တို့၏ညီမ၊ ရန်ကုန်မြို့၊ သင်္ဃန်းကျွန်း မြို့နယ်၊သုဝဏ္ဏ(၂၉)ရပ်ကွက်၊ ပေါ်ဆန်းမွှေးလမ်းသွယ်(၇)၊ တိုက် ၆၁/အခန်း ၃နေ အရာခံဗိုလ်[ တိုးမောင်(တပ်မတော်-ရေ)]၏ဇနီး၊ (ဗိုလ်ကြီးကျော်သန်းဦး)(တပ်မတော်-ရေ)၊ ဦးဇော်ဝင်း-ဒေါ်သန်းသန်းအေး(ဌာနမှူး-စီမံ၊ ဘဏ္ဍာ)ရန်ကုန်အရှေ့ပိုင်းတက္ကသိုလ်၊(ကိုခိုင် မြင့်)တို့၏မိခင်၊ ဦးငြိမ်းချမ်းဇော်(ဒုတိယအတွင်းဝန်-မြန်မာသံရုံး၊ ဒါကာမြို့)၊မရွှေရည်ဝင်းထက်(Admin officer-ALPS GIKEN)တို့၏ဘွားဘွားကြီးသည် ၉-၁-၂၀၂၀ရက် ညနေ ၃:၅၀ နာရီတွင် နေအိမ်၌ ကွယ်လွန်သွားပါသဖြင့် ၁၁-၁-၂၀၂၀ရက် နံနက် ၁၀နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည် ဖြစ်ပါကြောင်း။ (နေအိမ်မှကားများ နံနက် ၈:၃၀နာရီတွင် ထွက်ခွာပါမည်။) ကွယ်လွန်သူအားရည်စူး၍ ၁၅-၁-၂၀၂၀ရက်(ဗုဒ္ဓဟူးနေ့) နံနက် ၇နာရီမှ ၁၀နာရီအထိ အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။

ကျန်ရစ်သူမိသားစု

ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယကာကြီး
## ဦးမောင်မောင်ကြီး(ပုဇွန်တောင်)
## အသက်(၅၉)နှစ်

ရန်ကုန်မြို့၊ ပုဇွန်တောင်မြို့နယ်နေ ဦးခင်ရွှေ-ဒေါ်ခင်လှဝင်းတို့၏ သားကြီး၊ (ဦးတင်အေး-ဒေါ်သန်းသန်း)တို့၏သားသမက်၊ ရန်ကုန်မြို့၊ လှိုင်မြို့နယ်၊ အေးရိပ်မွန်အိမ်ရာ၊ (၅)ရပ်ကွက်၊ စကားဝါလမ်း၊ စကားဝါမြိုင်ကွန်ဒို၊ အခန်း အမှတ်(1/B)နေဒေါ်မြင့်မြင့်ဝင်း၏ချစ်လှစွာသော ခင်ပွန်း၊ မသင်းရည်မွန်သန့်၊ မောင်သီဟပြည့်စုံ(အထက-၄၊ကမာရွတ်)တို့၏ဖခင်သည် ၁၀-၁-၂၀၂၀ရက် (သောကြာနေ့) နံနက် ၄:၄၅ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၁၂-၁-၂၀၂၀ရက်(တနင်္ဂနွေနေ့)နံနက် ၁၁ နာရီတွင် လှိုင်သာယာ၊ထိန်ပင်သုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည် ဖြစ်ပါကြောင်း ရပ်ဝေးရပ်နီးမှ ဆွေမျိုးမိတ်သင်္ဂဟများအား အသိပေးအကြောင်းကြားအပ်ပါသည်။

(နေအိမ်မှကားများ နံနက် ၉ နာရီတွင်ထွက်ခွာပါမည်။)

ကွယ်လွန်သူအားရည်စူး၍ ၁၆-၁-၂၀၂၀ရက်(ကြာသပတေးနေ့) နံနက် ၇နာရီမှ ၁၀နာရီအထိ အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာ ကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။

ကျန်ရစ်သူမိသားစု

## ဇော်ဇော်ဟိန်း(ခ)ဖိုးဇော်(ပခုက္ကူမြို့)
## အသက်(၄၂)နှစ်

ရန်ကုန်မြို့၊ တောင်ဒဂုံမြို့နယ်၊ ရွှေတနာလမ်း၊ အမှတ် ၁၂၄၊ (၅၅) ရပ်ကွက်နေ မပြေမိုး၏ ခင်ပွန်း၊ မိုးနှင်းဖြူတို့၏ဖခင်၊ ပခုက္ကူမြို့နေ ဦးကျော်ဝင်းစိန်(ခ)ဗိုလ်ချုပ်-(ဒေါ်စောညို)တို့၏ သားသည် ၁၀-၁-၂၀၂၀ရက် (သောကြာနေ့) နံနက် ၀၀:၃၅ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၁၂-၁-၂၀၂၀ရက်(တနင်္ဂနွေနေ့) မွန်းလွဲ ၁နာရီတွင် ကျီစုသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပါမည်။

(နေအိမ်မှကားများ မွန်းတည့် ၁၂ နာရီတွင်ထွက်ခွာပါမည်။)

ကျန်ရစ်သူမိသားစု

အထူးဝမ်းနည်းကြေကွဲခြင်း
## ဒေါက်တာဇင်ဖြူတိုး
## အသက်(၃၀)

၄-၁-၂၀၂၀ရက် ညတွင် ကွယ်လွန်သွားပါသဖြင့် မိသားစုနှင့်ထပ်တူ၊ မိသားစုဝင်တစ်ဦးဆုံးရှုံးရသလို ဝမ်းနည်းရပါသည်။ စိတ်ကျန်းမာရေးမိသားစု၏ ဆုံးရှုံးမှုတစ်ခုဖြစ်ပါသည်။မည်သူမျှ မလွန်ဆန်နိုင်သောအရာကို တည်ငြိမ်သောစိတ်ဖြင့် စိတ်ခတ်ကြံ့ခိုင်သော ဇင်ဖြူတိုး ရင်ဆိုင်သွားသည်ဟု ယုံကြည်ပါသည်။ ဇင်ဖြူတိုး ငြိမ်းချမ်းသော ဘဝမှာ ရှိပါစေ။

စိတ်ကျန်းမာပညာအဖွဲ့
မြန်မာနိုင်ငံဆရာဝန်အသင်း

# MNL ပြိုင်ပွဲ အဖွင့်ပွဲတွင် လက်ရှိချန်ပီယံ ရှမ်းယူနိုက်တက် အနိုင်ရ



ရှမ်းယူနိုက်တက်အသင်း နောက်ခံလူ ရဲမင်းသူ အား/ကာသိပ္ပံအသင်းဘက်သို့ ထိုးဖောက်ဂိုးသွင်းနေစဉ်။ ဓာတ်ပုံ- အောင်ဇေ

**ရန်ကုန် ဇန်နဝါရီ ၁၀**

၂၀၂၀ ရာသီ MNL အမှတ်ပေးပြိုင်ပွဲ ပွဲစဉ် (၁) ပထမနေ့ကို ယနေ့ ညနေပိုင်းက မန္တလေးမြို့ရှိ မန္တလာသီရိကွင်း၌ စတင်ကျင်းပရာ လက်ရှိချန်ပီယံ ရှမ်းယူနိုက်တက်အသင်းက အား/ကာသိပ္ပံအသင်းကို တစ်ဂိုး-ဂိုးမရှိဖြင့် အနိုင်ရခဲ့သည်။

လက်ရှိချန်ပီယံ ရှမ်းယူနိုက်တက်အသင်းသည် တန်းတက် အား/ကာသိပ္ပံအသင်းနှင့် စတင်တွေ့ဆုံခဲ့သော်လည်း အဖွင့်ပွဲတွင် အဝေးကွင်း၌ ရုန်းကန်ခဲ့ရပြီး ဒုတိယပိုင်းတွင် သွင်းယူခဲ့သည့် တိုက်စစ်မှူး ကိသ်မာတူနာ၏ တစ်လုံးတည်းသောဂိုးဖြင့် အနိုင်ရခဲ့ခြင်းဖြစ်သည်။ ရှမ်းယူနိုက်တက်အသင်းသည် အဖွင့်ပွဲတွင် အမှတ်ပြည့် ရယူနိုင်ခဲ့သော်လည်း အကောင်းဆုံးပုံစံပြသနိုင်ရန် ရုန်းကန်နေရပြီး ယခုပွဲတွင်လည်း တစ်ဂိုးဖြင့်သာ ကပ်၍ အနိုင်ရခဲ့သည်။

*စာမျက်နှာ ၁၂ ကော်လံ ၄* ✻

ယူကရိန်းလေယာဉ် ပျက်ကျမှုမှာ ပစ်ချခံရခြင်းဖြစ်နိုင်ဟု သံသယရှိ
စာ » ၁၄

ဟယ်ရီနဲ့ မီဂန်တို့ရဲ့ အနာဂတ်အရေးနဲ့ အတူ မပြီးဆုံးသေးတဲ့ ဝင်ဆာရဲ့ အိပ်မက်
စာ » ၁၅

ဘဝပညာပေးဇာတ်လမ်းအဖြစ် ရိုက်ကူးထားသည့် "သောင်းတိုက်ကကြားစေသား"ရုပ်ရှင် ရုံတင်ပြသတော့မည်
စာ » ၁၈

# MFF ဖူဆယ်လိဂ်ပြိုင်ပွဲ ဒုတိယအကျော့ ယနေ့ စတင်ကျင်းပမည်

**ရန်ကုန် ဇန်နဝါရီ ၁၀**

၂၀၁၉-၂၀၂၀ ရာသီ MFF ဖူဆယ်လိဂ်ပြိုင်ပွဲ ဒုတိယအကျော့ကို ဇန်နဝါရီ ၁၁ ရက် **(ယနေ့)** နံနက် ၈ နာရီခွဲမှ စတင်ကာ အမျိုးသားအားကစားပြိုင်ပွဲရုံ-၂ လှိုင်၌ ကျင်းပမည်ဖြစ်သည်။

ဒုတိယအကျော့ အဖွင့်ပွဲစဉ်ဖြစ်သည့် ပွဲစဉ် (၁၂) အဖြစ် နံနက် ၈ နာရီခွဲတွင် Dream Team အသင်းနှင့် AMM Brothers အသင်း၊ နံနက် ၁၀ နာရီတွင် On Doctor အသင်းနှင့် လက်ဝဲသုန္ဒရအသင်း၊ နံနက် ၁၁ နာရီခွဲတွင် Winner အသင်းနှင့် MIU အသင်း၊ မွန်းလွဲ ၁ နာရီတွင် MFF ယူ-၁၉ အသင်းနှင့် GV အသင်း၊ မွန်းလွဲ ၂ နာရီခွဲတွင် ဖူဆယ်ချစ်သူအသင်းနှင့် VUC အသင်း၊ ညနေ ၄ နာရီတွင် Do Do Ko Ko အသင်းနှင့် မြို့မ JY အသင်းတို့ ယှဉ်ပြိုင်ကစားမည်ဖြစ်သည်။ ပထမအကျော့အပြီးတွင် VUC နှင့် MIU အသင်းတို့က ၃၁ မှတ်စီရထားပြီး ဂိုးကွာခြားချက်ဖြင့် VUC အသင်းက ဆက်လက်ဦးဆောင်ကာ MIU အသင်းက ဒုတိယနေရာတွင် ရပ်တည်နေသည်။ ယင်းအသင်းများ၏ နောက်တွင် GV အသင်းက ၂၇ မှတ်၊ On Doctor အသင်းက ၂၂ မှတ်၊ Winner အသင်းက ၂၁ မှတ်၊ မြို့မ JY အသင်းက ၁၈ မှတ်၊

*စာမျက်နှာ ၁၂ ကော်လံ ၄* ✻




(၄၂) ကြိမ်မြောက် မယ်စကြဝဠာ အိမ်ထောင်ရှင်အလှမယ်ပြိုင်ပွဲတွင် မြန်မာနိုင်ငံကိုယ်စားပြု Mrs Universe 2019 Winner ဆုရ မဟန်နီ (အလယ်) ဆုယူအပြီး ပြိုင်ပွဲဝင်အလှမယ်များနှင့်အတူ တွေ့ရစဉ်။ (သတင်း၊ စာ- ၁၂)



၂၀၁၉ ခုနှစ်က ဖွဲ့စည်းခဲ့သည့် မြန်မာလူငယ် အမျိုးသမီးအသင်း။ ဓာတ်ပုံ- စိုးညွန့်


# ၂၀၂၀ အာဆီယံ ယူ-၁၈ အမျိုးသမီးပြိုင်ပွဲနှင့် အခြားပြိုင်ပွဲများအတွက် မြန်မာအသင်း အချိန်ယူပြင်ဆင်မည်

**ရန်ကုန် ဇန်နဝါရီ ၁၀**

မြန်မာ ယူ-၁၈ အမျိုးသမီးအသင်းသည် ယခုနှစ်အတွင်းယှဉ်ပြိုင်ရမည့် ၂၀၂၀ အာဆီယံ ယူ-၁၈ အမျိုးသမီးပြိုင်ပွဲနှင့် အခြားပြိုင်ပွဲများအတွက် အချိန်ယူလေ့ကျင့်ပြင်ဆင်သွားမည်ဖြစ်သည်။

မြန်မာ ယူ-၁၈ အမျိုးသမီးအသင်းသည် ယင်းပြိုင်ပွဲများအတွက် မတ်လနောက်ဆုံးပတ်တွင် စခန်းဝင်လေ့ကျင့်မည်ဖြစ်ပြီး နည်းပြချုပ်အဖြစ် ဒေါ်သက်သက်ဝင်းက ကိုင်တွယ်မည်ဖြစ်သည်။ မြန်မာ ယူ-၁၈ အမျိုးသမီးအသင်းတွင် ရွေးချယ်ထားသည့် ကစားသမားအများစုမှာ တက္ကသိုလ်ဝင်တန်းစာမေးပွဲ ဖြေဆိုမည်ဖြစ်သောကြောင့် စခန်းဝင်လေ့ကျင့်နိုင်ခြင်း မရှိသေးဘဲ လေ့ကျင့်မှုမပြတ်စေရန်သာ တစ်ပတ်လျှင် ငါးကြိမ် လေ့ကျင့်လျက်ရှိသည်။ မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ်သည် မြန်မာ ယူ-၁၈ အမျိုးသမီးအသင်း နည်းပြချုပ်အဖြစ် ဒေါ်သက်သက်ဝင်းကိုသာ

*စာမျက်နှာ ၁၂ ကော်လံ ၅* ❍



အဖုအကျိတ်ဆို ပေါင်ဒါဘူးထဲထည့်လို့ရအောင် မှုန့်သွားမယ်

တိုင်းရင်းဆေးဝါးမှတ်ပုံတင်အမှတ်-၁၂၁၁ YR ၄၀၆၈
ထုတ်လုပ်ခွင့်လိုင်စင်အမှတ်-၁/၂၀၀၉၊ တဆထလ/တိုး(၄၇၅)

ဒေဝယက္ခ အကျိတ်ကြေအဏာမြုံမန်းဆေး

အဖုအကျိတ်အမျိုးမျိုးကို မခွဲမစိတ်ရဘဲ နူရင်ကြေ၊ ရင့်ရင်ပေါက် အမြစ်ပါမကျန်ပျောက်ကင်းသည်
မိုးဦးကျဖြစ်တတ်သောရောဂါများအတွက် ဤဆေးဖြင့် ကြိုတင်ကာကွယ်ထားကြပါ

အမှတ် (၃၇၃)၊ သနပ်ပင်လမ်း၊ ရှင်စောပုရပ်ကွက်၊ ပဲခူးမြို့။ Ph-052-2221422 , 09-5300141